www.burmeseclassic.com


# ကာလျာ

(ဝိဇ္ဇာ-သိပ္ပံ)

# အဆိပ်သင့် အချစ်များ

2005 . GRAPHIC DESIGN : KYAW MINN MOUNG

ဝဏ္ဏသစ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၏

ဝတ္ထုတိုသစ်

# အဆိပ်သင့်အချစ်များ

BURMESE CLASSIC .com

ကလျာစာပေ
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်၊ ဖုန်း-၅၇၉၉၂၀၊

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုရေးသားနိုင်ရန် မှုခင်းဆရာဝန်နှင့်
ဥပဒေပညာရှင်များကို
ဆွေးနွေးမေးမြန်းခဲ့ပါသော်လည်း
ယခုဇာတ်လမ်းမှာ စိတ်ကူးယဉ်ဖန်တီးမှု(Fiction)
ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါ၍
ဆေးပညာအမြင်နှင့် ဥပဒေရှုထောင့်များမှ
အတိမ်းအစောင်းလေးများ ရှိခဲ့ပါလျှင် ခွင့်လွှတ်ပါရန်...

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တွင် တောင်ခိုးနှင့် မိုးတိမ်တို့ ပေါင်းဆုံ ရောယှက်နေ၍ မြေပြင်မှာ အုံ့ပျပျဖြစ်နေသည်။

လွင့်မျောနေသော တိမ်တိုက်များရှိရာသို့ ဇင်းကျိုက်တောင်မြင့်မြင့်ကြီးဆီမှ တောင်ခိုးငွေ့များ တလွင့်လွင့် မြင့်တက်နေ၏။

တစ်ညလုံး နှင်းရိုင်းများ အထပ်ထပ် ကြွေဆင်းဖုံးအုပ်ထားသဖြင့် အေးခဲငြိမ်သက်နေခဲ့သော ဇင်းကျိုက်တောင်ပို့ပို့ကြီးမှာ နံနက်ဦး နေရောင်ခြည် ထိတွေ့လိုက်သည်နှင့် လူပ်ရှား နိုးကြားလာသလို တောင်ခိုးများ တလူလူ လွင့်နေပေသည်။

'သူ'သည် မြက်ခင်းပေါ်မှနေ၍ မှိုင်းညို့ညို့ ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်မိသည်။

သူ့ခြေမှာ ခတ်ထားသော သံခြေချင်း သံကွင်းကြီးနှစ်ခုကြောင့် ခြေမျက်စိတစ်ဝိုက် ပွန်းပဲ့နေသည့်နေရာများကို အဝတ်စုတ်ဖြင့် စည်းနှောင်ရင်း သူ့ဝန်းကျင်မှာလည်း သူ့ကဲ့သို့ပင် တင်းကျပ်သော နှောင်ဖွဲ့မှုများနှင့် လူများစွာ...။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



*သံကွင်းကြီးနှစ်ခုကို သံချောင်း၊ သံကြိုးတို့ဖြင့် ဆက်သွယ်*ထားပြီး ထိုသံကွင်းကြီးနှစ်ခုကို သံခြေချင်းအဖြစ်နှင့် လူသား၏ ခြေနှစ်ချောင်းထည့်ကာ 'ထူးခတ်'ထားသလို စီရင်ထားသည်။ သို့သော် ထူးခတ်ခံရသလို ထိုင်၍မနေရ။ လမ်းလျှောက်ရသည်။ အလုပ်လုပ်ရသည်။

'သူ့'လိုပင် အဖြူရောင် အင်္ကျီနှင့် အဖြူရောင် နံ့ငယ်ပိုင်း ညစ်ထပ်ထပ်များကို ဝတ်ဆင်ထားကြသော 'ရဲဘက်'များသည်...

ကျောက်တောင်များကို မိုင်းခွဲ၍ ကားနှင့်သယ်လာသော ရောမ ကျောက်တုံးကြီးများကို ကျောက်ခဲငယ်လေးများဖြစ်အောင် ထုခွဲရသည်။ ထိုကျောက်ခဲများကို ကြိမ်တောင်း ပက်ပက်နှင့် တစ်ထမ်းပြီးတစ်ထမ်း သယ်၍ ကား သို့မဟုတ် မီးရထားကုန်တွဲများဆီသို့ သယ်ပို့ရ၏။

'ပြစ်မှုကြေးကို ချွေးဖြင့်ဆပ်မည်' ဆိုသော ဆောင်ပုဒ်အတိုင်း နဖူးကချွေး ခြေမအထိ ကျရုံမက တစ်ကိုယ်လုံးကချွေးများ မြေပြင်မှာ အိုင်ထွန်းမတတ် ကျခဲ့ပါပြီ။

"ပြစ်မှုကြေးတဲ့လား"

'သူ့'ပတ်လည်မှာ ညစ်ထပ်ထပ် အဝတ်များနှင့် ပိန်လှီယိုင်နဲ့နေကြသော 'ရဲဘက်'များသည် လက်ကျန်ခွန်အားများနှင့် မထိုက်တန်သော ပင်ပန်းဆင်းရဲလွန်းသည့် လုပ်ငန်းခွင် နေပူပူအောက်မှာ လမ်းခင်းဖို့ ကျောက်ခဲများကို ထုခွဲသယ်ယူပို့ဆောင်နေကြရသည်။



အားလုံး၏ မျက်နှာမှာ တက်ကြွခြင်းများ သေဆုံးနေရုံမက အားငယ်ကြောက်ရွံ့ခြင်း၊ နာကျင်ကြေကွဲခြင်း၊ မောဟိုက်ပန်းလျခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းဆိုသော ပုံစံတူ မျက်နှာများနှင့် လေးလံ၊ နွေးကွေးစွာ လှုပ်ရှားနေကြပေသည်။

သူတို့ ယခုလို ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်နေရသည်ထက် သာလွန်ပိုကဲစွာသော ပြစ်မှုများကို သူတို့ ကျူးလွန်ခဲ့ကြသည်။ သူတစ်ပါးကို သွေးထွက်သံယိုဖြစ်အောင် လုပ်ဆောင်ခဲ့ကြသူများ၊ လူသတ်သမား၊ မုဒိမ်းသမား၊ ဓားပြများ စသော ဒုစရိုက်မှုမျိုးစုံ ကျူးလွန်ခဲ့ကြသူများဖြစ်၍ ချွေးပေါက်ပေါက်ကျနေသည်မှာ ထိုက်တန်နေ၏။

သူသည်သာ......................

........................................

အရပ်မြင့်မြင့်နှင့် ဖြူဖွေးစိုပြေ လှပစွာ ချောမွေ့ခဲ့သော 'သူ'သည် ပိန်လှီညိုခြောက်ကာ ပင်ကိုရုပ်ရည်ပင် ပျောက်ဆုံးလုနီးနီး ဖြစ်နေလေပြီ။

'သူ'သည် အဆုံးမဲ့ မိုးကောင်းကင်ကြီးကို မော့မျှော်ကြည့်ကာ တောင်ခိုးနှင့် တိမ်တိုက်များ ရွေ့လျားနေကြသလို သူ့စိတ်သည်လည်း သူဖြတ်သန်းလာခဲ့ရာ အတိတ်ကာလဆီမှ သူနှင့် ပတ်သက်ခဲ့ကြသူများ၏ အသီးသီးသော မျက်နှာများနှင့် အမျိုးမျိုးသော ရှင်သန်လှုပ်ရှားမှုများကို သူ ပြန်လည်တွေ့ရှိနေရသည်။

❊

www.burmeseclassic.com



သူ၏ ချစ်သူ
သူ၏ ချစ်ဇနီး
သူ၏ ချစ်လှစွာသော မမ
သူ၏ ချမ်းသာကြွယ်ဝမှုများနှင့်
ဆင်းရဲသော သူ၏မိဘနှစ်ပါး
ချို့တဲ့သော ချစ်သူ၏မိဘများ
ချစ်သူ၏ ညီမလေး
သူ့ထက် ခြောက်နှစ်မျှငယ်သော သူ၏ညီလေး
သူ၏ အကျိုးဆောင်ရှေ့နေကြီး ဦးအောင်ဟိန်း စသော...

သူတို့အားလုံး သူ့အခန်းကဏ္ဍနှင့်သူ သက်ဝင်လှုပ်ရှားနေကြပုံများနှင့်အတူ...

သူ...ကိုယ်တိုင် ပါဝင်လှုပ်ရှား ပတ်သက်ဆက်နွယ်ခဲ့ပုံများ အားလုံးတို့သည်......

✲ ✲ ✲

## အခန်း ၁

ညာနေ လေးနာရီခွဲတိတိမှာ ရုံးဝတ်စုံနှင့် ခြင်းတောင်းလှလှလေးဆွဲကာ 'ယဉ်ညိုသွယ်' ရုံးဆင်းလာသည်။ အပြန်လမ်းဖြစ်သော်လည်း တခြားအိမ်ထောင်သည် အစ်မကြီးများလို ဆံပင်ဖွာဖွာ၊ မျက်နှာအဆီပြန်ပြန်နှင့် ဒရောသောပါး ဆင်းလာပုံမျိုး မဟုတ်။ ဆံပင်ကို ကျကျနနဖြီး၊ နဖူးပေါ် ဆံယဉ်စလေးများ ဝဲချ၍ မျက်နှာမှာလည်း ကရင်ပတ်ဖ်ဖုံဖုံနှင့် နှုတ်ခမ်းနီနှင့် ကျော့ကျော့မော့မော့လေး ဆင်းလာခဲ့သည်။

"ကို...ဘယ်အချိန်တည်းက ရောက်နေတာလဲ"

"မကြာသေးပါဘူး၊ ညိုက ဘယ်အချိန်ကြည့်ကြည့် လှတယ်ကွာ"

ယဉ်ညိုသွယ် ပြင်ဆင်ခဲ့ရကျိုး နပ်ပါပြီ။ ချစ်သူ၏ အမြင်မှာ လှပတင့်တယ်စေဖို့ ညိုတို့ မိန်းမသားတွေ အလှပြင်ရသည်မှာ သဘာဝပေး တာဝန်တစ်ရပ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...သူများသားသမီးတွေများ ကောင်းစားနေလိုက်ကြတာ"

"ဟေး...ရီ...အားမကျဘူးလား"

ခပ်လောင်လောင် ကလေးသုံးယောက်မိခင်က ညိုတို့စုံတွဲကို ရည်ညွှန်းပြီး သူ့သူငယ်ချင်း အပျိုကြီးမ,ကို စ,လိုက်သည်။

"အားမကျပါဘူး၊ ရီတို့က အိမ်ပြန်ရောက်ရင် ရေချိုး၊ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး နပ်နေရုံပဲ၊ သူများလို ဈေးဝင်ဝယ်၊ အိမ်ပြန်ပြေး၊ လင်တော်မောင်အကြိုက် ချက်ရ၊ ကလေးကိစ္စတွေ လုပ်ရနဲ့ လျှာထွက် အမောဆို့ မခံနိုင်ပေါင်"

ရီရီမြင့်ဆိုသော အပျိုကြီးက သူ့ကိုစ,သော အိမ်ထောင်သည် မမကို ပြန်၍နှိပ်ကွပ်လိုက်ခြင်း ဖြစ်သည်။

သူတို့အခန်းထဲက တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာနှင့် ချစ်ချစ်ခင်ခင်ရှိကြသည်။ ဟိုဘက်ခန်းက စာရေးမတွေဆို မတည့်ကြ။ တစ်ခါက အော်ကြီးဟစ်ကျယ်ဖြစ်အောင် ရန်ဖြစ်ဖူးကြသည်။ ရုံးဝန်ထမ်းလောက,ကတော့ ဒီလိုပါပဲ။ အကြောတည့်သူချင်း ချစ်ခင်ကြ၊ မုန်းတဲ့လူချင်း အညှိုးထားကြ၊ ဂုဏ်တုဂုဏ်ပြိုင်တွေနဲ့ ကြွားလုံးထုတ်သူတွေက ထုတ်ကြ။

"ညိုတို့ ရုံးက စည်းလုံးကြသားနော်"

"ဒီလိုပါပဲ၊ မတည့်တဲ့သူတွေလည်း ရှိတာပဲ"

"ဒီနေ့ ဘယ်သွားကြမလဲဟင်"

"ဘုရားပဲပေါ့"

"ဆုတောင်းရတာတွေလည်း ထပ်နေပါပြီ ညိုရယ်"



"ဒါဖြင့်လည်း ဒီနေ့တော့ ဒီနီးနီးနားနားက ပန်းခြံထဲမှာပဲ သွားထိုင်ကြမယ်လေ"

"ညို့သဘောပါ၊ ဒါနဲ့ ညို ဆာနေမလား၊ တစ်ခုခု စားကြရအောင်လေ"

"ကိုက ဘယ်ဟိုတယ်မှာ ကျွေးမှာလဲ ပြော၊ ထရိတ်ဒါးလား၊ ဆီဒိုးနားလား"

"လေးဘန်းက ဆီအိုးနား ဟိုတယ်ပဲ သွားကြတာပေါ့ကွယ်"

ညို၏ ရယ်မောသံ လွင်လွင်လေးက ချစ်စရာကောင်းလိုက်တာ...။

သူတို့နှစ်ယောက် လက်တွဲ၍ လျှောက်လာကြပြီး လမ်းဘေးမှ အကြော်ဆိုင်မှာ ကော်ပြန့်ကြော် တစ်ယောက်တစ်ပွဲ စားဖြစ်ကြသည်။ ဒါမှ လမ်းဘေးက ဆီအိုးနားဟိုတယ် အစစ်လေ။

ရုံးဆင်းလာသော အသိဝန်ထမ်းများက သူတို့နှစ်ယောက်ကို လက်ပြနှုတ်ဆက်သွားကြသည်။

'ညို'ဆိုသော ယဉ်ညိုသွယ်နှင့် 'ကို'ဆိုသော 'ဘုန်းတင့်ဇေ' တို့ နှစ်ယောက် ရည်းစားသက် နှစ်နှစ်ကျော် ရှိနေပြီမို့ မိတ်ဆွေအပေါင်းအသင်းများ သာမက နှစ်ဖက်အိမ်က လူကြီးမိဘများပါ သိရှိကြည်ဖြူပြီးသားမို့ သူတို့ချစ်သူနှစ်ယောက်မှာ ရှက်ရွံ့ပုန်းလျှိုးနေစရာ မလိုပါ။

"ကိုသာ စွမ်းဆောင်နိုင်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်ရင် ကိုယ့်ချစ်သူကို ဒီလို ခွေးခြေလေးနဲ့ လမ်းဘေးကဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွေးရမှာ မဟုတ်ဘူးကွယ်၊ ခုတော့…”

“ညိုက ကျိုးစယ်တာပါ ကိုရယ်၊ ညိုတို့ အဆင့်နဲ့က ဒီလောက်ပဲ စားနိုင်မှာပေါ့၊ မဟုတ်ဘူးလား”

အဆာပြေရုံ စား၍ ဆိုင်မှရသည့် ရေနွေးကြမ်းကိုသောက်ပြီး ညိုတို့နှစ်ယောက် လမ်းလျှောက်ရင်း ဗန္ဓုလ ပန်းခြံထဲက အပန်းဖြေစရာ ခုံတန်းလျားလေးများ ထိုင်ဖြစ်ကြသည်။

“ညိုကလေ…ဘီးဆံထုံး,ထုံး၊ သဇင်ပန်းတွေ ဝေနေအောင်ပန်၊ ထိုင်မသိမ်းအကျီနဲ့ ကြိုးကြိုးချိပ်တွေဝတ်၊ စိန်တွေ သီးနေအောင် ဆင်ထားတဲ့ သတို့သမီးလေး သိပ်လုပ်ချင်တာ ကိုရဲ့”

ဆိုသော မကြာခဏ ပြောတတ်သည့် ညို့စကားများကို ဘုန်းတင့်ဝေ ကြားယောင်နေမိသည်။

ကြိုးကြိုးချိပ်တွေ၊ ထိုင်မသိမ်းအကျီတွေ အသာထားဦး၊ ညို ပန်ချင်သော သဇင်ခက် ဝေဝေများကို ဝယ်နိုင်ဖို့ပင် သူ့တစ်လခနှင့် မလောက်နိုင်ပါ။

သူတို့နှစ်ယောက်လုံး၏ မိသားစုများကလည်း တင့်တောင့်တင့်တယ် မရှိကြ၍ သူတို့လခကို သူတို့ မသုံးနိုင်…။ အိမ်ကို လစဉ် ထောက်ပံ့နေကြရသည်။

ယဉ်ညိုသွယ်၏ ညီမလေး ‘ပန်းဖြူစင်’ ကျောင်းနေဆဲဖြစ်သလို ဘုန်းတင့်ဝေ၏ ညီလေး ‘ဘုန်းဆင့်ရှိန်’လည်း ကျောင်းမပြီးသေးပါ။

သည်ညီလေးနှင့် ညီမလေးတို့ ဘွဲ့ရပြီး သူတို့၏ ကျောင်းစရိတ်များ ထောက်ပံ့စရာ မလိုသည့် အချိန်မှာ သူတို့ ရသည့်



လခထဲက အနည်းအပါး စုနိုင်ကြမည်။ သို့သော် သူတို့ စုနိုင်လှ သောင်းဂဏန်းပေါ့။ ခုခေတ် ဟိုတယ်မှာ မင်္ဂလာဆောင်စရိတ်က ဆယ်သိန်းထက်မနည်းမို့ ဒီတစ်သက်မှာ မျှော်မှန်းစရာမရှိပါ။

“မင်္ဂလာမဆောင်နိုင်တဲ့ ကိစ္စကတော့ နားလည်ပေးလို့ရပါတယ် ကိုရယ်၊ ရုံးမှာပဲ လက်ထပ်လိုက်လည်း ပြီးနေတာပဲ၊ ခက်တာက…နေဖို့”

“ဟုတ်တယ် ညို၊ နှစ်ဖက်လုံးက ကြည်ဖြူနေကြပေမယ့် နှစ်ဖက်လုံးရဲ့အိမ်တွေမှာ နေလို့မှ မဖြစ်နိုင်တာလေ”

အိမ်ခန်းကျဉ်းလေးထဲမှာ မိသားစုလေးယောက်စီ ရှိကြသည်။

“အမှန်ကတော့ နေမယ်ဆိုရင် ဖြစ်ရမှာပဲ၊ ဦးလေးတို့ကလည်း ကို လာနေရင် ငြူစူမှာမဟုတ်သလို ကို့အိမ်မှာ ညိုနဲ့လိုက်နေရင်လည်း အမေတို့က ကျေကျေနပ်နပ် လက်ခံကြမှာပါ”

“ဒါပေမယ့် ကို၊ ညို ပြောထားသလို…”

“နေဦး ညို၊ ကို ပြောမှာလည်း ဒီသဘောပဲ၊ နှစ်ဖက်လုံးက ကျေနပ်ကြတယ်၊ တချို့ ဒီထက်များတဲ့ မိသားစုတွေတောင် စုနေကြသေးတာပဲ၊ ဒါပေမယ့် ညိုရော ကိုရောကမှ မနေချင်ကြတာလေ”

“ဟုတ်တယ် ကို၊ ညိုနဲ့ကို လက်ထပ်ပြီးရင်လည်း အလုပ်က ဆက်လုပ်နေရဦးမှာပဲ”

“ကိုတို့နှစ်ယောက် ပင်ပင်ပန်းပန်း တစ်နေ့ကုန် အလုပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး အိမ်ပြန်ရောက်တဲ့အခါမှာ လွတ်လွတ်လပ်လပ်လေး နားချင်တယ်၊ စိတ်လွတ်ကိုယ်လွတ် နေချင်တယ်၊ ညှော်ခန်းကျဉ်းလေးထဲမှာ စုပြုံထိုင်နေရတာမျိုး မဖြစ်ချင်ဘူး၊ တီဗီကြည့်နေရင်း ကိုယ့်မိန်းမ ကိုယ်နမ်းချင် ထဖက်နမ်းပစ်မယ်ကွာ”

“ကိုကလည်း...”

“တကယ် ပြောတာ၊ နှစ်ယောက်တည်း နေချင်လို့ နှစ်ယောက် ပေါင်းပြီး တစ်ဘဝ တည်ဆောက်ချင်တာ၊ လူကြီးတွေ ရှေ့မှာ ရုပ်တည်ကြီးနဲ့ မနေချင်ပါဘူး”

ရယ်စရာ စကားမဟုတ်ပါဘဲနှင့် ယဉ်ညိုသွယ်က အသံလေးများ ထွက်အောင် ရယ်မောရင်း ချစ်သူ့ပခုံးကို တစ်ချက် လှမ်းရိုက်လိုက်သည်။

“အမှန်တော့ ကို့မှာ တာဝန်ရှိတယ် ညို၊ ရှေးခေတ်ကတည်းက ယောကျ်ားကောင်းဆိုတာ အိမ်တစ်ဆောင်မီးတပြောင် ထားနိုင်မှ မိန်းမတစ်ယောက်ကို တောင်းရမ်းယူရတာပဲ”

“အဲဒါက ရှေးခေတ်က...၊ ခု ခေတ်ပြောင်းသွားပြီလေ၊ ညိုတို့လို သာမန်လူတန်းစားအနေနဲ့ အဲဒီလို ဖြစ်လာဖို့ ဘယ်တော့မှ မမျှော်မှန်းနဲ့၊ မလွယ်တော့ဘူး၊ အထူးသဖြင့် ညိုတို့၊ ကိုတို့လို လခစားတွေအတွက် အိမ်တစ်ခန်းဝယ်ဖို့၊ ငှားနေဖို့ဆိုတာ အိပ်မက်တောင် မမက်ရဲတဲ့ ကိစ္စပါလေ၊ ရတဲ့လခက ပုံသေဝင်ငွေ၊ ကုန်ဈေးနှုန်းက တက်နေတာ၊ အခုလက်ရှိ ဘဝလေးမှာတောင် ထမင်းဘူးမှန်မှန်ထည့်နိုင်အောင် မနည်းရုန်းခြိနေရတာပါ ကိုရယ်”

“ညို...”



“ရှင်”

“ဒါ ရည်းစားနှစ်ယောက် ချိန်းတွေ့နေကြတာနော်”

“အဟားဟား...”

“ညို့စကားတွေက ရင်ခုန်စရာ မကောင်းလိုက်တာကွာ၊ အနာဂတ် ပျောက်ဆုံးတော့မတတ် မှုန်ဝါးနေရတဲ့အထဲမှာ ညို့ရဲ့ ကုန်ဈေးနှုန်းတွေ၊ ပုံသေလစာတွေ ခဏ မေ့ထားလိုက်စမ်းပါ ညိုရယ်”

“ဟုတ်ပါရဲ့နော်၊ ရှေ့မှာ မျှော်လင့်စရာမရှိတာကို ကြိုပြီး စိတ်မောနေကြတာ မကောင်းပါဘူး၊ ကံဆိုတာ ဘယ်ပြောနိုင်ပါ့မလဲ၊ ထီပေါက်ချင် ပေါက်ဦးမှာပေါ့ ကိုရယ်နော်၊ မဟုတ်ဘူးလား”

“မဟုတ်ဘူး ညို၊ ထီပေါက်ဖို့ဆိုတာ ရာနှုန်းပြည့်မလွယ်တဲ့ကိစ္စပါ၊ ဒီမှာ ညို”

“အင်း...”

“ဒီအတိုင်း ဘာမှမကြိုးစားဘဲ ညည်းနေလို့ကတော့ ဘာမှ ဖြစ်လာမှာမဟုတ်ဘူးလေ၊ ကို စီစဉ်ထားတာ ရှိတယ် ညို”

“ဘာလဲကို”

“ကို ကားမောင်းသင်တန်း သွားတက်ပြီး ကားမောင်းတတ်တာ ညို သိတယ်နော်”

“အင်းလေ...အဲဒါ မနှစ်ကတည်းကပဲ”

“ရုံးချိန်မဟုတ်တဲ့ ညဘက်တွေမှာ ကို တက္ကစီကားမောင်းမလို့”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဖြစ်ပါ့မလား ကိုရယ်"

"ဘာလို့မဖြစ်ရမှာလဲ"

"ညဘက်ဆို အန္တရာယ်များတယ်နော်"

"နေ့ခင်း မောင်းဖို့ကလည်း ရုံးတစ်ဖက်နဲ့လေ၊ ဒီလိုမှ တစ်ဖက်တစ်လမ်းက မရှာရင် မဖြစ်တော့ဘူး ညိုရဲ့"

"ကိုရယ်..."

ယဉ်ညိုသွယ်က ချစ်သူချောချောကြီးကို သနားကြင်နာလွန်းသော အကြည့်များနှင့် စိုက်ကြည့်နေမိသည်။

ကိုတို့ မိဘနှစ်ဦးလုံး သာမန် မြန်မာရုပ်ရည်သာ ရှိကြသည်။ အရုပ်မဆိုးသလို သိပ်အချောအလှကြီးလည်း မဟုတ်ကြ။ ကိုတို့ ညီအစ်ကိုကျကာမှ ထူးထူးခြားခြားကြီးကို ချောမောလှပနေကြသည်။

"ကောင်းကင်ကြီးကို မော့ကြည့်လိုက်စမ်း ညို"

ယဉ်ညိုသွယ်က ဖြူနုတင်းပြည့်နေသော လည်တိုင်ကျော့လေးကို ဆန့်ထုတ်ပြီး ကောင်းကင်ကြီးကို မော့ကြည့်ရှာသည်။

ညနေ ဆည်းဆာချိန် နီးပြီမို့ ကောင်းကင်မှာ အလင်းဖျော့သွားပြီ။ ပြာလွင်သော ကောင်းကင်နောက်ခံနှင့် တိမ်ဖြူဖြူတို့ တရွေ့ရွေ့ လွင့်နေကြ၏။

"အဲဒီ ကောင်းကင်ကြီးကို တိုင်တည်ပြီး ညို့ကို ကို ဘယ်လောက် ချစ်ကြောင်း သစ္စာသက်သေပြုမယ် ညို၊ ကောင်းကင်ကြီး အမြဲတမ်း ပြာလွင်နေသလို ကို့ရဲ့ ချစ်ခြင်းနဲ့ သစ္စာတရားတွေဟာလည်း အမြဲတမ်း သစ်လွင်နေပါ့မယ်ဆိုတာ ညို ယုံပါ"



"ညို ယုံပြီးသားပါ၊ ညိုတို့ ချစ်ခရီးပဲ နှစ်နှစ်ကျော်ခဲ့ပြီ၊ ဒါပေမယ်..."

"ဒါပေမယ့်...ဘာလဲ၊ ဘာပူးစိစိ လုပ်နေတာလဲ"

"ကိုက ထာဝရ ပြာလွင်နေတဲ့ ကောင်းကင်ကြီးလို့တင်စားတာကို ရယ်ချင်လို့ပါ ကောင်းကင်ဆိုတာ အမြဲ မပြာဘူးနော်၊ ပြာခဲ့ရင်လည်း အပြာရောင်မျိုးစုံ ပြောင်းလဲနေတာလေ"

"ဟင်..."

"မနက်နဲ့ နေ့ခင်းကိုကြည့်၊ ကောင်းကင်ကြီးက မီးခိုးရောင်နုလို ဖြူစုတ်စုတ်နဲ့ ခပ်မှိုင်းမှိုင်း၊ ခုလို ညနေ နေဝင်သွားမှ အပြာရောင် ဖြစ်လာတာ၊ ကောင်းကင် အပြာကလည်း အမြဲတသမတ်တည်း မနေဘူးနော်၊ တစ်ခါတစ်ရံ အပြာလွင်လွင်၊ တစ်ခါတစ်ရံ အပြာရောင်ဖျော့ဖျော့၊ တစ်ခါတစ်ရံကျတော့ လူ့လောကကြီးကို ဒေါသ မျက်နှာနဲ့ အပေါ်စီးက ကြည့်နေသလို နက်ပြာရောင်ကြီးဖြစ်လို့၊ ကိုက ကောင်းကင်ရဲ့ ဘယ်အရောင်နဲ့ သစ္စာဆိုမှာလဲ"

"အောင်မယ်လေးဗျာ...ချစ်သူရဲ့ အပြာရောင် သစ္စာစကားကို ကြည်နူးရင်ခုန်စွာ မခံစားဘဲ ဘယ့်နှယ့်ကြောင့် ကောင်းကင်ကြီးရဲ့ အရောင်အဆင်းတွေကို ခွဲခြမ်းစိတ်ဖြာနေရတာလဲ။ 'ကောင်းကင်ရဲ့ အရောင်များ' ဆိုပြီး သုတေသန စာတမ်းတင်မလို့လား"

"အဟားဟား...ကို့မျက်နှာ ရှုပ်သွားတာ ချစ်စရာကောင်းလိုက်တာရှင်"

www.burmeseclassic.com

www.burmeseclassic.com



"မစူပါဘူး၊ ကိုယ်က အကောင်းပြောနေတာ၊ ကိုယ့်ချစ်သူကို လက်ထပ်ယူပြီး နှစ်ယောက်တစ်ဘဝ အဖြစ်နဲ့ ဘယ်သူ့အရိပ်မှ မခိုကပ်ဘဲ သီးခြားစီ နေနိုင်အောင် ကြိုးစားနေတဲ့ အကြောင်း ကောင်းကင်နဲ့ သက်သေပြနေတာ ညိုရဲ့"

"ဟုတ်ပါပြီ...ဟုတ်ပါပြီ"

"ညို ပြောသလို ကောင်းကင်က အရောင်ပြောင်းတယ်ထားပါ၊ ဒီကောင်းကင်ကြီး မရွေ့လျားပဲ တည်နေတာတော့အမှန်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကို့ရဲ့ သစ္စာတွေဟာ ဒီကောင်းကင်ကြီး တည်တန့်သလို တည်ကြည်နေမယ် ဆိုတာ ညို ယုံလိုက်ပါပြီ၊ စိတ်မဆိုးနဲ့တော့နော်"

"မဆိုးပါဘူး၊ ဒါပေမယ့် ညိုက ကုန်ဈေးနှုန်းတက်တာတွေ ပြောလိုက်၊ ကောင်းကင်ကပဲ အရောင်တွေပြောင်းတာ ပြောလိုက်နဲ့ ညို့စကားတွေက ရင်ခုန်စရာမှ မကောင်းတာ"

"ကိုရယ်...ညိုတို့နှစ်ယောက်က ငယ်ငယ်လေးကတည်းက ရင်းနှီးလာခဲ့ကြတာ၊ ရည်းစားသက်လည်း နှစ်နှစ်ကျော်နေပြီ၊ ရင်ခုန်ဖို့ လိုသေးလို့လား၊ တည်တည်ငြိမ်ငြိမ်နဲ့ အသက်ထက်ဆုံး ခိုင်ခိုင်မြဲမြဲ လက်တွဲကြဖို့ကသာ အဓိကပါကွယ်"

ညိုက သူ့ပခုံးစွန်းမှာ ပါးလေးအပ်၊ ခေါင်းလေးငဲ့ပြီး သာယာ ချိုမြစွာ ပြောလာရှာသည်။ ချစ်သူ၏ စကားသံလေးသည် သူ့စိတ်ထဲမှ မကျေနပ်နေခဲ့သော အညိုရောင်စိတ်များကို ချက်ချင်းပင် လွင့်ပျယ်စေနိုင်ခဲ့ပါပြီ။



ချစ်သက် ရက်ရှည်လာသည်နှင့်အမျှ ညို့ကို သူ ပို၍ ချစ်မြတ်နိုးနေပါကြောင်း သူ့နှုတ်က ပြောမနေတော့။ အလုပ်ဖြင့်သာ သက်သေပြပါတော့မည်ဟု ထိုနေ့ညနေက ဘုန်းတင့်ဝေ၏ ဆုံးဖြတ်ချက်တို့သည်...

သူတို့နှစ်ဦး နီးစပ် ပေါင်းဖက်ဖို့ ဖြစ်ပါလျက်နှင့် တစ်ကမ္ဘာ ခြားသွားသလို ဝေးကွာဖို့ ဖြစ်လာကြောင်း ဘုန်းတင့်ဝေ ကိုယ်တိုင် မမျှော်လင့်မိသော အကြောင်းတရားကြီး ဖြစ်လာခဲ့ပါသတည်း။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်းနှစ်

"ဘယ်နဲ့လဲ အောင်ကြီး၊ အဆင်ပြေခဲ့ရဲ့လားဟင်"

ချစ်သူငယ်ချင်း အောင်ကြီးခေါ် လှစိုးအောင်၏ အပြန်လမ်းကို ဆီးကြိုရင်း ဘုန်းတင့်ဝေက မျှော်လင့်တကြီး မေးလိုက်ရာသည်။

"စပေါ်တင်မှတဲ့ကွာ"

"ငါ့မှာ စပေါ်ငွေ တင်ဖို့မှ မရှိတာ၊ အုံနာကြေးပိုယူပါလို့ ငါ မှာလိုက်တယ်လေ၊ မင်း မပြောဘူးလား"

"မပြောဘဲ နေမလားကွ"

"ဒီတော့ ဘာတဲ့လဲ"

"စပေါ်မတင်နိုင်လို့ကတော့ ဘယ်သူ့ကိုမှ မငှားဘူးတဲ့၊ ကားအက်စီးဒဲန့် ဖြစ်ရင် ဘယ်နဲ့ လုပ်မလဲတဲ့၊ စပေါ်မတင်ဘဲ သူ့တက္ကစီကားကို ငှားဖူးတယ်တဲ့၊ တိုက်လာခဲ့ပြီး အလုပ်ထွက်



သွားတယ်တဲ့၊ သူပဲပြင်လိုက်ရတယ်တဲ့၊ ခုတော့ စပေါ်တင်နိုင်မှ ငှားမယ်တဲ့၊ ဒါမှ တိုက်လာရင် ပြင်ခ စပေါ်ထဲက ဖြတ်လိုက်ရုံပဲတဲ့"

"စီးပွားရေးသမားများ ကြောက်စရာပဲ၊ စပေါ်ကရော ဘယ်လောက် တင်ရမှာတဲ့လဲ"

"ငါးသောင်းတဲ့"

"ငါးသောင်း..."

"အေး"

"ငါ့ဘဝမှာ ငါးသောင်း ဆိုတဲ့ ငွေကို တစ်ခါမှတောင် မကိုင်ဖူးပါဘူး အောင်ကြီးရာ"

"အေးလေ...ပိုင်ရှင်က တရုတ်ကပြားဆိုတော့လည်း ဆေသီးခေါက်တာပေါ့ကွာ"

"ဒါကြောင့်လည်း ငွေရင်းငွေနှီးရှိဖို့ လူတွေက ကြီးပွားပြီးရင်း ကြီးပွားပြီး၊ တို့လို ခွန်အားစိုက်ရုံတတ်နိုင်တဲ့ အလုပ်သမားတွေက မွဲပြီးရင်းမွဲပေါ့"

"အားမငယ်ပါနဲ့ကွာ၊ မင်းရုပ်က ကောင်မလေးတွေ ကျနိုင်တဲ့ ရုပ်မျိုးကွ၊ မင်း ရုပ်ရှင်မင်းသား လုပ်ပါလား"

"ဟော့ကောင်...အောင်ကြီး"

"ပြော ဟော့ကောင်"

"ရုပ်ရှင်မင်းသားဆိုတာ ရုပ်ချောတိုင်း ထလုပ်လို့ရတာမှ မဟုတ်တာ၊ အဆက်အသွယ်ကောင်းမှ၊ ငွေစိုက်ထုတ်နိုင်မှ၊ ဒါတောင် အနုပညာ ဆိုတာ ပါရမီရှိမှ၊ စန်းရှိမှ၊ ကံကောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တာပါကွ၊ မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့"

လှစိုးအောင် ငြိမ်သက် တွေဝေသွားသည်။ သူငယ်ချင်းအတွက် အကျိုးဆောင်ပေးချင်သော်လည်း အောင်မြင်မှု မရခဲ့သည့်အတွက် စိတ်မကောင်းမိပါ။ လှစိုးအောင်က ငြိမ်သက်သွားရာမှ တစ်ခုခုကို သတိရသွားသလို ဆတ်ခနဲလှည့်ကာ...

"မင်း အိမ်ကားဆိုရင်ရော မောင်းမလား"

"ဘာလဲ...အိမ်ကား ဆိုတာ..."

"သြော်...မင်းကလည်း အိမ်ကားဆိုမှ အိမ်မှာစီးတဲ့ကားပေါ့၊ တက်စီကား မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ဒရိုင်ဘာဆိုတာ နည်းနည်းတော့ အောက်ကျတာပေါ့ကွာ"

ဘုန်းတင့်ဝေလည်း ငြိမ်သက်သွား၏။ ဒရိုင်ဘာဆိုသည်မှာ ပညာမတတ်၍ ကားမောင်းရသူဟု နားလည်ခဲ့သည်။ ဘုန်းတင့်ဝေတို့လို သာမန် အလယ်အလတ်တန်းစား မိဘက ဆင်းသက်လာသော ဘွဲ့ရရုံ ဝန်ထမ်းအနေနှင့် 'ဒရိုင်ဘာ'ဆိုသော အဆင့်နှင့် မတန်သလိုပါပင်။

သို့သော် ထိုအချိန်က သူတို့လို ဘွဲ့ရ အလုပ်ဝင်ကာစ ဝန်ထမ်းအနေနှင့် တစ်လ ငါးထောင်လောက်သာ ရရှိနေချိန်မှာ ဒရိုင်ဘာ၏ လခက တစ်သောင်းဝန်းကျင် ဖြစ်နေကြောင်း ဘုန်းတင့်ဝေ သိခွင့် မရသေး။ ရုံးဝန်ထမ်းများ တစ်နှစ်မှတစ်ကြိမ် နှစ်တိုးရှိသော်လည်း ဒရိုင်ဘာများ၏ လခက ထောင်ဂဏန်း ခုန်တက်သွားကြောင်းလည်း ဘုန်းတင့်ဝေ နောင်မှသိခဲ့ရသည်။

"ဘယ်အိမ်မှာ ဘယ်လိုကားမောင်းရမှာလဲ"



"ငါ အသေအချာ မသိသေးဘူး၊ မင်းအတွက် မေးလာတာလည်း မဟုတ်ဘူး၊ မနေ့က ငါ့ဦးလေးအိမ်သွားရင်း ဒရိုင်ဘာတစ်ယောက် ရှာနေတယ်လို့ ပြောနေကြသံ ကြားခဲ့တာ"

"မဖြစ်ပါဘူးကွာ၊ ရုံးအလုပ်ထွက်ပြီး ဒရိုင်ဘာဝင်လုပ်ရင် အမေတို့ကလည်း သဘောတူမှာမဟုတ်ဘူး၊ ညိုကလည်း ကြိုက်မယ် မထင်ဘူး"

ထိုနေ့က ဤနေရာတွင်ပင် ကိစ္စပြတ်၊ အဆုံးသတ်သွားပြီဟု ထင်ခဲ့သော်လည်း နောက်တစ်နေ့ညနေတွင် အောင်ကြီးရောက်ချလာပြီး...

"မနေ့က ငါ ပြောတဲ့ကိစ္စလေ၊ အခု အသေအချာ မေးလာခဲ့ပြီ၊ မဆိုးတော့ မဆိုးဘူးကွ၊ မင်းဘာသာ ဆုံးဖြတ်လေ၊ ဒီလိုကွ..."

အောင်ကြီးက အသေးစိတ် ရှင်းပြရာသည်။

"သူဌေးမ အဘွားကြီးတစ်ယောက် ရှိတယ်၊ ဖိုးစိန်လမ်းသွယ်ထဲမှာ နေတာတဲ့၊ သူ့ဒရိုင်ဘာက မိန်းမရသွားတော့ အရင်လို မိုးချုပ်အောင် နေလို့မရတော့ဘူးတဲ့၊ မနက်ရှစ်နာရီခွဲကနေ ညနေလေးနာရီခွဲဆို ပြန်ပြီတဲ့၊ ဒါကြောင့် ညနေ ငါးနာရီကနေ ညအထိ မောင်းပေးရမယ်၊ လိုအပ်ရင် ညအိပ်ရမယ်၊ ခြံထဲက တန်းလျားမှာ အိပ်ဖို့နေဖို့ အဆင်သင့်ရှိတယ်တဲ့၊ အဘွားကြီးက သဘောလည်း ကောင်းတယ်တဲ့၊ အိုဗာတိုင် မပါသေးဘူး၊ တစ်နေ့ ငါးရာ ပေးမယ်တဲ့၊ လခနဲ့ လိုချင်လည်း တစ်သောင်းခွဲတဲ့"

"တစ်သောင်းခွဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့လခရဲ့ နှစ်ဆကျော်လောက်တောင်ပါလား"

"အေး…ဒါပေမယ့် ပျက်ရက်တော့ မရှိရဘူးတဲ့၊ ညနေငါးနာရီကနေ ည ဆယ်နာရီအထိ အလုပ်ချိန်တဲ့၊ နာရီကျော်ရင် အိုဗာတိုင် ရဦးမှာတဲ့ကွ"

"အဘွားကြီးဆိုပြီး ည ဆယ်နာရီ ဆယ့်တစ်နာရီ ဘယ်တွေ သွားပြီး ဘာတွေလုပ်နေတာလဲ"

"ဘယ်သိမလဲကွာ၊ သူဌေးတွေဆိုတော့ ပါတီတို့၊ ဒင်နာတို့ ညစဉ် သွားရလို့နေမှာပေါ့"

"ငါ လုပ်မယ်ကွာ"

"ဟ…မင်းကလည်း မင်းဟာမင်း မဆုံးဖြတ်နဲ့လေ၊ အန်တီတို့နဲ့လည်း တိုင်ပင်ဦး၊ ညို့ကိုလည်း ကြိုပြီး အသိပေးဦးမှပေါ့"

"နေပစေ၊ သူတို့သိရင် တားနေဦးမှာ၊ တစ်လတစ်သောင်းခွဲဆိုတဲ့ ငွေဟာ နည်းလားကွာ၊ တို့လို သာမန် ဝန်ထမ်းမိသားစုအတွက်တော့ တကယ့် အခွင့်အရေးကောင်းပါပဲ၊ ငါ လုပ်မယ် သူငယ်ချင်း"

"သူဌေးမ အဘွားကြီးကားဆိုတော့ အကောင်းစား ဖြစ်မှာ၊ မင်းရော ကျင်ကျင်လည်လည် မောင်းတတ်နေပြီလား"

"ငါ တက္ကစီကား မောင်းတော့မယ်လို့ ဆုံးဖြတ်ပြီးကတည်းက မျိုးထွန်းက သူ့ကားကို ပေးမောင်းတာ၊ ငါ ကျွမ်းနေပါပြီ"

သူတို့ သူငယ်ချင်းများထဲမှာ 'မျိုးထွန်း'၏ မိဘများက ချမ်းသာ၍ မျိုးထွန်းအတွက် ဗန်ကားတစ်စီး သီးသန့် ဝယ်ပေးထား၍ ဘုန်းတင့်ဝေ စိတ်ကြိုက်မောင်းနှင်ခွင့်ရခဲ့ခြင်းပါ။ ကား



မောင်းနေရခြင်းကို နှစ်သက်လွန်းသဖြင့် ကားပေါ်ကပင် ဆင်းချင်စိတ်မရှိ။ မျိုးထွန်း သွားသမျှ လမ်းတိုင်းကို သူချည်း ဒိုင်ခံမောင်းခဲ့၍ ကားမောင်း ကျွမ်းနေပါပြီ။

ချို့တဲ့လွန်းသော သူ့မိဘများကို အပြစ်မမြင်ရက်သော်လည်း မျိုးထွန်း၏ ဘဝကို အားကျပြီး မျိုးထွန်း၏ မိဘများကို အထင်ကြီးမိသည်။ သူလည်း ကားလေးတစ်စီး ကိုယ်ပိုင်မောင်းပြီး တီရှပ်အကောင်းစားနှင့်၊ ဂျင်းန်ဘောင်းဘီထည်လဲနှင့်၊ ရှူးဖိနပ်အဖိုးတန်များနှင့် နေခွင့်ရချင်စမ်းပါဘိ။ လက်လှမ်းမမီမှန်း သိပါလျက်နှင့် လှချင်သော၊ အသစ်အဆန်းကို မက်မောသော ငယ်ရွယ်သူတို့၏ တောင့်တမှုများအတိုင်း စိတ်ကူးယဉ်မိခြင်းသာပါ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ရှေးသူဌေးများ ဆောက်ထားသော တိုက်ကြီးဖြစ်၍ ထုထည်က ကောင်းပြီး အခန်းဖွဲ့စည်းပုံများက ကျယ်ဝန်းလှသည်။

ကနုတ်ပန်းများနှင့် အိနေသော ဆိုဖာဆက်တီ အနီရဲရဲကြီးနှင့် မှန်စားပွဲက ခေါင်းရင်းဘက်ခန်းမကြီးမှာ လှပ၊ ကျက်သရေရှိစွာ တည်ခင်းထားသည်။

လိုက်ပို့သော 'ဦးဘွန်ကျင်'က ထိုဆိုဖာဆက်တီပေါ်တွင် ထိုင်စောင့်ပြီး ဘုန်းတင့်ဝေကို အခန်းဝမှ ကြိမ်ထိုးကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ခိုင်းထား၏။

ဦးဘွန်ကျင်ဆိုသော ထားဝယ်သား သူဌေးမှာ အောင်ကြီးဦးလေး၏ မိတ်ဆွေဖြစ်သည်။ ထိုအလုပ်ကို ဘုန်းတင့်ဝေ လက်ခံမည်ဆို၍ ခေါ်လာခဲ့ခြင်း ဖြစ်သည်။ အောင်ကြီး လိုက်ခွင့်မရှိ။ ဦးဘွန်ကျင်ဆိုသော အသက်ငါးဆယ်အရွယ် မျက်နှာထားတည်တည်နှင့် သူဌေးကြီးကိုလည်း ဘုန်းတင့်ဝေ ဒီနေ့မှ တွေ့ဖူးခဲ့ရခြင်းဖြစ်သည်။

သူ့မိတ်ဆွေ၏တူ၊ အောင်ကြီး၏ သူငယ်ချင်းဆိုသော်လည်း လုပ်ရမည့် အလုပ်က ဒရိုင်ဘာမို့ ဆိုဖာပေါ်မှာ ထိုင်စောင့်ခွင့် မရှိကြောင်း ဘုန်းတင့်ဝေ သိမ်ငယ်စွာ နားလည်လိုက်ရသည်။

ထိုအချိန်တွင် အပေါ်ထပ်မှ အမျိုးသမီးတစ်ဦး ဆင်းလာသည်။ အကောင်းစား ချည်ထည် ဘလောက်စ်အဖြူရောင်နှင့် ခေါ်ကြီးပါတိတ် ထဘီ ဝတ်ထား၏။ ဤအင်္ကျီနှင့် လုံချည် အိမ်နေရင်း ဝတ်ထားသည်ကပင် တန်ဖိုးကြီးလှကြောင်း ထိုအချိန်က ဘုန်းတင့်ဝေ မသိသေး။ စိန်တစ်လုံး နားကပ်ကြီးနှင့် ခုံးစိန်သက်စွပ်သာ ဝတ်ထားသည်။ ဆွဲကြိုးလက်ကောက်များ ဝတ်မထား။ ပခုံးကျော်လောက် ဆံပင်ကို စု၍ အပေါ်မြှင့်ကာ ခွကလစ်ကြီးနှင့် ချိတ်ထားသည်။ နဖူးပေါ်မှာ ဖြတ်ထားသော ဆံပင်တို့က ခရိုဖရဲကျနေ၏။ ပုံချွန်ထားသော မျက်ခုံးမွှေးမှလွဲ၍ မျက်နှာမှာ ပြင်ဆင်ထားခြင်းမရှိ။ အသား အနည်းငယ်ညိုသည်။ ကိုယ်လုံးခပ်သွယ်သွယ်၊ အရပ်က ငါးပေတစ်လက်မထက် ကျော်ပုံမရ။ အသက်က လေးဆယ်လောက်ရှိမည်။ တစ်ကိုယ်လုံး ခြုံကြည့်လျှင် ခပ်ညိုညိုသွယ်သွယ်နှင့် သာမန်ရုပ်ရည်သာရှိသည်။ ချောချောလှလှထဲက မဟုတ်။ သို့သော် သူဌေးအိမ်မှာ နေရ၍ ထင်သည်။ ညိုသောအသားက စိုဝင်းနေ၏။

ဆင်းလာသော အမျိုးသမီးကို အစအဆုံး အကဲခတ်ပြီး နောက်မှာ ဘုန်းတင့်ဝေ လှေကားရှိရာကိုသာ လှမ်းမျှော်ကြည့်ရှုနေမိသည်။

သူ့ကို အလုပ်ခန့်မည့် သူဌေးအဘွားကြီးကို ဘုန်းတင့်ဝေ တွေ့ချင်၊ အကဲခတ်ချင်လှပါပြီ။

ယခုလို စောင့်စားနေရချိန်မှာ နှုတ်ဖြေစစ်မေးမည့်အခန်းတွင်းသို့ ဝင်ကာနီးဆဲဆဲ စိုး၍ ထိတ်လန့်ခဲ့ရပုံမျိုးထက် သာလွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ရင်တွေ ဒိတ်ဒိတ်ခုန်ရင်း သူ မျက်နှာမူထားသော လှေကားကြီး ဆီသို့သာ မျှော်ကြည့်နေမိသည်။

"ဩော်...ဦးဘွန်ကျင်ရယ်၊ ရုပ်ရည်ခပ်သန့်သန့်လေး ရှာ ပေးပါ ပြောမိတာနဲ့ ရုပ်ချောလေး ခေါ်လာခဲ့တာကိုး၊ ဟေး...လာ၊ ဒီမှာ လာထိုင်"

"ခင်ဗျာ..."

ဘုန်းတင့်ဝေ ရုတ်တရက် ထရပ်လိုက်ပြီး ရှေ့နှစ်လှမ်း လောက် တိုးလာဆဲ...

"အေး...လာ၊ ဒီနားမှာ ရပ်စကားပြော"

ဦးဘွန်ကျင်က မတန်မရာ နေရာမှာ လာမထိုင်ရန် ညွှန် ကြားချက်တွေ ပေးနေ၏။ သူဌေးအဘွားကြီးဆိုသူ၏ သမီး သို့ မဟုတ်၊ တူမဖြစ်ပုံရသူက...

"နာမည် ဘယ်လိုခေါ်လဲ"

"ကျ...ကျွန်တော့် နာမည်လား"

"အေးလေ...မင်းကို မမေးလို့ ဘယ်သူ့ကိုမေးရမှာလဲ"

"ဦးဘွန်ကျင်ကလည်း ရပါတယ်၊ သူ စိတ်အေးအေးထား ပြီး ဖြေပါစေ"

ဦးဘွန်ကျင်ကို နာနာကျည်းကျည်း ကြည့်လိုက်မိပြီးမှ မျက်လွှာချ၍ လက်နှစ်ဖက်ကို ရှေ့မှာယှက်၍ ခေါင်းငုံ့ချရင်း...

"ဘုန်းတင့်ဝေပါ"

"ကျောင်းတက်တုန်းလား"

"ဘွဲ့ရပြီးပါပြီ"



ထိုအမျိုးသမီးကပင် မေးခွန်းတွေ ဆက်မေးနေ၏။

"လောလောဆယ် အလုပ်ရှိလား"

"ဟုတ်ကဲ့၊ ဆက်သွယ်ရေးဌာနက ရုံးဝန်ထမ်းပါ"

"အိမ်ထောင်ရှိလား"

"မရှိပါဘူး"

"မိဘတွေရော ရှိလား"

"ရှိပါတယ်"

"ဘယ်မှာနေကြလဲ"

"ခင်ဗျာ...နယ်...နယ်မှာပါ"

"ရန်ကုန်မှာ တစ်ယောက်တည်း နေတာလား"

"ဦး...ဦးလေး အိမ်မှာပါ"

စိတ်ထဲမှာ ကြိုတင်ပြင်ဆင်ထားခြင်း မရှိ၊ ကြံရွယ်ထားခြင်း ပါဘဲနှင့် ဘာတွေများ ပြောလိုက်မိပါလိမ့်။ စိတ်က ခပ်ထိတ် ထိတ်၊ ဦးဘွန်ကျင်ကို မကျေမနပ်နှင့်မို့ ဘာတွေပြောလို့ ပြောမိ မှန်းကို မသိတော့ပါ။

"ဒီအိမ်မှာ ညဉ့်နက်သန်းခေါင်အထိ အလုပ်ရှိရင် ခြံထဲက တန်းလျားမှာ ညအိပ်လို့ဖြစ်မလား"

"ဟုတ်...ဟုတ်ကဲ့၊ ဖြစ်မှာပါ"

"နေ့စား တစ်နေ့ငါးရာ ယူမလား၊ လကုန်မှ တစ်သောင်းခွဲ ယူမလား"

"လကုန်မှပဲ ယူပါ့မယ်"

ထိုအမျိုးသမီးက ထိုင်လျက်၊ သူက လက်နှစ်ဖြောင်းချိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှက် မတ်တတ်ရပ်၍ ခေါင်းငုံ့ထားရသည်။ သူတို့ကိုတည့်တည့် မကြည့်ရဲ။

"တစ်ခါတည်း ခန့်တော့မလို့လား၊ ကားမောင်းခိုင်းပြီး ကြည့်ပါဦးလား။ ကျွန်တော်လည်း ဒီနေ့မှ သူ့ကို မြင်ဖူးတာ၊ မိတ်ဆွေက အာမခံလို့၊ ကျွန်တော် သူ့အကြောင်း မသိဘူးနော် ဒေါ်မင်းမင်းထိုက်"

"ရပါတယ်၊ ရိုးသားပုံရပါတယ်၊ အလုပ်ခန့်လို့ ဖြစ်မှာပါ"

ဘုန်းတင့်ဝေက လေးစားအားကိုးသော အကြည့်ဖြင့် ထိုအမျိုးသမီးကို ပထမဆုံး ငေးမောကြည့်ဖြစ်သည်။

သို့သော်လည်း သူ့ကို တကယ်အလုပ်ခန့်မည့်၊ သွားလိုရာ မောင်းပို့ရမည့် 'အဘွားကြီး' ဆိုသော တကယ့် အလုပ်ရှင်ကို မတွေ့ရသေးသဖြင့်...

"ကျွန်တော် မောင်းပို့ပေးရမယ့် ဘွားဘွားကြီးကရော ကျွန်တော့်ကို နှစ်သက်ပါ့မလား"

"ဘယ်လို..."

"ဩော်...ကျွန်တော့်သူငယ်ချင်းက ပြောထားလို့ပါ၊ ဒီအိမ်က သူဌေး အဘွားကြီး ညနေနဲ့ ညဘက် စီးဖို့အတွက် ဆိုလို့ပါ"

"အဟား...ဟား...ဟား...ဦးဘွန်ကျင်ရယ် ဘယ်လိုများ ပြောထားလို့ မင်းမင်းက ဘွားဘွားကြီး ဖြစ်သွားရတာလဲ"

"ခင်ဗျာ..."

"မင်းကို အလုပ်ခန့်မယ့်သူက မမပဲလေ"



"ခင်ဗျာ..."

ဒေါ်မင်းမင်းထိုက်က သူ့ရင်ဘတ်ကို လက်ဝါးလေးနှင့်ဖိပြီး ပြောနေ၍ ဘုန်းတင့်ဝေ မျက်စိတွေလည်ကုန်ရသည်။

"ဟုတ်တယ် ဦးဘွန်ကျင်ရဲ့၊ ဒီနေ့ခေတ် လူငယ်တွေက ကိုယ့်အလုပ်ရှင် အသက်ဘယ်လောက်ပဲငယ်ငယ်၊ ကိုယ့်ရဲ့ Boss ကို အမျိုးသားဆို အဘိုးကြီး၊ အမျိုးသမီးဆို အဘွားကြီးပဲလေ... အဟားဟား..."

ထိုအမျိုးသမီးကြီးက ရယ်မောပြီးသည်နှင့်...

"လူငယ်တွေကသာ နောက်ကွယ်ကနေ အဘွားကြီးလို့ ခေါ်နေကြတာ၊ မင်းမင်းတို့ကိုယ်တိုင်ကျတော့ အန်တီလို့ ခေါ်ရင်တောင် မကြိုက်ချင်သေးဘူးလေ...အဟဲ...ဟဲ..."

ထိုအမျိုးသမီးက ပေါ့ပါးလွတ်လပ်စွာ ပြောနေသလောက် ဦးဘွန်ကျင်၏ မျက်နှာက ခပ်မှုန်မှုန်။ ပြီးမှ...

"ဒါနဲ့ ဦးဇော်ဝင်းမောင်ရော ဘယ်တော့ ပြန်လာမလဲ"

"အင်း...တော်တော်နဲ့တော့ လာနိုင်ဦးမယ် မထင်ဘူး၊ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး၊ ကျွန်တော့်မိတ်ဆွေကြီးကို မတွေ့ရတာ ကြာလို့ပါ"

"မပြောနိုင်ဘူး၊ သူက ပြန်ချင်ရင်လည်း ချက်ချင်းရောက်လာမှာ၊ သူပြန်လာဖြစ်ရင် ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်တော် ခေါ်လာတဲ့ ဒရိုင်ဘာလေးကို ခိုင်းကြည့်လိုက်ပါဦး၊ ကြိုက်မှလည်း ခန့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မ ခိုင်းကြည့်ပါ့မယ်"

"ကောင်းပါတယ်၊ မောင်းခိုင်းပါဦး၊ ဒေါ်မင်းမင်းထိုက်ရဲ့ ကားတွေကလည်း တန်ဖိုးကြီးတော့ တစ်ခုခုဖြစ်ရင် ကျွန်တော် မကောင်းဖြစ်နေပါဦးမယ်၊ အမြန်လိုချင်တယ် ဆိုလို့သာ လာပို့ရတာ၊ ဒီကောင်လေးအကြောင်း ကျွန်တော် မသိဘူးနော်"

"ရပါတယ်၊ ကျွန်မ ခိုင်းကြည့်လို့ မကြိုက်ရင်လည်း တစ်လခ ပေးပြီး ထုတ်လိုက်ပါ့မယ်၊ ကြိုက်ခဲ့ရင်လည်း ဆက်ထားပါ့မယ်၊ ဦးဘွန်ကျင် တာဝန်ယူစရာ မလိုပါဘူး"

သူတို့ချင်း ပြောနေကြသည့် "ခိုင်းကြည့်ပါဦး"၊ "ခိုင်းကြည့်ပါ့မယ်"ဆိုသော စကားများသည် ဘုန်းတင့်ဝေ၏ရင်ကို လာရောက်ထိမှန်သော ရိုက်ချက်က ပြင်းလှချေသည်။

ခိုင်းနွားများ ဝယ်ကြရောင်းကြသလို သူ့အဖြစ်က တိရစ္ဆာန်သာသာပဲ ရှိပါတော့လား။

လူငယ်စိတ်နှင့် ခံပြင်းစွာ ဦးဘွန်ကျင်ကိုပါ ချဲ၍ ဒေါ်မင်းမင်းထိုက်ဆိုသူကို စေ့စေ့ကြည့်ကာ "ကျုပ် မလုပ်ဘူး" ဆိုပြီး သူတို့ခြံထဲမှ ထွက်သွားချင်စိတ်ပင် ပေါ်လာမိသည်။

အမေတို့ကို လခအပြင် တစ်လ ငါးထောင်ပိုပေးပြီး၊ ကျန်တစ်သောင်းကို ချစ်လှစွာသော ညီ့အတွက်၊ ညီနှင့် အတူနေခွင့်ရရန်အတွက် စုဆောင်းမည်ဟု ကြိုတင် စိတ်ကူးယဉ်ထားသော စီမံကိန်းလေးကို မဖျက်ဆီးချင်ပါ၍ ဘုန်းတင့်ဝေ ခေါင်းငုံ့လည်စင်းခံပါတော့မည်။

ထိုအမျိုးသမီး ပြောလိုက်သည့် သူ မကြိုက်လျှင် အလုပ်



ထုတ်ပစ်မည်ဆိုသလိုပင် ဘုန်းတင့်ဝေကိုယ်တိုင်က သိပ်အနှိမ်ခံနေရလျှင်လည်း ထွက်လိုက်ရုံပေါ့ ဆိုသော အားတင်းစိတ်နှင့် ဆက်လက်ရပ်နေဆဲမှာ…

"ကဲ…ဒါဆို မင်း နက်ဖြန်က,စပြီး ညနေငါးနာရီအရောက် လာခဲ့တော့၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ခင်ဗျ"

"ကျွန်တော်လည်း ပြန်တော့မယ် ဒေါ်မင်းမင်းထိုက်၊ လိုတာရှိလည်း ပြောပါ"

"ကောင်းပါပြီ၊ အခုကိစ္စကိုပဲ ကျေးဇူးတင်လှပါပြီး ဦးဘွန်ကျင်"

"ရပါတယ်ခင်ဗျာ"

ဦးဘွန်ကျင်၏နောက်မှ ဆင်းလိုက်လာသော ဘုန်းတင့်ဝေတို့ ခြံထဲရောက်သည်နှင့်…

"မင်း ပြန်တော့လေ၊ ဟိုမှာ ကောင်မလေး ခြံတံခါးဖွင့်ခနဲ့ပြီ၊ နက်ဖြန်က,စပြီး အလုပ်ဆင်းတော့၊ အချိန်လည်း မှန်ပစေနော်"

သူ နားကျင်စွာ ခေါင်းညိတ်ပြလိုက်သည်။

လမ်းသွယ်ကထွက်ပြီး လမ်းထိပ်အထိ သူ့ကားနှင့် တင်ခေါ်သွားလျှင် သူ့ကား ပွဲကျသွားမှာကျနေတာပဲ။

"အင်းလေ…သူတို့က သူဌေးတွေ၊ ငါက သူတို့ရဲ့ အစေအပါးမို့ တစ်တန်းတစ်စားတည်း ထားစရာမလိုဘူးဆိုတဲ့ အသောကို ပီပီပြင်ပြင် ပြလိုက်ကြတာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ညနေ ငါးနာရီကနေ ဆယ်နာရီအထိ ငွေငါးရာ ရဖို့အတွက် ငါ့ရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်တွေကို ဒီမိန်းမလက်ထဲ အပ်နှံရောင်းစားထားရတဲ့ အဖြစ်ပါလား"

"ဘာပဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်ဖြစ် ညိုနှင့် အတူတကွ နေထိုင်နိုင်ဖို့အတွက် ခံယူရတဲ့ အနစ်နာပဲလေ၊ တန်ပါတယ်"

ချစ်မေတ္တာ နက်ရှိုင်းလှေ အရာခပ်သိမ်းကို ရင်ဆိုင်ဖြတ်သန်းဖို့ ခွန်အားသတ္တိတွေ ရှိလာလေပါ။

❊ ❊ ❊

## အခန်း(၄)

"မငိုပါနဲ့ ညိုရယ်၊ အလုပ်လုပ်တာပဲ၊ ဘာဖြစ်လဲ၊ ပြီးတော့ သိပ်လည်း မပင်ပန်းပါဘူး"

"ညဘက်ကြီး ကားမောင်းရတာ မပင်ပန်းဘဲနေပါ့မလား"

"ယောကျ်ားပဲ ညိုရာ"

"အောက်ကျသလားဟင်၊ အဲဒီသူဌေးမကြီးက အထက်စီးခိုင်းသလား"

"ပထမတော့ စကားပြောတာ ခပ်ထန်ထန်ပဲ၊ ဒါပေမယ့် ခုနောက်ပိုင်းတော့ သိပ်အမာကြီး မဟုတ်တော့ပါဘူး၊ ကိုကလည်း အလုပ်ချိန် လေးစားတယ်၊ သူ့ကိုလည်း လေးလေးစားစားဆက်ဆံတယ်လေ"

"ဒီငွေကို ကိုပဲ သိမ်းထားပါ"

"ညို့အတွက် ရှာတာ၊ ညို သုံးမှပေါ့ကွယ်"

လခထုတ်လာသော ငွေထဲမှ ငွေတစ်သောင်းကို ညို့လက်ထဲ ထည့်သည့်နေ့က ယဉ်ညိုသွယ် ရှိုက်ကြီးတငင် ငိုရှာသည်။

"မသုံးရက်ပါဘူး ကိုရယ်"

"ဒါဖြင့်လည်း သိမ်းထား ညို၊ တစ်လ တစ်သောင်းစုနိုင်ရင် ဆယ်လ ငွေတစ်သိန်း ဖြစ်နေပြီ၊ အိမ်စပေါ်တစ်သိန်းနဲ့ လခ တစ်သောင်းတန် အိမ်ခန်းလေးမှာ နေနိုင်တော့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ နေ့လယ်ဘက်တွင် ညိုတို့၏ နောက်ဘက်မှ ထမင်းစားခန်းလေးထဲတွင် နှစ်ယောက်တည်းရှိနေ၍ ယဉ်ညိုသွယ်က သူ့ကို တင်းတင်းကျပ်ကျပ် ဖက်ရင်း ငိုရှာသည်။

အိမ်ရှေ့ခန်းတွင် ဖခင် ဦးတင်လတ်နှင့် မိခင် ဒေါ်ယဉ်ယဉ်ဦးတို့ တီဗီကြည့်နေကြသည်။ ညီမလေး 'ပန်းဖြူစင်' ကျူရှင်သွားနေပါ၏။

ဘုန်းတင့်ဝေနှင့် ယဉ်ညိုသွယ်တို့မှာ ငယ်ဘဝက သူငယ်ချင်း။ အရွယ်ရောက်လာချိန်မှာ ချစ်သူများ ဖြစ်သွားကြသည်။ နှစ်ဖက်မိဘကလည်း ကြည်ဖြူပြီးသားမို့ သူတို့ မကြာခင် လက်ထပ်ကြတော့မည့် အကြောင်းကို၊ သာမန်လူတန်းစားမို့ တိုင်းသိပြည်သိ မဟုတ်သည့်တိုင်၊ ရပ်သိရွာသိ ဖြစ်နေလေပြီ။

"ကို စားဦးလေ"

"တော်ပြီ၊ တကယ် ဝ,ပြီ၊ ညိုပဲ စား"

ရပ်ကွက်ထဲမှာ လာရောင်းသော တို့ဟူးသုတ်နှစ်ပွဲဝယ်၍ နောက်ဖေးမီးဖိုခန်းမှာ အတူစားရင်း ဘုန်းတင့်ဝေက ဒီလ ရခဲ့သည့် လခ ညို့ကိုအပ်၍ ညို ငိုနေခြင်းဖြစ်သည်။

"ဒီငွေ တစ်သောင်းဟာ ညို့ရဲ့ ညနေ အလွမ်းတွေနဲ့ လဲလိုက်ရတာပါ ကိုရယ်"

"ညနေအလွမ်း..."

"ဟုတ်တယ်လေ၊ ခါတိုင်းရုံးဆင်းရင် ကိုက လာကြိုနေကျ၊ ကို ပြောခဲ့တဲ့ လေးဘန်း ဆီအိုးနား ဟိုတယ်မှာ ကော်ပြန့်ကြော်သုတ် စားနေကျ၊ ဘုရားတို့၊ ပန်းခြံတို့ သွားနေကျလေ၊ ခုတော့ ညိုတစ်ယောက်တည်း ရုံးဆင်းပြီး အိမ်ပြန်ရတာ ဘယ်လောက်များ အထီးကျန်လိုက်သလဲ၊ ဘယ်လောက်များ လွမ်းဖို့ကောင်းလိုက်တဲ့ ညနေခင်းလဲဆိုတာ..."

"ကို သိပါတယ်၊ ကိုလည်း ညို့ဆီ ပြေးလာချင်တာပေါ့၊ ဒါပေမယ့် လေးနာရီခွဲ ရုံးဆင်းတာနဲ့ သူ့ဆီ ငါးနာရီအရောက် ပြေးရတော့ လာဖို့မလွယ်တော့ဘူးလေ၊ ဒါပေမယ့် စနေ၊ တနင်္ဂနွေ တွေကျရင် ခုလို တစ်နေကုန်နီးပါး နေခွင့်ရတာပဲလေ ညိုရယ်"

"နေရပေမယ့် စိတ်က မဖြောင့်ဘူး၊ အရင်လို အေးအေးဆေးဆေး နေပြီး ပြန်ချင်တဲ့အချိန်ကျမှ ဟိုဘက်လမ်းကအိမ်ကို ထပြီး ပြန်သွားရတာမျိုး မဟုတ်ဘူးလေ၊ လေးနာရီကျော်ရင် ကို သွားရတော့မယ်ဆိုတဲ့ အသိက ရင်ထဲမှာ တစ်နေ့လုံးလွှမ်းမိုးနေတယ်"

"ညိုရယ်..."

သူသည် ချစ်သူကို အားရပါးရ ဖက်ပြီး နှစ်သိမ့်အနမ်းအဖြစ် နဖူးပြင်လေးကို မွှေးရှိုက်လိုက်သည်။

"ခု ဘယ်နှနာရီ ရှိပြီလဲဟင်"

"သုံးနာရီပဲ ရှိပါသေးတယ်"

"သုံးနာရီပဲမဟုတ်ဘူး သုံးနာရီတောင် ရှိနေပြီ၊ နောက်တစ်နာရီကြာရင် ခွဲရတော့မယ်လေ"

"ညိုကလည်းကွာ၊ ကို သေသွားမှာ ကျနေတာပဲ"

"အမယ်လေး...မပြောပါနဲ့၊ သေကွဲ,ခွဲရတယ်ဆိုတဲ့စကား မကြားရဲပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ညိုက ဖယ်ရီ စီးတော့ မနက်ကျရင် အတူတူသွားလို့ မရပြန်ဘူး"

"ကိုပဲ ဖယ်ရီ စီးရမယ်ဆို"

"ဟုတ်တယ်၊ အဲဒါက ကိုနဲ့အတူ ရုံးက မပြန်ရတော့ စပယ်ယာကိုင်တာကို မခံရစေချင်လို့၊ ပြီးတော့ ဘတ်စ်ကားစီးရင်း အသားယူတတ်တဲ့ ကောင်မျိုးတွေနဲ့ မကြုံစေချင်လို့ ညို့ကို ဖယ်ရီ စီးခိုင်းတာ"

"ဟုတ်ပါတယ်၊ ညိုကလည်း ဘာမဆို ကို ဖြစ်စေချင်တဲ့ အတိုင်း နေနေတာပါ"

"ဒါနဲ့ ညို့ကို အသေအလဲ ကြိုက်နေတဲ့ သင်္ဘောအရာရှိ ကျော်စွာဦးဆိုတဲ့ကောင် လာသေးလား"

"မလာတော့ပါဘူး၊ ညို့မှာ ရည်းစားရှိတယ်၊ လက်ထပ်တော့မှာလို့ ပြောလိုက်ပြီးကတည်းက မလာတော့ပါဘူး၊ မပူစမ်းပါနဲ့မောင်ရာ၊ သိကြားမင်းကြီး ဆင်းလာပြီး ညို့ကို မိဖုရားမြှောက်မယ် ဆိုရင်တောင် ညိုက ငြင်းလိုက်ဦးမှာ"

"မငြင်းလို့ လက်ခံရင်လည်း ညို့နံပါတ်က တစ်ထောင်ကျော်သွားမှာ"

"ဘာလဲ..."

"သိကြားမင်းဆိုတာ နတ်သမီးလေးတွေ တစ်ဖက်လေးငါးရာ ရှိပြီးသားလေ"

"ကိုဟာလေ..."

ချစ်မြတ်နိုးလွန်းသော အကြည့်ဖြင့် ညိုက ကြည့်ရင်း



ဒီလောက်လည်း ရယ်စရာ မကောင်းပါဘဲနှင့် ညိုက တခစ်ခစ် ရယ်နေရှာသည်။

သူနှင့် ညိုတို့နှစ်ယောက်မှာ သူ့ဘက်ကလည်း ချစ်မြတ်နိုးပါသည်။ သို့သော် ညိုသည် သူ့ထက် ပိုကဲသာလွန်စွာ သူ့ကို ချစ်မြတ်နိုးရှာသည်။

သိက္ခာရှင် မိန်းမသားတို့သည် သူတို့၏ ချစ်သူအပေါ်တွင် ရိုးရိုးနစ်နစ် နက်နက်ရှိုင်းရှိုင်း ချစ်တတ်ကြလေသည်။

ညိုသည် ဘုန်းတင့်ဝေ ပေးနိုင်သော အချစ်ထက် ပိုကဲသာလွန်စွာ ပေးဆက်ခြင်းအချစ်များဖြင့် မြတ်မြတ်နိုးနိုး ချစ်နေရှာကြောင်း ဘုန်းတင့်ဝေ သိပါသည်။

ဤမိန်းမသည် သူ့ဘဝတစ်သက်တာအတွက် အေးငြိမ်းခြင်း သုခများစွာကို ပေးအပ်လိုက်လျှောနိုင်မည့် ဇနီးကောင်းတစ်ယောက် ဖြစ်လာမည် ဟူ၍လည်း သူ သံသယ ကင်းစွာ ယုံကြည်ခဲ့ပါ၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ဘုန်းတင့်...မင်းကို အဘွားကြီး ခေါ်နေတယ်"

"အစ်ကိုစိုးကလည်းဗျာ...အဘွားကြီးလို့ခေါ်တာ မမက မကြိုက်ဘူး"

"သူ့နောက်ကွယ်က ခေါ်တာပဲကွာ"

"ဘာကိစ္စလဲ၊ အပြင်သွားမှာတဲ့လား"

"မသိဘူး၊ ငါတော့ စာရင်းတွေ အပ်ပြီးပြီ၊ ပြန်တော့မယ်"

စာရင်းကိုင် ကိုစိုးလွင်က ဖိုင်တွဲများနှင့် သူ့ လက်ဆွဲသားရေအိတ်အနက်ကြီးကို ဆွဲပြီး ခြံထဲမှထွက်သွားပြီ။

ဘုန်းတင့်ဝေမှာ သူ ရထားသော အခန်းလေးထဲမှ မှန်ရှေ့ သွားရပ်ပြီး ခေါင်းကို အမြန်ဖြီးလိုက်သည်။ သူ့ဆံပင်ကောက်ကောက်များက ပုံကျအောင် ဖြီးမထားလျှင် ပွယောင်းယောင်းနှင့် ကြည့်မကောင်း။ ရှပ်အင်္ကျီ ကြယ်သီးကို ပြန်တတ်၊ အင်္ကျီစ ဆွဲချပြီးမှ ပုဆိုးကို ပြင်ဝတ်ပြီး တိုက်ကြီးဆီသို့ လာခဲ့ရသည်။



"မောင်ဘုန်းတင့်ဝေ ဘယ်အချိန်က ရောက်လဲ"

"ငါးနာရီအတိပါပဲ မမ"

ဒေါ်မင်းမင်းထိုက်က လမ်းထွက်မည့်အဝတ်အစား ဝတ်မထား၍ လောလောဆယ် ကားမောင်းစရာ မလိုသေး။ တစ်ခုခု ခိုင်းချင်လို့ပဲဟု ထင်၍ သူ့ရှေ့မှာ လက်နောက်ပစ်၍ မတ်တတ်ရပ်နေဆဲမှာ...

"မောင်ဘုန်းတင့်"

"ဟုတ်ကဲ့ခင်ဗျ"

"မင်း မမဆီမှာ အလုပ်ဝင်တာ နှစ်လကျော်သွားပြီလေ၊ ရင်းရင်းနှီးနှီးပဲ နေပါ၊ ခုလို လက်နောက်ပစ်ပြီး မတ်တတ်ရပ်နေပုံမျိုးတွေ မလုပ်နဲ့တော့ကွာ၊ ဟုတ်လား"

နောက်မှ လက်ကို ဖြေထားပြီး ဘေးနှစ်ဖက်မှာချ၍ မတ်တတ်ရပ်လျက် သူ့ကို ဘာခိုင်းမှာလဲဟူ၍ စောင့်နေခိုက်မှာပင်...

"ထိုင်...အဲဒီ ကုလားထိုင်မှာ"

ထမင်းစားခန်းမှာ ဖြစ်သည်။ ဒေါ်မင်းမင်းထိုက်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် စားပွဲခြား၍ ထိုင်ရ၏။

"အိမ်မှာလည်း မနေချင်ဘူး၊ ဘယ်သွားရမှန်းလည်း မသိဘူး"

"ခင်ဗျာ..."

စကားလုံးအားလုံး ကြားလိုက်ပါလျက်နှင့် ဘာအဓိပ္ပာယ်နှင့် ပြောလိုက်မှန်း သူမသိ။

"မမတို့ ဘယ်သွားရင် ကောင်းမလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူပင် ယောင်ခြာခြာ ဖြစ်သွားသည်။ ရုတ်တရက် ဘာပြောရမှန်း မသိ။ ခဏကြာမှ...

"မမ ဘယ်သွားချင်လို့လဲ"

"ဘယ်သွားရမှန်း မသိလို့ပါ ဆိုနေ"

"မြို့ပြင်ဘက် လေညှင်းခံထွက်မလား မမ"

"မြို့ပြင်ဆိုတာ သန်လျင်ဘက်လား၊ မင်္ဂလာဒုံဘက်လား"

"ခု ညနေ ဆိုတော့ သန်လျင်ဘက်က နည်းနည်းများ အမြင်ရှုပ်မလားလို့၊ မင်္ဂလာဒုံဘက် သွားပြီး ကျိုက္ကလို့ ဘုရားပုရဝုဏ်က ညနေနဲ့ ညဦးဆိုရင် ကြည်နူးစရာကောင်းပါတယ်"

"အဲဒီဘုရား မရောက်တာ အနှစ်နှစ်ဆယ်လောက်တောင်ရှိပြီ ထင်တယ်၊ သွားရအောင်နော်"

"ဟုတ်ကဲ့"

"ကားထုတ်ထားလိုက်၊ မမ အဝတ်လဲပြီး ဆင်းခဲ့မယ်"

"ဟုတ်ကဲ့"

"ပါဂျဲရိုးပဲ ထုတ်ထားလိုက်လေ၊ ဟိုင်းဝေးလမ်းဆိုတော့ အဲဒီကားက ပိုကောင်းမှာပါ"

ဒေါ်မင်းမင်းထိုက် နေရာမှ ထသည်နှင့် သူက တိုက်ကြီးပေါ်မှ ဆင်းပြီး ကားဂိုဒေါင်ဆီ ပြေးရသည်။ ဂိုဒေါင်ထဲမှာ ပါဂျဲရိုးကားတစ်စီးနှင့် မာစီဒီးကား တစ်စီး ရှိသည်။ ထိုကားနှစ်စီး၏ တန်ဖိုးကပင် သိန်းထောင်ချီ တန်နေပြီ။ တခြားပိုင်ဆိုင်မှုများကို ဖြင့် သိခွင့်မရသေး။

ခါတိုင်းလိုပင် ဂိုဒေါင်ထဲမှ ကားကို ဘက်က် ဆုတ်ပြီး တိုက်ကြီး၏ ဆင်ဝင်အောက်မှာ ရပ်လိုက်သည်။



တိုက်ပေါက်ဝနှင့် တည့်တည့် နောက်ခန်းတံခါးကိုဖွင့်ပြီး အသင့်တက်ရန် ပြင်ဆင်ထားသည်။ ဤသူဌေးမတက်ပြီးမှ သူက ကားတံခါးကိုပိတ်ကာ ရှေ့ခန်း ဒရိုင်ဘာနေရာမှာ တက်ထိုင်၍ မောင်းထွက်ပါမည်။

ကားမောင်း ဝါသနာပါပြီး ကားကို မောင်းနေချင်သော ဘုန်းတင့်ဝေအတွက် ဤကားကြီးကို ခရီးရှည်ကြီး မောင်းရမည့် အတွက် တက်ကြွနေမိ၏။

ကားဘေးမှာ ရပ်ရင်း ကျယ်ဝန်းလှသော ခြံကြီးကို သူ လှမ်းကြည့်လိုက်သည်။ တစ်ခြံလုံး သစ်ပင်ကြီးများ အုပ်မိုး ရိပ်ဆိုင်းရုံမက အပင်လတ်၊ အပင်ပုနှင့် နိုင်ငံခြား မြက်ခင်းများကပါ စိမ်းစိုလန်းဆန်းနေကြသည်။ ဥယျာဉ်မှူး ထားရှိသဖြင့် အရောင်အသွေး စုံလင်စိုပြေလှသော ပန်းများအားလုံး ဖူးနေကြ၊ ပွင့်နေကြပေသည်။

"ဒီလောက်ကျယ်တဲ့ ခြံကြီးနဲ့ ဒီလောက်ကြီးတဲ့ တိုက်ကြီးရဲ့ ထိန်းသိမ်းခက နည်းမှာမဟုတ်ဘူး၊ ဒီမိန်းမကြီးရဲ့ ချမ်းသာချက်ကတော့ အံ့သြစရာပဲ၊ ဘာအလုပ်မှလည်း မယ်မယ်ရရ လုပ်တာမတွေ့ဘူး၊ သူ့ကုသိုလ်များ ကောင်းလိုက်တာနော်၊ ငါ့ဘဝနဲ့တော့ ကွာပါ"

ဘုန်းတင့်ဝေ တစ်ယောက်တည်း တွေးရင်း ပြုံးချင်လာမိသည်။

"သြော်...သူ့ယောက်ျားက နိုင်ငံခြားမှာရှိတယ်ဆိုလားပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီက ငွေတွေပို့တာ နေမှာပေါ့လေ”

ကိုယ့်အလုပ်ရှင်ကိစ္စကို ခပ်ဖော့ဖော့ တွေးနေဆဲ တိုက်ထဲမှ အရိပ်လို မြင်လိုက်၍ ဖွင့်ထားသော နောက်ခန်းကားတံခါးနား ပြေးကပ်လိုက်ရသည်။

ဒေါ်မင်းမင်းထိုက်မှာ အတွင်းက အနက်ရောင်ပြောင်နှင့် အပေါ်က အနက်ရောင်ဇာပါးပါးလေး ကပ်ချုပ်ထားသော တွင်ဆက် အင်္ကျီနှင့်၊ အောက်က အဖြူခံပေါ်မှာ အနက်ရောင်အကွင်းများ၊ ကြိုးပုံများ၊ လေးထောင့်ကွက်များ ရိုက်နှိပ်ထားသည့် ပိုးပျော့ လုံချည်ကို စကတ်ထဘီ ချုပ်ဝတ်ပြီး၊ အနက်နှင့် အဖြူ ဒေါက်ခပ်မြင့်မြင့် ဖိနပ်နှင့်၊ အနက်နှင့်အဖြူစပ်ထားသော လက်ကိုင်အိတ် ကိုင်၍ တိုက်ပေါ်မှ ဆင်းသက်လာသည်။ ဆံပင်ဖွာဖွာကို နောက်မှာ ကလစ်နှင့် စုစည်းထားပြီး မျက်နှာကိုဖြင့် သိပ်ပြီး ခြယ်ခြယ်သသ မရှိ။ နှုတ်ခမ်းနီးလည်း ဆိုးမထား။

ဒေါ်မင်းမင်းထိုက်က သိပ်မလှသော်လည်း စိန်နားကပ်၊ စိန်လော့ကက်နှင့် ဆင်တူ စိန်လက်စွပ်၊ စိန်ပွင့်များ မြုပ်ထားသော ဇွစ်ဇာလန်နိုင်ငံလုပ် ငွေရောင် လက်ပတ်နာရီ စသော အဆင်တန်ဆာများ ဆင်မြန်းထား၍ ငေးကြည့်ချင်ဖွယ်ရာကောင်းသော ရုပ်ရည်မျိုး ဖြစ်နေပေသည်။

“တံခါးပြန်ပိတ်လိုက်”

သူ ကားပေါ်မတက်မီ အမိန့်ပေးလိုက်၍ ဘုန်းတင့်ဝေ ကြောင်နေဆဲ သူက ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်နှင့် ခပ်ကျော့ကျော့ပင် ကားဦးခေါင်းကို ကွေ့ပတ်ကာ ကားရှေ့ခန်းမှာ



ဝင်ထိုင်နေ၍ ဘုန်းတင့်ဝေ ကားတံခါး အမြန်ပိတ်ပြီး ကားရှေ့ဘက်သို့ ပတ်ပြေးနေဆဲ ကားတံခါးကို ဒေါ်မင်းမင်းထိုက် ကိုယ်တိုင်ပဲ ဆွဲပိတ်လိုက်သည်။

မျက်နှာလုပ်ချင်သော သူ့မှာသာ တိုးလို့တန်းလန်းနှင့် မမီလိုက်၍ ပြန်ကွေ့ကာ ကား၏ စတီယာရင် နောက်မှာ ဝင်ထိုင်၍ ကားကို ညင်သာစွာ မောင်း၍ထွက်လာခဲ့ရသည်။

ဤခြံကြီးမှာ သူ၏ ကားမောင်းသက် သုံးလကျော်အတွင်း ဒေါ်မင်းမင်းထိုက် ပထမဆုံး ကားရှေ့ခန်းမှ ထိုင်ခြင်းပါပင်။

နေဝင်နောက်ကျသော နွေဦးရာသီမို့ ညနေ ငါးနာရီကျော်သည့်တိုင် နေရောင်က တောက်ပဆဲ။

ဖိုးစိန်လမ်းမှထွက်ပြီး တာမွေမြို့နယ်ကို ဖြတ်ချိန်မှာ သူ ဘားကို မနည်းရှောင်တိမ်းမောင်းနေရသည်။ သူ၏ သူဌေးမက သူ့ဘေးမှာ လာထိုင်၍ သူ စိုးရိမ်စိတ် လွန်ကဲစွာ ဂရုစိုက်၍ မောင်းနေရသဖြင့် လေအေးစက်တပ်ထားသော မှန်လုံကားထဲမှာ ချွေးပြန်ချင်လာသည်။

“ညနေ ရုံးဆင်းချိန်ဆိုတော့ ကားက အရမ်းရှုပ်တာပဲနော်၊ ပြည်လမ်းပေါ်ရောက်မှပဲ တော်တော့တယ်”

“ဟုတ်ကဲ့”

သူကိုယ်တိုင်လည်း ခုမှ သက်မချနိုင်၏။ ပြည်လမ်းပေါ်မှာလည်း ကားတွေ အများအပြားပါ။ ဒါပေမယ့် ခြောက်လမ်းသွား လမ်းကျယ်လည်းဖြစ်၊ လမ်းကလည်း ညီညာချောမွေ့နေပြီး ပဂျဲရိုး ကားမြင့်မြင့်ကြီးကို မောင်းနေရ၍…

www.burmeseclassic.com

www.burmeseclassic.com



"မောင်းလို့ကောင်းလိုက်တာ"

စိတ်ထဲမှ သဘောကျနေဆဲ ဒေါ်မင်းမင်းထိုက်က...

"နေ့ခင်း ရုံးတက်၊ ညနေ ကားမောင်းရတော့ မပင်ပန်းဘူးလား မောင်ဘုန်းတင့်ဝေ"

"မပင်ပန်းပါဘူးခင်ဗျာ"

"အင်း...လူက ငယ်သေးတော့ မမောတတ်သေးဘူးပေါ့လေ"

"ကားမောင်းရတာ ပင်ပန်းတဲ့အလုပ် မဟုတ်ပါဘူး မမရဲ့"

"ဟုတ်လို့လားကွ၊ ကားမောင်းတာ တဲန်ရှင်(Tension) ထည့်ရတယ်နော်၊ စိတ်တော့ ပင်ပန်းတာပေါ့"

"ဟုတ်ကဲ့"

"မမ မောင်းတုန်းကဆိုရင် အိမ်ရောက်ပြီးရင်တောင် တော်တော်နဲ့ အမောမပြေဘူး"

"မမ ကားမောင်းတတ်တယ်လား"

"တတ်တာပေါ့"

သူသာ သူဌေးဖြစ်ပြီး ဒီလိုကားကြီးမျိုး စီးနိုင်ရင် ဘယ်သူမှ မောင်းမခိုင်းဘူး၊ ကိုယ့်ဟာကိုယ် မောင်းမှာပဲဟု ကားမောင်းနေရသည်ကို နှစ်ခြိုက်နေသော လူငယ်တစ်ယောက်၏ အတွေးနှင့်အတူ...

"အေးလေ..သူဌေးဆိုတာ သူများကို ခိုင်းလို့ရတာ အကုန်ခိုင်းမယ် ထင်ပါရဲ့၊ ငါ့ဘဝမှာ သူဌေးမဆိုတာ ဒီတစ်ယောက်ပဲ မြင်ဖူးတာကို၊ သူဌေးမ သို့မဟုတ် သူဌေးသမီးဆိုတာ အဝတ်



မလျှော်ရဘူး၊ ထမင်းမချက်ရဘူး၊ လမ်းလျှောက်စရာ မလိုဘူး၊ နောက်ဆုံး ခေါင်းလျှော်တာတောင် ဆိုင်မှာသွားလျှော်တာ၊ ငွေပေး ခိုင်းလို့ရတာ အကုန် သူများကိုခိုင်းပြီး ဇိမ်နဲ့နေကြမှာပဲနော်" ဟု တွေးနေခိုက်မှာ...

"ရောက်တောင်လာပြီ၊ မြန်သားပဲ"

"ခဏလေး မမ၊ မဆင်းနဲ့ဦး၊ ကျွန်တော် စောင်းတန်းရှေ့ ကပ်ရပ်ပေးမယ်"

"ဘာဖြစ်လို့လဲ၊ ကားပတ်ကင်မှာရပ်လေ၊ အတူတူသွားကြရအောင်"

"မမ ဆင်းပြီးမှ သွားရပ်ပါ့မယ်၊ ဖိနပ် ကားထဲထားပြီး ဆင်းရမှာဆိုတော့ ဂဲရူးမှာစိုးလို့ပါ"

သူ တကယ့်စေတနာနှင့် ပြောလိုက်ခြင်းပါ။

ဒေါ်မင်းမင်းထိုက်၏ အပြုံးက ဆည်းဆာနေခြည်အောက်မှာ ဝင်းလက်တောက်ပသွားသည်။

သူ ကားရပ်၊ ကားအပ်ပြီး ပြန်ပြေးလာသည်အထိ ဒေါ်မင်းမင်းထိုက်က စောင်းတန်းထဲမှာ ရပ်စောင့်နေသည်။

သူတို့ ဘုရားရင်ပြင်တော်ပေါ် ရောက်ပြီး တစ်ပတ်လှည့်ချိန်မှာ လိမ္မော်ရောင်ရင့်ရင့် နေဝန်းကြီးကို လှပစွာ မြင်ရသည်။

"ခဏလေး...နေဝင်သွားတာ ကြည့်ချင်လို့"

ပန်းချီကားကြီးတစ်ချပ်ကို ကြည့်နေရသလို အပြာရောင်နောက်ခံမှာ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်များ အနုအရင့် အဆင့်ဆင့် ရောင်စဉ်တွေကို ကြည့်နေရင်းပင်...

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဆည်းဆာချိန်စစ်စစ်ပဲနော် မောင်ဘုန်းတင့်ဝေ"

"ဟုတ်ကဲ့ မမ၊ နေတစ်ပိုင်းဝင် နေတစ်ပိုင်းထွက်တဲ့အချိန်ဟာ ဆည်းဆာပါပဲ"

"ဟုတ်တယ်၊ မနက် အရုဏ်တက်ချိန် နေတစ်ပိုင်း ထွက်လာတာလည်း ဆည်းဆာပဲလေ"

သူ မကြားဖူးပါ။ သို့သော် သိသလိုလိုနှင့် ငြိမ်နေလိုက်၏။

အောက်ဘက် အနိမ့်ဆီမှ စိုက်ခင်းများနှင့် အဆောက်အအုံများ၊ ကုန်းတော်တစ်ဝိုက်မှ သစ်ပင်ကြီးများကို ဒေါ်မင်းမင်းထိုက် လှမ်းမျှော် ကြည့်နေစဉ်မှာပင် တသုန်သုန် တိုက်ခတ်လာသော ဆည်းဆာလေပြေကြောင့် ဘုရားထီးတော်ဆီမှ ခေါင်းလောင်းသံ၊ ဆည်းလည်းသံသာသာလေးများ ကြားရသည်မှာ ကြည်နူးစရာ လိုလို၊ လွမ်းမောစရာလိုလိုပါပင်။

"အဲကွန်းလေနဲ့ မတူဘူးနော်၊ တကယ့် လေပြေညှင်းက သန့်ရှင်းစိမ့်မြနေတာပဲ"

ဒေါ်မင်းမင်းထိုက် ကိုယ်ပေါ်မှ ခါးရှည်ဇာအင်္ကျီစများက တဖျတ်ဖျတ် လွင့်နေ၏။ အပျော့သား ထဘီကလည်း ဝဲလွင့်လျက်...

"မောင်ဘုန်းတင့်ဝေကို ကျေးဇူးတင်လိုက်တာ၊ သိပ်သာယာတဲ့ နေရာလေးပဲနော်"

"ဒါဆိုရင် ဝမ်းသာပါတယ် မမ"

သူ တကယ် ပျော်သွားသည်။ သူ့ကြောင့် သူ့သခင်မ ကျေနပ်သွားသည် ဆိုခြင်းမှာ သူ့အတွက် ဆုလာဘ်တစ်ခုပါပဲလေ...။



"မမ ဒီဘုရားကို နောက်ဆုံး ဘယ်တုန်းက ရောက်ဖူးမှန်းတောင် သတိမရတော့ဘူး၊ အရင်တုန်းက ဒီလို ကျောက်ပြားခင်း မထားဘူး ထင်တယ်နော်"

"ဟုတ်ကဲ့၊ ပြန်ပြင်တာ သိပ်မကြာသေးပါဘူး"

"မောင်ဘုန်းတင့်ဝေက ပြင်ပြီးမှ ရောက်ဖူးတယ်လား"

"ဟုတ်ကဲ့"

"ဘာလဲ၊ ရည်းစားနဲ့ လာတာလား"

"ဟာ...မဟုတ်ပါဘူး"

သူ ဗျာဗျာသလဲ ငြင်းလိုက်မိသည်။ ဘာကြောင့် ဒီလောက် မြန်မြန်ကြီး ငြင်းပစ်လိုက်မိမှန်းတောင် သူ့ကိုယ်သူ မသိလိုက်မိ။ တကယ်ပါ။ ကြိုတင်ကြံရွယ်စိတ်နှင့် ငြင်းလိုက်ခြင်းမဟုတ်ကြောင်းကိုဖြင့် သူ ကျိန်ပြောရဲပါသည်။

သို့သော် သူ လိမ်လိုက်တာဖြင့် သေချာသည်။ ယောကျ်ားလေး တစ်ယောက်အနေနှင့် သည်နေရာကို ကိစ္စမရှိဘဲ ရောက်လာစရာ အကြောင်း မရှိ။ ဘုရားလာဖူးလောက်အောင်လည်း ဘာသာရေး၌ သူ သည်မျှမမွေ့လျော်သေး။

သူနှင့် ညိုနှင့် လွန်ခဲ့သော ခြောက်လခန့်၏ တစ်ခုသော တနင်္ဂနွေနေ့က သူတို့နှစ်ယောက် ဤဘုရားသို့ စုံတွဲရောက်လာခဲ့ခြင်း ဖြစ်သည်။

အမှန်အတိုင်း ဝန်ခံရပါလျှင် ဒေါ်မင်းမင်းထိုက်၏ "ရည်းစားနဲ့ လာတာလား" ဆိုသော မေးခွန်းကြောင့်သာ သူ

www.burmeseclassic.com

www.burmeseclassic.com



ညို့ကို သတိရသွားခြင်းဖြစ်သည်။

ဒီနေ့ သူ့ဒွေးမက ကားရှေ့ခန်းမှာစီးပြီး၊ သူ အကြံပြုသည့် ဘုရားသို့ လိုက်လာခြင်းကြောင့် သူ့စိတ်တွေ လှုပ်ရှားနေခြင်း ဖြစ်၏။

"ဘုရားရှိခိုးရအောင်"

"ဟုတ်ကဲ့"

ဒေါ်မင်းမင်းထိုက် ထိုင်ချသည့်နောက်က ခပ်ခွာခွာနေရာမှာ ဘုရားကန်တော့ရန် သူ ထိုင်ပြီးမှ...

"သြော်...အလှူခံထည့်ရအောင်"

"ရှေ့ဘက်မှာ အလှူခံဌာန ရှိပါတယ်၊ သိမ်းသွားပြီလား တော့ မသိဘူး"

"ရတယ်၊ အလှူခံပုံးထဲပဲ ထည့်ခဲ့"

သူ့အိတ်ကို ထောက်ခနဲ ဖွင့်ပြီး ငါးရာတန် တစ်အုပ်မှ တစ်ထပ်ဆွဲထုတ်လိုက်သည်။ ရေတွက်ခြင်း မရှိဘဲ သူ့ကိုပေး လိုက်၍ သူ ဆုပ်ကိုင်ပြီး ရှေ့ဘက်သို့ လာခဲ့၏။

အလှူခံ ပိတ်သွားပြီ။ သို့သော် ဂေါပကအဖွဲ့ဝင် ဖြစ်ဟန်တူ သော ဦးလေးကြီး ဆေးလိပ်ထိုင်သောက်နေ၍ အကျိုးအကြောင်း ပြောပြပြီး တောင်းပန်၍ သော့ဖွင့်ပြီး အလှူခံဖြတ်ပိုင်းမှာရေးစေ၏။ ငွေက အားလုံးပေါင်း ခြောက်ထောင့်ငါးရာ...။

အားလုံးမလှူဘဲ သူ ဖြတ်အုပ်လိုက်လျှင်လည်း ရသည်။ လုံးဝ မရေတွက်ဘဲ ပေးလိုက်တာ သူ့မျက်စိရှေ့တင်။ သို့သော် ဘုရားလှူမယ့် ငွေထဲက ဖြတ်ယူရလောက်အောင် သူ မမိုက်မဲ



သေးပါ။ အဖြစ်ကို တွေးကြည့်မိခြင်းပါ။ ကုန်းတော် အရှေ့ဘက်မှ နေ၍ ကားကြီးကို စိတ်မချနိုင်သလို သူ လှမ်းကြည့်လိုက်သေး သည်။ ပြီးမှ စာရွက်ကလေးကိုင်ပြီး သူပြန်လာချိန်မှာ ဒေါ်မင်း မင်းထိုက် ဘုရားရှိခိုးနေပြီ။

နောက်နား ခပ်ခွာခွာမှာ ထိုင်ပြီး သူ ဦးသုံးကြိမ်ချ၏။

"ဒီဘဝမှာပဲ သူတို့လို ချမ်းသာရပါစေ ဘုရား"

ဘာမှလည်းမလှူ၊ ဘာမှလည်း ကုသိုလ်မပြုပါဘဲနှင့် ဆု သက်သက် တောင်းနေသဖြင့် သူ့ဘာသာသူ မလုံမလဲနှင့် ပြုံးမိ သည်။

မကြာခင်မှာပဲ ဒေါ်မင်းမင်းထိုက် ပြန်လှည့်ကြည့်လာသည်။

အမေတို့ ဘုရားရှိခိုးသလို မေတ္တာသုတ်ရွတ်၊ မေတ္တာတွေပို့၊ အမျှဝေ ဆိုတာတွေ လုပ်ပုံမရ။

"ပြန်ကြမလား"

"မမ သဘောပါ၊ ဒီမှာ ဖြတ်ပိုင်းစာရွက်၊ ငွေက ခြောက် ထောင့်ငါးရာတောင်"

"ကြုံသလို ဆွဲလှူလိုက်မိတာလေ"

ဒေါ်မင်းမင်းထိုက်က နေရာမှ ဖျတ်လတ်စွာ ထ၍ စာရွက် ကို ကြည့်လိုက်သည်။

"အလှူရှင်နာမည်က ဒေါ်မင်းမင်းထိုက် မိသားစု ဆိုပါ လား"

ဒေါ်မင်းမင်းထိုက်က မျက်ခုံး နှစ်ခု တွန့်ရှုံ့သွားအောင် မျက်မှောင်ကုပ်လိုက်ပြီး အလိုမကျသည့် မျက်နှာဖြင့် ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားပါ၍...

"ဘာမှားသွားလို့လဲ မမ"

"မှားတာပေါ့၊ သိပ်မှားတာပေါ့"

"ခင်ဗျာ..."

ဒေါ်မင်းမင်းထိုက် ပုံစံက ဒေါသပါ ထွက်နေပုံရ၍ သူ ပြာသွားပြီး...

"ကျွန်တော် သွားပြန်ပြင်ရေးခိုင်းမယ်လေ"

"နေပါစေတော့၊ ရော့...မင်းပဲ သိမ်းထား"

"လှမ်းပေးသော အလှူခံဖြတ်ပိုင်းစာရွက်ကို သူ ယူလိုက်ရသည်။ ဒေါ်မင်းမင်းထိုက်က သူ့ရင်ခေါင်းလောက် မြင့်သော တံတိုင်းရှေ့သို့ သွားပြီး သူ့ကို နောက်ခိုင်းရပ်နေ၏။

"အပြောင်းအလဲကလည်း မြန်လိုက်တာ၊ ငါ့မှာ မနည်း တောင်းပန်ပြီး ရေးခိုင်းခဲ့ရတာ"

သူ တကယ် စိတ်ပျက်သွား၏။ သူ့သူဌေးမ၏ ဆန္ဒကို သူ နားမလည်နိုင်တော့ပါ။ လိုက်မမီတော့ပါ။

သူမနှင့် မလှမ်းမကမ်း နောက်မှာသာ သူရပ်နေမိသည်။ ဘာစကားမှမပြောရဲ။

လေက ပြင်းထန်လာသဖြင့် တဖျပ်ဖျပ် လွင့်နေသော အဝတ်များအောက်မှ မမ၏ကိုယ်ခန္ဓာသည် သွယ်သွယ်လျလျနှင့် လှပကျော့ရှင်းနေ၏။ မျက်နှာထက် ကိုယ်ခန္ဓာတည်ဆောက်ပုံက ပိုလှသည်။ သည်အလှတွေ၊ သည်ပိုင်ဆိုင်မှုတွေကြောင့် မာနတွေနှင့် ပြည့်နေသော ထိုမိန်းမကို သူ စတင်ကြောက်ရွံ့လာမိသည်။



ခဏအကြာမှာ သူမက ခပ်ဖြည်းဖြည်း လှည့်လာ၍ သူ ခေါင်းငုံ့ထားလိုက်ရသည်။ လက်ထဲမှာ အလှူခံ စာရွက်ကို ဆုပ်ကိုင်လျက်...

"မောင်ဘုန်းတင့်ဝေ..."

သူမက အသံနှင့် တစ်ချိန်တည်းမှာ သူ့လက်ကို လှမ်းကိုင်ပြီး အလှူခံဖြတ်ပိုင်း စာရွက်ကလေးကို ပြန်ဆွဲယူသည်။

"မင်း မမှားပါဘူး၊ မင်း မမှားပါဘူးကွယ်၊ မမရဲ့ ဘဝကသာ မှားနေတာပါ"

"ခင်ဗျာ..."

သူမအသံက ယခင်လို မဟုတ်၍ သူ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိချိန်မှာ သူလည်း အံ့သြလန့်ဖျပ်သွားသည်။

"မမ မျက်ဝန်းအိမ်မှာ မျက်ရည်တွေအပြည့်ပါလား"

သူ တော်တော်စိတ်ညစ်သွားမိသည်။ သူ...သည်ဘုရား ခေါ်လာမိခြင်းနှင့် ဒီဖြတ်ပိုင်းပေးမိတာ မှားပါပြီ။

"ဆောရီး...မောင်ဘုန်းတင့်ဝေ၊ စောစောက ကြည်နူးနေမိတာလေးတွေတောင် ပျောက်ကုန်ပါပြီကွယ်"

"ကျွန်တော့်ကြောင့်ပါ"

"နိုး...နိုး...မင်းကြောင့် မဟုတ်ပါဘူး"

"ကျွန်တော် ယူလာတဲ့ စာရွက်ကြောင့်လေ"

"တို့ မြန်မာနိုင်ငံမှာ ဘာလှူလှူ မိသားစု ကောင်းမှုထည့်ကြတာပဲ၊ အဲဒါ မမှားပါဘူး၊ မမ ဘဝကသာ မှားနေတာ၊ မမမှာ မိသားစုဆိုတာ မရှိဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

သူ တကယ့်ကို အံ့သြသွားသည်။ လူမှန်လျှင် မိသားစုရှိရမည်။ ညီအစ်ကိုမောင်နှမ မရှိတောင် အဖေနဲ့အမေရှိမှ လူတစ်ယောက် ဖြစ်လာတာပဲ။ အဲဒါ မိသားစုပဲပေါ့။ အဖေနဲ့ အမေ မရှိတော့ရင်လည်း ယောကျ်ားနဲ့ သားသမီးဟာလည်း မိသားစုပဲပေါ့။ ဒါနဲ့ သူ့ယောကျ်ားက နိုင်ငံခြားမှာဆို...

သူတစ်ယောက်တည်း တွေးရင်း မျက်ရည်ဝဲနေသော သူ့သခင်မ၏ မျက်နှာကို ငေးကြည့်နေဆဲမှာ...

"မိသားစုဆိုတာ လူသားတစ်ယောက်အတွက် တကယ်လိုအပ်တဲ့ လူ့အသိုက်အမြုံပါ၊ မိသားစုနဲ့ နေခွင့်ရတဲ့သူဟာ အဖိုးအနဂ္ဃထိုက်တန်တဲ့ ဗိမာန်တစ်ခုကို ပိုင်ဆိုင်ရသလိုပါပဲလေ"

သူ့ရင်ထဲမှာ မေးခွန်းပေါင်းများစွာ ရှိနေသော်လည်း သူ မမေးရဲ။ ယခု သူ့လုပ်ရပ် မှားသွားသည့်အတွက် ဒီလိုဖြစ်ရပြီးနောက် သူ စကားထပ်မမှားရဲပါ။

"မောင်ဘုန်းတင့်ဝေမှာ အဖေ၊ အမေရော၊ ညီလေးရောနယ်မှာ ရှိနေကြတယ်နော်၊ ကိုယ့်မှာ မိသားစု ရှိနေတယ်ဆိုတာကိုက အင်အားကြီးတစ်ရပ် ရှိနေသလိုပဲပေါ့နော်"

"ဟုတ်...ကဲ့"

မိသားစုဆိုတာ အင်အားကြီးပါလားဟု သူ တစ်ခါမှ မတွေးမိ။ ဘယ်သူမှလည်း တွေးမိကြမည် မထင်။ ညီတို့မိသားစု၊ သူ့သူငယ်ချင်း အောင်ကြီးတို့ မိသားစု၊ မျိုးထွန်းတို့မိသားစု၊ အသီးသီး ရှိကြတာပဲ။ တို့မှာ မိသားစုရှိလို့ အင်အားကြီးရှိပြီလို့



ပြောရင်ကို လူရယ်စရာကြီး ဖြစ်မယ် ထင်ပါရဲ့။

"မမဟာ တစ်ဦးတည်းသော သမီးပါ၊ မိဘက ချမ်းသာတယ်၊ ညီအစ်ကိုမောင်နှမများတဲ့ သူငယ်ချင်းတွေကို အားကျမိတယ်၊ ငါ တစ်နေ့ လက်ထပ်ရင် ကလေးတွေ အများကြီးယူမယ်လို့ အားခဲထားတယ်၊ ဒါပေမယ့် မမ ကလေး တစ်ယောက်မှ မရခဲ့ဘူး"

သူ ဘာမှမပြောရဲဘဲ မှိုင်းမှုန်ရီဝေနေသော မမ မျက်နှာကိုသာ ငေးကြည့်နေမိသည်။

"မမမှာ ယောကျ်ားရှိတာ မင်း သိလား"

"ဟုတ်ကဲ့၊ ခြံထဲက အလုပ်သမားချင်း ပြောဖူးပါတယ်၊ မမရဲ့ယောကျ်ားက နိုင်ငံခြားမှာတဲ့"

"ဟုတ်တယ်"

လက်ကိုင်အိတ်ကြီးကိုဖွင့်ပြီး တစ်ရှူးစက္ကူ သေးသေးလေးကို ထုတ်၍ သူမ မျက်ရည်သုတ်ရှာသည်။

စောစောဆီက သူမကို အံ့သြရွံ့ကြောက်သွားသလို ရှိခဲ့ရာမှ နှ သူ့ဘဝကို တင်ပြပြီး မျက်ရည်ကျနေရှာသော ထိုမိန်းမကို ငေးကြည့်ရင်း ဘုန်းတင့်ဝေ၏ရင်ထဲမှာ လှုပ်ခတ်သွား၏။ 'ကြင်နာသနားခြင်း' ဆိုသော ခံစားမှုက သူ့နှလုံးသားကို ဖြတ်ရိုက်လိုက်သလို သူ ခံစားရသည်။

"သားသမီး မရတာလည်း အတိတ်ကံ အကြောင်းပဲလို့ ထားလိုက်ပါတယ်၊ ဒါပေမယ့် ကိုယ့်ယောကျ်ားနဲ့တော့ ကိုယ် အတူနေချင်တာပေါ့ကွယ်၊ ဒါပေမယ့် သူက မြန်မာပြည်မှာ မနေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးတဲ့လေ”

“ဘာဖြစ်လို့တဲ့လဲ မမ”

“ဟိုက စရိုက်ကို သူ သိပ်ကြိုက်သွားပြီလေ၊ နယူးရော့ခ် မြို့ကြီးက မခွာနိုင်ဘူးတဲ့”

“မမ လိုက်မသွားဘူးလား”

“ပထမတော့ မလိုက်တော့ဘူးလို့ပဲ၊ မမက ဒီခြံကြီးမှာ မွေးဖွားကြီးပြင်းခဲ့ရတော့ ဒီမှာပဲ ပျော်တယ်၊ မြန်မာနိုင်ငံမှာပဲ နေချင်တယ်၊ ဒါပေမယ့် လိုက်သွားရ ကောင်းမလားလို့ စဉ်းစားနေဆဲမှာပဲ၊ ဒီနေ့ပဲ...ဒီနေ့ပဲ...”

“ဟာ...အို”

သူ ဘာလုပ်ရမှန်း မသိအောင် ပျာယာခတ်သွားသည်။ ဒေါ်မင်းမင်းထိုက် မျက်ရည်တွေ တားမရအောင် လိမ့်ဆင်းလာပြီး...

“ဒီနေ့ပဲ သူ့ဆီက အကြောင်းကြားစာ ရတယ်၊ သူ့ကို ကွာရှင်းပေးပါတဲ့”

“ဟာ...”

“ကောင်မလေးတစ်ယောက်ကို လက်ထပ်တော့မယ်တဲ့”

“ဟင်...”

‘ဟာ၊ ဟင်၊ အို’ဆိုသော အာမေဍိတ်သံတွေသာ သူ့နှုတ်မှ ထွက်ထွက်သွားသည်။ သည့်ထက်ပို၍ ဘာပြောရမှန်းမသိ။

“ဒါနဲ့ ဒီနေ့ တစ်နေ့လုံး စိတ်တွေစုစည်းလို့ မရအောင် ကြေကွဲ ဝမ်းနည်းနေမိတာနဲ့ ကားလျှောက်စီးချင်စိတ် ပေါ်လာ



တာပါ”

“ကျွန်တော့်ကြောင့် အဲဒါ ပြန်သတိရအောင် လုပ်မိသလို ဖြစ်သွားရတာပါ၊ ကျွန်တော် တောင်းပန်ပါတယ် မငိုပါနဲ့ မမရယ်...”

“ကောင်းပါပြီ၊ မငိုတော့ပါဘူး၊ ငိုလည်း မငိုသင့်တော့ပါဘူးလေ၊ ကဲ...လာ၊ ပြန်ကြစို့”

ရပ်နေဆဲ သူ့လက်ကို ဆွဲပြီး ခြေစတင်လှမ်းသည်။ ပြီးမှ သတိရသွားသလို သူ့လက်ကို ဖြုတ်ချပြီး ရှေ့က လျှောက်နှင့်၏။

ခင်ပွန်းဖြစ်သူထံမှ ကွာရှင်းခွင့်တောင်းခံရသော မိန်းမသားတစ်ယောက်၏ ဆုံးရှုံးမှုကို သူ မျက်ဝါးထင်ထင် တွေ့လိုက်ရသဖြင့် သူ့ရင်သို့ပါ နာကျင်မှု ကူးစက်လာသည်ဟု ထင်မိသည်။

အတူဆင်းလာပြီး စောင်းတန်းထဲအရောက်တွင်...

“မမ ခဏလေး စောင့်၊ ကျွန်တော် ကား ဒီဘက်ကိုမောင်းလာခဲ့မယ်”

သူ ဖျတ်လတ်စွာ ပြေးထွက်ခဲ့သည်။ ကားသော့ဖွင့်၍ ကားမောင်းလာခဲ့ပြီး စောင်းတန်းအနီး အရောက်တွင် ကားစက်နှိုးလျက်နှင့် ကားကိုရပ်ပြီး သူပြန်ဆင်းသည်။ ဟိုဘက်တံခါးကိုဖွင့်၍ သူ့သခင်မ၏ ဒေါက်ဖိနပ်အနက်နှင့်အဖြူကြားလေးကို ယူ၍ ပြန်ပြေးလာခဲ့ရာ...

“ဟာ...မောင်ဘုန်းတင့်ဝေ နေပစေလေ၊ အားနာစရာကွယ်”

“ကားက လမ်းဘက် ဦးထိုးထားတော့ မမ ပတ်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



[illegible]စိုးလို့ပါ၊ ဖိနပ် ယူပေးတာ ကုသိုလ်ရပါတယ်၊ မမက ကျွန်တော့် သခင်မပဲ"

"ဘာ..."

"အဲ...ကျေးဇူးရှင်ပဲလေ"

"သခင်မတွေ၊ ကျေးဇူးရှင်တွေလို့ မပြောစမ်းနဲ့ကွာ၊ လူလူချင်းပဲ၊ မမလိုရာ ကားမောင်းပေးတယ်၊ ထိုက်သင့်တဲ့ကြေးငွေရတယ်၊ ဒါ ဘာမှ ကျေးဇူးတင်နေစရာ မလိုဘူး"

လမ်းလျှောက်ရင်း၊ ကားတံခါးဖွင့်ပေးရင်း ပြောကြားဖြစ်သော စကားများပါ။

ဘုန်းတင့်ဝေ ကားစမောင်းချိန်မှာ သဘာဝ၏အလင်းရောင်လုံးဝ ပျောက်ဆုံးသွားခဲ့ပြီ။

လူသားတို့ ဖန်တီးထားသော မာကျူရီ လမ်းမီးများ၊ ဘုရားကို ပူဇော်ထားသော လျှပ်စစ်မီးများဖြင့် ထိန်လင်းနေချေပြီ။

"မမစိတ်တွေ သိပ်ပြီး ကြေကွဲ ရှုပ်ထွေးနေတဲ့အချိန်မှာ အဖော်လုပ်ပေးတဲ့အတွက် ကျေးဇူးပါပဲ မောင်ဘုန်းတင့်ဝေ"

"နောင်ကိုလည်း မမ ကြိုက်တာခိုင်းပါ"

သူမ ခေါင်းညိတ်ပြပြီး ပြန်လည်တိတ်ဆိတ်သွားသည်။ သူလည်း ဘာစကားမှ စတင် မပြောရဲပါ။

သည့်လောက် ချမ်းသာကြွယ်ဝပြီး စိတ်ကောင်းစေတနာရှိသော မမလိုမိန်းမကို စွန့်ပစ်လိုက်သည့် ဦးဇော်ဝင်းမောင်ဆိုသော လူကြီးကို ဘုန်းတင့်ဝေ စိတ်ထဲက ကျိန်ဆဲနေမိသည်။

'သနားပါတယ်'



ဆိုသော ကြင်နာခြင်း ခံစားမှုများ ထိုနေ့ ထိုအချိန်က,စပြီး သူ့ရင်မှာ ဖြစ်ထွန်းတည်ဖွဲ့လာတော့သည်။

ထိုကြင်နာခြင်းနှင့်အတူ သည်မိန်းမ မျက်ရည်မကျဘူးဆိုလျှင် သူသည် ဘာပဲဖြစ်ဖြစ် စွမ်းဆောင်ပေးချင်သော ဆန္ဒများခိုင်ကြည်စွာ သူ့ရင်မှာ ပေါ်ထွန်းလာပါတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်းခြောက်

"ဟဲ့...ပစ္စည်းတွေက များလှချည်လား သားကြီးရယ်"

ဘုန်းတင့်ဝေက ကြွပ်ကြွပ်အိတ်ကြီးထဲမှ ပစ္စည်းတွေထုတ်၍ မကုန်ခင် 'ဒေါ်ကျော့ခင်'က အံ့သြတကြီး ပြောလာသည်။

"မကုန်သေးဘူး အမေရဲ့၊ ဒီမှာ ကြည့်ဦး"

နောက်ထပ်ထွက်လာသည်က အိုဗာတင်းမော့ခေါ် အိုဗာတင်း အဖြူရောင်ပုလင်း၊ ခေါက်ဆွဲခြောက်ထုပ်၊ ကွေကာအုပ် အထုပ်ကြီး၊ ကော်ဖီမစ်အထုပ်ကြီး။

ပထမ ထုတ်ပြီးသားက ပန်းသီးဆယ်လုံး၊ လိမ္မော်သီး အလုံးနှစ်ဆယ်၊ မိသားစုမုန့်ပုံး တစ်ပုံးနှင့် ပလ္လဗင်မင် အတောင့် တစ်ရာဝင် အားဆေးတစ်ပုလင်း။

"ဒါတွေ ဘာလုပ်ဖို့လဲ၊ မင်း ဝယ်လာတာလား သား"

"အဲဒါတွေသာ ဝယ်ရရင် ရုံးလခရော ဒရိုင်ဘာလခပါ ပြုတ်ရုံမကဘူး၊ ကြွေးပါတင်ဦးမှာ အမေရေ၊ ဒါတွေက မမ... အဲ...ကျွန်တော့်ရဲ့ အလုပ်ရှင် အဘွားကြီးက အမေတို့ စားဖို့ သောက်ဖို့တဲ့ဗျာ"

"ဟယ်...ရက်ရောလှချည်လား၊ ဘာအတွက် ဒီလောက် ပေးရတာတဲ့လဲ ဘုန်းတင့်ရယ်၊ ကြည့်လည်း လုပ်ပါဦး"

"ကျွန်တော့်ကို အလုပ်ခန့်တဲ့နေ့က မေးတော့ မိသားစုက နယ်မှာ အမေ၊ အဖေနဲ့ ညီလေးတစ်ယောက်ရှိတယ်လို့ ပြောထားဖူးတယ်"



"ဘာကြောင့် နယ်မှာလို့ ပြောရတာလဲ၊ ရန်ကုန်သားဆိုရင် အလုပ်မခန့်လို့လား"

"ဟာ...အမေကလည်း..."

သူတို့သားအမိနှင့် ပစ္စည်းတစ်ပုံကြီး ရှိရာသို့ ဖခင်ကြီး 'ဦးမြရှိန်'ပါ ရောက်လာပြီး ဟိုဟာကိုင်ကြည့်၊ သည်ဟာကိုင်ကြည့် လုပ်နေ၍...

"နေစမ်းပါဦး ရှင်ကလည်း၊ ကဲ...ပြောစမ်းပါဦး၊ ဘာလို့ နယ်မှာလို့ ပြောရတာလဲ"

"ဘာရယ်မဟုတ်ဘူး၊ ကြုံသလို ပြောလိုက်မိတာပါ၊ အဲဒါလည်း ကောင်းပါတယ်၊ သူလည်း လွတ်လွတ်လပ်လပ် ခိုင်းလို့ရတာပေါ့၊ ကျွန်တော့်ဘက်ကလည်း အဆင်ပြေတယ်"

"ဘာအဆင်ပြေတာလဲ"

"ကျွန်တော် အလုပ်ဝင်တာ လေးလပြည့်တော့မယ်၊ တစ်ရက်မှ မနားရသေးဘူး၊ ဒါကြောင့် ဒီစနေ၊ တနင်္ဂနွေ နယ်ခဏ ပြန်ပါရစေ ပြောလို့ မောင်ဘုန်းတင့်ဝေရဲ့ မိဘတွေ စားဖို့ဆိုပြီး ဆီးလိုက်တာ"

ဦးမြရှိန်က မွှေးနေသော ပန်းသီးလတ်လတ်ဆတ်ဆတ်ကြီး တစ်လုံးကို ကိုင်ဆကြည့်ရင်း...

"ပန်းသီး မစားရတာ အနှစ်နှစ်ဆယ်လောက်တောင်ရှိပြီ ဆင်ပါရဲ့"

"ရှင်ကလည်း..."

"ဟုတ်တယ်လေ၊ ဒါတွေက သူဌေးစာတွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစားပဲ အဖေရာ၊ သူ့ငွေးစာ၊ ဆင်းရဲသားစာ ရှိလို့လား"

"ဟာ...ရှိတာပေါ့ကွ၊ အနိမ့်ဆုံး လက်လုပ်လက်စား ဆင်းရဲသား မပြောနဲ့၊ ငါတို့လို ပညာတတ် ပင်စင်စားတွေမှာ ထမင်းနဲ့ဟင်း နပ်မှန်အောင် မနည်းစားနေရတာ၊ ပန်းသီးတစ်လုံး တစ်ရာတစ်ရာ့ငါးဆယ် ဘယ်ဝယ်စားနိုင်ပါ့မလဲကွာ"

"အဖေ..."

"ဟေ..."

"ဒါ နိုင်ငံခြားပန်းသီး၊ ကျွန်တော့်ရှေ့တင်ဝယ်တာ၊ တစ်လုံးကို သုံးရာ ပေးရတယ် အဖေ"

အချိန်နှင့်အမျှ ပန်းသီးဈေးတွေ ထပ်တက်လာမည် ဆိုသည်ကို မမှန်းတတ်ပါဘဲနှင့် ဒေါ်ကျော့ခင်က ရင်ဘတ်တီးရင်း...

"တစ်လုံး သုံးရာ၊ ဒါဆို ဆယ်လုံး သုံးထောင်တောင်ပေါ့"

"ဟုတ်တယ်၊ ညနေက ကျွန်တော်နဲ့အတူ သွားဝယ်တာ၊ ကျွန်တော်က ခြင်းဆွဲပြီး လိုက်ရတာ၊ သူက အဲဒီပစ္စည်းတွေ ကောက်ကောက်ထည့်ပြီး ဝယ်တုန်းကတော့ ဘာမှန်း မသိသေးဘူး၊ အိမ်ပြန်ရောက်ပြီး ပြန်ကာနီးမှ မင်း နယ်ပြန်ရင် မင်းမိဘဖို့ ယူသွားဆိုပြီး ပေးလိုက်တာ၊ အားဆေးဘူးကတင် သုံးထောင်ကျော်ပေးရတယ်"

"အားနာစရာကွယ်၊ သားက မငြင်းဘူးလား"

"မကျော့ခင်နှယ်၊ ကိုယ့်ကို စားစေချင်လို့ တခင်ဝယ်ပေးတာ၊ ငြင်းစရာလား"

"ရှင်နော်...တော်တော် အစားငမ်း"



"ငမ်းတယ် ပြောပြော၊ ငတ်တယ် ပြောပြော၊ ပန်းသီးစားရမှာကို ငါက ဝမ်းသာနေတာ"

"ဒါ ယိုးဒယားက လေယာဉ်ပျံနဲ့သယ်လာရတာ အဖေ"

"အေး...ဝမ်းသာတယ်ကွာ၊ မင်းအလုပ်ရှင်က တယ်သဒ္ဓါကောင်းတာပဲ၊ အဘွားကြီးဆို၊ မင်းအမေအရွယ်လောက်လား"

"အင်း..."

သူ လိမ်ပစ်လိုက်သည်။

မမ၏အရွယ်နှင့် မမ၏အလှ၊ မမ၏ လက်ရှိဘဝတို့ကို ညိုအပါအဝင် သူ့အိမ်သားများ မသိစေချင်ပါ။

"ဟဲ့...သားငယ် ဘုန်းဆင့်၊ ဒီမှာ လာကြည့်စမ်း၊ မင်းအစ်ကိုကြီး ယူလာတာတွေ"

အခန်းထဲမှာ စာကျက်နေသော 'ဘုန်းဆင့်ရှိန်' ထွက်လာသည်နှင့်...

"ကြားတယ်၊ အမေတို့ ပြောနေတာတွေ၊ ပွတာပဲဗျာ၊ ဘယ်ဟာက စပြီး စားရရင် ကောင်းမလဲ"

"ဟဲ့...နေဦးလေ၊ ဆွမ်းတော်တင်ဖို့ ဖယ်ရဦးမယ်၊ ဒါမှ ပေးတဲ့သူပါ ကုသိုလ်ရမှာပေါ့"

ဒေါ်ကျော့ခင်က ရတနာသုံးပါး ဦးထိပ်ထားသော မြန်မာအဘွားကြီးပီပီ ပန်းသီးတစ်လုံး၊ လိမ္မော်သီးတစ်လုံးကို မုန့်ထည့်ပန်းကန်ပြားမှာ အရင်ဖယ်လိုက်သည်။

"သားငယ်...လိမ္မော်သီးတစ်လုံး ယူစား၊ အမေ ပန်းသီးခွာပေးမယ်၊ အားလုံး စားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"မကျော့ခင်..."

"ဘာလဲ၊ ရှင့်ဖို့ အရင်ခွာမလို့လေ"

"ဒီလောက်များတာ တို့ချည်းမစားရက်ပါဘူးကွာ၊ မယဉ်ဦးတို့ သားအမိတွေဆီလည်း နည်းနည်းမျှလိုက်ပါလား"

ဒေါ်ကျော့ခင်က မိန်းမပီပီ ခဏတော့ ငြိမ်သွားသေးသည်။ ပြီးမှ...

"အေး...ဟုတ်ပါတယ်လေ၊ သူတို့လည်း တို့လိုပဲ ပန်းသီးမစားဖူးတာ ကြာရောပေါ့"

ဒေါ်ကျော့ခင်က မှုဝေရန် ဟန်ပြင်စဉ်မှာ သူက...

"နေပါစေ၊ အမေတို့ပဲ စားကြပါ"

"ပေးလိုက်ပါ သားကြီး ဘုန်းတင့်ရယ်"

ညီငယ် ဘုန်းဆင့်ကလည်း...

"ကိုက ပေးတယ် ဆိုရင် ညိုက ဝမ်းသာတာပေါ့...လို့ ပြောရှာမှာ"

ဘုန်းဆင့်က ပါးကို လက်ညှိုးနှင့်ထောက်၊ ခေါင်းကိုငဲ့ပြီး အသံလေးအစ်ကာ အခြောက်ပုံစံနှင့် ယဉ်ညိုသွယ်ကိုယ်စား ပြောနေ၍ သားအမိတစ်တွေ ရယ်မောဖြစ်ကြသည်။ သူက ချစ်လှစွာသော ညီလေး၏ ဖက်ပိုးကို မနာအောင် ရိုက်လိုက်ပြီး...

"ခွေးကောင်...ဟားဟား"

ဟု သူပါ ရွှင်မြူး ပြုံးပျော်သွားသည်။

"ဟိုအထုပ်ကြီးတွေ ဖောက်မနေပါနဲ့တော့၊ လိမ္မော်သီးသုံးလုံး၊ ပန်းသီးနှစ်လုံးပဲ ပေးလိုက်ပါ အမေ"



"ငါ့သားရယ်...မိသားစု လေးယောက်ရှိတာ၊ လေးလုံးစီ ဆော့ ပေးမှပေါ့"

"တော်ပြီ အဖေ၊ ဟိုက အဖေနဲ့အမေကို စားစေချင်လို့ ပေးလိုက်တာ၊ စားကြပါ၊ ကဲ...ဒါဖြင့် လိမ္မော်သီးလေးလုံးနဲ့ ပန်းသီးနှစ်လုံးပဲ ညီလေး ဘုန်းဆင့် မင်း သွားပို့လိုက်"

"အစ်ကိုကြီး မသွားဘူးလား၊ စောသေးတာပဲ"

"နက်ဖြန် ခရီးသွားရမယ်ဆိုပြီး ဈေးဝယ်ပြီးတာနဲ့ ပြန်လွှတ်လိုက်တာ၊ တစ်နေ့တလေ စောစော ပြန်လာရတာ၊ နားဦးမယ်ကွာ၊ နက်ဖြန်လည်း ညိုနဲ့လျှောက်လည်ဖို့ ချိန်းပြီးသား၊ ဒီည မသွားတော့ဘူး"

"နက်ဖြန် မမညိုနဲ့ လျှောက်လည်ကြမယ်လား"

"အစ်ကိုကြီးက နယ်ပြန်မယ်ဆိုပြီး မမညိုနဲ့ လျှောက်လည်နေတာကို အစ်ကိုကြီး အဘွားကြီး တွေ့သွားရင် ဘယ့်နဲ့လုပ်မလဲ"

"အေး...ဟုတ်ပါရဲ့၊ ကိုကြီး မစဉ်းစားမိဘူး"

ဘုန်းတင့်ဝေ ငြိမ်သက်သွားသည်။ ဒါမျိုးက ဖြစ်တတ်သည်။ မဟုတ်တာလုပ်လျှင် မိတတ်သည်။

"နယ်က မိဘတွေဆီ ပြန်ဖို့ ငါ့ကို တနင့်တပိုးကြီး ဝယ်ပေးလိုက်ပြီးမှ ညိုနဲ့ စုံတွဲတွေ့လိုက်ရင် လိမ်ထားတာ နှစ်ခုတွဲရက်ကြီး ပေါ်တော့မယ်၊ နယ် မပြန်တာရယ်၊ ရည်းစား ရှိနေတာရယ်၊ မဖြစ်ဘူး၊ မဖြစ်ပါဘူး၊ သူ့ခမျာ စိတ်ဆင်းရဲနေရတဲ့ အချိန်မှာ ငါ့ကြောင့် ထပ်ပြီး စိတ်မဆင်းရဲရပါစေနဲ့၊ သနားပါတယ်"

သည့်လောက် ပြည့်စုံချမ်းသာနေသော မိန်းမကို သူ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်များ သနားပြီးရင်း သနားနေမိပါသလဲ။

သူ့ကို ပိုမိုခင်တွယ်ပြီး သူမရဲ့ ဘဝမှန်တွေကို တင်ပြလာသည့် အတွက် ရင်နိုးစိတ်တွေ ဖြစ်ထွန်းရင်း စာနာလာမိရာမှ ကြင်နာခြင်းတွေ ဖြစ်ထွန်းလာတာ ထင်ပါရဲ့။

ဌာနခွဲစာရေးကြီး အဖြစ်မှ ပင်စင်ယူထားသော ရိုးသားလွန်းသည့် ဖခင်ကြီးနှင့် မြန်မာ အိမ်ရှင်မ ပီသလှသော မိခင်တို့မှာ မမ ပေးလိုက်သော ပစ္စည်းများအတွက် ပျော်နေကြပေသည်။ သူ သိပ်ချစ်ရသော၊ သူ့ထက် ခြောက်နှစ်မျှ ငယ်သော ညီထွေးလေး ဘုန်းဆင့်ကလည်း ပန်းသီးစိတ်တွေဝါးရင်း ဟာသတွေ ထုတ်လွှင့်နေသဖြင့် ထိုနေ့ညဦးမှာ သူတို့မိသားစု လေးယောက်၏ ပျော်ရွှင်ကြည်နူးစရာ အချိန်ကာလလေးကို ဖြစ်ထွန်းစေလိုက်သည့် ဖန်တီးရှင် မမကို သူ ကျေးဇူးတင်၍ မဆုံးတော့ပါ။

ထိုညက…

မမနောက်မှ ဈေးခြင်းကိုင်လိုက်ရခြင်း၊ ညနေစာကို အတူစားသောက်ခွင့်ရခြင်း၊ မမ၏ ဘဝစာမျက်နှာများကို ဖတ်ရှုခွင့်ရခြင်းများကိုသာ သူ အိပ်မပျော်မီအထိ စဉ်းစားနေဖြစ်သည်။

ခါတိုင်းလို…

နက်ဖြန် ညိုနှင့် တွေ့ဆုံလျှင် ဘာတွေပြောမည်၊ ဘယ်တွေသွားမည် ဆိုသော ကြိုတင်ကြည်နူးမှု အတွေးလေးများပင် မတွေးဖြစ်တော့ပါချေ။

❁ ❁ ❁

## အခန်း(၃)

"ကိုပြောတော့ ဒီနေ့ ဘုရားကဆင်းပြီး ထမင်းစားမယ်၊ ရုပ်ရှင်ကြည့်မယ်ဆို"

"ဟုတ်တယ်၊ ဒါပေမယ့် ကို့အဘွားကြီးက မလွှယ်ဘူး ညို၊ ကို နယ်သွားမယ်ဆိုပြီး ညာထားတာ၊ ရန်ကုန်မှာ တွေ့လိုက်လို့ကတော့ တစ်ချက်တည်း အလုပ်ဖြုတ်ပစ်လိုက်မှာ၊ သိလား ညို…"

"ဒီလောက်တောင်ပဲ ကြောက်နေရလား"

"မကြောက်လို့ ဖြစ်မလား ညိုရဲ့၊ ကို့ရဲ့ အလုပ်ရှင်ပဲဟာ"

ဘုန်းတင့်ဝေ၏အသံက ခက်ထန်သွားသည်။

"အဲဒီ အဘွားကြီးဆီမှာ လုပ်ရတာ သိပ်များ အောက်ကျနေသလား ကိုရယ်"

"အောက်ကျတယ်တော့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်အလုပ်ရှင်ဆိုတော့လည်း သူကြိုက်အောင် နေရတာပေါ့"

"ညနေ ငါးနာရီကနေ ည ဆယ်နာရီအထိ သူက ဘယ်တွေသွားနေလို့ ကို့ကို တစ်သောင်းခွဲတောင် ပေးထားတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သွားတဲ့အခါလည်း သွားတယ်၊ မသွားတဲ့အခါလည်း မသွားဘူး၊ ဒါပေမယ့် အလုပ်ချိန် ငါးနာရီအတွင်းမှာ ကို့ကို သူ ပိုင်နေတာပေါ့ ညို၊ ကို့ရဲ့ လွတ်လပ်မှုအားလုံးကို ငွေငါးရာပေးပြီး သူဝယ်ထားတာလေ၊ ကိုယ်ရတဲ့ အခန်းလေးထဲမှာပဲ ဘယ်တော့ ငါ့ကိုခေါ်မှာလဲဆိုပြီး စောင့်နေရတာပေါ့"

"ကိုရယ်"

ယဉ်ညိုသွယ်က ချစ်သူ့ပခုံးမှာ နဖူးလေး ကပ်ထားပြီး ငြိမ်နေ၍...

"ဟင်...ညို ငိုနေတယ်လား"

"ဟုတ်တယ် ကို၊ တော်ပြီ၊ ဒီအလုပ်လည်း လုပ်မနေနဲ့တော့၊ နောက် ငါးလကြာရင် ငွေစုငွေချေးက ငွေထုတ်လို့ရပြီ၊ အဲဒီငွေနဲ့ပဲ လက်ထပ်လိုက်ကြရအောင် ကိုရယ်၊ ကို သူများအိမ်မှာ၊ သူဌေးမကြီးအိမ်မှာ အောက်ကျနောက်ကျ ဖြစ်နေရတာကို ညို ဘယ်လိုမှ သည်းခံလို့မရတော့ဘူး သိလား"

"အလုပ်ထွက်လို့ ဘယ်ဖြစ်မှာလဲ ညိုရယ်၊ အလုပ်ကလည်း မပင်ပန်းပါဘူး၊ ကားအကောင်းစားတွေ မောင်းနေရတာပဲ"

"ကားမောင်းလို့ ပင်ပန်းရတာကို သနားရုံပဲ၊ ရင်မနာဘူး၊ အဲဒီသူဌေးမကြီးက ကို့ကို ငွေနဲ့ဝယ်ပြီး သူဘယ်တော့ခေါ်ပြီး ကားမောင်းခိုင်းမှာလဲဆိုတဲ့ စိတ်နဲ့ နေရတာကို ညို ရင်နာတာ၊ ကိုယ့်ကိုယ်နဲ့ သူများစိတ်နဲ့ နေရတဲ့ အဖြစ်ကို ညို သနားလိုက်တာ ကိုရယ်..."

"ညိုကလည်းကွာ..."



သူ စိတ်ညစ်သွားသည်။

ခုချိန်မှာ ညို ထင်နေသလို၊ ညို သိနေသလို၊ အရင်ကလို မဟုတ်တော့ကြောင်း ညို့ကို သူ ဘာကြောင့် အမှန်အတိုင်းမပြောရဲပါလိမ့်။ အားလုံးက အဘွားကြီးဟု ထင်နေသော မမအတွက် သူသည် စေခိုင်းရာ ဒရိုင်ဘာ မဟုတ်တော့ပါ။ ကြေမွကြေကွဲနေသော မမဘဝအတွက်၊ ဖေးမ ဖြည့်ဆည်းပေးရသည့် အဖော်ဖြစ်နေကြောင်း သူ့ကိုယ်မှလွဲ၍ သူ ဘယ်သူ့ကိုမှ မပြောလိုပါ။

မမကို သူ လေးစားသည်။ သနားသည်။ မမ နားမှာ နေပေးခွင့်ရသည်ကို သူ ကျေနပ်နေမိသည်။

သို့သော်...

မမသည် သူ့ကို သူမ၏ ဘဝထဲ ဝင်လာဖို့အထိ ဘယ်သောအခါမှ လမ်းဖွင့်ထားမည် မဟုတ်ပါ။ ရေငတ်တုန်း ရေကြည် တစ်ခွက် ရှာရုံသာ ဖြစ်မှာပါ။ ရေနစ်တုန်း မြက်တစ်ပင် ဆွဲမိခြင်းလောက်သာပါ။

မမသည် သည့်လောက် မိုက်မဲမည့် မိန်းမမျိုး မဖြစ်နိုင်ပါ။

သူသည်လည်း...

ငယ်ချစ်ဦး ညိုမှလွဲပြီး ဘယ်လိုမိန်းမမျိုးကိုမှ သူလက်ထပ်မည် မဟုတ်ပါ။ ညိုသည်သာ သူ၏ ငယ်ချစ်၊ ငယ်သံယောဇဉ်နှင့် သူ၏ ဘဝတစ်သက်တာပတ်လုံး လက်တွဲဖော်အဖြစ် သူကိုယ်တိုင် ရွေးချယ်ထားပြီးသားပါ။

"ကို ဘာတွေ တွေးနေတာလဲ"

"ညိုကလွဲပြီး ဒီတစ်သက်မှာ ဘယ်သူ့ကိုမှ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



မရွေးချယ်ဘူး၊ လက်မထပ်ဘူး ဆိုတာ တွေးနေတာလေ”

“ညိုကတော့ အဲဒါ တွေးစရာလို့ကို မထင်ဘူး၊ ညိုနဲ့ကိုနဲ့ သိပ်ချစ်ကြတယ်၊ နှစ်ဖက်မိဘတွေကလည်း ကျေနပ် သဘောတူကြတယ်၊ ညိုတို့ လူငယ်အသိုင်းအဝိုင်း အားလုံးကလည်း ညိုတို့ နှစ်ယောက် မကြာခင် လက်ထပ်ကြတော့မယ့် ချစ်သူတွေလို့ သတ်မှတ်ထားကြပြီးသားလေ ကိုရယ်၊ ဒီထက် သေချာတဲ့ကိစ္စ ချစ်သူလောကမှာ ရှိနိုင်ပါဦးမလား”

“ညို...ညို့ကို ကို သိပ်ချစ်ပါတယ်ကွယ်”

“ညိုကလည်း ကို ချစ်တယ်ဆိုတာထက် ပိုပြီးချစ်နေတဲ့ သူပါ ကိုရယ်”

ချစ်သူ့လက်မောင်းကို ဆွဲဖက်ပြီး နှလုံးသားထဲမှ တိုက်ရိုက်ထွက်လာသော အသံလှိုင်းကြောင့် ညို့အသံလေးက တုန်ခါ၍ လိုက်သံပါနေသည်။

“ညို ဘာစားမလဲဟင်၊ ကို တစ်ခုခု သွားဝယ်လိုက်မယ်”

“မသွားပါနဲ့၊ မခွဲနိုင်ပါဘူး”

“အပြင်မှာ ထမင်းမစားဖြစ်လို့ အိမ်မှာပဲ စားလိုက်ကြရအောင်လေ”

“ခုဆို တစ်ပတ်မှာ စနေ၊ တနင်္ဂနွေ နေ့လယ်ပိုင်းလေးလောက်သာ တွေ့ကြရတာ၊ ကြားရက်တွေဆို အရင်လို ရုံးအတူပြန်ခွင့်လည်း မရတော့ဘူးလေ”

“ဒါကြောင့် ဒီနေ့ စနေရယ်၊ တနင်္ဂနွေရယ် ညိုနဲ့ တစ်နေကုန် နေလို့ရအောင် နယ်သွားမယ်လို့ ကိုယ့်အလုပ်ရှင်ကို ညာ



ပြောပြီး ခွင့်ယူခဲ့တာလေ”

“သိပါတယ်၊ ဒါကြောင့် ဝမ်းနည်းတာပေါ့”

“ဟောဗျာ...မျက်ရည်တွေ ဝိုင်းလာပြန်ပြီ၊ အလှတွေတော့ ပျက်ကုန်တော့မှာပဲ”

“ပျက်ပစေပေါ့၊ လျှောက်လည်ရမယ်ဆိုပြီး အလှပြင်ထားတာလေ”

“ရည်းစားရှိတဲ့ ကောင်မလေးတစ်ယောက် အလှပြင်တယ်ဆိုတာ သူ့ချစ်သူရည်းစား အတွက်လေ၊ တခြားလူ ကြည့်ဖို့မှ မဟုတ်တာ၊ ခု ကိုက ဟောဒီလို ထိုင်ကြည့်နေပြီလေ”

“ကိုနော်...”

မျက်ရည်ဝေနေသော မျက်နှာလေးက ချက်ချင်း ပြုံးလာသည်။

“ညို ခဏလေး စောင့်၊ ကိုယ် ခေါက်ဆွဲကြော် သွားဝယ်ခဲ့မယ်”

“မရဘူးကွာ၊ တစ်ယောက်တည်း မနေခဲ့ဘူး၊ ကိုလည်း မသွားရဘူး၊ မနက်က ညို ဆီချက်ချက်ထားတယ်၊ ထမင်းပဲ သုတ်စားရအောင်၊ လာ...ထ၊ ကိုပါ နှောက်ဖေးလိုက်ခဲ့”

ညိုက သူ့လက်ကို ဆွဲခေါ်နေသည်ကို အလိုက်သင့်မထဘဲ တမင် ပျော့ခွေနေဟန် လုပ်ပြနေပြီးမှ နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်မောရင်း အိမ်တွင်းသို့ ဝင်ခဲ့ကြသည်။

ထမင်းသုတ်စားမည် ဆိုသော်လည်း ယဉ်ညိုသွယ်တို့အိမ်မှာ ပုစွန်ခြောက်မရှိ၊ သီပုရာသီး မရှိပါ။ ဈေးကြီးသော ပုစွန်ခြောက်

www.burmeseclassic.com

[illegible]ချင်သုံးဖို့ ဝယ်မထားနိုင်ပါ။ မြေပဲလှော်ထုပ်ကလေးကို ဖောက်ပြီး ကျောက်ဆုံ၌ ထောင်းသည်။ မန်ကျည်းမှည့်ကို ရေတစ်ဆပ် အသာလေး လှုပ်ဆေးပြီးမှ ရေနွေးနည်းနည်းနှင့် စိမ်လိုက်သည်။ ထခင်းဇလုံထဲသို့ ထမင်းတစ်ခဲလုံး ထည့်ကာ မြေပဲမှုန့်၊ ဟင်းချိုမှုန့်၊ ငံပြာရည်၊ မန်ကျည်းရည်၊ ဆီချက်တို့နှင့် နယ်ပြီးမှ ငရုတ်သီးမှုန့်ထည့်သည်။ ယဉ်ညိုသွယ်က လက်ဆေးပြီး ကြက်သွန်ဖြူများခွာ၊ ရေနွေးကြမ်းထည့်ပြီး ဇလုံထဲမှပင် တစ်ယောက်တစ်ဇွန်း ခွံ့ကျွေးကာ ချိုမြိန်စွာ အဆာဖြေကြရပါ၏။

"ဟော...မေမေတို့ ပြန်လာပြီ ထင်တယ်"

ယဉ်ညိုသွယ်က နားပါးစွာ နားစွင့်ပြီး အိမ်ရှေ့ဘက်ထွက်သွား၏။

ဘုန်းတင့်ဝေသည်သာ စားပွဲဝိုင်းဆောင်မှာ ဖင်ထိုင်ခုံကလေးနှင့် ထိုင်ပြီး ထမင်းတစ်ဇလုံနှင့် ကျန်ရစ်၏။

"ဟာ...အစ်ကိုကြီးတို့က ဘုရားသွားကြမှာဆို"

နောက်ဖေးခန်းသို့ အရင်ဆုံး ပြေးဝင်လာသော ယဉ်ညိုသွယ်၏ တစ်ဦးတည်းသော ညီမလေး 'ပန်းဖြူစင်'က မေးလာသည်။

"အေး...အပြင်လည်း မသွားဖြစ်၊ အပြင်မှာလည်း မစားဖြစ်လို့ အိမ်မှာပဲ ထမင်းသုတ်ပြီး စားနေကြတာ"

"အတော်ပဲ၊ ဖြူ ဆာလာတာနဲ့"

"သွားစမ်းပါ၊ နင့်ဖို့ မပါပါဘူး၊ ညိုက တို့နှစ်ယောက်တည်းအတွက် သုတ်ထားတာ"



"မရပါဘူးနော်၊ လုစားမှာပဲ"

ပန်းဖြူစင်က ဇွန်းကို အတင်းလုပြီး ခပ်စား၏။ သူတို့အိမ်မှာ သူတို့ထမင်းကို မကျွေးနိုင်ဘူးဟု ပြောရဲသည်အထိ ရင်းနှီးနေကြသော ဘုန်းတင့်ဝေနှင့် ညိုတို့ မိသားစု...။

"အမယ်လေး...စားလို့ကောင်းလိုက်တာ၊ ကိုဘုန်းရေ...လာ...လာ၊ ဒီမှာ အပျံစား ထမင်းသုတ်"

ပန်းဖြူစင် အော်ခေါ်၍ ဘုန်းဆင့်ရှိန်လည်း အိမ်နောက်ဖေးသို့ ပြေးဝင်လာခဲ့ပြီး သူ့အစ်ကိုရှေ့ရှိ ထမင်းဇလုံထဲမှ ထမင်းသုတ်ကို နှစ်ဇွန်းဆင့်ခပ်၍ စားလိုက်၏။

"ဒီနှစ်ကောင်နဲ့တော့ ငါ့ ထမင်းသုတ်တွေ ကုန်ပါပြီကွာ၊ ဆောဒီမှာ...ညိုရေ"

နောက်ဘက်ဆီမှ စီစီညံညံ အသံများကြောင့် ယဉ်ညိုသွယ် ပြေးဝင်လာချိန်မှာ ဇွန်းတန်းလန်း ကိုင်လျက် ဘုန်းဆင့်ရှိန်က သူခိုးလူမိသွားသလို မျက်နှာစပ်ဖြဲဖြဲလုပ်နေ၍...

"နေပါဦး၊ ဒီနေ့ အန်တီယဉ်ဦးကို ဆေးခန်းသွားပြတာ မဟုတ်လား၊ ဆရာဝန် ဘာပြောလိုက်သတဲ့လဲ ညို"

"ကောင်းကောင်းကို မမေးရသေးပါဘူး ကိုရယ်၊ ဒီကလေးတွေ ဆူနေလို့ အိမ်ထဲဝင်လာခဲ့တာ"

"အေးလေ...ဟော့ကောင် မင်းကရော ဘယ်က ပါလာတာလဲ"

"ပါလာတာ မဟုတ်ဘူး၊ ပါသွားတာ"

"ဘာ..."

www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းအသွားတည်းက ညီနဲ့ လမ်းထိပ်မှာ တွေ့လို့ လိုက်သွားပြီး တူတူပြန်လာတာ"

"ဆရာဝန်က ဘာပြောလိုက်လဲ"

"မသိဘူး၊ ဦးလေးနဲ့ အန်တီယဉ်နဲ့ ဝင်သွားကြတာပဲ"

"တော်တော်အားကိုးရတဲ့ ကောင်ပဲ၊ အလကား၊ နင်တို့ နှစ်ယောက်က လိုက်ရှုပ်နေတာ"

"ကိုကြီးနော်...ဘယ်က လိုက်ရှုပ်ရမှာလဲ၊ ကိုကြီးနဲ့ မမညို အတွက် ပန်းဖြူစင်တို့က လမ်းရှင်းပေးထားတာ"

"ခွေးမလေး...သွားစမ်း"

"ဟားဟား...မမညိုကြီး ရှက်သွားပြီဗျူ၊ ဖြူစင်...နင့်ပစ် ချက်က ဆုံမှတ်တည့်တည့် ထိသွားပြီဟ"

ဘုန်းဆင့်နှင့် ပန်းဖြူစင်တို့က ဟာသဇာတ်ဝင်ခန်း ကြည့် နေသူများလို တဟီးဟီးတဟားဟား ဖြစ်နေကြသည်။ ရယ်စရာ နည်းနည်းလေးကို များများရယ်ချင်ကြသော အရွယ်များ ဖြစ်ပေ သည်။

ဘုန်းဆင့်ရှိန်က ဆယ်တန်း တက်နေဆဲ။ ပန်းဖြူစင်က ကိုးတန်းကျောင်းသူ။

ငယ်စဉ်က ကျောင်းတက်ခါနီး နှပ်ချေးတွဲလဲနှင့် ငိုနေသော ပန်းဖြူစင်ကို ဘောင်းဘီတိုအစိမ်းလေးနှင့် နှစ်တန်းကျောင်းသား လေး ဘုန်းဆင့်က ချော့မော့ လက်တွဲပြီး မူလတန်းကျောင်းသို့ နှစ်ယောက်အတူ တက်နေကျ။

ဤမျှရင်းနှီးကြသော ဘုန်းတင့်ဝေတို့ညီအစ်ကိုနှင့် ညိုတို့



ညီအစ်မ လေးယောက်တွဲကြီး၏ ချစ်ခင်စည်းလုံးမှုကို ဘယ်လို ကြမ္မာဆိုး မုန်တိုင်းတွေတိုက်တိုက်၊ သိုက်မပျက် ဥမကွဲဘဲရှိကြ မည်ဟု သူတို့လေးယောက်လုံး ယုံကြည်ထားပြီးသား။

ဘုန်းတင့်ဝေက ထမင်းသုတ် နည်းနည်းဆက်စားပြီး အိမ် ရှေ့ဘက် ထွက်လာခဲ့သည်။

"ဆရာဝန်က ဘာပြောလိုက်လဲ အန်တီယဉ်ဦး"

"စပယ်ရှယ်လစ် ပြမှတော့ စပယ်ရှယ် ချဲ့ပြီပေါ့ကွယ်၊ စစ်ခိုင်းဆေးခိုင်းတာတွေကလည်း မကျန်သလောက်ပဲ၊ အဲဒီအဖြေ တွေ ရပြီးရင် သူ့ဆီ တစ်ခေါက် လာပြပါတဲ့"

"နေရတာရော ဘယ်လိုနေလို့လဲ"

"အောင့်တာပါပဲ၊ လေ ထင်ပါရဲ့၊ သူစစ်ခိုင်းတာတွေနဲ့မှ အဖြေမတွေ့သေးရင် အူထဲမှန်ပြောင်းနဲ့ ကြည့်မတဲ့လေ"

"ကြည့်သင့်ရင်တော့ ကြည့်ရမှာပေါ့၊ ဒါပေမယ့် ဆရာဝန် နဲ့ မှန်ပြောင်းပိုင်ရှင်တွေက အပေးအယူ ရှိကြတယ်လေ၊ လူနာ တစ်ယောက်ပို့ရင် မှန်ပြောင်းထားတဲ့ ဆေးခန်းပိုင်ရှင်က ကော်မရှင် ပေးတယ်၊ ဆရာဝန်က ရတယ်"

"ဒီလိုလား"

"ကျွန်တော်တို့ရုံးမှာ သိခဲ့ရတာပါ"

"တော်ပါပြီကွယ်၊ ဘာမှလည်း မကုချင်တော့ပါဘူး"

"ရောဂါဖြစ်လာရင်တော့ ကုရမှာပေါ့ကွယ်"

ဦးတင်လတ်က ညှိုးငယ်စွာ ပြောရှာသည်။ သူသည် ဘဏ်ဝန်ထမ်းတစ်ဦးဖြစ်၍ အစိုးရငွေတွေသာ ကိုင်နေရသည်၊

www.burmeseclassic.com

ကိုယ်ပိုင်ငွေ ကိုင်စရာမရှိပါ။ "နေ့စဉ် ငွေတွေ ကိုင်တွယ်နေရလို့ ထိမ်ပေါက်တာ"ဟုလည်း ရယ်ရွှင်စရာ ပြောတတ်၏။

ဘုန်းတင့်ဝေ နောက်မှ သိရသည်မှာ ထိုနေ့က ဆေးခန်းပြဖို့အတွက် ယဉ်ညိုသွယ်၏ လည်ပင်းမှ ခြောက်မူးသား ရွှေဆွဲကြိုးလေးကို ရွှေဘုံသာလမ်းမှာ ဝင်ရောင်းခဲ့ရသည်တဲ့...။

အိမ်က အဖေ ဦးမြရှိန်နှင့် အမေ ဒေါ်ကျော့ခင်တို့ထက် ဦးတင်လတ်နှင့် ဒေါ်ယဉ်ယဉ်ဦးတို့က အသက်ငယ်ကြသည်။ ဦးတင်လတ်က ပင်စင်မယူရသေး။

ဦးတင်လတ်၏ လခ၊ ယဉ်ညိုသွယ်၏လခတို့ဖြင့် မိသားစုလေးယောက်၏ ပုံမှန်စားစရိတ်ကို ကာမိရုံ ရှိနေရာမှ ယခုလိုကျန်းမာရေးအတွက် ကုသစရိတ် ထောင်းလာသည့်အခါ ရှိသည့်ရွှေလေး ရောင်းချလိုက်ကြရသည်။

ထိုနေ့က ဘုန်းတင့်နှင့် ဘုန်းဆင့်တို့ ညီအစ်ကိုနှစ်ယောက်တော်တော်နှင့် ကိုယ့်အိမ်ကိုယ် မပြန်ဖြစ်ကြဘဲ...၊

မိဘများ၏ သောကကို မေ့လျော့ကာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်မှာ ဆုံတွေ့ကြသော ညီလူငယ်လေးဦး၏ ရယ်မောသံများနှင့် စ,ကြ၊ နောက်ကြ၊ စကားနိုင်လုကြသော အသံများက အိမ်ခန်းကျဉ်းလေးအတွင်းမှာ ဝေစည်စွာ လွင့်ပျံ့လျက်...။

✲ ✲ ✲

# အခန်း(၅)

"ဟင်...မမ နေမကောင်းလို့လား"

သုံးယောက်ထိုင် ဆက်ထားသော ဆိုဖာအိအိကြီးပေါ်မှာ ချွေချွေလေး အိပ်နေသော ဒေါ်မင်းမင်းထိုက်...။

"ကျွန်တော့်ကို ခေါ်ခိုင်းတယ်ဆို"

"ဟုတ်တယ်၊ ပြောချင်စရာတွေရှိလို့၊ မမကို ဆွဲထူပေးစမ်းပါ"

တစောင်း လှဲနေရာမှ လက်ယာလက်တစ်ဖက်ကို ကမ်းမြှောက်ပေးနေ၏။

ဆိုဖာတို့၊ ရေမြှုပ်မွေ့ရာတို့မှာ လူတစ်ယောက် ထိုင်လိုက်၊ အိပ်လိုက်လျှင် အိညက်ခွက်ဝင်သွားသဖြင့် အလွယ်တကူ ထ၍ နေရတတ်ပါ။ ဘုန်းတင့်ဝေက သစ်ခွပန်းနှင့် သစ်ရွက်စိမ်းများ ဆိုးထားသော ပန်းအိုးတင်ထားသည့် အလယ်မှန်စားပွဲကို ကွေ့ပိုက်ရောင်ကာ ဒေါ်မင်းမင်းထိုက်၏ ရှေ့မှာ ခါးကိုင်း၍ လက်တစ်ဖက်တည်း ဆွဲထူလျှင် နာသွားမှာ စိုးရိမ်၏။ သူ့လက်ယာဘက်က မမ၏ လည်ဂုတ်အောက် လျှိုသွင်းပြီး လက်ဝဲလက်က သူ၏လက်ယာလက်ကို ဆုပ်ကိုင်၍ မွေ့ထူလိုက်သည်။ ထိုင်ပြီးသွားသည့်တိုင် မမက သူ့လက်ကို ဆုပ်ကိုင်ထားဆဲ။

www.burmeseclassic.com



သူ့ရင်တွေထိတ်ထိတ်ခုန်သွား၏။ နွမ်းလျနေသော မမ၏ မျက်နှာကို သူ ငုံ့ကြည့်နေသလို မမကလည်း သူ့ကို မော့ကြည့်နေရှာသည်။

"ခု ဘယ်နှနာရီ ထိုးပြီလဲ"

"ငါးနာရီခွဲပါပြီ၊ ကျွန်တော် ငါးနာရီတည်းက ရောက်နေပါတယ်"

"မောင်ဘုန်းတင့်ဝေမှာ အဝတ်အပိုတစ်စုံ လဲစရာပါလား"

"မပါ,ပါဘူး ခင်ဗျာ"

သူ ညိုးငယ်စွာ ပြောမိသည်။ မမက အလှအပ အသန့်အပြန့် ကြိုက်မှန်း သိသော်လည်း သူ့မှာ ဝတ်စရာ သိပ်ကောင်းကောင်း မရှိပါ။ ဘတ်စ်ကား တိုးစီးလာခဲ့ရ၍ အင်္ကျီနှင့်ပုဆိုးက တွန့်ကြေကြေ ဖြစ်နေသည်။

"သွား...ကားထုတ်လိုက်၊ ရှောပင်(Shopping) အရင်သွားပြီး တစ်ခုခု ဝင်စားရအောင်"

"ဟုတ်ကဲ့ မမ"

သူ တိုက်ထဲမှထွက်ပြီး သူ့အတွက် ရထားသော အခန်းလေးဆီ အရင်ပြေးလာခဲ့သည်။ မျက်နှာကို စင်စင်သစ်၍ မျက်နှာသုတ် ပဝါငယ်လေးနှင့် မျက်နှာ၊ လည်ပင်း၊ လည်ဂုတ်တို့ကို ပွတ်တိုက်ပြီး ဆံပင်ကို မမ ဝယ်ပေးထားသော ဂျယ်လီလိမ်း၍ ပုံကျအောင် ဖြီးလိုက်ရသည်။ မှန်ထဲမှ သူ့မျက်နှာသည် သန့်စင်ဝင်းမွတ်နေ၏။ ကားဂိုဒေါင်ထဲမှ မမ စီးနေကျ မာစီစီးကို မောင်းလာပြီး တိုက်ရှေ့အရောက်မှာ မမက အဆင်သင့်။



မမက ရှေ့ခန်းကပ်ထိုင်ကာ၊ စူပါမတ်ကက်ကြီး တစ်ခုဆီသို့ သူ့ကိုမောင်းခိုင်းသည်။ ကားပတ်ကင်မှာရပ်ပြီးမှ မမက သူနှင့်အတူ ဆင်း၍ ဆိုင်ထဲ ဝင်သည်။ အမျိုးသား ရှပ်အင်္ကျီကောင်တာကို အရင် သွားပြီး နိုင်ငံခြားမှ တင်သွင်းလာသော (John Longford Foreign Shirt Medium Size) ရှပ်အင်္ကျီတစ်ထည် ဝယ်သည်။ အဖြူခံမှာ အဝါအစင်းသေးသေး ပါရှိသော ရှပ်အင်္ကျီတစ်ထည်ကို နှစ်သောင်းခြောက်ထောင့်ငါးရာနှင့် ငွေရှင်းပြီး ပုဆိုးရောင်းသည့်ကောင်တာ သွားပြန်သည်။ အညိုနုရောင် သိပ်မပြောင်သော အသင့်ချုပ်ပြီး ပိုးတွဲပုဆိုးကို ခြောက်ထောင့်သုံးရာနှင့် ဝယ်ပြန်သည်။

"သူ့အတွက် ဝယ်နေတာ"ဟု စိတ်က ထင်သော်လည်း မမေးရဲပါ။ တခြား ဘာမှမဝယ်တော့ဘဲ ကားဆီ ပြန်လာကြသည်။

"ရော့...ကားထဲဝင်ပြီး လဲဝတ်လိုက်"

သူ ထင်ထားသည့်အတိုင်းမို့ သိပ်မအံ့သြတော့ပါ။

"ရတယ် မမ၊ ဒီလိုပဲ လဲလိုက်မယ်"

သူတို့လာသော စူပါမတ်ကက်ကြီးက Basementဟု ခေါ်သော မြေအောက်ထပ်မှာ ကားရပ်ရန်နေရာရှိသည်။ ကားတွေ စီရပ်ထားသော်လည်း ဒရိုင်ဘာ သုံးလေးယောက်သာ အိပ်ငိုက်သူငိုက်၊ ဆေးလိပ်သောက်သူ သောက်နှင့်မို့ သူတို့နှစ်ယောက်ကို အရေးတယူ ကြည့်မနေကြပါ။

သူ အင်္ကျီအရင်လဲလိုက်သည်။ အင်္ကျီက သူနှင့် အံဝင်ခွင်ကျပါလား၊ နိုင်ငံခြားဖြစ် ရှပ်အင်္ကျီများမှာ ပုံကျပြီးသားဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ခုမှ သူသိရသည်။ တစ်ခါမှ မဝတ်ဖူးခဲ့ပဲကို။

အမျိုးသားဝတ် ပုဆိုးများကို အသင့်ချုပ်ပြီး ရောင်းကြသော စနစ်ကို တီထွင်လိုက်သည့် ယက္ကန်းပိုင်ရှင်များကို သူ လှမ်း၍ပင် ကျေးဇူးတင်လိုက်မိသည်။ သည်စိတ်ကူးစ,ရသူကို ရွှေတံဆိပ်ဆု ချီးဖို့ ကောင်း၏။ အခု ပုဆိုးအားလုံးလိုလိုပင် အသင့်ချုပ်ပြီးသား ချည်းပါ။

သူက သူ့ပုဆိုးနှင့် အင်္ကျီဟောင်းများကို ခပ်မြန်မြန်ခေါက်ပြီး ဆိုင်မှရခဲ့သော လက်ဆွဲအိတ်ထဲ ထိုးထည့်၍ နောက်ခန်းထဲ ပစ်သွင်းလိုက်သည်။ သူ မမကိုနောက်ခိုင်း၍ ပုဆိုးပြင်ဝတ်နေဆဲ...

"ဒီဘက်လှည့်ပါဦး"

ပုဆိုးပြင်ဝတ်ရင်း မမနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ရချိန်မှာ သူ ဘာဖြစ်သွားသည်မသိ။ ရှက်အမ်းအမ်းနှင့် ထူထူပူပူ ဖြစ်သွားသည်။

"မျက်နှာကြီးက ဘာဖြစ်သွားတာလဲ"

"ရှက်လို့ဗျ"

"ရှက်တယ်၊ ဟာ...ဟ...ဘယ်သူမှလည်း မရှိဘူး၊ ဘယ်သူမှလည်း ကြည့်မနေဘဲနဲ့များ"

"ကျွန်တော် ရှက်တာ မမကို"

"ဟယ်...တို့ကို...ဘာလို့ရှက်ရတာလဲ"

"သိဘူးဗျာ..."

သူ ကားခေါင်းဘက်မှ ပတ်ကွေ့ပြီး မောင်းသည့်နေရာမှာ ဝင်ထိုင်လိုက်ချိန်မှာ...



"ယောက်ျားလေးဖြစ်ပြီး ဘာလို့ ဒီလောက် ချောနေရတာလဲကွာ"

သူ ပို၍ရှက်သွားသလို မျက်နှာတစ်ခုလုံး ထူပူသွား၏။

"အဲဒီအင်္ကျီ လုံချည် အသစ်ကလေးနဲ့ မောင်ဘုန်းတင့်ဝေ နဲ့က လိုက်လိုက်တာ"

သူ ပိုရှက်သွားပြန်သည်။ သူ့နားရွက်နေရာက ပူထူသွား၍ သူ့နားရွက်များ နီမြန်းသွားပေလိမ့်မည်။ သို့သော် မမ မြင်လိမ့်မည် မထင်ပါ။

"ဘယ်ကို မောင်းရမှာလဲ"

"ထရိတ်ဒါးဟိုတယ်"

လမ်းမှာ မမက သူ့ကို လှည့်လှည့်ကြည့်ပြီး စကားတွေ ပြောလာသော်လည်း သူက ယောက်ျားတန်မဲ့နှင့် အရှက်မပြေ သေး၍ စကားသိပ်မပြောဖြစ်။

ဆူးလေလမ်းမှ ဝင်ကာ အနော်ရထာဘက်ခြမ်း ကားရပ်နားရာနေရာမှာ ရပ်ပြီး မမနှင့် သူ တူတူ 'ကုန်သည်ကြီးများ ဟိုတယ်'တွင်းသို့ ဝင်ခဲ့ကြသည်။

တစ်ချိန်က ဤထရိတ်ဒါးဟိုတယ်၏ ငါးထပ်မြောက် Pool Sideမှာ မမ ညစာစားပွဲတစ်ခု လာ၍ သူလိုက်ဖို့ဖူးသည်။ အနော်ရထာလမ်းဘက်သို့ စွန်းထွက်နေသော အထပ်မှာ ခေါင်မိုး မရှိ။ ရေကူးကန်း၏ ဘေးမှာ ကျွေးမွေး ညှော်ခံ၍ ရန်ကုန်မြို့ ရှုခင်းကို အပေါ်မှ စီးမြင်ရသလို၊ မိုးကောင်းကင်ကြီးကိုလည်း အတားအဆီးမဲ့ မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ မမ သွားနေ၊ ညစာစားနေရချိန်မှာ သူက ခမြင် ကားရပ်ရာနေရာမှ ရပ်စောင့်ရင်း မော့မျှော်ကြည့်နေခဲ့ရရာမှ...

ယခု မမနှင့်အတူ ခံ့ညားထည်ဝါလှသော ကုန်သည်ကြီးများ ဟိုတယ်သို့ ဝတ်ကောင်းစားလှနှင့် သူ ဝင်ရောက်လာခွင့်ရခဲ့ပါပြီ။

မမက ဓာတ်လှေကားရှိရာ လက်ဝဲဘက်အခြမ်းသို့ မသွားဘဲ လက်ယာဘက်သို့ ချိုး၍ သူပါ ယှဉ်တွဲလျှောက်လာရသည်။ ဗိုလ်ချုပ်လမ်းကို လှမ်းမြင်နေရသော အောက်ထပ်ထောင့်ခန်းထဲ ဝင်လိုက်သည်နှင့်...

"အို...စားစရာတွေ အစုံခင်းထားပါလား"

စားဖို့ ဝင်လာရမှန်းဖြင့် သူသိသည်။ ဘယ်လို မှာစားရမှန်း သူ မသိ။

"ဟိုးဘက် ထောင့်လေးမှာ ထိုင်ကြမယ်၊ ဒါ ဘူဖေး(Buffet) လို့ ခေါ်တယ်၊ ခင်းထားတဲ့ သား၊ ငါး၊ ပုစွန်၊ သိုးသားက,အစ အချိုပွဲအစုံ၊ သစ်သီး၊ ကော်ဖီ၊ လက်ဖက်ရည်၊ ဖျော်ရည်၊ အိုက်စကရင်မျိုးစုံကို အချိန်ကြိုက်သလောက်နေ၊ ကြိုက်သလောက် ယူစားလို့ရတယ်၊ တစ်ယောက်ကို ၁၇ ဒေါ်လာ၊ မြန်မာငွေနဲ့ တစ်သောင်းခွဲလောက်ကျတယ်"

သူ မျက်လုံးပြူးသွားသည်။ ဒီက ထမင်းတစ်နပ်က သူ့ တစ်လစာ မက,ပါလား။ စားစရာက အမျိုးအမည်ပေါင်း သုံးလေးဆယ်လောက် ရှိမည်။ သည်ရသစုံ စားဖွယ်များကို ကြိုက်



သလောက် ယူစားနေကြချိန်မှာ ဆန်မရှိသေး၍ ထမင်းမချက်ရသေးသော မိသားစုများ ဟင်း မပြောနှင့်၊ စားနိုင်သလောက် ချက်စရာ ဆန်မရှိ၍ မဝရေစာ စားနေရသော ကလေး၊ လူကြီး၊ လူလတ်များ မြန်မာပြည်မှာ အမှန်ရှိနေကြပါသည်။ ဒီမှာ အလျှံပယ် စားနေရသူများ ရှိသလို မဝရေစာ စားနေရသူများလည်း ရှိပါ၍ အမေတို့ ပြောသော 'ကံ'ဆိုသည်မှာ ဒါပဲ ထင်ပါရဲ့ဟု သူ တွေးနေမိသည်။ လှူလည်းလှူရမည်။ ကိုယ့်အလှူဒါနအပေါ်မှာ စေတနာသန့်ရမည်။ ဒါဆို အကျိုးပေးလည်း ထက်သန်သည်ဟု အမေတို့ ပြောလေ့ရှိသည်။ မမသည် ဟိုဘဝကရော ဒီဘဝပါ ဒါနအားကောင်းခဲ့သူ ဖြစ်ပါလိမ့်မည်။

"သွားယူဦးလေ"

"မမဖို့ရော ဘာယူခဲ့ရမလဲ"

"သိုးသားနှစ်တုံးလောက်ပဲ ယူခဲ့ပါ၊ မောင်ဘုန်းတင့်ဝေ များများစားနော်၊ ရှက်နေသေးလား"

"ဟာ...မမကလည်း..."

သူ မစားဖူးသော ဟင်း၊ မမြင်ဖူးသော အစားအစာများကို နည်းနည်းစီမြည်းပြီးမှ ပုစွန်ထုပ်ကြီးနှင့် ပင်လယ်စာ(Sea Food)ကို ပို၍စားဖြစ်သည်။ အသားတုံးတွေထည့်ပြီး ထမင်းကြော် ယူတာချည်း သုံးကြိမ်ရှိနေပြီ။ ဒီနေ့ သူ တအားဆာနေချိန်မှာ စားရတဲ့ အစာတွေက ကောင်းလွန်းလို့ မမကို ကျေးဇူးတင်လိုက်သည်။ သူ့တစ်သက်မှာ ဒါမျိုး မစားဖူးခဲ့။ နောင်လည်း စားဖူးနိုင်စရာ အကြောင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သူ အသားတုံးတွေ၊ ပုစွန်ထုပ်ကြီးတွေ ငုံ့စားနေချိန်မှာ မမက သူ့ကို ပြုံး၍ကြည့်နေရှာသည်။

"ပန်းကန်ထဲမှာ ပြောင်ပြီ၊ သွားယူဦးလေ"

"တော်ပြီ၊ ဗိုက်တွေ တအားတင်းသွားပြီ"

"မောင်ဘုန်းတင့်ဝေ အားရပါးရ စားနေတာကိုမမ ဝမ်းသာနေတာ"

"မမကျတော့ ဘာမှလည်း သိပ်မစားဘူး"

"သိပ်မဝအောင် ထိန်းရင်းနဲ့ အစားနည်းတဲ့အကျင့် ပါသွားတာ၊ ကဲ...ဝပြီဆိုရင် ဂျုံ့စ် တစ်ခုခုနဲ့ သစ်သီးသွားယူခဲ့၊ စားရင်းနဲ့ စကားပြောရအောင်၊ မမ မင်းကို ပြောစရာရှိတယ်"

"ဘာပြောမှာလဲဟင်"

"ဒီပန်းကန်တွေ လာသိမ်းသွားပစေဦး၊ အအေးသောက်၊ သစ်သီးစားရင်း စကားပြောကြတာပေါ့"

စားပွဲထိုး လူငယ်လေးတွေက ယဉ်ကျေး ရိုကျိုးစွာ စားပြီးသား ပန်းကန်များကို သိမ်းယူသွား၏။ သူ သစ်သီးနှင့် မမအတွက် သံပုရာရည်၊ သူ့အတွက် ကော်ဖီတစ်ခွက် ယူလာပြီးချိန်မှာ...

မမသည် သူ လုံးဝ မျှော်လင့်ထင်မှတ်မထားသော အလွန့်အလွန် ထူးဆန်းအံ့သြဖွယ် စကားများကို ဆက်တိုက်ကြီးပြောချလိုက်သည်။



"ဦးဇော်ဝင်းမောင် မြန်မာပြည် ပြန်လာတယ်၊ ဒီနေ့မနက်စောစောကပဲ တီဂျီနဲ့ ဘန်ကောက်ကို ပြန်သွားပြီ၊ ဟိုမှာ သူယူထားတဲ့ မိန်းမက စောင့်နေတယ်လေ၊ သူတို့ ယိုးဒယားမှာ လည်ပတ်ပြီးရင် အမေရိကန် ပြန်ကြမှာ၊ သူ ဘာလာလုပ်တာလဲ သိလား၊ မမနဲ့ တရားရုံးမှာ တရားဝင် လာပြီး ကွာရှင်းတာ၊ မနေ့ကပဲ လက်မှတ်ထိုးပေးလိုက်ပါပြီ၊ မဆိုးပါဘူး၊ မြန်မာပြည်မှာ ရှိတဲ့ ပိုင်ဆိုင်မှုတွေ အားလုံး မမကို လွှဲပေးခဲ့ပါတယ်"

"မမ ဘယ့်လောက်ဖြုန်းဖြုန်း ကုန်နိုင်စရာမရှိတဲ့ စည်းစိမ်ချမ်းသာတွေပါ၊ မမ ဖြုန်းတယ်ဆိုတာလည်း ဘယ်လောက်ဖြုန်းနိုင်မှာလဲ၊ ဘိန်းဖြူစွဲ၊ လောင်းကစားလုပ်ရင်သာ ကုန်ချင်ကုန်မှာပေါ့၊ ခုလို စားသောက်ဝယ်ချမ်းရုံနဲ့ မမရဲ့ ချမ်းသာကြွယ်ဝမှုက မကုန်ခန်းနိုင်ပါဘူး"

"မောင်ဘုန်းတင့်ဝေ စဉ်းစားကြည့်စမ်း၊ ဒီပစ္စည်းတွေနဲ့ မမ တစ်ယောက်တည်း ဘဝခရီးကို ဆက်လျှောက်ဖို့ အဓိပ္ပာယ်ရှိပါ့မလား"

"ချမ်းသာကြွယ်ဝမှုများ ဝန်းရံနေတဲ့ အလယ်မှာ အထီးကျန် ဘဝနဲ့ တစ်ယောက်တည်း ရပ်တည်နေရရင် ဘဝဆိုတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

"မမရဲ့ လက်ကျန်ဘဝလေးကို ပျော်ရွှင်ချမ်းမြေ့ခြင်းများနဲ့ တည်ဆောက်သွားချင်တယ် မောင်ဘုန်းတင့်ဝေရယ်"

"လူသားသဘာဝရဲ့ ပြောင်းပြန်ဖြစ်နေမယ် ဆိုတာ မမ သိပါတယ်၊ နားလည်ပါတယ်၊ ဒါပေမယ့် လူဆိုတာ ကိုယ့်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေနဲ့ ကိုယ်မို့၊ ကိုယ့်ဆန္ဒကို ကိုယ်တိုင် တင်ပြနိုင်ခွင့် ရှိရမယ် မဟုတ်လားကွယ်"

"မမ ဘဝမှာ ဘယ်သူ့ကိုမှ ငဲ့စရာမရှိဘူး၊ ပတ်ဝန်းကျင်ကို ကြောက်ပြီး ခိုးကြောင်ခိုးဝှက် လုပ်တတ်ကြတဲ့ မိန်းမမျိုးထဲမှာ မမ မပါဘူး"

"မောင်ဘုန်းတင့်ဝေဘက်မှာလည်း ဒီလိုပဲ ငဲ့စရာ မရှိဘူး လို့ မမ သိထားပြီးသားပါ၊ မိဘကိုလည်း ပိုပြီး ထောက်ပံ့နိုင်ရပါစေ့မယ်"

"ဒါကြောင့် မောင်ဘုန်းတင့်ဝေ မမကို လက်ထပ်ပါ၊ မမရဲ့ စည်းစိမ်ချမ်းသာတွေကို မမနဲ့အတူ မျှဝေခံစားပါ"

သည်စကားများကို မမထံမှ ကြားသိလိုက်ရပြီးချိန်မှာ သူသည် ငုတ်တုတ်ကြီး မေ့မြောသွားသလို ခံစားလိုက်ရပါ၏။

❊ ❊ ❊

**အခန်း(၅)**

အဖေ အမေနဲ့ ညီလေးဘုန်းဆင့်...

ကျွန်တော် အလုပ်လုပ်တဲ့အိမ်က 'အဘွားကြီး' ဆိုတဲ့ ဒေါ်မင်းမင်းထိုက်နဲ့ မလွဲမရှောင်သာလို့ လက်ထပ်လိုက်ရပါပြီ။ ဒီစာနဲ့အတူ အဖေတို့ အိမ်မှာသုံးဖို့ ငွေငါးသောင်း ပေးလိုက်ပါတယ်။ နောင်လည်း အမြဲထောက်ပံ့ပါမယ်။ ကျွန်တော့်ကို ဘယ်သူမှ မဆက်သွယ်ကြပါနဲ့။ ကျွန်တော်ကပဲ သမိုင်းက ဒေါ်လေးမေတို့အိမ်ကို ငွေပို့ထားပါ့မယ်။ ဒေါ်လေး လာပေးပါလိမ့်မယ်။

ညို့ကိုလည်း ပြောပြလိုက်ပါ။ ဒီစာ ပြချင်လည်း ပြလိုက်ပါ။ ကျွန်တော့်ကို နားလည်စွာ ခွင့်လွှတ်ပေးကြပါ။

သားကြီး ဘုန်းတင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုစာပေးပြီးသည့်နောက် နောင်အခါတွင် ညို့ခံစားမှုနှင့် အကြောင်းစုံကို ညီလေး ဘုန်းဆင့်မှ တစ်ဆင့် သူ ပြန်လည်ကြားသိခွင့်ရခဲ့သည်မှာ...

❀ ❀ ❀

"တို့မှာတော့ သားကြီး ပြန်မလာလို့ စိတ်ပူလိုက်ရတာ၊ လက်စသတ်တော့ ဒီကောင်က သူဌေးမကြီးကို အရ ခြုံပြီး အားလုံးကို ခြေစုံကန်ပစ်လိုက်တာပါလား"

"ဩော်...သူ့မှာ ဘာအကြောင်းရှိလို့လဲမှ မသိတာ ကိုမြရှိန်ရယ်"

"ဘာအကြောင်းမှ ရှိစရာမလိုဘူး၊ ကိုယ်က ယောကျ်ားပဲ၊ ဟိုမိန်းမကြီးက သူ့ကို ဘလက္ကာယ လုပ်လို့ရမတဲ့လား"



"ရှင်ကလည်း..."

"သူကိုယ်တိုင် သူဌေးမယောကျ်ား လုပ်ချင်လို့၊ စည်းစိမ်ခံမှုချင်လို့ပါကွာ"

ဒေါ်ကျော့ခင်က ခင်ပွန်းသည်၏ ဝေဖန်ချက်ကို ဘာမှပြန်မပြောဘဲနှင့် ငေးငိုင်နေ၍ ဦးမြရှိန်ကပင်...

"စာထဲမှာ ကျွန်တော့်ကို ဘယ်သူမှ မဆက်သွယ်ကြပါနဲ့တဲ့၊ တို့ ဆင်းရဲတာကို သူ့မိန်းမ သိမှာကြောက်တယ် ထင်ပါရဲ့၊ ဒါကြောင့် အရင်တည်းက မိဘတွေက နယ်မှာလို့ ဒီကောင် ပြောထားနှင့်တာကို..."

"အဲဒီတုန်းက အလုပ်ဝင်စပါ၊ ရည်ရွယ်ချက်မရှိဘဲ ခွင့်ယူလို့ ကောင်းအောင် ပြောလိုက်ရှာတာပါ"

"ဒီမှာ...မကျော့ခင်၊ မင်းကတော့ မိခင်အနေနဲ့ ခွင့်လွှတ်တဲ့ အမြင်ပဲ မြင်နေတာ ငါ အပြစ်မပြောလိုပါဘူး၊ ဒါပေမယ့် ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ"

"ဘာကိုလဲ"

"ဘာကိုလဲလို့ မေးကတည်းက မင်း မစဉ်းစားမိသေးပါလား မကျော့ခင်ရယ်"

"ဘာကို စဉ်းစားရမှာလဲရှင့်၊ ရှင်ကလည်း...အရေးထဲမှာ..."

"အေး...အရေးထဲဆိုတာ တို့မိသားစု အရေးထက် မယ်ဘိုး(?)တို့ မိသားစု အရေးက ပိုကြီးနေပြီကွ"

"အင်း...ဟုတ်ပါရဲ့၊ ကျုပ်လည်း ထူပူနေလို့ မစဉ်းစားဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အညိုလေးက သားကို သိပ်မြတ်နိုးရှာတာ၊ ဘယ်လိုလုပ်ရပါ့မလဲနော်"

"ကောင်မလေး သိလို့က မလွယ်ဘူး၊ တို့လည်း ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ကြမလဲကွာ"

"ဟုတ်တယ်၊ မမညိုက သူ့ကိုယ်သူတောင် သတ်သေသွားနိုင်တယ်"

သားငယ်လေး ဘုန်းဆင့်ရှိန်၏ စကားကြောင့် ဦးမြရှိန်က ပိုမိုထိတ်လန့်ကာ...

"ဒီလိုလုပ်၊ သူ့အလုပ်ရှင်က နယ်ကိုခေါ်သွားလို့ ကားလိုက်မောင်းပေးနေရတယ်၊ တစ်ပတ်လောက်ကြာမယ်လို့၊ ဘုန်းဆင့်မင်း သွားပြောထားနှင့်ပါ သား"

"တစ်ပတ်ပြည့်တော့ ဘယ်လိုလုပ်ကြမှာလဲ အဖေရ"

"တစ်ပတ်ပြည့်လည်း ဒီအဖြေပဲလေ၊ ဒါပေမယ့် တို့လည်း သွေးပူနေကြတယ်၊ မညိုလေးလည်း ချက်ချင်းမသိလေ ကောင်းလေပေါ့၊ အချိန် ခဏဆွဲထားပြီးမှ တို့က မျက်နှာပြောင်တိုက်ပြီး သူတို့မိသားစုကို သွားပြောရတော့မှာပဲပေါ့ကွာ"

ဘုန်းဆင့်ရှိန်တို့ သားအမိ သားအဖ သုံးယောက်လုံး အစ်ကိုကြီး ပေးလိုက်သော ငွေငါးသောင်းထုပ်ကို ဘယ်သူမှ မဖွင့်ကြ။ ငွေပေါ်မှာ လိုချင်တပ်မက်စိတ် မရှိခဲ့ကြ။ ဒီငွေနှင့် သားကြီး ဘုန်းတင့်ကို လဲလှယ်လိုက်ရသလို ခံစားနေရသဖြင့် ငွေထုပ်ကြီးကိုပင် စိတ်နာချင်လာကြသည်။



သည်လိုနှင့် သုံးရက်မြောက်သောနေ့မှာ...

စတီးချိုင့်လေးဆွဲပြီး ယဉ်ညိုသွယ် ရောက်ရှိလာသည်။ ဘုန်းဆင့်နှင့် ဒေါ်ကျော့ခင်သာမက ဦးမြရှိန်ပါ ထိတ်လန့်တုန်လှုပ်စွာဖြင့် ညို့ကို ကြိုဆိုရသည်။

"ကြာဇံချက်,ချက်လို့ လာပို့တာ"

"သြော်...အေး...ပေး...သမီး၊ ပေး"

ဒေါ်ကျော့ခင်က ချိုင့်ကလေး လှမ်းယူပြီး အိမ်ခန်းထဲသို့ ဝင်ပြေးလာခဲ့သည်။ လှပကျော့ရှင်းလှသော ယဉ်ညိုသွယ်လေးကို ထိတ်လန့်ကြောက်ရွံ့စရာကြီးလို ကြည့်ပြီး မျက်စိပျက်မျက်နှာပျက်နေကြ၍...

"ဘဘကြီး နေကောင်းရဲ့လား"

"အေး...ကောင်းပါတယ်ကွယ်"

"ကိုဘုန်းရော အိမ်လာဦးလေ၊ မင်းညီမ မိဖြူကတောင် မေးနေတယ်"

"သြော်...အဟဲ...လာမလို့ပါ"

ဘုန်းဆင့်က လက်တစ်ဖက်နှင့် နောက်စေ့နားကို ကိုင်သလို ကုပ်သလို လုပ်ပြီး ခေါင်းငုံ့၍ ဖြေရသည်။ သူ့မမညို၏ မျက်နှာကို သူမကြည့်ရဲ။ ဒေါ်ကျော့ခင်ကလည်း ထွက်မလာသေး။

"ကိုဘုန်း..."

"ဗျာ..."

"မင်း အစ်ကိုကြီးက တစ်ပတ်လောက်ကြာမယ်ဆိုတော့ လာမယ့်သောကြာနေ့လောက်တော့ ရောက်မယ်ထင်တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အန်...အင်း...ရောက်...ရောက်မှာပါ"

ဘုန်းဆင့်ကို ယဉ်ညိုသွယ်က အံ့ဩသလို ကြည့်နေဆဲ ဦးမြရှိန်က...

"သိပ်တော့ မျှော်မနေနဲ့ပေါ့ သမီးရယ်"

"ဟင်...ဘာလဲ...ဘာဖြစ်လို့လဲ"

"ဩော်...ဘာ...ဘာမှမဟုတ်ပါဘူးကွယ်၊ သူ့ သိန် သူများစိတ် လုပ်ရတာ မဟုတ်လား၊ အလုပ်ရှင် ပြန်ချင်မှ ခွင့်ရမှာလေ"

"ဟုတ်တယ်၊ ကိုက အရမ်းတာဝန်ကျေချင်တာ၊ တော်ပြီ ဘဘကြီး၊ ညိုတော့ စဉ်းစားထားပါပြီ"

"ဘာကိုလဲ"

"ဒီခရီးက ပြန်လာရင် အလုပ်ထွက်ခိုင်းတော့မယ်"

သားအဖနှစ်ယောက် ပြိုင်တူ တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်လိုက်ကြသည်။

"သူ့ကိုယ်သူ သူဌေးမကြီးဆိုပြီး ကို့ကို အရမ်းနှိမ်၊ အရမ်း ခိုင်းနေမှာ၊ ခုပဲကြည့်၊ ရုံးက ခွင့်ယူပြီး သူသွားချင်ရာ လိုက်ပို့ပေး ရတယ်၊ ကို ဘယ်လောက် မျက်နှာငယ်ရှာမလဲ၊ ကို့ကို သိ သနားတာပဲ"

"သမီးရယ်..."

"ဒီတစ်ခါ ပြန်လာပြီးရင် ကို့ကို အလုပ်ထွက်ခိုင်းပါရစေ နော် ဘဘကြီး"

"အင်း..."



ဦးမြရှိန်က သက်ပြင်းချရင်း ခေါင်းညိတ်ပြလိုက်သည်။

အမှန်တော့ ကြာဇံချက် ပို့ချင်သည်ထက် သူမ၏ ချစ် လှစွာသော ဘုန်းတင့်ဝေကို အလုပ်က ထွက်ခိုင်းဖို့ လာရောက် ခွင့်ပန်နေရှာခြင်းသာ ဖြစ်ပါ၏။

ထိုအချိန်မှာ ဘုန်းဆင့်ကပါ မယောင်မလည် လုပ်ရင်း နောက်ဘက်ခန်းသို့ ဝင်သွားသည်။

တချို့မိသားစုမှာ အိမ်ရှင်မ,က ဦးဆောင်ရ၏။ မိသားစု ထိန်းသိမ်းရေးသာမက သာရေးနာရေး လူမှုရေးများကို အိမ်ရှင်မက သာ သွားရလာရ ပြောရဆိုရသည်။

တချို့မိသားစုကျပြန်တော့ အိမ်ရှင်မက စွမ်းဆောင်စရာ မလို၊ အိမ်ထောင်ဦးစီး ယောကျ်ားကသာ ရှေ့ကနေပြီး စီစဉ် ဆောင်ရွက်သွားကြသည်။

ထိုကဲ့သို့သော ယောကျ်ားမျိုးထဲတွင် ဦးမြရှိန် ပါဝင်နေ သဖြင့်...

"မယဉ်ဦး နေမကောင်းနေတာတောင် ဘဘတို့ မရောက် ဖြစ်ကြသေးဘူးကွယ်၊ ညနေမှ လာခဲ့မယ်နော်၊ ကိုတင်လတ်ရော ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ရှိပါတယ် ဘဘ"

"အေးအေး...ညနေမှ လျှောက်ခဲ့ကြမယ်နော်၊ ဟော့... ကျော့ခင်၊ ချိုင့်ဆေးပြီးရင် လာလေကွာ"

ခဏကြာမှ ဒေါ်ကျော့ခင် ထွက်လာပြီး ညို့ကို ချိုင့် ဆေး ပေးသည်။ မျက်နှာ မကောင်းပါ။ ဘုန်းဆင့်လည်း ထွက်

www.burmeseclassic.com

www.burmeseclassic.com



မလာ။

ညိုက မျက်နှာမကြည်မသာ ဖြစ်နေကြသော ယောက္ခမလောင်းကြီး နှစ်ယောက်ကို ကြည့်ပြီး 'သူတို့၏ အိမ်တွင်းရေးကိစ္စ'ဟု ထင်ကာ နားလည်စွာဖြင့် နှုတ်ဆက်၍ ပြန်သွားရှာသည်။

ထိုနေ့ညနေတွင်...

ဘုန်းဆင့်ကို ခေါ်မရ၍ ဦးမြရှိန်နှင့် ဒေါ်ကျော့ခင်တို့သာ ဦးတင်လတ်နှင့် ဒေါ်ယဉ်ယဉ်ဦးတို့ အိမ်သို့ လာခဲ့ကြရသည်။

အိမ်ရှင် ဇနီးမောင်နှံက စုံတွဲလိုက် ရောက်လာကြသော ခမည်းခမက်လောင်းများကို ဝမ်းသာပျူငှာစွာ ကြိုဆိုကြရှာသည်။

ဒေါ်ယဉ်ယဉ်ဦးက သွက်လက် ထက်မြက်သူ ဖြစ်သည့်အတိုင်း...

"ကျွန်မကို လူမမာ သတင်းမေးလာရုံတော့မဟုတ်လောက်ဘူး ထင်ပါရဲ့၊ သားရေးသမီးရေးရော ပါသေးလား"

ဒေါ်ကျော့ခင်က ဦးမြရှိန်ကို လှည့်ကြည့်လာသည်။ ဦးမြရှိန်ကလည်း အားတင်းလိုက်ပုံရ၏။ ယဉ်ညိုသွယ်လေးကလည်း ပြုံးပြုံးပြုံးပြုံးဖြင့် ရေနွေးကြမ်းငှဲ့ပေးရင်း လက်ဖက်ပွဲကို ရှေ့တိုးပေးနေရှာသည်။

"မယဉ်ဦးရေ...မိဘလုပ်ရတာ သားသမီးကောင်းရင် မျက်နှာကိုမော်လို့၊ သားသမီးများ အသုံးမကျတဲ့အခါ ကိုယ့်မျက်နှာ



ကိုယ် ခါးနဲ့လိုးပစ်ချင်လောက်အောင် အရှက်တကွဲ ဖြစ်ရတာတ်ပါတယ်"

"ဦးမြရှိန်နှယ်ဗျာ...ကျွန်တော်တို့ ဦးမြရှိန်တို့မှာက လိမ္မာတဲ့ သားနှစ်ယောက်ရယ်၊ သမီးနှစ်ယောက်ရယ် ရှိကြပါတယ်"

"အခု...အခု မလိမ္မာတော့ပါဘူးဗျာ...၊ ဒါကြောင့် ရှေ့မျက်နှာ နောက်ထားပြီး လာခဲ့ရတာပါ၊ ဒီစာသာ ဖတ်ကြည့်ကြပါတော့"

ဦးမြရှိန်က စာကို ဦးတင်လတ်လက်ထဲ ပေးလိုက်ချိန်မှာ ဒေါ်ကျော့ခင်က စတင်၍ မျက်ရည်ကျနှင့်ပြီ။

"တောက်!"

ဦးတင်လတ်က စာရွက်ကို သူ့ဇနီးလက်သို့ ထိုးပေးပြီး တောက်ခေါက်လျက်၊ နေရာမှ ထကာ ဝရန်တာမှာ သွားရပ်၍ သူတို့ကို နောက်ခိုင်းထားသည်။

"ဟင်...ဘာလဲ...ဘာလဲ မေမေ"

ယဉ်ညိုသွယ်က လှုပ်လှုပ်ရှားရှား ဖြစ်ကာ သူ့မိခင်၏ဘေးမှာ ကိုယ်ကိုကိုင်းညွှတ်၍ စာကို ပြိုင်တူဖတ်သည်။

"တောက်!မိုက်ရိုင်းလှချည်လား၊ ကျွန်မတို့ မျက်နှာကို အရပ်ထဲမှာ ဘယ်လိုပြရမလဲ"

"မေမေ...မေမေ..."

ယဉ်ညိုသွယ်က စာကို ဆွဲလု၍ အထိတ်တလန့် မျက်နှာနှင့် ဖတ်နေရာမှ...

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး...မဟုတ်ဘူး...၊ မဖြစ်နိုင်ဘူး...မဖြစ်နိုင်ပါဘူး..."

စာကို လက်နှစ်ဖက်နှင့်ကိုင်ပြီး မျက်လုံးလေးအပြူးသားနှင့် ခေါင်းယမ်းရင်း...

"ဒါ ညာတာ...ညာတာ၊ ငွေပေးချင်လို့ ညာပြောတာပါ"

"သမီး..."

"မဟုတ်ဘူး မေမေ...မဟုတ်ဘူး၊ ကိုက သစ္စာဆိုထားတာ၊ သစ္စာဆိုထားတာ၊ ကို...ကို ဘယ်သူ့ကိုမှ မယူဘူး၊ သမီး... သမီးကလွဲပြီး...သမီးကလွဲပြီး..."

"ဟဲ့..."

ဒေါ်ယဉ်ယဉ်ဦးက ထိုင်ရာမှ ဆတ်ဆိုထလိုက်ပြီး သူ့သမီးနှင့် ယှဉ်ရပ်ကာ...

"ဘာမဟုတ်ရမှာလဲ၊ ဘာသစ္စာဆိုထားတာလဲ၊ ဟုတ်လွန်းလို့ သူ့မိဘတွေတောင် ငွေငါးသောင်းရနေပြီလေ၊ တို့မှာ...တို့မှာသာ သောက်ရှက်ကြီးကွဲပြီဟဲ့"

"မဟုတ်ဘူး...မဟုတ်ဘူး၊ မ...ဟုတ်...ဘူး..."

"ဟဲ့...ဟဲ့...အမယ်လေး...လုပ်ပါဦး"

ပျော့ခွေကျလာသော ယဉ်ညိုသွယ်ကို ဒေါ်ကျော့ခင်က အလန့်တကြားအော်ရင်း ဆီးပွေ့ကာနီးမှာ ဒေါ်ယဉ်ယဉ်ဦးက အရင်လှမ်းဖက်လိုက်ပြီး...

"သမီး...သမီးကြီး...သတိထားစမ်း၊ ဟဲ့...မိဖြူ၊ သောက်ရေတစ်ခွက် မြန်မြန်ယူခဲ့"



မေ့မြောလုနီးနီး ခံစားရင်း အရုပ်ကြိုးဖြတ်ချလိုက်သလို ကြမ်းပြင်ပေါ်မှာ ပုံကျသွားရှာသော ယဉ်ညိုသွယ်...။

ပေါင်းဖက်ဖို့ မျှော်လင့်ခြင်းများစွာဖြင့် သူမ၏ ချစ်သူ အပေါ်မှာ သည်းသည်းနင့်နင့် ချစ်ခဲ့ရှာသော မိန်းကလေး၏...

နှလုံးသည်းပွတ်ကို ဟက်တက်ကွဲစေခဲ့သော သူမချစ်သူ၏ လက်ရေးနှင့် စာကို ဆုပ်ခြေလိုက်သော်လည်း ရင်ဘတ်ပေါ်မှာ ဖိကပ်ရင်း သည်းထန်လိုက်လှဲ့စွာ ငိုရှိုက်နေရှာသော အချစ်ကြီးမလေး၏ အဖြစ်က မမြင်ရက်စရာပါလား။

သူတို့ကိုလည်း လှည့်မကြည့်။ သူ့သမီးကိုလည်း အထိမခံ။ ကြမ်းပြင်ပေါ်မှာ ပုံကျငိုရှိုက်နေရှာသော ယဉ်ညိုသွယ်ကို ကျန်မိသားစုသုံးယောက်က စိုးရိမ်တကြီး ပြုစုနေကြချိန်မှာ...

ဦးမြရှိန်နှင့် ဒေါ်ကျော့ခင်တို့ နှစ်ယောက် အသာလေး ထပြီး နှုတ်ဆက်စကားပင် မဆိုဝံ့တော့ပါဘဲနှင့် ကုပ်ကုပ်ကလေး ပြန်ခဲ့ကြရပါတော့သည်။

ထိုညက...

ညိုသည် သူ့မိခင်အတွက် ဝယ်ထားရသော အိပ်ဆေးများကို လက်ခုပ်ထဲ အားလုံး သွန်ထည့်ပြီး သောက်ကာနီးဆဲဆဲမှာ ဒေါ်ယဉ်ယဉ်ဦးက လက်ဦးသွားသဖြင့်သာ 'သူ့ကိုယ်သူသတ်သေခြင်း'ဆိုသည့် မိုက်မဲဆုံးသော အဖြစ်မှ လွတ်မြောက်ခဲ့ကြောင်း...

ပန်းဖြူစင်က ဘုန်းဆင့်ရှိန်ကို ပြောပြ၍ သိလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဖြင့် စိုနစ်ခဲ့သော ယဉ်ညိုသွယ်၏ နှလုံးသားလေးမှာ ချစ်သူ၏ စွန့်ပစ်ခံရခြင်းကြောင့် သွေ့ခြောက်ပူလောင်စွာ ကွဲအက်ခဲ့သော ဒဏ်ရာများအတွက် ကုသစရာ ဖြေဆေးမရှိပါ။

အမုန်းကြောင့် သင့်သော အဆိပ်ထက်၊ အချစ်ကြောင့် သင့်ခဲ့ရသော အဆိပ်က နှလုံးသားအနှံ့ ပျံ့နှံ့ကာ ဆိုးဝါးပြင်းထန်လှသော နာကျင်ခြင်း ဝေဒနာများကို အလူးအလဲ ခံစားရင်း...

အစားထိုးမရသော ဆုံးရှုံးမှုကို ရင်ဝယ်ပိုက်ထားရသည့် အဆိပ်သင့်အချစ်ရူးမလေး ယဉ်ညိုသွယ်သည်...။

❁ ❁ ❁

# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"လာလေ...ဆင်းခဲ့လေ"

"တော်ပြီ၊ ရေချိုးခဲ့ပြီးပြီ"

"မောင်ကလည်း ရေကူးပြီးမှ ရေချိုးရတယ်လေ"

"မမကူးတာ ထိုင်ကြည့်နေချင်လို့ အမြန် ရေချိုးလာခဲ့တာ"

ဒေါ်မင်းမင်းထိုက်က ရေကူးဝတ်စုံ မိုးပြာရောင်နှင့် ရေကူးကန်ထဲမှာ ငါးလေးတစ်ကောင်လို မြူးတူးစွာ ကူးခတ်နေပါ၏။

နိုင်ငံခြားဖြစ် ရောင်စုံ ပလတ်စတစ် ကြိုးပြားတန်းများနှင့် ပက်လက်ကုလားထိုင်က ရေကူးကန်ဘောင်ဘေးမှာ ချထား၏။ သူက တီရှပ်နှင့် ဘောင်းဘီတိုနှင့်၊ မချွတ်တမ်းတပ်ထားသော ရေးဘန်မျက်မှန် စိမ်းလဲ့လဲ့အရောင်နှင့်...။ အသားအရေတွေကလည်း အစားကောင်းများကြောင့် ပို၍စိုပြေနေ၏။

"ကြည့်ပါဦး-ကွာ၊ မမရဲ့မောင်က နိုင်ငံခြားသား ရုပ်တောင် မဟုတ်ဘူး၊ ဟောလီးဝုဒ်က ရုပ်ရှင်မင်း သား...ကလေး ကျနေတာပဲ"

"မမပဲ အလုကြည့်ဖို့ ဝယ်ထားပြီးတော့..."

"အဲဒီလိုပြောဦး"

"ဟာ...ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ရေကူးကန်ဘောင်မှာ တွယ်ကပ်နေသော ဒေါ်မင်းမင်းထိုက်က သူ့ကို ရေကန်ထဲက ရေတွေ လက်ခုပ်နှင့်ယူပြီး လှမ်းပက်နေ၍ လက်နှစ်ဖက်နှင့်ကာရင်း အော်နေမိ၏။

"မောင် မချိုးတော့ဘူးဆိုရင် မမ တက်တော့မယ်"

သည်တော့ သူ ထရပ်ပြီး မျက်နှာသုတ်ပဝါကြီး ဆွဲယူလိုက်သည်။

သူ၏မမသည် ကန်ထဲမြုပ်နေသော အုတ်လှေကားလေးကို နင်း၍ စတီး လက်ကိုင်တန်းများကို အားယူ ဆွဲတက်လာ၏။ ကန်ဘေးမှ စီထားသော ကြွေပြားခင်းများပေါ် နင်းမိသည်နှင့် နားရွက်ပါ ဖုံးထားသော ရေကူးဦးထုပ်ကို မမက ချွတ်ပစ်လိုက်ပြီးသည်နှင့် သူက မွေးပွတဘက်အကြီးကြီးကို မမ တစ်ကိုယ်လုံး ခြုံပတ်ပေးပြီး ထွေးပွေ့ဖက်တွယ်ထားလိုက်သည်။

"မမ မောင်နဲ့နေရတာ ပျော်လိုက်တာ၊ အချိန်ပြည့် ကြည်နူးနေမိတယ် မောင်ရယ်၊ မမ မောင့်ကို ကျေးဇူးတင်ပါတယ်"

"မမနော်...ပြောင်းပြန်တွေ ပြောမနေနဲ့"

"ဘာကိုလဲ"

"ဘာရမှာလဲ၊ ကျေးဇူးတင်ရမှာက ဒီကောင်ကလေ..."

"မဟုတ်သေးပါဘူး၊ မမရဲ့ ဆန္ဒတိုင်းကို လိုက်လျောပေးလို့..."

"တော်ပြီ၊ ဘာမှမပြောနဲ့တော့၊ အအေးမိလိမ့်မယ်၊ အဝတ်သွားလဲရအောင်"

သူက ဖက်လိုက်ရုံမဟုတ်၊ ဖွေ့ခနဲနေအောင် ပွေ့ချီပြီး



တိုက်ကြီးဆီအရောက် ပွေ့ယူလာခဲ့သည်။ ပြီးတော့ အောက်ထပ်ရေချိုးခန်းထဲရောက်မှ ညင်သာသိမ်မွေ့စွာ ချပေးပြီး တံခါးပါပိတ်ပေးလိုက်ပါ၏။

ရေကြိုက်သော မမသည် ဘတ်တပ်ဗ်(Bath-tub)ခေါ် တစ်ကိုယ်လုံး မြုပ်အောင် ဝင်ချိုးရသော ကြွေကန်ကြီးထဲမှာ ရေမွှေးပါသော ဆပ်ပြာရည်ထည့်၊ အမြှုပ်တွေထအောင် လုပ်ပြီးမှ သူ့တစ်ကိုယ်လုံး နှစ်ပြီး ရေချိုးသန့်စင်နေပါဦးမည်။

"မမရေ...မောင် အပေါ်ထပ်ကပဲ စောင့်နေမယ်၊ ပြီးရင်တက်ခဲ့တော့နော်"

အခန်းဝက သူ အော်ပြောခဲ့သည်။ လက်ပြောင်ရှင်းသန့်နေသော ကျွန်းလှေကားကွေ့ကွေ့ကြီးအတိုင်း အပေါ်ထပ်သို့တက်လာခဲ့ပြီး အိပ်ခန်းတံခါးကို ဖွင့်လိုက်သည်နှင့် မမ အလှပြင်သည့် ကိုယ်လုံးပေါ်မှန်ကြီးက အခန်းဝနှင့်တည့်တည့်။ မမပြောသလိုပင် သူ့ရုပ်က နိုင်ငံခြားမင်းသားတစ်ယောက်လောက်နီးနီး ခံ့ထည်နေ၏။

အသစ် ဝယ်ထားသော အိပ်ရာခမ်းနားနှင့် အိပ်ခန်းကျယ်ကြီးအတွင်းမှာ ရှိသော တီဗီ၊ ဗီစီဒီ၊ ဒီဗီဒီ၊ ဆက်တလိုက်၊ ဆုခဲသေတ္တာ၊ ပေါင်မုန့်ကင်သည့်စက်၊ သစ်သီးဖျော်သည့်စက်၊ ဘာဝရ ရေနွေးရနိုင်သည့် လျှပ်စစ်ဓာတ်ဘူး စသော သုံးဆောင်စရာ ပစ္စည်းများ အပြင် ဝတ်ဆင်စရာများထည့်ဖို့ ဗီရိုကချည်းသုံးလုံး...။

ရုပ်ချောသော သူ့အတွက် မမက အမျိုးမျိုး ဆင်ရှုသည်။

www.burmeseclassic.com

www.burmeseclassic.com





ခု သူ ၇ုဆိုးမဝတ်ဖြစ်သလောက် ဖြစ်သွားပြီ။ အိမ်နေရင်းဆို ခုလို ဆောင်းဘီတို၊ လမ်းထွက်လျှင် တီရှပ် သို့မဟုတ် ဖောရင်း ရှပ်နှင့် ဆောင်းဘီရှည်များသာ သူ ဝတ်ဆင်တော့သည်။ အင်္ကျီနှင့် ဆောင်းဘီတန်ဖိုးက သိန်းကျော်တာ ထားလိုက်ဦး။ တစ်နေ့က မမ ဝယ်ပေးသော ဒေါက်တာမာတင် ရှူးဖိနပ် တစ်ရံကပင် ကိုး သောင်း ကိုးထောင် ပေးခဲ့ရသည်။

အဝတ်က သိန်းဂဏန်း တန်တွေ။ နေတော့ ဟည်းနေသည့် တိုက်ကြီးမှာ။ စီးတော့ မာစီဒီး တစ်လှည့်၊ ပါဂျဲရိုး တစ်လှည့်။ စားတော့ ဟိုတယ်အမျိုးမျိုးမှာ။

တစ်ခါတစ်ရံ သူ အိပ်မက်များမက်နေသလားဟု သံသယ ဖြစ်မိသည်အထိ သူ့ဘဝ ပြောင်းလဲမြင့်တက်လာပုံကို သူကိုယ်တိုင် မယုံရဲသလို ဖြစ်မိခဲ့ဖူးသည်။

အိခနဲနစ်ဝင်သွားသော မွေ့ရာကြီးပေါ် ပစ်လှဲလိုက်ရင်း သူ့ဘဝကို သူ အကျေနပ်ကြီး ကျေနပ်နေမိသည်။

လွန်ခဲ့သော ခြောက်လ၊ မမနှင့် ရကာစက "သူ ဒီလို လုပ်သင့်သလား" ဟူသော မေးခွန်းများနှင့် သူ့ကိုယ်သူ မေးမြန်း စမ်းစစ်ခဲ့ဖူးသည်။

ညိုတစ်ယောက် သူ့ကို လွမ်းဆွတ်တသနေမည့် ဆုံးရှုံးမှု တစ်ခုကလွဲ၍ အားလုံးသော ရလာဒ်သည် အကောင်းဘက်က ချည်း ဖြစ်နေ၏။

အဖေ၊ အမေနဲ့ ညီလေးတို့ထံသို့ ပထမဆုံး အသိပေးစာကြောင်း စာနှင့်အတူ ငွေငါးသောင်း ပို့နိုင်ခဲ့သည်။ နောက်ပိုင်း တစ်လလျှင် ငွေနှစ်သောင်းနှင့် တစ်ခါတစ်ရံ ပစ္စည်းများပါ ပေးနိုင်ခဲ့၏။ နှစ် သောင်း ဆိုသည်မှာလည်း သူ သတ်မှတ်သည့်အတိုင်း ဖြစ်၏။ မမက သည့်ထက်ပို၍ ပေးစေချင်သေးသည်။

သူ အိမ်သို့ လုံးဝ မပြန်ပါ။ သည်ရပ်ကွက်သည့် လမ်း ကျဉ်းလေး တစ်ဝိုက်မှာ သူ့ကို အတော်များများ သိကြသည်။ ပို၍သိကြသည်က ညိုနှင့် သူနှင့် သမီးရည်းစား၊ တစ်ချိန်ချိန်မှာ လက်ထပ်ကြဖို့ လူကြီးချင်းလည်း သဘောတူထားပြီးသား ဆို သည့် အချက်ကြောင့် သည်အရပ် သည်လမ်းထဲသို့ သူမသွားချင်၊ မသွားရဲ။

ညို ဝမ်းနည်းသည်မှလွဲပြီး အမေတို့လည်း ချောင်လည်ကြ၊ ညီလေး ဘုန်းဆင့်လည်း ကျူရှင်ကောင်းကောင်း တက်နိုင်၍ ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာနှင့် နှစ်ချင်းပေါက် အောင်မြင် သွားခဲ့ပြီ။

ပြီးတော့ သူ့မမသည် သူ့ကို လက်ထပ်ခွင့်ရခြင်းအတွက် အကြီးအကျယ်၊ အရူးအမူး ပျော်ရွှင်နေရှာသည်။ သူ့ကိုလည်း သည်းသည်းခိုက်မျှ ချစ်ရှာလွန်းသည်။

နောက်ဆုံး သူကိုယ်တိုင်ပင်လျှင် နတ်ဘုံနတ်နန်းသို့ အရှင် လတ်လတ်ကြီး ရောက်သွားသလို စည်းစိမ်ချမ်းသာပေါင်းစုံ စံစား ခွင့်ရခဲ့ပြီ။

ဤဇာတ်လမ်းတွင် ညို သူ့ကိုဆုံးရှုံးလိုက်ရသည်မှလွဲပြီး အားလုံးသော ဇာတ်လိုက်များ ကောင်းစား ပျော်ရွှင်နေကြပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ညိုသည်လည်း သူမ၏ အပြစ်မဲ့အလှများကြောင့် ညို့ကို ကြိုက်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့သည်။ သူ့ထက်သာသူတွေ များစွာ ရှိသည့်အထဲက ညိုသည် တစ်ယောက်ယောက်ကို ရွေးချယ် လက်ထပ်သွားမှာပါဟု သူခပ်ဖော့ဖော့လေး တွေးပေးလိုက်သည်။

အချစ်ဆိုသည်မှာ ဆန်းပြားရှုပ်ထွေးနက်ရှိုင်းကြောင်း သူ မမကိုချစ်ပြီးမှ သိခွင့်ရလာခဲ့ပါပြီ။

ညို့ကို သူ ချစ်ခဲ့သည်။ ညို့ကို ချစ်နေဆဲမှာပင် မမနှင့် ဆုံခွင့်ရပြီး မမ ဘောင်းဆိုသည်ကို မငြင်းရက်ဘဲ သူ လက်ထပ်ခဲ့သည်။ သူ့ကို သိပ်ချစ်ရှာသော မမကို သူကလည်း လှိုက်လှဲသည်းနှင့်စွာ ပြန်၍ချစ်မိပါ၏။

ညို့ကိုမမုန်းပါ။ မုန်းစရာအကြောင်းလည်း မရှိပါ။ ညို့ကို ရင်နှင့်တနင့် ချစ်နေဆဲ...။ ဤနှလုံးသားထဲမှာပင် နောက်ထပ် မမကိုချစ်သော အချစ်တစ်ချစ် ထပ်မံ ဖူးပွင့်လာပြန်သည်။

လူ့နှလုံးသားသည် တစ်ချစ်တည်းကိုသာ လက်ခံတုန့်ပြန်တတ်သော အရာမဟုတ်။

နှလုံးသား၏ ရေခံမြေခံဖြစ်သော 'ခံစားတတ်ခြင်း'ရှိနေသမျှ အသစ်အသစ်သော 'ချစ်ပွင့်'များကို ထပ်မံဖူးပွင့်နိုင်ကြောင်း သူ ခံစားနားလည်ခဲ့ရပါပြီ။

အစပိုင်းမှာတော့ ညိုတို့မိသားစုအပေါ် အမေတို့ အားနာကြ၊ မျက်နှာပူကြပါလိမ့်မည်။ ယခု အချိန်လောက်ဆိုလျှင်ဖြင့် နေသားကျလောက်ပါပြီဟု သူ ဖော့၍တွေးဖြစ်ပြန်သည်။



"ဟေးကြည့်စမ်း၊ မျက်နှာကျက်ကြီးကို အကြာကြီး ငေးနေတာ ဘာတွေ တွေးနေလို့လဲ"

"ဘာမှမဟုတ်ဘူး၊ မမကို စောင့်ရင်းငေးမိငေးရာ ငေးနေတာပါ၊ ကဲ...အလှပြင်တော့လေ"

"ဘယ်သွားကြမလဲ"

"မမသဘော..."

"မောင်ပဲ ဦးဆောင်ပါတော့ ဆိုမှကွာ"

"ဒါဆို ရှမ်းကန်ပဲသွားမယ်၊ အခန်းရှိတဲ့ ကန်တော်မင်းက ရှမ်းကန်သွားမယ်လေ၊ လူတွေရှုပ်နေရင် မမ မကြိုက်တာ မောင်သိတာပေါ့"

"အဲဒါတွေကြောင့် အသည်းခိုက်အောင် ချစ်ရတာ"

ဒေါ်မင်းမင်းထိုက်က စတင် နမ်းရှိုက်သည်။

သူမ အလှပြင်နေသည်ကို သူ အိပ်ရာထဲမှ စောင်းအိပ်ရင်း စောင့်ကြည့်နေခဲ့ပါ၏။ သူမထက် အသက်ဆယ့်လေးနှစ်ငယ်သော ခင်ပွန်းသည်နှင့် လိုက်ဖက်နေပျိုအောင် အလှပြင်ပစ္စည်းမျိုးစုံ သုံးနေသော မမ...။ ညအိပ်ခါနီးမှာလည်း ဗီတာမင်အီး(E)ပါသည် ဆိုသော အသားအရေထိန်းသည့် Skin Careတွေ လိမ်းလိုက်ရတာ။

"မမ အဲလောက်ပြင်မနေနဲ့ဗျ၊ လှလည်း ချစ်တာပဲ၊ မလှလည်း ချစ်တာပဲ၊ သိလား"

"မောင်...မမရဲ့အချစ်ရယ်"

အလှပြင်ဆင်ခြင်း ရပ်ဆိုင်းပြီး သူ့ဘေး ခုတင်ပေါ်သို့ ထိုချကာ ရင်ခွင်ထဲ တိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်...အချစ်ဆိုတာ ပေးဆပ်ခြင်းလည်း မဟုတ်ဘူး၊ ရယူလိုခြင်းဆိုလည်း မှားတယ်၊ သိလား"

"အချစ်နဲ့ ပတ်သက်တဲ့ ဒဿနတွေ ဖွင့်ဆိုတော့မယ်ပေါ့၊ ကြားပါရစေဦးဗျာ"

သူက အငြိမ့်လူပြက် လေသံနဲ့ ပြောလိုက်၍ မမက လှိုက်လှိုက်လှဲလှဲရယ်ပြီးမှ...

"ဒီမှာ...အချစ်ဆိုတာ ကိုယ်ကလည်း ပေးဆက်ချင်တယ်၊ ကိုယ် ပေးဆက်တဲ့လူဆီကလည်း ပြန်ရချင်တယ်၊ အဲဒါမှ ပြည့်စုံတဲ့အချစ်လို့ ခေါ်တယ် မောင်ရဲ့"

"အခု မမမှာ ပြည့်စုံပြီလား"

"သိပ်ကို ပြည့်စုံနေပါပြီ မောင်ရယ်၊ မမ ဘဝမှာ တစ်ခါမှ ဒီလို ကြည်နူးမှုမျိုး မရရှိခဲ့ဖူးဘူး၊ အခု မမ သိပ်ချစ်ရတဲ့ မောင်က မမကို မမလိုပဲ ပြန်ချစ်ရှာတယ်၊ အဲဒါ မမဘဝရဲ့ အကြီးမြတ်ဆုံးသော ဆုလာဘ်ပါပဲ မောင်ရယ်"

အသက်နှစ်ဆယ့်ခြောက်နှစ်ရွယ် သူသည် သူ့ထက် ဆယ့်လေးနှစ်မျှ ကြီးသော အသက် လေးဆယ်ရွယ် သူဌေးမကြီးကို ချမ်းသာ၍၊ သိုက်တူးချင်၍ လက်ထပ်လိုက်ခြင်း လုံးဝ မဟုတ်ပါ။ သူမ ပြောသလို သူ့စည်းစိမ်ဥစ္စာများကို မျှဝေခံစားရင်း သည်မိန်းမ၏ အချစ်ကို ခံစား နားလည်စွာဖြင့် သူကိုယ်တိုင်လည်း မမကို စူးနစ်လှိုက်လှဲစွာ ချစ်မြတ်နိုးခဲ့ပါပြီ။

"ကဲပါလေ...မောင် ဆာနေတော့မယ်၊ အစားကောင်းကြိုက်တတ်တဲ့ မမမောင်လေးအတွက် အပြင်မှာ သွားစားကြစို့နော်"



"အိုကေ...မမ"

"ဩော်...မောင့်ကို မမ နာမည်ပြောင်းထားတာ အတည်နော်၊ မြို့ထဲက တိုက်ခန်း ဒီတစ်ခါ နှစ်ချုပ်စေ့ရင် မောင့်နာမည်နဲ့ စာချုပ်ချုပ်ရတော့မှာနော်"

"အင်းပါ...သိပါတယ်"

"ဒီက ဒေါ်မင်းမင်း သိပ်ချစ်ရတဲ့ မောင်မို့လို့ မောင့်နာမည် ဘုန်းတင့်ဝေ မဟုတ်တော့ဘူးနော်၊ ချစ်မင်းမောင်"

"ချစ်မင်းမောင်..."

"ရုပ်ရည်ပြောင်းလာရုံမက ဘဝပါ ပြောင်းလာရုံနဲ့ မပြီးသေးဘဲ အမည်ပါ ပြောင်းခိုင်းလိုက်တဲ့ မမရယ်၊ ဒီနေ့က,စပြီး ကျွန်တော် ချစ်မင်းမောင်ပါခင်ဗျ"

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်းနှစ်

"ဘဏ်မှာ ကျွန်တော့်နာမည်ပါ ထည့်ပြီး ဂျိုင့်(Join လုပ်တာတွေ၊ မဟာဗန္ဓုလလမ်းပေါ်က ငှားထားတဲ့ မြေညီထ နှစ်ချုပ်စာချုပ်တွေကို အရင်အတိုင်းပဲ ထားလိုက်ပါ၊ ငွေပေး သူတွေက မောင့်ကို 'သိုက်သမား' ပုံစံနဲ့ ကြည့်နေကြတာ မ မသိလို့ဗျ"

"သိတာပေါ့၊ ဒါကြောင့် တမင်လုပ်တာ၊ ကိုယ့်ယောက် ကိုယ် ရှေ့တန်းတင်တာ ဘာဖြစ်လဲ"

"မမကလည်းဗျာ..."

တရုတ်တန်း မဟာဗန္ဓုလလမ်းမကြီးမှာ ကန့်ထရိုက်တို တွေ စဆောက်စဉ်က ဦးဇော်ဝင်းမောင်၏ အကြံဉာဏ်နှင့် ကြိုပွိုင့် အဖြစ် မြေညီထပ် နှစ်ခန်းကို ဝယ်ယူထားနိုင်ခဲ့သည် ထိုတိုက်ခန်းနှစ်ခန်း နှင့် တယ်လီဖုန်းများ၊ ကွန်ဒိုတိုက်ခန်းတစ်ခ ငှာထားသည်ကပင် တစ်လ ဆယ်သိန်းကျော် ဝင်ငွေရှိသည် မိတ်ဆွေဆီစက်တစ်ခုမှာ ရှယ်ယာအဖြစ် သိန်းတစ်ရာ ထည့် ထားသည့် အမြတ်ဝေစုကချည်း လစဉ် ငါးသိန်း နှင့် ခြောက်သိ ခန့် ဝင်ငွေရှိ၏။ ဘဏ်မှငွေများ မလျော့သည့်အပြင် ငှားခ နှစ်ချုပ်အသစ် ငွေရသည့်အခါ ဘဏ်သို့ပင် ပြန်သွင်းနိုင်ခဲ့ သည်။



သူ၏ ချစ်လှစွာသော မမသည် သူ့ကို ချစ်ကြင်နာမှု တွေ အပြည့်ပေးရုံမက သူမ၏ ပိုင်ဆိုင်မှုများ အားလုံးထဲမှာ ချွဲမင်းမောင်ဆိုသော အမည်ဖြင့် ပိုင်ဆိုင်မှုထက်ဝက်ကို ရရှိ သည်။

"မောင် မမရဲ့လက်ဝတ်လက်စားတွေနဲ့ အရေးကြီးတဲ့ စာချုပ်စာတမ်းတွေ ဟောဒီ ခုတင်အောက်က အံဝှက်ထဲမှာ ရှိ တယ်နော်၊ အရေးရယ် အကြောင်းရယ်ဆိုရင် မောင် သိထား နိုင်အောင် ပြောပြတာပါ"

"ဘာအရေးအကြောင်းရှိလာမှာမို့လဲ မမရာ"

"ဩော်...မမ ပိုင်ဆိုင်တဲ့ ပစ္စည်းတွေ မောင် သိထားတော့ ကောင်းတာပေါ့၊ မမတို့အိပ်ရာအောက်မှာရှိတာ ပြချင်လို့"

"တော်ပြီ မမ၊ မောင် ခုလောက် ဓိမ်နဲ့ နေခွင့်ရတာပဲ မမကို ကျေးဇူးတင်လှပါပြီ၊ မောင် မမကိုချစ်တယ်၊ ခုလို နေ ရတာထက်ပိုပြီး မောင် ဘာမှမပိုင်ဆိုင်ချင်ပါဘူး၊ မမကိုပဲ ချစ် နေပါရစေ"

ဒါသည် သူ၏ သစ္စာစကားပါ။

ရုပ်သိပ်မလှသော၊ သူ့ထက် ဆယ့်လေးနှစ်တိတိကြီးသော ဤမိန်းမကြီးကို ပထမဆုံး စပြီး သနားရာက သူချစ်လာခဲ့ခြင်း ဖြစ်သည်။ ဤမိန်းမကြီး၏ ရင်ခွင်မှာ သူ့ဘဝကိုမြှုပ်နှံ၍ ကာလ များစွာတို့ကို ဖြတ်ကျော်မည်ဟု သူဆုံးဖြတ်ပြီးသား၊ သန္နိဋ္ဌာန်ချ ထားပြီးသားပါ။

သည်လို...

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက်အကြင်နာတွေ၊ အချစ်တွေ၊ ယုယမြတ်နိုးခြင်းတွေ၊ ပေးဆက် လဲလှယ်ကြရင်း ချိုမြိန် ယစ်မူးဖွယ် ကာလများစွာကို ဖြတ်ကျော်ခဲ့ကြပါပြီ။

အိမ်ထောင်သက် နှစ်နှစ်ကျော် ကာလတွင် သူနှင့် သူ၏ မခတို့ နွေရာသီ အပန်းဖြေခရီး တောင်ကြီး၊ အင်းလေးဘက်သို့ ထွက်ပြီး ပြန်လာချိန်တွင် သူ သတင်းစာမှ နာရေးကြော်ငြာဟောင်း တစ်ခုကို ဖတ်လိုက်ရသည်။

ဒေါ်ယဉ်ယဉ်ဦး

အသက်(၅၈ နှစ်)

ညိုတို့မိခင် ကွယ်လွန်ခြင်းဖြစ်သည်။ ထိုနာရေးကြော်ငြာတွင် ဦးတင်လတ်၏ ဇနီး၊ ပန်းဖြူစင်၏မိခင် ဆိုသည်များက မထူးဆန်း။ ထူးဆန်းနေသည်က ယဉ်ညိုသွယ်ဆိုသော အမည်နှင့် ယှဉ်တွဲလျက် ဦးကျော်စွာဦး(Chief Engineer) ဆိုသော ဂုဏ်ပုဒ်နှင့် ဂျာမဏီနိုင်ငံ၏ ပင်လယ်ကူးသင်္ဘောအမည် ပါရှိသည်။

"သြော်...ညိုတောင် အားကိုးထိုက်တဲ့ ယောကျ်ား တစ်ယောက် ရသွားပြီပဲ၊ ကောင်းပါတယ်လေ"

ရင်မှာ လှုပ်လှုပ်ခတ်ခတ် မဖြစ်မိ။ ညို့အတွက် စိတ်အေးသွားမိသလိုတောင် ဖြစ်ရသေးသည်။

အမေတို့အတွက်ကိုလည်း သမိုင်းမှာ နေသော အမေ၏ ညီမတစ်ဝမ်းတည်းကွဲသော "ဒေါ်လေးမေ"မှတစ်ဆင့် နှစ်လပေါင်း၊ သုံးလပေါင်း ငွေနှင့်ပစ္စည်းများ ပို့နေဆဲပါ။ ယခုဆိုလျှင် ညီလေး ဘွန်းဆင့်ပင် အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရခါနီးရောပေါ့။



သူ့ကို တွေ့ချင်သည်ဟု ဒေါ်လေးမေမှ တစ်ဆင့်သိရသော်လည်း သူသွားချင်စိတ်မရှိပါ။ ဖြည့်ဆည်းပေးနေခြင်းသည်သာ အဆင်ပြေသည်ဟု သူထင်ခဲ့မိသည်။ သားသမီး မရှိသေးသောသူ့မှာ မိဘ၏ မေတ္တာတရားကို မစာနာတတ်၊ မိဘများက သားသမီးကို အချိန်ပြည့် အလိုရှိနေတတ်ကြောင်းလည်း သူ မသိခဲ့ပါ။

မမကို လိမ်ညာလက်စနှင့် မိဘတွေက နယ်မှာဟု ပြောထားမိသော စကား ကိုလည်း သူ မပြင်ချင်တော့၍ ဒီအတိုင်းမဲ့နေလိုက်ခြင်းဖြစ်သည်။

တစ်ခုကောင်းသည်က မမသည် သာမန် မိန်းမများလို စကားမများ။ စပ်စုတတ်သော အကျင့်မရှိ။ သူ့ဘဝနောက်ကြောင်းများ၊ မိသားစုကိစ္စများကို မေးလေ့မေးထမရှိ။ စကားနည်းစွာ၊ နားလည်မှုကြီးစွာဖြင့် သူ့ကို သည်းသည်းလှုပ်မျှ ချစ်တတ်ရှာသော မမနှင့်...

သူတို့၏ မင်္ဂလာသက်တမ်း သုံးနှစ်ပြည့်ခါနီး တစ်လခန့်အလိုလောက်တွင်...

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီး...မမရော"

သူ ရေချိုးခန်းမှထွက်လာပြီး အပေါ်ထပ်မှာမရှိ၍ အောက်ထပ်သို့ ဆင်းလာပြီး ရှာသည်။

"မတွေ့မိပါဘူး ဆရာ"

မမ သင်ထားသဖြင့် ထမင်းချက်သည့် ဒေါ်ကြီး ခေါ် "ဒေါ်အုံးမြ"က ဆရာဟုခေါ်ရင်း ဖြေကြားသည်။

ဤတိုက်ကြီးအတွက် ထမင်းချက်တစ်ယောက်၊ သန့်ရှင်းရေးနှင့် အထွေထွေ ကူဖော်လောင်ဖက် အဖြစ် ကောင်မလေး နှစ်ယောက် ရှိသေးသည်။

သူ ခြံထဲ ဆင်းရှာသည်။

ခြံထဲမှာက ခြံစောင့် ဘကြီးဦးကွန်း။ တစ်ခြံလုံး အတွက် ဥယျာဉ်မှူးက ဦးသန်း။ ဦးသန်း၏တူလေးတစ်ယောက်။ အားလုံး ခြံထဲမှာ နေသူက သုံးယောက်။ ဘကြီးကွန်းအပါအဝင် ခြံတာဝန်ခံ သုံးယောက်ကို ဘကြီးမှူးက ကွပ်ကဲရသည်။ ရေကူးကန်သန့်ရှင်းရေးကိုဖြင့် ဘကြီးမှူးက လုပ်ပေးနေကျ။

တစ်ခြံလုံး ပန်းတွေဖူးနေဝေနေ၊ အပင်တွေ စိမ်းစိုနေအောင် တာဝန်ယူရသူက ဦးသန်းတို့ တူအရီးပါ။ ဤသို့ ခြံထဲမှအမျိုးသား အလုပ်သမား သုံးယောက်၊ တိုက်ထဲမှ အလုပ်သမား မိန်းမ သုံးယောက်တို့မှာ သူ ဤခြံကြီးသို့ ရောက်မလာမီကပင် ရှိနှင့်နေကြသူများ ဖြစ်သည်။ သူတို့အားလုံးက မမကို ချစ်ခင်လေးစားကြသည်။



မမကလည်း အလုပ်သမားအားလုံးအပေါ် ငဲ့ညှာသည်။

မမ၏ စေတနာ ကောင်းစွာ ညှာတာမှု၊ အပေးအကမ်း ရက်ရောမှုတို့ကြောင့် မမကို ချစ်ခင်ရိုသေလေးစားကြသော်လည်း သူ့ကိုဖြင့် သိပ်ပြီး အမြင်ကြည်လင်ပုံမရကြ။

"ဟာ...ဂိုဒေါင်ထဲမှာ မာစီဒီးကား မရှိတော့ပါလား ဦးလေးသန်း၊ မမရောဟင်...မမရော"

"စောစောကပဲ ကားကို သူကိုယ်တိုင် မောင်းပြီး ထွက်သွားတယ်"

"ဟာ...ကျွန်တော့်ကိုလည်း ဘာမှပြောမသွားပါလားဗျာ"

"သူ့ကိုယ်ပိုင်ကိစ္စရှိလို့နေမှာပေါ့ ဆရာရဲ့"

ဖြေပုံကို သိပ်မကြိုက်လှသော်လည်း သူဘာမှမပြောတော့ဘဲ တိုက်ကြီးထဲသို့ ပြန်ဝင်လာခဲ့သည်။

"မမ ဘယ်သွားတာလဲ၊ ဒီလို တစ်ခါမှ မသွားဖူးပါဘူး"

သူ စိုးရိမ်စိတ်ပူစွာ၊ သံသယမကင်းစွာဖြင့် အချိန်များစွာကို ဖြတ်သန်းနေရသည်။ သူ အိမ်ထဲ၊ ခြံထဲမှာ လိုက်ရှာပြီး သုံးနာရီနီးပါးကြာမှ ခြံဝက ကားဟွန်းသံကို ကြားလိုက်ရသည်။

"ဘယ်သွားနေတာလဲ မမ"

"မောင် မသိအောင် မောင် ရေချိုးနေတုန်း ခိုးထွက်သွားတာလေ"

"ရိုမနေနဲ့၊ ဒီမှာ စိတ်ပူလို့ သေတော့မယ်၊ ဘယ်သွားပြီး ဘာလုပ်နေတာလဲ"

"မမရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးပါ မောင်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ရှင်..."

"မမရဲ့ ကိုယ်ရေးကိုယ်တာဟာ မောင့်ရဲ့ ကိုယ်ရေးကိုယ်တာပဲလေ၊ မောင် သိချင်တယ်"

"ဘာမှ အရေးကြီးတဲ့ကိစ္စ မဟုတ်ဘူး၊ မသိချင်စမ်းပါနဲ့ မောင်ရာ"

"ပြီးရောဗျာ"

သူ့မှာ စိတ်ပူလိုက်ရတာ။ စောင့်မျှော်လိုက်ရတာ။ မမက ခပ်အေးအေးပုံစံ လုပ်ပြနေ၍ သူစိတ်တိုသွားပြီ။ ဘာမှမဖြစ်သလို ပုံစံ လုပ်နေသော်လည်း မမ မျက်နှာပျက်နေသည်။ တစ်ခုခုကို ထိန်ချန်ဖုံးကွယ်ထားပြီဖြစ်ကြောင်း သုံးနှစ်နီးပါး ပေါင်းလာခဲ့သော သူက သိနှင့်နေပြီလေ။

ထိုနေ့က သူ့ကို မမ လိုက်ပြီးချော့သော်လည်း မမ ထွက်သွားသည့် အကြောင်းကို သူ မသိရ၍ စိတ်ထဲမှာ ကြည်ကြည်လင်လင် မရှိနိုင်ခဲ့ပါ။

❀ ❀ ❀



နောက် ငါးရက်ခန့်အကြာ သူအိပ်ရာက မနိုးမီမှာပင် မမ ထွက်သွားနှင့်ပြီ။ ခေါင်းအုံးပေါ်မှာ စာတစ်စောင် တင်ထားခဲ့၏။

**မောင်...**

*ကိစ္စရှိလို့ သွားတာ နည်းနည်းကြာမယ်နော်။*

*အရင်တစ်ခါလို စိတ်ကောက်မနေနဲ့ဦး။*

*ချစ်မင်းမောင်လေးရဲ့...*

**ချစ်မမ**

လက်ဝဲလက်ထဲမှ စာရွက်ကို လက်ယာလက်ခုံဖြင့် ရိုက်ချလိုက်ပြီး...

"လုပ်ပြန်ပြီ၊ ငါ့ကို ဘာတွေ လှည့်စားမလို့လဲ"

မမသည် သူ့ကို သက်လုံးပုံ၍ ချစ်သည်။ ခပ်သိမ်းသော ပိုင်ဆိုင်မှုများနှင့် အရာအားလုံး သူမသိတာမရှိ။ အားလုံးသိခွင့်ရှိသည်ဟု ယုံမှတ်ထားခဲ့ရာမှ...

သူ့ကို ထားထားပြီး ထွက်သွားသည့်အတွက် သူ့ရင်မှ သံသယ အစိုင်အခဲကြီး ပို၍ကြီးမားခိုင်ကျည်လာခဲ့ပြီ။

ဒီနေ့မနက် သူအိပ်ရာက နိုးချိန်မှာ ဤစာတစ်စောင်နှင့် သူ့ကို ချန်ထားရစ်ခဲ့သော မမ။

သူ အိပ်ရာမှ မနိုးမီကတည်းက ထွက်သွားသော မမမှာ ဖုန်းလေးတစ်ချက်ပင် လှမ်း၍ဆက်ဖော်မရဘဲ နေ့လယ် နှစ်နာရီကျော်မှ ပြန်လည်ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလည်းမကောင်း၊ ကိုယ်ခန္ဓာလည်း နွမ်းနယ်လာပုံရသည်။

ဘုန်းတင့်ဝေကို သူ ပြုံးရုံပြုံးပြပြီး နွမ်းလျစွာ အပေါ်ထပ်သို့ တက်သွားသည်။ 'သူမ' သိပ်ချစ်ပါသည်၊ အလွန်တန်ဖိုးထားပါသည် ဆိုသော 'သူမ'၏ တရားဝင် လင်ယောကျ်ား 'သူ'ကို ဖြေရှင်းသည့်စကား၊ နှစ်သိမ့်သည့်စကား၊ တစ်ခွန်းမှ မပြောပါဘဲနှင့် ကျောခိုင်းကာ အပေါ်ထပ်သို့ တက်သွားခဲ့သည့် သူမထံသို့ သူ လိုက်တက်သွားစရာ အကြောင်းမရှိပါ။

"ကလင်...လင်"

ဆိုသော ဘဲလ်သံ မြည်လာသည်။ သူတို့၏ အိပ်ခန်းနှင့် အောက်ထပ် နောက်ဘက်အခန်းသို့ ဆက်သွယ်ထားသော လျှပ်စစ်လူခေါ်ခေါင်းလောင်းသံ မြည်လာသဖြင့် ကောင်မလေး တစ်ယောက် ပြေးတက်သွားသည်။ မကြာခင် ပြန်ဆင်းလာပြီး...

"မမက ကမ္ဘာလာသီးရည်ညှစ်ပြီး ယူလာခဲ့တဲ့ ကျွန်မကို ခိုင်းလိုက်တာ၊ ဆရာ့ကိုလည်း အပေါ်တက်ခဲ့ပါလို့ ပြောပေးပါတဲ့"

"ငါ မတက်ဘူး၊ ပြောစရာရှိရင် အောက်ကို ဆင်းလာပြောလို့ သွားပြီးပြောလိုက်"

"ဆရာကလည်း...မမက မောနေရှာတာ၊ တက်သွားလိုက်ပါ"

"အေး...မောလာလည်း သေလိုက်ပေါ့၊ ငါ့ကိုမှ လူမထင်တာ..."

"ဆရာကလည်း..."



ကောင်မလေးက သူ့သခင်မဘက်မှ ခုခံကာကွယ်သည့် စကားများ ပြောချင်ပုံရသော်လည်း သူ့မျက်နှာတင်းနေ၍ မပြောရဲဘဲ အထဲဝင်သွားပြီး ကမ္ဘာလာသီး ဖျော်ရပေမည်။

သူ့မှာလည်း ယောကျ်ားမာန ရှိပါသေးသည်။ သူ လုံးဝ အပေါ်မတက်။ ထမင်းရှုံးခိုင်းပြီး သူ မနက်စာ ထမင်းစားရချိန်ကနေ့လယ် နှစ်နာရီခွဲပြီးပြီ။

"ဆရာ...မင်းမင်းလည်း ဆာနေမှာပဲ၊ သွားခေါ်လိုက်ပါဦးလား ဆရာရယ်၊ ဆရာတို့နှစ်ယောက် အတူတူစားနေကျပဲလေ"

"လာလျှာမရှည်နဲ့၊ ကျွန်တော် စားပြီးမှ သူ့ကို ခေါ်ကျွေးချင် ကျွေး၊ ခင်ဗျားတို့ဘာသာ တက်ခေါ်"

ဒေါ်ကြီးက မပြောရဲ၍သာ ငြိမ်နေရသော်လည်း သူမ၏ အကြည့်က သူ့ကို ကျိန်ဆဲနေသလိုပါပဲ...။ ဘုန်းတင့်ဝေမှာ အဆာကလွန်၊ မမကိုရော အိမ်ဖော်တွေကိုပါ ဒေါသဖြစ်ရသဖြင့် ထမင်းပင် မစားနိုင်။ ခက်ရင်းနှင့်ဇွန်းကို အသံမြည်အောင် ပန်းကန်ပြားပေါ် ဆောင့်ချပစ်ခဲ့ပြီး သူ အိမ်ရှေ့သို့ထွက်လာခဲ့သည်။

အောက်ထပ် ဧည့်ခန်းမှာ စိတ်မပါဘဲနှင့် သတင်းစာကို အောက်က စ,လှန်ပြီး ကြော်ငြာတွေ ကြည့်နေမိသည်။

ပခုံးနှင့် လည်ဂုတ်တစ်ဝိုက်မှာ နူးညံ့ညင်သာသော ခံစားမှုကို ထိတွေ့လိုက်ရပြီး...

"မောင် တကယ် စိတ်ဆိုးနေတာကို၊ မမ အရမ်းမူးလာလို့ လှဲနေမိတာပါ၊ စိတ်ဆိုးပြေပါတော့ မောင်ရယ်"

"စိတ်ဆိုးတာ မဟုတ်ဘူး၊ အဖြစ်မှန်ကို သိချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်မှန်"

"ဟုတ်တယ်"

"သိရမယ်၊ သိရမှာပါ၊ တစ်ပတ်တည်း စောင့်"

"ဘာကိစ္စ တစ်ပတ် စောင့်ရမှာလဲ"

"အဖြစ်မှန်ကို သိချင်တယ်ဆို"

"ဟုတ်တယ်၊ အခု သိချင်တာ"

"မောင်ရယ်..."

သူမနှုတ်က နောက်ထပ် စကားသံ ထွက်မလာဘဲ ပွတ်သပ်မှုများနှင့်သာ နှစ်သိမ့်နေသည်။

"လာလုပ်မနေနဲ့ မမ၊ မောင့်ကို လူမထင်တာ အခံရအခက်ဆုံးပဲ၊ မလိုချင်တော့ဘူးဆိုလဲ ပြော၊ ချက်ချင်း ဆင်းသွားမယ်"

သည်တော့လည်း ဆိုဖာ ရှေ့ဘက်သို့ ထွက်လာထိုင်ပြီး ဖက်၍ငိုသည်။ ဘုန်းတင့်ဝေ ကြားချင်သော အဖြေစကား သူမထံမှ တစ်လုံးမှ ထွက်မလာပါ။

ထိုတစ်ညနေလုံး သူ မမကို စကားမပြော။ ညဦးကျတော့လည်း သူ စောစော အိပ်ရာထဲလှဲ၍ သူမကို ကျောခိုင်းထားလိုက်သည်။

သူမ ရေးမှတ်နေကျ ဒိုင်ယာရီလို စာအုပ်ပြာလေးပေါ်မှာ စာကြောင်းများစွာ ရေးမှတ်နေကြောင်း သူသန့်စင်ခန်းသို့ ထသွားချိန်မှာ တွေ့လိုက်ရသည်။

"အဖြစ်မှန် သိပြီးသွားရင် မောင် အံ့သြဝမ်းသာသွားမှာပါ၊ ခုတော့ ပြောလို့မဖြစ်သေးလို့ပါ၊ မမ တောင်းပန်ပါတယ်၊ မောင့်ကို တစ်ခုပြောနိုင်တာက မမ မောင့်ပေါ်မှာ သစ္စာပျက်တဲ့ အလုပ်မျိုး လုပ်တာ လုံးဝ မဟုတ်ပါဘူး ဆိုတာတော့ မောင် ယုံပါ၊ ခုကိစ္စမှာ မမ အောင်မြင်ပါစေ၊ ဒီအခက်အခဲကြီးက ကျော်လွှားနိုင်ပါစေလို့ မောင်ပါ ဝိုင်းပြီး ဆုတောင်းပေးစမ်းပါ မောင်ရယ်နော်"

ထိုညက ရင်ခွင်ထဲ တိုးဝင် တောင်းပန်လာသော်လည်း သူက ပြောင်းနွဲ့မသွားပါ။ သူမ ဆုတောင်းခိုင်းသလိုလည်း ဆုတောင်းပေးဖို့ စိတ်ကူးထဲတောင် မထည့်နိုင်ပါ။ သူ့ကို လူရာမသွင်းဘဲ ရင်ဆိုင်နေသော အခက်အခဲရှိလည်း ဖြေရှင်းပေါ့ တစ်ယောက်တည်းပဲ။

သူ စိတ်တိုစွာ ကျောခိုင်းပစ်လိုက်သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

"မောင်ကလည်း ဘုရားလာဖူးတာ မောင့်မျက်နှာက ရှုံ့ရှုံ့
အောင့်အောင့်ကြီး"

သူ ဘာမှမပြောဘဲ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ငေးမော
ကြည့်နေလိုက်သည်။ ရွှေတွေ ဝင်းအိနေသော ကြည်ညိုလွန်းဖွယ်
ရာ စေတီတော်မြတ်ကြီး နောက်မှာ ဖွေးနေသော တိမ်ဆိုင်တိမ်
ထွေးတွေ တရွေ့ရွေ့ လွင့်မျောနေကြသည်။ ပြီးတော့ အဆုံးမဲ့
ကောင်းကင်ပြာကြီး...

"မောင် မမအတွက် ဆုတောင်းပေးရဲ့လား"

"ဆုဆိုတာ တောင်းတိုင်း ရတာမဟုတ်ဘူး၊ ကိုယ့်အတွက်
တောင် ဆုတောင်းပြည့်ဖို့ မလွယ်တာ၊ သူများအတွက် ဘယ်လို
လုပ် တောင်းပေးလို့ ရမှာလဲ"

"ကြည့်ပါဦး၊ ပြောပုံက သူများအတွက်တဲ့"

မမ အသံက ချွဲချွဲနွဲ့နွဲ့လေး ဖြစ်သော်လည်း သူ ပြန်
လည် မနှစ်သိမ့်ပါ။ သည်နေ့မနက် ဘုရားတက်ပြီး ယတြာချေ
မည်ဟု ဆိုသဖြင့် သူ လိုက်လာခဲ့ရခြင်း ဖြစ်သည်။

ရွှေတိဂုံဘုရားကြီးတွင် ထိုနေ့မနက်က ရွှေသင်္ကန်းအလှူ



ငွေအလှူ၊ ရေအလှူအတွက် ငွေသုံးသောင်းတိတိ လှူဒါန်းပြီး စနေ
ထောင့်မှာ နှင်းဆီနီတွေလည်း လှူ၊ ရေလည်းသပ္ပာယ်ပြီးမှ ဘုရား
ပေါ်က ဆင်းခဲ့ကြသည်။

မမ၏ ဆန္ဒအရ တက္ကသိုလ်ရိပ်သာလမ်းပေါ်မှ Fuji စား
သောက်ဆိုင်သို့ မောင်းခဲ့ရသည်။ မနက်ပိုင်းမို့ လူသိပ်မများဘဲ
အေးငြိမ်းတိတ်ဆိတ်နေ၏။ စားကောင်းသောက်ဖွယ် ကြိုက်တတ်
သော သူ့ခင်ပွန်းအတွက် အကောင်းဆုံးသော ဥရောပ အစားအစာ
တစ်ပွဲစီနှင့် Coffee Latte မှာသည်။

"မမ...စားလေ၊ ဘာလုပ်နေတာလဲ"

ပန်းကန်ထဲမှ ကြက်သားနှင့် ကြက်ဥများ၊ အသီးအရွက်နှင့်
ပေါင်မုန့်များကို တို့ရုံထိရုံသာ လုပ်ပြီး မစားပါ။

"ရင်ပြည့်နေလို့၊ မောင် စားပါ၊ နောက်တစ်ပွဲ ထပ်မှာဦး
မလားဟင်..."

"တော်ပါပြီ"

မမသည် ညဘက်တွင်လည်း စာအုပ်ပြာမှာ တကုပ်ကုပ်
ရေးမှတ်ပြီး တော်တော်နှင့်မအိပ်။ အစာလည်း ဘာကိုမှ မြိန်မြိန်
ယှက်ယှက် မစားသုံး။

သူ့ကို ပထမဆုံးတစ်ခါ ထားရစ်ခဲ့ပြီး ထွက်ခွာသည့်နေ့မှ
စ၍ ယခု တစ်လကျော်သည်အထိ သူမ၏ မျက်နှာတွင် ဟန်
ဆောင်ပြုံးကိုသာ မြင်ရတော့သည်။ ဤရက်များအတွင်း မမ၏
ကိုယ်ခန္ဓာမှာလည်း ချုံးကျသွားပြီ။

သူ၏ချစ်လှစွာသော မမ ဒေါ်မင်းမင်းထိုက်တွင်ကြီးမား

www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲသော ပြဿနာကြီးတစ်ခု သို့မဟုတ် မျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်မှာ သေချာသည်။

ဒနီးမောင်နှံဆိုသည်မှာ လူနှစ်ယောက်ကို တစ်ယောက်တည်း အဖြစ် ပေါင်းစည်းထားခြင်းဖြစ်သည်ဟု သူ ယူဆထားပါ၏။

တစ်ယောက်၏ ကိစ္စသည် ကျန်တစ်ယောက်၏ ကိစ္စပဲဖြစ်သည်။ ဒုက္ခပဲဖြစ်စေ၊ သုခပဲဖြစ်စေ၊ မျှဝေ ခံစားသင့်သည်။

ယခု သူ့မမက သူ့ကို ထိုပြဿနာကြီးထဲမှ ဆားဖယ်ထားလိုက်သည့်အတွက် သူ လုံးဝ မကျေနပ်ပါ။

တစ်ထောင်ကျော်တန် ဥရောပအစားအစာ ပန်းကန်ကြီးမှာ သိပ်အရာမယွင်းဘဲ ဒီတိုင်းထားခဲ့ပြီး အိမ်သို့ပြန်လာခဲ့ရသည်။

အိမ်ရောက်တော့လည်း အပေါ်ထပ်မှ ဘုရားစင်ကြီးရှေ့မှာ သူမ ထိုင်၍ ဘုရားရှိခိုးနေပြန်သည်။ သူသည် မမနှင့် စကားပြောလျှင် စကားများရတော့မည့်အတွက် မမနှင့် မတွေ့အောင် ရှောင်နေလိုက်သည်။

အရင်က မမနှင့် သူ လုံးဝ မခွဲခွာ။ မမ ရေကူးနေလျှင်ပင် သူ ရေကူးကန်ဘေးမှ ထိုင်စောင့်နေပြီး အမြဲတတွဲတွဲ ရှိနေရာမှ သည်ရက်ပိုင်းအတွင်းမှာ သူ မျက်နှာတင်းတင်းနှင့် ခပ်ခွာခွာ နေထိုင်သည်ကို အိမ်ဖော်များ၊ ခြံထဲမှ အလုပ်သမားများ အားလုံးက တစေ့တစောင်းကြည့်ရင်း သူတို့ချင်း အတင်းပြောနေကြမည်ကို သူသိပါသည်။ မတတ်နိုင်ပါ။ ထင်ချင်သလိုထင်ကြပါစေ။

"ဆရာ...မမက ခဏ လာခဲ့ပါတဲ့"



"မလာနိုင်ဘူး၊ သူပြောစရာရှိရင် အောက်ဆင်းခဲ့လို့ သွားပြောလိုက်"

"ဆရာကလည်း..."

ခြံထဲမှ သရက်ပင်အုပ်အုပ်ကြီးအောက်မှာ နိုင်ငံခြားဖြစ် ဗက်လက်ကုလားထိုင်နှင့် သူ ထိုင်နေရာမှ 'ချိုမာ'ဆိုသောကောင်မလေးကို ဒေါသမျက်လုံးနှင့် လှမ်းကြည့်လိုက်တော့မှ ကောင်မလေးက ခေါင်းငုံ့လှည့်ပြန်၏။

နောက် တစ်နာရီခန့်အကြာမှာ ဒေါ်မင်းမင်းထိုက် ခြံထဲသို့ ဆင်းလာသည်။ အပြင်ထွက်မည့် အဝတ်အစား အပြင်အဆင်နှင့်ပေါ့ပဲ။

"အပြင်သွားမလို့ မဟုတ်လား၊ မောင် လိုက်ခွင့်မရှိတဲ့ နေရာကို သွားမှာပဲ မဟုတ်လား"

သူ ထိုင်နေသော ပက်လက်ကုလားထိုင်ဘေး မြက်ခင်းပြင်ပေါ်မှာ မမက ထိုင်ချလိုက်သည်။

"ဒီနေ့ သွားပြီးရင် ပြီးပြီ၊ ဒါ နောက်ဆုံးပဲ မောင်၊ ကိစ္စအားလုံးပြီးမှ မမ မောင့်ကို ပြောပြမယ်နော်"

"မသိချင်ဘူး ဆိုရင်ရော"

"မရဘူး၊ မသိချင်လို့ မရဘူး၊ ပြောကို ပြောပြမှာ၊ မမ အနိုင်ရပါစေလို့သာ ဆုတောင်းပေးစမ်းပါ"

သူ ဘာမှမပြော၊ ခပ်စိမ်းစိမ်းပဲ ကြည့်နေလိုက်သည်။

ခြံကျယ်ကြီးအတွင်းမှ သစ်ပင်ရိပ်အောက်တွင် တစ်ယောက်တည်း ထိုင်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းချမ်းသာသာနဲ့ လိုတရနေတဲ့ ဘဝကို ငါ ပိုင်ဆိုင်ခွင့်ရနေတာတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် ဒီမိန်းမရဲ့ ဘေးမှာပဲ ငါ့ဘဝကို မြှုပ်နှံထားခဲ့ရတာ သုံးနှစ်ပြည့်တော့မယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ပိုင်အစွမ်းအစလည်း ပျောက်ဆုံးခဲ့ရပြီ၊ ဒါတွေ ငါကိုယ်တိုင် ယစ်မူးပျော်ပိုက်နေလို့ ဘာအလုပ်မှ မလုပ်ခဲ့တာ ခုလို သူက ငါ့ကို ခဏ ဘေးဖယ်ထားတာတောင် ငါ ဒီလောက် ခံစားနေရရင် ငါ့ကို အပြီးဖယ်ထုတ်လိုက်ရင်ရော..."

"ဟုတ်တယ်၊ သူ ဖယ်ထုတ်ရင် ငါ လွင့်သွားရမှာပဲ"

"အို...မဟုတ်ဘူး၊ မဟုတ်သေးပါဘူး၊ ကားနှစ်စီးလုံး ငါ့နာမည်နဲ့ လိုင်စင်ဝင်ခိုင်းလို့ ကားပိုင်ရှင်က ငါ ဖြစ်နေပြီ ဒီခြံကြီးကိုလည်း ဂရံ အမည်မှာ ငါ့နာမည်ပေါက်အောင် မမ လုပ်နေဆဲပဲ"

"မမဟာ ငါ့ကို သိပ်ချစ်ရှာတာပါ"

"ဒါပေမယ့် သူ ဘာဖြစ်နေတာလဲ"

"ဘယ်လို ပြဿနာတွေနဲ့ ရင်ဆိုင်ရလို့ အနိုင်အရှုံး တွေ တာတွေ ပြောနေရတာလဲ၊ ခုလည်း ထွက်သွားပြန်ပြီ"

မမအပေါ်မှာ ကြင်နာလိုက်၊ နာကျင်လိုက်ဖြင့် သူ့ခံစားမှုတွေ ယိမ်းယိုင်ရင်း သူ အပေါ်ထပ်သို့ တက်လာခဲ့သည်။ အိပ်ခန်းထဲ ရောက်တော့လည်း အိပ်ရာထဲ လှဲဖြစ်၏။

မကြာလိုက်ပါ။

တစ်နာရီမပြည့်မီ မမ ပြန်ရောက်လာသည်။

လှေကားမှ ပြေးတက်လာပုံရ၏။ သူ့ကို တအားသိမ်းကြုံး ဖက်ရင်း မောဟိုက်လွန်း၍ တုန်ရီနေသော အသံနှင့်...



"မောင်...မောင်ရယ်၊ မမကို မကယ်နိုင်တော့ဘူးလား"

"ဘာလဲ၊ ဘာဖြစ်လာလို့လဲ"

"ရှုံးပြီ၊ မမ ရှုံးသွားပြီကွယ်"

"ဘာလဲ၊ ဘာရှုံးတာလဲ၊ ဘယ်ပစ္စည်းတွေ ပေးအပ်ရမှာလဲ"

မမက ခေါင်းတွင်တွင်ခါသည်။

"ဘာရှုံးတာလဲ၊ ဘယ်သူနဲ့ ပြိုင်ရလို့ ဘာတွေရှုံးတာလဲ"

"မပြောဘူး...မပြောဘူး"

သူမ ငိုရှိုက်နေပုံက အလုံးစုံသောဆုံးရှုံးခြင်းများကို ရင်ဆိုင်နေရသူ တစ်ယောက်၏ ကြေကွဲခြင်းများလို သည်းသည်းထန်ထန် ငိုရှိုက်ရင်း အိပ်ရာထဲမှာ လူးလိမ့်နေ၍...

"မမရယ်...ဘာကြောင့် ဒီလောက် ငိုနေရတာလဲ၊ မောင် သိပါရစေ"

သူ၏ ချစ်လှစွာသော မမ ခုလို ရင်ကွဲမတတ် လူးလိမ့်ငိုကြွေးနေသည်ကိုဖြင့် သူ မကြည့်ရက်နိုင်စွာ ခုတင်ပေါ်တက်ပြီး မမ၏ ကိုယ်လုံးပေါ့ပေါ့လေးကို ပွေ့ယူလိုက်သည်နှင့်...

"မောင်...မောင်ရယ်"

သူမ၏ လက်နှစ်ဖက်ဖြင့် သိုင်းယှက်၍ တအား ဖက်ထွေးယ်ပြီး ဆက်ငိုနေသဖြင့်...

"မမ မောင့်ကို တကယ် ချစ်တယ်ဆိုရင် အကြောင်းစုံ ပြောပြပါလားနော်၊ မမ"

သူမ စက္ကန့်များစွာ ငြိမ်သက်သွားသည်။ ပြီးတော့ သူ့

www.burmeseclassic.com

www.burmeseclassic.com



ပါးကို မမ၏ လက်ဝါးလေးနှင့် ထိကပ်ပြီး...

"မသိချင်ပါနဲ့၊ မသိချင်ပါနဲ့တော့ မောင်ရယ်"

သူ့ရင်ခွင်ထဲမှ မမကို သူ မချင့်မရဲ ကြည့်လိုက်ပြီး...

"မမက မောင့်ကို လက်ထပ်တာ အားလုံး မျှဝေခံစားဖို့ဆို၊ မမ ဒီလောက်ငိုနေရတာ ဘာအကြောင်းလဲလို့ မောင် မသိသင့်ဘူးလား၊ သိခွင့်မရှိထိုက်ဘူးလားဟင် မမ"

"အားလုံး ပြီးဆုံးသွားပါပြီ"

"ဒီနေ့ကိစ္စပြီးရင် မောင့်ကို ပြောပြမယ်ဆို"

"မျှော်လင့်ချက် မဆုံးခင်က ပြောတဲ့ စကားပါ၊ ခုတော့ အားလုံး ဆုံးရှုံးသွားပြီ၊ မောင် ဘာမှ မသိချင်ပါနဲ့တော့ကွယ်"

"မမ..."

"ဟင်..."

"အခု မမ ဖြစ်နေတာတွေ အားလုံး မောင့်ကို ပြောပြနိုင်မလား၊ မပြောပြနိုင်ဘူးလား၊ ဒါပဲပြော"

"မမ တောင်းပန်ပါတယ်၊ မောင်သိလို့မဖြစ်ဘူး၊ သိလည်း ဘာမှအကြောင်းမထူးတော့ပါဘူးကွယ်"

"ကောင်းပြီလေ၊ ရပါတယ်"

သူက တယုတယ မဟုတ်ဘဲ သူမကို ခုတင်ပေါ် ပြန်ချလိုက်သည်။ သူ့ကို တအားဖက်တွယ်ထားသော လက်များကို ခပ်ကြမ်းကြမ်း ဆွဲယူခွာထုတ်လိုက်ပြီး သူ ကျောခိုင်းလိုက်ချိန်မှာ...

"မောင်...မောင်ရေ...လာပါဦး၊ မမဆီ လာပါဦး"

"မလာဘူးဗျာ"



"မမ မောင့်ကို ချစ်လွန်းလို့ပါ၊ မခွဲနိုင်ရက်လွန်းလို့ပါ"

"တော်..."

"လာပါ...ပြန်လာခဲ့ပါဦး မောင်ရဲ့"

"မလာဘူး...မလာဘူး...ကဲ...ကွာ"

သူတို့အိပ်ခန်းဝရှေ့မှာ ခြေတံရှည်ခုံကြီးနှင့်တင်ထားသော ကြေးပန်းအိုးထဲမှာ ဂမုန်းပင် စိုက်ထားသည်။ ဘုန်းတင့်ဝေက ထိုခုံ၏ အောက်ခြေကို ဆောင့်ကန်လိုက်သဖြင့် ခုံရော ပန်းအိုးရော အောက်ကျသွားသံက တိုက်ကြီးထဲမှာ ဟိန်းထွက်သွားသည်။

"အမယ်လေး...ဘာဖြစ်ကြတာလဲ"

ဒေါ်ကြီးနှင့် ကောင်မလေး နှစ်ယောက်လုံး ပြေးတက်လာကြ၍...

"သွားကြ၊ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ"

"မင်းမင်းလေးက နေမကောင်းနေတော့..."

"ကျုပ်တို့လင်မယားကိစ္စ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ၊ သွားကြ၊ အားလုံး သွားကြ"

သူ့ဒေါသသံကြောင့် မိနစ်မသုံးယောက် ဆင်းသွားချိန်မှာ ခြံထဲမှ ဦးသန်းနှင့် ဘကြီးမှုံတို့က တိုက်ကြီးပေါ်သို့ စိုးရိမ်တကြီး မော့မျှော်ကြည့်နေကြသည်ကို သူ ပြတင်းပေါက်မှ လှမ်း၍မြင်လိုက်ရသည်။

ထိုတစ်ညလုံး မမနှင့် သူ လုံးဝ စကားမပြောဖြစ်ပါ။ ငိုနေမှန်း သိလျက်နှင့် သူ ချော့ဖို့ စိတ်မကူး။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဖြစ်သည်။

"ဆရာ့အတွက် ထမင်းပြင်ပေးလိုက်ပါတဲ့၊ မမက သူတော့ ဆင်းမစားတော့ဘူးတဲ့၊ ထမင်းပြင်လိုက်ရမလား ဆရာ"

"အေး…"

သူသည် တစ်လုံးပဲပြောပြီးနောက် သူတို့ ပြင်ပေးသော ဟင်းလျာစုံနှင့် ထမင်းဝိုင်းကို သူလည်း အရင်လို မြိန်ယှက်စွာ မစားသုံးနိုင်။ နေ့လယ်ပိုင်းတွင်…

အောက်ထပ်မှာ ရှိနေသော သူ့ထံသို့ မမသည် ယိုင်နဲ့သော ခြေလှမ်းများဖြင့် ဆင်းသက်လာသည်။

သည်ရက်ပိုင်းလေး အတွင်းမှာ မမ၏ ကိုယ်ခန္ဓာသည် ဆွဲချလိုက်သလို ချုံးကျသွားပြီး ငိုထား၊ အိပ်ပျက်ထား၍ မျက်ကွင်းများ ညိုပြီး ချိုင့်ဝင်နေ၏။ စုစည်းထားခြင်း မရှိသော ဆံပင်များက ဖွာရာကျနေ၏။ သို့သော် မမ၏မျက်နှာသည် ခက်ထန်နေသလိုလို ထူးခြားသော ခံစားမှုရှိနေကြောင်း သူ မြင်လိုက်ရသည်။



"ဒီတစ်ညတော့ မမနဲ့ ပြေပြေလည်လည်လေး နေပေးပါအောင်ရယ်၊ မမ တကယ့်ကို တောင်းပန်ပါတယ်"

သူမ မျက်နှာသည် ထူးခြားနေ၏။ သူမ မျက်ဝန်းတွင် မျက်ရည်တို့ ခန်းနေပြီ။

"မမ မောနေလို့ အပေါ်ထပ်မှာပဲ သွားလှဲနေရအောင်ပါနော်"

မမက သူ့လက်မောင်းကို အားအင်မဲ့နေသော သူ့လက်လေးနှင့် ဆွဲယူပြီး ထစေသည်။ ပြီးတော့ နှစ်ယောက်အတူတွဲ၍ ဖြည်းနှေးလေးကန်စွာ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ လှေကားတစ်ဆစ်ချိုးအရောက်တွင် သူတို့ နှစ်ယောက်ကို အသေအချာ ရပ်ကြည့်နေသော ချိုမာကို မြင်လိုက်ရ၍ ဒေါ်မင်းမင်းထိုက်က…

"ချိုမာ…"

"ရှင်…"

"နင် ဘာရပ်ကြည့်နေတာလဲ"

"ဟို…အင်း…"

"ဒီမှာ…ငါတို့ လင်မယားကိစ္စ နင်တို့ ဘာမှ ဝင်ပါစရာမလိုဘူး၊ ဒေါ်ကြီးကိုလည်း ပြောလိုက်၊ ဒီအိမ်မှာ နင်တို့ဆရာကတော်ဟာ အတည်ပဲ၊ ဆရာက သွားဆိုသွား၊ နေဆိုနေ၊ ဆရာ့ကတော် နားမထောင်တဲ့သူ အလုပ်ကထွက်ကြ၊ ဒါပဲ"

ဒေါ်ကြီးကပါ ယောင်းမကြီးကိုကိုင်ရင်း ပြေးထွက်လာပြီး သူ့သခင်မ၏ စကားကို နားထောင်၏။ ခေါင်းညိတ်၍ပြပြီးနောက် ဒေါ်ကြီးက သူ့ကိုကြည့်သော အကြည့်ထဲမှာ…

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကြောင့်..."

ဟု မလိုမုန်းထားစိတ်များ ပါဝင်နေပါကြောင်း ဘုန်းတင့်ဝေ မြင်တွေ့လိုက်ရပါ၏။ လင်မယားချင်း အဆင်မပြေဖြစ်နေချိန်မှာ အိမ်ဖော်များ၏ မုန်းတီးမှုကို လျစ်လျူရှုလိုက်မိသည်က ဘုန်းတင့်ဝေ၏ အမှား...။

ထိုနေ့ညနေ သုံးနာရီတွင်...

"မောင်..."

"ပြော"

"ဒီနေ့ ဒီည အိမ်ဖော်တွေကို အိမ်မှာ မနေစေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"မောင်နဲ့ နှစ်ယောက်တည်း အတူတူနေချင်လို့"

ဘုန်းတင့်ဝေ သူ့မမကို လှည့်ကြည့်လိုက်မိသည်။ သုံးနှစ်နီးပါး ပေါင်းသင်းခဲ့သော ကာလအတွင်းမှာ ဤလိုမျက်နှာထားမျိုး တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ဒေါ်မင်းမင်းထိုက်သည် နှုတ်ခမ်းများ တင်းစေ့ပြီး အံကြိတ်ထား၏။ မျက်ဝန်းအကြည့်က တစ်နေရာတည်းမှာ ရှိနေပြီး သူ့မျက်ဝန်းမှာ ရက်စက်တော့မည့် အရိပ်အယောင်လို မာန်ဝင်နေသည်။

"မောင်နဲ့ နှစ်ယောက်တည်း နေချင်တယ် ဆိုရင်လည်း မောင်နဲ့ ပြေလည်အောင်နေပေါ့ မမရဲ့"

သူ့ဘက်ကို အကြည့်ရွေ့လာပုံက သာမန် မျက်ဝန်းမျိုး မဟုတ်။



"မမက ဘာတွေ မပြေမလည် လုပ်နေလို့လဲ"

"တော်ပါပြီဗျာ၊ ဘာမှမပြောချင်တော့ဘူး"

"မောင်..."

သူ မထူးပါ။

"မမ မှားခဲ့ရင်လည်း ဒီတစ်ညတော့ မမကို ခွင့်လွှတ်ပေးပါနော်၊ ဒီည ချုပ်ငြိမ်းပြီးတာနဲ့ နောက်တစ်နေ့မနက်မှာ အားလုံး ပြေလည်စေရပါ့မယ်"

သူတောင်းပန်သံ တုန်ခိုက်ခိုက်ကလေးက ဘုန်းတင့်ဝေ၏ ရင်ကို ကိုင်လှုပ်လိုက်သလို 'ခိုက်'သွားရပြန်သည်။

"မောင်..."

"ပြောပါ၊ ဘာလုပ်ပေးရမှာလဲ၊ ဘာဖြစ်ချင်တာလဲ"

"လောလောဆယ်တော့ အိမ်ထဲက၊ ခြံထဲက လူတွေအားလုံး ထွက်သွားစေချင်တယ်"

"ဒီအပေါ်ထပ်ကြီးမှာလည်း နှစ်ယောက်တည်း နေလို့ လွတ်လပ်နေတာပဲ၊ မမ တစ်ခုခု လုပ်ချင်လို့ မဟုတ်လား"

"ဟင်...မ...မ...မဟုတ်ပါဘူး၊ မလုပ်ပါဘူး၊ မမ မောင့်ကို ဘာမှမလုပ်ပါဘူး"

"မမ...မမ...မဟုတ်တော့ဘူးနော်၊ မမ ဘာတွေဖြစ်နေတာလဲ ပြောစမ်းပါ"

သူ့ပခုံးနှစ်ဖက်ကို ကိုင်လှုပ်၍ အော်မေးလိုက်တော့မှ ထိန်းချုပ်ထားပုံရသောမျက်ရည်တို့က သွန်ကျလာသည်။ သူ့ကို ပြန်လည် ဖက်တွယ်ပြီး သူ့ရင်ခွင်ထဲမှာ ပျော့ခွေပုံကျလာ၍...

www.burmeseclassic.com

www.burmeseclassic.com



"မရေယ်ဗျာ..."

သူသည် သူ၏ ချစ်လှသော မမအပေါ်မှာ သနားစိတ်နှင့် ဒေါသစိတ်များ ယှဉ်တွဲခံစားနေရပြန်သည်။

"မောင်...မမကို ကူညီပါ၊ သူတို့ခြောက်ယောက်လုံး ဒီည ကိုယ့်အိမ်ကိုယ် အားလုံး ပြန်ခိုင်းလိုက်ပါ၊ တစ်ယောက်ငါးရာစီ ပေးလိုက်ပါ"

"မမ ဘာတွေလုပ်မလို့လဲ"

"မောင့်ကို ဘာမှမလုပ်ရက်ပါဘူး၊ မမကို ကြောက်သွားပြီ လားဟင်"

"ဘာလို့ ကြောက်ရမှာလဲ၊ မောင် တစ်ချက်တွန်းရုံနဲ့ မမ လဲကျသွားမှာပဲလေ"

"ဟုတ်ပါတယ်၊ သိပ်ဟုတ်ပါတယ်၊ မမမှာ ဘာအင်အားမှ မရှိတော့ပါဘူးကွယ်"

မမက တစ်ချက်ရှိုက်လိုက်ပြီးမှ...

"အိမ်စေ ခြောက်ယောက်လုံးကို တစ်ယောက်ငါးရာစီ ပေးပြီး ပြန်ခိုင်းပေးပါနော်၊ နက်ဖြန်ကျမှ လာခဲ့ကြလို့ ပြောပေး ပါနော်၊ တစ်ယောက်ငါးရာစီလည်း ပေးပေးပါ"

"အဘကွန်းက ဒီမှာနေတာပဲ"

"မြောက်ဥက္ကလာမှာ သူ့သားအိမ် ရှိပါတယ်၊ အဲဒီကို ပြန်ခိုင်းလိုက်ပါနော် မောင်...နော်"

ပိုက်ဆံကို သူကိုင်ရတာ ကြာပါပြီ။ သူ့ပိုက်ဆံအိတ်ထဲမှာ မမက ငွေအထပ်လိုက် ထည့်ပေးထားပြီး ပစ္စည်းဝယ်လျှင်၊ စား



သောက်ဆိုင်မှာ ငွေရှင်းလျှင် သူက ထုတ်ရသည်။ မိန်းမအရိပ်ခို နေရသူ မဟုတ်ကြောင်း သိကြစေရန် မမက သူ့ကို ရှေ့တန်း တင်ပေးထားခြင်း ဖြစ်ပါ၏။

ပိုက်ဆံအိတ်ငယ်လေးကို ဆွဲ၍ သူဆင်းလာပြီး ပထမဆုံး ဒေါ်ကြီးကိုခေါ်၍ အိမ်ပြန်ခိုင်းသည်။ ကောင်မလေးနှစ်ယောက်ပါ သွားကြဖို့ ပြောပြီး ငွေတစ်ထောင့်ငါးရာ ပေးအပ်ချိန်မှာ...

"ဆိုင်းမဆင့် ဗုံမဆင့် ချက်ချင်းကြီးကို ဘာကြောင့် ပြန် ခိုင်းရတာလဲ"

"သိချင် ခင်ဗျားတို့မမကို တက်မေးကြပါလား"

"မတက်ရဲပါဘူးရှင်၊ မင်းမင်းက ပြန်ခိုင်းတာမှ ဟုတ်ရဲ့ သား"

"ကျုပ်ကို ဘာမှပြန်မမေးနဲ့"

"ဘယ်တော့ သွားရမှာတဲ့လဲ"

"ခုချက်ချင်း ထွက်သွားတဲ့"

ဒေါ်အုံးမြကို ခပ်ချဉ်ချဉ်နှင့် သူ အော်ပစ်ခဲ့သည်။

ခြံထဲဆင်းလာပြီး ငါးရာတန်သုံးရွက် ထုတ်ကာ...

"အဘကွန်း၊ မမက ဒီည ခြံထဲမှာ တစ်ယောက်မှ မနေကြ နဲ့တဲ့၊ တစ်ယောက်ငါးရာစီ ယူပြီး ပြန်ကြတဲ့၊ နက်ဖြန်မှ ပြန် လာခဲ့ပါတဲ့"

"ဟင်...ဘာလုပ်မလို့၊ ဘာဖြစ်လို့ အဘတို့ကို နှင်ထုတ်ရ တာလဲကွာ"

"ဘယ်သိမလဲဗျ၊ သူ ပြောခိုင်းလို့ ပြောရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားကွယ်"

"လာပြန့်ပြီတစ်ယောက်၊ အဘကွန်းရဲ့သား မြောက်ဥက္ကလာမှာနေတယ်ဆို၊ အဲဒီကို ပြန်တဲ့ မှာလိုက်တာပဲ၊ အဘကွန်းပဲ အားလုံးကို ပြောပြပြီး အားလုံး သွားကြပါ"

"ဆရာ...ဒီမှာ..."

"ဘာမှ ထပ်မပြောနဲ့၊ ပြောချင်ရင် အိမ်ပေါ်လိုက်ခဲ့ကြ၊ သူ ကျုပ်ကိုမှာလိုက်တာက ဒါပဲ"

ဘုန်းတင့်ဝေမှာ ပင်ကိုက မမကြောင့် စိတ်မကြည်မလင်ဖြစ်နေဆဲမှာ အိမ်စေနှင့် အိမ်စောင့်များက သူ့ကို မယုံကြည်သောသံသယစကားများ ပြောကြ၍ သူ ဒေါသတွေ တအားထွက်လာသည်။ သူတို့အားလုံးကို ခပ်တည်တည်၊ ခပ်မိုက်မိုက် ပုံစံနှင့်ကြည့်ပြီး တိုက်ကြီးဆီသို့ ပြန်လာခဲ့သည်။

"မမလူတွေက မောင့်ကို မယုံသလိုလိုပုံစံနဲ့ မခံ့လေးစားလုပ်နေကြတယ်၊ မမကိုယ်တိုင် သွားပြောစမ်းပါဗျာ"

"မမ မဆင်းချင်ဘူး၊ အောက်ဆင်းပြီး ပြန်တက်ရတာ သိပ်မောတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် သည်းခံလိုက်ပါ၊ သူတို့သွားကြပြီလား"

"မသိဘူး၊ ပြောတော့ ပြောခဲ့တာပဲ"

မမဆန္ဒကို လိုက်လျှောနေကျမို့သာ သူခိုင်းတိုင်း လုပ်ပေးနေရသည်။ ဒီတစ်ခါ အိမ်ရှိလူကုန်နှင်ရသည့် ကိစ္စကို သူကိုယ်တိုင်လည်း ဘဝင်မကျ။ အားလုံးကလည်း မကျေနပ်။

သူ စိတ်ရှုပ်ထွေးစွာ အပေါ်ထပ်ရှိ ဆိုဖာပေါ်တွင် တစ်ယောက်တည်း ထွက်၍ထိုင်နေမိသည်။

ထိုနေ့ ညဦးယံတွင်...

မမကိုယ်တိုင် ခြံတံခါး၊ တိုက်တံခါးသော့ခတ်ပြီး ခြံထဲက မီးတွေ လိုက်ဖွင့်သည်။

"ဒီလိုတော့လည်း ဆင်းနိုင်သားပဲ၊ ညနေကကျတော့ ဘာလို့ ဆင်းမပြောတာလဲ"

"နေ့လယ်က မမ တကယ့်ကို နုံးခွေနေလို့ပါကွယ်၊ ကဲပါ...ဒါတွေ မေ့လိုက်ပါတော့၊ ဒီမှာ မောင်နဲ့ မမ သောက်ဖို့ ကော်ဖီဖျော်လာခဲ့တယ်၊ မောင် ဘာစားဦးမလဲဟင်"

"ဘာမှ စားချင်စိတ်မရှိဘူး"

"မောင်ရယ်...မမကို ဖက်ထားစမ်းပါ"

ဖက်ထားစမ်းပါဟုသာ ဆိုသည်၊ မမကပင် တင်းတင်းကျပ်ကျပ် သူ့ကို ဖက်ထားရှာသည်။

"မမ မငိုဘူး၊ ဒီည မမ မငိုဘူး၊ မောင်နဲ့ ပျော်ပျော်ရွှင်ရွှင်နေချင်လို့ပါ၊ ခြံထဲ ဆင်းကြမလားဟင်"

"ဘာမှမလုပ်ချင်ဘူး"

"ဒါဆို မမ ကိုယ်တိုင်ဖျော်ခဲ့တဲ့ ကော်ဖီလေးတော့ သောက်လိုက်ပါဦးနော်"

ကော်ဖီခါးခါးကို ယူ၍ မော့ချလိုက်မိပြီးမှ...

ရုပ်ရှင်တွေထဲကလို "ဒီမိန်းမ ငါ့ကို အဆိပ်ခပ်လိုက်ပြီလား"ဟု သူ ကယောင်ချောက်ချား တွေးလိုက်သေးသည်။

ရင်ထဲက ပူလာသလိုလို၊ လည်ပင်းထဲက ကျပ်လာသလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ဝေနန့်တာသို့ ထွက်လာပြီး သူ့ကိုယ်သူ ပြန်စမ်းစစ်ရင်း လေးဆောင်းလေသန့်ကို တစ်ဝကြီး ရှုသွင်းလိုက်သည်။

"အဆိပ်မိရင်လည်း ပိုပိုဆိုးလာမှာ၊ အခု အပြင်ထွက်လိုက်တော့ ရင်ထဲမှာ ပိုတောင် ရှင်းသွားသေးတယ်"

စိတ်လက်ပေါ့ပါးသွားချိန်မှာ သူ ဝရန်တာ၌ ကြာမြင့်စွာ ရပ်နေမိသည်။

"မောင်...ညက သာယာလိုက်တာနော်"

"အင်း..."

"လောကကြီးကလည်း သိပ်လှတာပဲ၊ အဲဒီလို သဘာဝ အလှတရားတွေ၊ ချစ်ခြင်းမေတ္တာတွေကို လူသားတွေက ဘာကြောင့်များ ကြာရှည်ပိုင်ဆိုင်ခွင့်မရှိရတာလဲ မောင်ရယ်"

သူ့ကို နောက်ဘက်မှ သိုင်းဖက်ပြီး သူ့ကျောကို မမက ပါးနှင့်ကပ်၍ ပြောနေသော စကားလုံးဆန်းများ...

"ဒီမှာ ရပ်နေတာတောင် ကြာပြီ၊ မောင် အိပ်ချင်လာပြီ မမ၊ အခန်းထဲ ဝင်ကြစို့နော်"

"မောင်..."

"ဗျာ...မမ"

"မမကို ပွေ့ခေါ်သွားပေးပါ"

သူမကို ပွေ့ယူချီမ,သွားချိန်မှာ ယခင်က ချီမ,ဖူးသည်ထက် များစွာပေါ့နေသည်။ မမ နေမှကောင်းရဲ့လား။

ကြင်နာခြင်းနှင့် နားမလည်နိုင်ခြင်းတွေ ရောယှက်နေသော သူ့ကို မမက ပြန်လည် ဖက်တွယ်ထားသည်မှာ လွတ်ထွက်သွားမှာ ကြောက်နေသလို တင်းတင်းကျစ်ကျစ်နှင့်ပါ။



"မမ မောင် အိပ်ချင်နေပြီ"

"အိပ်...အိပ်လိုက်တော့မောင်၊ မမက သိပ်ချောတဲ့ မမရဲ့ အချစ်ဆုံးလေးကို ခဏထိုင်ကြည့်နေဦးမယ်၊ ပြီးမှ မမရဲ့စာအုပ်ပြာမှာ စာရေးရဦးမယ်၊ ပြီးမှ မမက..........."

မမက သူ့ဆံပင်ကို သပ်တင်ပေး၍ သူ့နဖူးကို နမ်းရှိုက်သည်။ သူ့ရင်ဘတ်ပေါ်မှာ မျက်နှာအပ်ထားသည်ကို သူ ထိတွေ့ခံစားရသည်။

နောက်ဆုံး မမ၏စကားသံများကို ကြားနာနေရာမှ ဝေး၍ ဝေး၍ဝေးရာဆီမှ ပြောကြားနေသလို မမ၏ အသံလှိုင်းများ တိုး၍ တိမ်၍ နောက်ဆုံး ပျောက်ကွယ်သွားချိန်မှာ...

သူ နှစ်နှစ်ခြိုက်ခြိုက် နက်နက်ရှိုင်းရှိုင်းကြီးကို အိပ်မောကျသွားခဲ့ပါပြီတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အနှင်းလေး

မိမိ၏ ကိုယ်ကို ဆွဲယမ်းလှုပ်ခါနေကြသည်။

ကားထဲ သို့မဟုတ် ရထားထဲတွင် ရောက်နေပြီး ယမ်းခါခြင်း ခံနေရသလို သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်နေ၏။

"ထ…ထစမ်း"

အသံကျယ်ကျယ်လောင်လောင် ကြားရသည်။ သူ့အာရုံကြောများက ငြိမ်သက်နေးကွေးလေးကန်နေဆဲ…

"ဟေ့ကောင်…ထစမ်း၊ ဘာ အိပ်ချင်ယောင်ဆောင်နေတာလဲ"

သူ့ကို သည်လိုပြောရဲသူ မရှိပါ။

သူ ဘယ်ရောက်နေပါလိမ့်။

အသံများ ကြားရပြီး အသိမှန် ဝင်လာပြီ ဖြစ်သည့်တိုင် သူ့မျက်ခွံများက လေးလံနေဆဲ၊ မျက်စိက ဖွင့်မရ…

"အို…ထစမ်းကွာ"

သူ့လက်ကို ဆောင့်ဆွဲခံလိုက်ရသဖြင့် သူ ငုတ်တုတ်ထထိုင်ပြီးသည့်တိုင် သူ့ကိုယ်သူ ပျောက်ဆုံးနေဆဲ။

"ငါ ဘယ်ရောက်နေပါလိမ့်"



လူသံတွေ ဆူဆူညံညံကြောင့် သူ မျက်စိကို အတင်းဖွင့်ကြည့်တော့မှ…

"ဪ…ဒါ ငါ့အိပ်ခန်းထဲမှာပဲ"

ဤအသိရှိပြီးနောက်မှာ သူ လုံးလုံးလျားလျား နိုးကြားလာခဲ့ပါပြီ။

သူ့ဆားမှာ လူလေးငါးယောက် ဝိုင်းနေသည်။ ဒေါ်ကြီးနှင့်အဘကွန်းလည်း ပါ၏။ ပြီးတော့ ရဲယူနီဖောင်းနှင့် နှစ်ယောက်၊ အောက် မျက်နှာစိမ်း ယောက်ျားကြီးတစ်ယောက်…။

"ဟင်…ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ဘာကိစ္စလဲ"

"မမ…မမရော"

သူ ကြည့်တိကြောင်တိဖြင့် လူတွေကို လှည့်ပတ်ကြည့်လိုက်ပြီး မေးခွန်းသုံးခုကို ဆက်တိုက် မေးချလိုက်သည်။

"မင်းကများ ပြန်မေးနေရသေးတယ်"

"ဘာတွေလဲဗျ၊ ကျွန်တော့်မမရော"

"အေး…တွေ့ချင်ရင် လာ…လိုက်ခဲ့"

ရဲအရာရှိက ပြောပြီး ထွက်သွားနှင့်သည်။ ရဲသား တစ်ယောက်နှင့် မျက်နှာစိမ်းတစ်ယောက်က သူ့ကို လူမမာ တစ်ယောက်လို တစ်ဖက်တစ်ချက်စီ တွဲခေါ်လာကြသည်။ အပြင်တွင် နေကျဲပူနေ၏။ နေမြင့်လှပါပြီကော။

ပြီးတော့ ခြံထဲဆင်းသည်။ ရေကူးကန်နားအထိ တွဲခေါ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာတွေလဲ၊ ဘာဖြစ်နေကြတာလဲ"

ရေကူးကန်ဘေးမှာ လူဆယ်ယောက်ခန့်နှင့် ကန်ဘောင်ပေါ်မှာ လှဲလုံးလဲနေသူ တစ်ယောက်။ ထိုတစ်ယောက်ကို ရဲအရာရှိက လက်ညှိုးထိုးပြပြီး...

"အဲဒီအလောင်းဟာ ခင်ဗျားမမပဲ"

"ဟာ...ဟာ..."

ဆွဲထားသော လက်များထဲမှ ရုန်းထွက်လိုက်ပြီး သူ–သူရူးတစ်ယောက်လို ပြေးသွား၍ ဒူးထောက်ထိုင်ချကာ ရေစိုလက်နှင့် သူ့မမကို ပွေ့ယူလိုက်သည်။

"မမ...မမ...ဘယ်လိုဖြစ်ရတာလဲ"

"ဘာဖြစ်ကုန်ကြတာလဲဗျာ"

သူ့ရင်ခွင်ထဲမှာ အေးစက်စိုစွတ်နေသော သူ့မမမျက်နှာတစ်ပြင်လုံး ဖြူဖွေးဖောင်းပွနေသည်။ ဝဲဘက်မျက်ခုံး၊ နားထင်နှင့်မျက်ကွင်းတစ်ခုလုံး အရိုက်ခံထားရသလို ညိုမည်းနေ၏။

"မမ...မမ...ကို ဆေးရုံမပို့ကြဘူးလား"

"မမ...မမ...မမ မသေရဘူး"

"မမ...မမ၊ ထပါဦး...မမရဲ့"

ရူးသွပ်သွားသူ တစ်ယောက်လို သူ့နှုတ်က ဘာတွေပြောနေမိမှန်း သူကိုယ်တိုင် မသိ။

မနေ့ ညဦးက ခုလို ထွေးပွေ့ခဲ့ရသော သူ့ရင်ခွင်ထဲက မမ။ ခုတော့ နွေးထွေးမှုတွေ ပျောက်ဆုံးပြီး အေးစက်ကျဉ်ခဲကာ သူ့ကို ထာဝရ စွန့်ခွာထွက်သွားပြီဖြစ်သော သူ၏ ချစ်လှစွာသော



မမ၏သက်မဲ့ခန္ဓာ...။

"မမ သေဆုံးသွားပြီ"

ဆိုသော အဖြစ်မှန်ကို သူ လက်ခံရပြီးသည်နှင့် မမ၏ အေးစက်နေသော ဒဏ်ရာမျက်နှာလေးကို သူ့ပါးနှင့်အပ်လျက်...

သူ သည်းထန်လှိုက်လှဲစွာ ရှိုက်ကြီးတငင် ငိုကြွေးနေဆဲမှာပဲ သူ့ပခုံးကို ခပ်ကြမ်းကြမ်းဆွဲ၍...

"အလောင်းကို ပြန်ချလိုက်တော့၊ ကျွန်တော်တို့ တာဝန်အရ စစ်ဆေးစရာတွေ စစ်ဆေးရဦးမယ်"

"ဘယ်လိုဖြစ်ရတာလဲဗျာ"

သူ မတ်တတ်ရပ်ပြီး ရဲအရာရှိကို ကြည့်၍ နားမလည်နိုင်စွာ မေးမြန်းလိုက်သံ ဆုံးသည်နှင့်...

"ဘယ်လိုဖြစ်ရမှာလဲ၊ မင်းမင်းလေးကို သူသတ်ပစ်တာပဲ ဖြစ်မှာပေါ့၊ အမယ်လေး...သဘောကောင်း မနောကောင်းမလေးရဲ့၊ ဒေါ်ကြီးတို့ကို တကယ် ပစ်ထားခဲ့ပြီလား...ဟီး...ဟီး"

ဒေါ်ကြီးဒေါ်အုံးမြကို ဖြတ်ရိုက်ပစ်ဖို့ ရှေ့ခြေတစ်လှမ်းတိုးပြီး လက်ရွယ်လိုက်ချိန်မှာ အဘကွန်းက...

"အုံးမြကို မင်း ဘာမှမလုပ်နဲ့"

ဦးဘကွန်းက ခပ်ထန်ထန်ပြောပြီး ရဲအရာရှိဘက်သို့...

"ဒီမှာ ဆရာ၊ မနေ့က ကျွန်တော်တို့အားလုံးကို နှင်ထုတ်ပြီး သူတို့နှစ်ယောက်တည်း နေခဲ့တာ၊ မင်းမင်း ရေကူးရင်း သေတာဆိုရင် ရေကူးဝတ်စုံနဲ့ ဖြစ်ရမှာပေါ့၊ ခုတော့ ရိုးရိုးအဝတ်နဲ့၊ သူ...ကောင် မင်းမင်းလေးကို ရေကူးကန်ထဲပစ်ချပြီး နှစ်သတ်တာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်”

“ဘာ...ဘယ်လို၊ ခင်ဗျားကြီး ရူးနေသလား၊ ကျုပ်သိပ်ချစ်တဲ့ မမ...မမကို”

“မမကို ဘယ်သူ သတ်တာလဲ”

“ဘယ်ကောင် သတ်ပစ်တာလဲဗျာ”

ဆင်ခြင်ဉာဏ်မဲ့စွာ အော်ဟစ် လှုပ်ရှားနေသော သူ့ကို ရဲသားနှစ်ယောက်က ဖမ်းထိန်းထားလိုက်သည်။

“ဦးချစ်မင်းမောင် ဘာမှ မပြောပါနဲ့တော့ဗျာ၊ အလောင်းကို ဆေးရုံကြီးပို့ပြီးမှ အဖြစ်မှန်ကို စစ်ဆေးကြတာပေါ့”

“မမ ဘာဖြစ်လို့ သေရတာလဲဗျာ”

“အဲဒီအဖြေကို ဆေးရုံကြီးရဲ့ ရင်ခွဲရုံကနေ အဖြေထွက်လာမှ သိကြရမှာပဲ”

“ရင်ခွဲရုံ...”

“ရင်ခွဲရုံ...”

မမရဲ့သက်မဲ့ခန္ဓာ၏ ရင်ခွင်ကိုခွဲပြီး အကြောင်းရှာကြမလို့ သူ့ရင်သည်လည်း ဟက်တက်ကွဲပါပြီ။ ရင်ဟက်တက်ကွဲရုံမက နှလုံးသားကိုပါ အစိတ်စိတ်အမွှာမွှာ အခွဲခံရသလို သူ့ရင်သည် နာကျင်ခြင်း၊ ကြေကွဲခြင်းများ ခံစားရင်း မျက်ရည်ဖြိုင်ဖြိုင်ကျနေဆဲမှာ အဘကွန်းက သူ့ကို လက်ညှိုးညွှန်၍...

“သူ့ကိုလည်း သိပ်မြတ်နိုးရှာတာ၊ ပစ္စည်းတွေလည်း ပုံပေးထားတာ၊ သိပ်စိတ်နှလုံးကောင်းတဲ့ မိန်းကလေးပါဗျာ၊ အါနဲ့များဇတောင် ကျွန်တော်တို့အားလုံးကို နှင်ထုတ်ပြီး သူ...သူ–



ခင်းမင်းကို ဘာကြောင့် သတ်ပစ်ရတာလဲ”

“ခင်ဗျား...ခင်ဗျားကြီး...”

“ဒီမှာ ဦးချစ်မင်းမောင်၊ စိတ်ကိုထိန်းပါဗျာ၊ ခင်ဗျားတို့အားလုံးလည်း ဘာမှမပြောကြနဲ့တော့၊ အလောင်းတင်ဖို့ ကားလည်း ရောက်လာတော့မယ်၊ ဒီမှာ ရပ်ကွက်လူကြီးလည်း ရှိတယ်နော်”

“ဟုတ်...ရှိပါတယ်”

“ခြံထဲ,အိမ်ထဲက အလုပ်သမားအားလုံး ခြံထဲက တန်းလျားမှာပဲ နေကြပါ၊ အပြင်သွားစရာရှိရင် ရပ်ကွက်လူကြီးကို အကြောင်းကြားပါ”

“ကောင်းပါပြီ”

“ဒီတိုက်ကြီးထဲမှာ တခြားလူ မနေဘူး၊ ဦးချစ်မင်းမောင်တို့ ခင်းမောင်နှံပဲ နေကြတာဆိုတော့...”

ရဲအရာရှိက စဉ်းစားချိန်ဆသလို ခဏ တိတ်ဆိတ်လိုက်ပြီးမှ...

“သက်ဆိုင်ရာကို အကြောင်းကြားပြီး အားလုံးရှေ့မှာ ဒီတိုက်ကြီးကို သော့ပိတ်ထားရလိမ့်မယ်”

“သော့ပိတ်မယ်၊ ဟုတ်လား၊ ဘာအတွက်လဲ”

“ပိုင်ရှင် ခေတ္တ မရှိတဲ့အတွက်ပါ၊ အမှုမှန် ပေါ်ပြီးရင် သော့ပြန်ဖွင့်ခွင့်ရမှာပါ”

“ပိုင်ရှင်က ကျွန်တော်လေ၊ ဒီခြံကြီးတစ်ခုလုံး ကျွန်တော့်နာမည်နဲ့ လွှဲထားပြီးသားလေ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဦးချစ်မင်းမောင် အိပ်ပျော်နေတုန်းမှာ အလုပ်သမားတွေအားလုံးက အဲဒီအကြောင်းတွေ ပြောပြပြီးပါပြီ"

"ကျွန်တော်ပိုင်ဆိုင်ပြီးတဲ့ ကိစ္စလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘာလို့ တိုက်ကို သော့ပိတ်ရမှာလဲ"

"ဒေါ်မင်းမင်းထိုက် သေဆုံးမှု သို့မဟုတ် အသတ်ခံရမှုမှာ တာဝန်အရှိဆုံးလူက ဦးချစ်မင်းမောင်ကိုယ်တိုင် ဖြစ်နေလို့ပါ"

"ဘယ်လို..."

"ရှင်းရှင်းပြောရရင်တော့ ဒေါ်မင်းမင်းထိုက် သေဆုံးမှု သို့မဟုတ် အသတ်ခံရမှုမှာ ဦးချစ်မင်းမောင်ကို မသင်္ကာမှုနဲ့ ကျွန်တော်တို့ ဖမ်းရပါလိမ့်မယ်"

"ဗျာ..."

❁ ❁ ❁

## အခန်း ငါး

..................

ဤအမှုတွင်

..................

မှန်ကန်စွာ အစစ်ခံပါမည်

..................

မမှန်မကန် ထွက်ဆိုပါက

..................

ကျမ်းစွန်းပါစေသား

..................

"ကျွန်တော့်နာမည် ဦးဘကွန်းပါ၊ အသက် ခြောက်ဆယ့် ...င်နှစ်ရှိပါပြီ၊ ဒီခြံကြီးထဲမှာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက် ...တည်းက ခြံစောင့်၊ သစ်ပင်စိုက် လုပ်ခဲ့ပါတယ်၊ မင်းမင်းရဲ့ ...ဘ ဦးအောင်ထိုက်နဲ့ ဒေါ်ခင်မိတို့ လက်ထက်တည်းက လုပ်ခဲ့ ...တယ်၊ မင်းမင်း ဦးဇော်ဝင်းမောင်နဲ့ အိမ်ထောင်ကျပြီး နိုင်ငံ ...ားကို နှစ်နှစ်လောက် လိုက်သွားပြီး ပြန်လာပါတယ်၊ မင်းမင်း ...ဘများဆုံးပြီးနောက် တစ်ယောက်တည်း နေရာက ဟောဟိုက ...ရားခံ ချစ်မင်းမောင် အိမ်ပေါ်ရောက်လာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဦးဇော်ဝင်းမောင်နဲ့ တရားဝင်ကွဲပြီးပြီဆိုတာ ကျွန်တော် ဒီရောက်မှ သိပါတယ်"

........................

"အဲဒီ ချစ်မင်းမောင်ကို မင်းမင်းက သိပ်မြတ်နိုးရှာပါတယ်၊ သူ့နာမည်နဲ့ ကားတွေ၊ အိမ်တွေ ပြောင်းပေးထားပါတယ်"

........................

"အဲဒီလူဟာ ကျွန်တော်တို့အပေါ်မှာလည်း သိပ်ပြီး လိုလို လားလား ရှိပုံမရပါဘူး၊ မင်းမင်း မဆုံးခင် နေ့လယ် သုံးနာရီ လောက်က သူကိုယ်တိုင် ငါးရာတန်သုံးရွက်ကိုင်ပြီး ဆင်းလာပါ တယ်၊ ဒီခြံထဲက အားလုံးထွက်သွားကြဖို့ ပြောပါတယ်၊ တစ် ယောက် ငါးရာစီ ယူကြပါလို့ ပြောပြီး ကျွန်တော့်လက်ထဲကို ငွေတစ်ထောင့်ငါးရာ အပ်ပါတယ်"

........................

"ကျွန်တော် ဘယ်တော့မှ အိမ်မပြန်ပါဘူး၊ ခြံထဲက အခန်း လေးဟာ ကျွန်တော့်အိမ်ပါပဲ၊ ဒါပေမယ့် ချစ်မင်းမောင်ကိုယ် တိုင်က မြောက်ဥက္ကလာမှာနေတဲ့ ကျွန်တော့်သားအိမ်ကို ပြန် ခိုင်းပါတယ်"

........................

"မဟုတ်ပါဘူး၊ သူ့အနေနဲ့ ပြန်ခိုင်းတာ မဟုတ်ပါဘူး၊ မင်းမင်းက ငွေပေးပြီး ပြန်ခိုင်းတာလို့ ပြောပါတယ်၊ ကျွန်တော် လုံးဝ မယုံပါဘူး၊ မင်းမင်း ဒီလို တစ်ခါမှ မလုပ်ဖူးပါဘူး"

........................



"ဒါကြောင့် ကျွန်တော်က ဘာဖြစ်လို့ အဘတို့ကို နှင် ထုတ်ရတာလဲကွာလို့ ကောင်းကောင်းမွန်မွန် ပြောတာကို သူက ဘယ်သိမလဲဗျ၊ သူ(မင်းမင်း)က ပြောခိုင်းလို့ ပြောရတာပဲတဲ့၊ ကျွန်တော်က ဟုတ်ရဲ့လားကွာလို့ မေးမိပါတယ်၊ ဒါကို သူက မောက်မောက်မာမာနဲ့ ဘာမှထပ်မပြောနဲ့၊ ကျုပ်ကို မှာလိုက်တာက ဒါပဲ၊ အားလုံး သွားကြလို့ ပြောပါတယ်၊ ဒေါသထွက်နေပုံလည်း ရပါတယ်"

........................

"ဒါနဲ့ ကျွန်တော်တို့သုံးယောက် ခြံထဲက ထွက်ခဲ့ရပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုတော့ ဖြစ်တော့မှာပဲလို့ ထင်ပြီး စိတ်တွေ လေးနေပါတယ်"

........................

"ဟုတ်ကဲ့၊ ညဆိုရင် ခြံထဲမှာ မီးတွေထိန်အောင် ထွန်း ထားလို့ ရေကူးကန်ကို သူတို့လာရင်လည်း ကျွန်တော်တို့ တွေ့ နိုင်ကြမှာပါ"

........................

"ဒါကြောင့် ခြံထဲမှာနေတဲ့ ကျွန်တော်တို့ သုံးယောက်လုံးကို ငွေပေးပြီး ပြန်ခိုင်းလိုက်တာပါ"

........................

"ဟုတ်ပါတယ်၊ ဒီတစ်ညပဲ သွားခိုင်းတာပါ၊ နက်ဖြန် ပြန်လာကြလို့ ပြောပါတယ်၊ အဲဒါကိုက ရှင်းနေတာပါပဲ"

........................

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညမှာ သူတို့နှစ်ယောက်တည်း ခြံကြီးတိုက်ကြီးထဲမှာ နေပြီး ဆေးစာအရ ဆိုရင် အိပ်ဆေးတွေအရင်တိုက်ပြီး မင်းမင်း အိပ်ပျော်မှ သူ ပွေ့ခေါ်လာခဲ့ပုံရပါတယ်၊ ပြီးတော့ ရေကူးကန်ထဲကို ပစ်ချ၊ သို့မဟုတ် ကန်ချလိုက်တဲ့အတွက် မင်းမင်း မျက်နှာနဲ့ နှာ:ထင်မှာ ဒဏ်ရာရပြီး ရေနစ်သေဆုံးတာ ဖြစ်မှာပါ"

........................

"ဟုတ်ကဲ့၊ သေသူ မင်းမင်းဟာ ရေကူး အင်မတန် ကျွမ်းကျင်ပါတယ်၊ ဒါပေမယ့် အိပ်ဆေးကြောင့် မူးဝေနေသလို ရေကူးကန်ထဲက အုတ်လှေကားထစ်နဲ့ ဆောင့်မိလို့ နှာကျင်မေ့မြောပြီး ရေနစ်သွားတာလည်း ဖြစ်နိုင်ပါတယ်"

........................

"နောက်တစ်ခုက မင်းမင်း ရေပေါ် ပေါ်လာစေဦး၊ ကူးခတ်နိုင်စေဦး၊ သတ်ဖို့ ကြံရွယ်ထားတဲ့ ဒီကောင်ဟာ မင်းမင်းကို ရေထဲပြန်နှစ်သတ်မှာ အမှန်ပါပဲခင်ဗျာ"

"ကျွန်တော်တို့အားလုံးကို နှင်ထုတ်ပြီး သူ ရက်ရက်စက်စက် ယုတ်ယုတ်မာမာ မင်းမင်းကို သတ်ပစ်တာ အသေအချာပါပဲခင်ဗျာ"

"ဒါကြောင့် သူ့ကို ထိုက်သင့်တဲ့ ပစ်ဒဏ် ပေးစေလိုပါတယ်"

❀ ❀ ❀



........................

........................

........................

........................

"ကျွန်မနာမည် မအုံးမြပါ၊ အသက် ငါးဆယ့်လေးနှစ် ...ပါပြီ၊ ဒီတိုက်ကြီးထဲမှာ အလုပ်လုပ်လာတာ ငါးနှစ်ကျော်ပါပြီ၊ သူ ရောက်မလာခင်က ကျွန်မတို့အားလုံး အေးအေးချမ်းချမ်း ...ပျော်ရွှင်ရွှင် နေရပါတယ်"

........................

"ဟုတ်ကဲ့၊ သူ ရောက်လာပြီးမှ မင်းမင်းက ကျွန်မတို့ကို ...လှည့်မကြည့်တော့ပါဘူး"

"ကျွန်မနဲ့ တူမလေး ချိုမာရယ်၊ နောက် ကောင်မလေး ...ရှာ:မရယ်၊ ကျွန်မတို့က တိုက်ကြီးအတွက် အလုပ်လုပ်ရပါ...တယ်"

........................

"ခြံကိစ္စ မလုပ်ရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူ ရောက်လာပြီးမှ ဟင်းကို မင်းမင်းအကြိုက် မချက်ရ ဘူး၊ အဲဟိုက ချစ်မင်းမောင်အတွက်ပဲ ချက်ရတော့တယ်"

........................

"ဟုတ်ကဲ့၊ ပြောပါမယ်၊ မင်းမင်း အသတ်မခံရခင်တစ်ပတ် လောက် အလိုကတည်းက သူတို့လင်မယားချင်း ပြဿနာဖြစ်နေ ကြပါတယ်"

"ဘာပြဿနာလဲတော့ ကျွန်မတို့ မသိပါဘူး၊ မင်းမင်း တစ်ယောက်တည်း ကားမောင်းထွက်သွားတာကို သူ...အဲ ချစ် မင်းမောင်က စိတ်ဆိုးတော်မူတယ်လေ၊ ခါတိုင်းလည်း မင်းမင်း တစ်ယောက်တည်း ကားမောင်းပြီး သွားနေကျပါ၊ ခု သူနဲ့ကျမှ..."

........................

"ရှင်...သြော်...ဟုတ်ကဲ့၊ မင်းမင်း အသတ်မခံရခင် တစ် ပတ်လောက်က အကြောင်း ပြောပါ့မယ်၊ သူတို့ချင်း ဘာတွေဖြစ် ကြတယ်တော့ မသိဘူး၊ ဝုန်းဒိုင်းဆိုတဲ့အသံကြီးကြားလို့ ကျွန်မနဲ့ ချိုမှာ အပေါ်ပြေးတက်ကြည့်တော့ ကြေးပန်းအိုးတင်တဲ့ ခုံရှည်ကြီး ကို ကန်လိုက်တာလား၊ တွန်းလိုက်တာလား မသိဘူး၊ လဲကျနေ တယ်၊ သူက ကျွန်မတို့ကို ဒေါသတကြီး ကြည့်ပြီး ကျုပ်တို့လင် မယားကိစ္စ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ၊ သွားကြ၊ အားလုံးသွားကြ ဆိုပြီး အော်ထုတ်ပါတယ်"

........................

"ဟုတ်ပါတယ်၊ မင်းမင်း အသတ်မခံရခင် တစ်ပတ်လုံး သူတို့လင်မယားချင်း အဆင်မပြေကြပါဘူးရှင်"



"ဒါပေမယ့် အဲဒီကောင်က ခပ်တည်တည်ပါပဲ၊ မင်းမင်း လေးကပဲ လိုက်လိုက်ချော့နေရတာ၊ ကျွန်မ တကယ်သနားတယ် သိလား၊ သူတော်ကောင်းမလေးပါရှင်...ဟင့်...ဟင့်...ဟီး..."

........................

"ဟုတ်ကဲ့၊ တရားခွင်မှာမှန်း သိပါတယ်၊ မင်းမင်းလေး အတွက် ဝမ်းနည်းလွန်းလို့ပါရှင်၊ မငိုဘဲ ပြောပါ့မယ်"

"အဲဒီနေ့က သူက ငါးရာတန်တွေကိုင်ဆင်းလာပြီး ကျွန်မ တို့ အားလုံးကို နှင်ထုတ်ပါတယ်၊ ကျွန်မက ပြန်မေးတော့ သိ ချင်ရင် ခင်ဗျားတို့ မမကို တက်မေးကြပါလားတဲ့"

"ကျွန်မတို့ အပေါ်ထပ် မတက်ရဲမှန်း သိလို့လေ၊ သူတို့ လင်မယားနေတဲ့ အပေါ်ထပ်ကြီးကို မင်းမင်း မခေါ်ဘဲ တက်ခွင့် မရှိတာ သူ သိသားနဲ့၊ အလကား လျှောက်ပြောနေတာပါ၊ ပြီး တော့ ဘယ်တော့ သွားရမှာလဲ မေးကြည့်တော့လည်း ခုချက်ချင်း ထွက်သွားကြတဲ့"

........................

"ဟုတ်ပါတယ်၊ ကျွန်မတို့လည်း မနေရဲဘဲ ခြံကြီးထဲက ထွက်ခဲ့ရပါတယ်၊ ကျွန်မနဲ့ အဘကွန်းနဲ့လည်း ခြံထဲမှာ ပြော ဖြစ်ကြပါတယ်၊ ဒီကောင် ဘာလုပ်ချင်လို့ တို့ကိုနှင်တယ် မသိ ဘူးလို့တောင် အဘကွန်းက ပြောပါသေးတယ်"

"ဒီလိုသာ အဲဒီညက မင်းမင်းကို သတ်ပစ်မယ်မှန်းသိရင် ကျွန်မတို့ ကုပ်ကပ်နေပါတယ်၊ တစ်ညလုံး ထိုင်ချောင်းနေပါတယ် ရှင်၊ ခုတော့ လုပ်ရက်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



……………………

"မင်းမင်းက ဒင်းကို သိပ်ချစ်ရှာတာရှင့်"

"သူ…သူ…မင်းမင်းကို သတ်ပစ်တာ အမှန်ပါပဲ"

"ဒါကြောင့် သူ့ကို ကြိုးမိန့်ပေးပါ တရားသူကြီးရှင့်"

❊ ❊ ❊

……………………

……………………

……………………

……………………

"ကျွန်တော့်နာမည် ဦးသန်းပါ၊ အသက် လေးဆယ့်လေးနှစ် ရှိပါပြီ၊ ဒေါ်မင်းမင်းထိုက်ရဲ့ အလောင်းကို ပထမဆုံး တွေ့ရတဲ့သူဟာ ကျွန်တော်ဆိုတာ မှန်ပါတယ် ခင်ဗျာ"

……………………

"ကျွန်တော်တို့ တူအရီး နေတာက ရွှေပြည်သာမှာ ဆိုတော့ ပြန်ရတာ ဝေးပါတယ်၊ ဒါကြောင့် အဲဒီညက တာမွေက ကျွန်တော့်အဒေါ်အိမ်မှာ အိပ်လိုက်ပါတယ်"

……………………

"ဟုတ်ကဲ့၊ ကျွန်တော်နဲ့ ကျွန်တော့်တူလေး ဖိုးကျော်က တစ်ခြံလုံး ကိစ္စ တာဝန်ယူရပါတယ်၊ ရေကူးကန်က ရေကိုလည်း



ပါးရက်တစ်ခါ၊ တစ်ပတ်တစ်ခါ ဦးလေးကွန်းနဲ့အတူ လဲပေးရပါတယ်"

……………………

"အရင်တုန်းက ဦးလေးကွန်းပဲ အားလုံး လုပ်ပါတယ်၊ နောက်တော့ ဦးလေးကွန်း အသက်ကြီးလာလို့ လခ ပေးထားပြီး ကျွန်တော်တို့တူအရီးကို ဥယျာဉ်မှူးအလုပ်ထပ်ခန့်တာပါ၊ သိပ်စေတနာကောင်းတဲ့ မိန်းမပါပဲဗျာ၊ လခအပြင် အပိုငွေတွေလည်း ကြာခဏ ပေးသေးတယ်၊ အားလုံးအပေါ်မှာလည်း သိပ်သက်ညှာပါတယ်"

……………………

"ဪ…ဟုတ်ကဲ့၊ အလောင်းကို စတွေ့တဲ့အကြောင်း ပြောပါမယ်"

"ကျွန်တော်တို့ တူအရီး ခြံကြီးထဲကို ပြန်လာတော့ မနက် ကိုးနာရီရှိပါပြီ၊ ဘယ်သူမှ မရောက်ကြသေးပါဘူး၊ လူခေါ် ခေါင်းလောင်း နှိပ်တော့လည်း ဘယ်သူမှ ထွက်မကြည့်ပါဘူး"

"ဒါနဲ့ တူအရီးနှစ်ယောက် ခြံတံခါးကို ကျော်တက်ခဲ့ကြပါတယ်၊ ကျွန်တော်တို့နေတဲ့အလုပ်သမားတန်းလျားကို ရောက်တော့ ခြံတံခါးသော့က ခါတိုင်းနေရာမှာ ချိတ်လျက်ပါပဲ၊ ကျွန်တော်လည်း ခြံတံခါးကိုဖွင့်ထားလိုက်ပါတယ်၊ နောက်ပြီး ခြံထဲ တံမြက်စည်းလှည်း၊ ပန်းပင်တွေပြင်ပြီး ခြံထောင့်က သစ်ရွက်ကြွေတွေ ကောက်နေတုန်း ရေကူးကန်ဘက်မှာ ပန်းပင်တွေရေလောင်းဖို့ သွားတဲ့ ကျွန်တော့်တူ ဖိုးကျော်က အူးလျားဖားလျားပြေးလာပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး...ဦးလေး၊ လာကြည့်စမ်း၊ ရေကူးကန်ထဲမှာ ဘာကြီးမှန်းမသိဘူးလို့ ပြောတာနဲ့ ကျွန်တော်လည်း ပြေးကြည့်ခဲ့တဲ့အခါ...

ဟောဒီလို မှောက်ရက်ကြီး လက်နှစ်ဖက်က ရေကူးနေသလို ရှေ့မှာတုတ်လို့၊ ဆံပင်တွေက မျောနေတယ်၊ ဘလောက်စ်အင်္ကျီ အဖြူပေါ်မှာ အနက်စက်နဲ့၊ ထဘီကလည်း အနက်ပါပဲ၊ ထဘီက ဒူးဖုံးတဲ့အထိပါ၊ ခြေသလုံးပဲမြင်ရပါတယ်၊ လုံချည်ကလည်း စကတ်ထဘီမို့ မြဲနေပါတယ်"

.........................

"ပြီးတော့ ဘာကြောင့်လဲ မသိဘူး၊ ရေက လှုပ်နေတော့ အလောင်း...အဲ...အဲဒီတုန်းကတော့ အလောင်းလို့ မထင်သေးပါဘူး၊ ရေကလှုပ်တော့ သူလည်း လိုက်လှုပ်နေလို့ ဒေါ်မင်းမင်းများ ကိုယ်ဖော့ပြီး ရေကူးနေသလားလို့ စိတ်ထဲထင်ပြီး အသေအချာ ကြည့်မိပါတယ်"

"မဟုတ်နိုင်ဘူး၊ ဒေါ်မင်းမင်းဆိုရင် ရေကူးဝတ်စုံဝတ်မှာ၊ ဘယ်သူ ရေလာကူးနေတာလဲ၊ ကိုယ်ဖော့နေတာ ဟုတ်ရဲ့လား၊ သေနေပြီလား၊ ဒါပေမယ့် ငြိမ့်ငြိမ့်လေး လှုပ်နေတော့ ကျွန်တော်လည်း ကယောင်ချောက်ချားနဲ့ ဘာလုပ်ရမှန်းမသိဘဲ ကန်ဘေး ပတ်ပြေးနေမိပါတယ်"

.........................

"ကံကောင်းချင်တော့ အဲဒီ အချိန်မှာပဲ အဘကွန်း ပြန်ရောက်လာပါတယ်"

BURMESE CLASSIC .com



"မင်းမင်း ထင်တယ် ဆိုပြီး အဘက ရေထဲဆင်းပြီး အလောင်းကြီးကို ဆွဲယူပါတယ်၊ ကြောက်ကြောက်နဲ့ ကျွန်တော်ကို ဘူအရိုးပါ ဝိုင်းဆွဲပြီး ကန်ဘောင်ပေါ်တင်ပြီး ပက်လက်လှန်လိုက်တဲ့အခါမှာ ပါးစပ်ထဲက ရေတွေထွက်ကျလာတဲ့ မမင်းမင်းရဲ့ အလောင်းကို တွေ့ကြရပါတယ်"

.........................

"သေပြီလို့ ဘယ်လိုလုပ်သိသလဲဆိုတော့ အဘကွန်းက နှိုင်ကြည့်စမ်းကြည့်ပါတယ်၊ နောက် ရင်ဘတ်ကို လက်နဲ့ဖိကြည့်တော့ ရေတွေပဲ ထွက်လာပါတယ်၊ လုံးဝ မလှုပ်ဘူး"

.........................

"အဘကွန်းက ဖြစ်ရလေကွာ၊ တို့ကိုနှင်ထုတ်ပြီး ဟိုကောင်မင်းမင်းလေးကို သတ်ပစ်လိုက်ပြီပေါ့လို့ ငိုပြီး ပြောပါတယ်"

.........................

"ဟုတ်ကဲ့၊ ဒါပေမယ့် ကိုချစ်မင်းမောင်ကို ခေါ်ဖို့၊ ရှာဖို့ မေ့နေကြပါတယ်"

"ခဏနေတော့ ဒေါ်အုံးမြတို့သုံးယောက် ခြံထဲ ပြန်လာကြပါတယ်၊ ဒေါ်အုံးမြက အော်ငိုပြီး လူကြီးတွေကို ပြေးခေါ်ပါတယ်"

"အဘကွန်း ဖုန်းဆက်ခိုင်းလို့ ကျွန်တော်က ရဲစခန်းကို ဖုန်းဆက်ခေါ်ရပါတယ်"

.........................

"ဟုတ်ကဲ့၊ ဒေါ်အုံးမြတို့ ပြန်လာတော့ နောက်ဖေးတံခါးဖွင့်ပြီး တိုက်ကြီးထဲ ဝင်လို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နောက် ရဲတွေရောက်လာမှ အဘကွန်းက မမင်းမင်းကို ကိုချစ်မင်းမောင် သတ်တာပဲ ဖြစ်မယ်လို့ ပြောတော့မှ တိုက်ကြီး အပေါ်ထပ် အိပ်ခန်းထဲ သွားကြည့်ကြရပါတယ်"

........................

"ဟုတ်ကဲ့၊ ရဲအရာရှိ ပြောသွားတဲ့အတိုင်း လူငါးယောက် လောက် နိုးမှ ကိုချစ်မင်းမောင်က နိုးလာတော်မူပါတယ်"

"အချိန်က မနက် ဆယ်နာရီလောက် ရှိသွားပါပြီ၊ သူ အိပ်ချင်ယောင်ဆောင်နေတာ သေချာပါတယ်၊ လှုပ်နှိုးလို့တောင် မနိုးလို့ အတင်းဆွဲထူမှ မျက်လုံးပွင့်လာတာပါ"

........................

"ဟုတ်ကဲ့၊ သေချာပါတယ်၊ သူ အိပ်ချင်ယောင်ဆောင် နေတာပါ၊ မနက်ဆယ်နာရီအထိ ဘယ်သူအိပ်နေမှာလဲဗျာ"

........................

"ဟုတ်ကဲ့၊ ကျွန်တော် မြင်တာ တွေ့တာ ဒါအကုန်ပါပဲ ကျွန်တော် ကျိန်ပြောရဲတယ်၊ စာစာကလို ကျမ်းကိုင်ပြီး ပြော ရဲပါတယ်"

"မမင်းမင်းကို ကိုချစ်မင်းမောင် သတ်ပစ်လိုက်တာပါ"

❁ ❁ ❁

BURMESE CLASSIC .com

### အခန်း(၁၁)သြော်က်

အကျိုးဆောင်ရှေ့နေကြီး **"ဦးအောင်ဟိန်း"**သည် အချုပ် ကျ တရားခံနှင့် တွေ့ဆုံရန် သက်ဆိုင်ရာသို့ ခွင့်တောင်းလိုက် သည်။

သူသည် တရားခံ၏ အကျိုးဆောင်ရှေ့နေဖြစ်၍ သူနှင့် တရားခံတို့ နှစ်ယောက်ချင်း တွေ့ဆုံတိုင်ပင်နိုင်သော အခွင့်အရေး လည်း ရရှိနေသူ ဖြစ်သည်။

မကြာမီမှာပင်...

အရာခပ်သိမ်းကို ဆုံးရှုံးသွားသူတစ်ယောက်၏ မျှော်လင့် ခြင်း ကင်းမဲ့နေသော မျက်နှာနှင့် သူ့ရှေ့မှောက်သို့ ချစ်မင်းမောင် ရောက်ရှိလာသည်။

"နေကောင်းရဲ့လား"

မှိုင်းမှုန်ရီဝေနေသော မျက်ဝန်းဖြင့် ဦးအောင်ဟိန်းကို သူ တစ်ချက် လှမ်းကြည့်၍ ခေါင်းညိတ်ပြပြီးနောက်မှာ မျက်ဝန်းသေ ခြင်း အုတ်နံရံကို သူ ကြောင်ငေးငေး ကြည့်နေသည်။

"အဲဒီညက အကြောင်းကို နည်းနည်းလောက် ထပ်ပြီး ဆွေးနွေးရအောင်လား ချစ်မင်းမောင်၊ ဦးအနေနဲ့ သဲလွန်စတစ်ခုခု တွေ့ပြီးရင် ဆွဲဆန့်လို့ ရချင်ရနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာမှ မဆွေးနွေးချင်တော့ဘူး"

"အဲဒီလို တွင်တွင်ငြင်းမနေနဲ့လေ၊ အမှုရဲ့အခြေအနေက မကောင်းတော့ဘူး၊ အဲဒီ အခင်းဖြစ်တဲ့ ညက ထူးထူးခြားခြား အကြောင်းလေး တစ်ခုခု အစဖော်လို့ရရင် ကိုယ့်ဘက်က ခုခံကာကွယ်ဖို့ မျှော်လင့်နိုင်တာပေါ့"

"ကျွန်တော် အားလုံး ပြောပြပြီးပါပြီ"

"တစ်ခုခု ထပ်စဉ်းစားပါဦး"

"ကျွန်တော် တစ်ခုတော့ စဉ်းစားမိတယ်၊ ဖြစ်နိုင် မဖြစ်နိုင်တော့ မသိဘူး"

"ဟုတ်ပြီ၊ ပြောစမ်းပါဦး မောင်ချစ်မင်းမောင်"

"မမဟာ သူ့ကိုယ်သူ သတ်သေသွားတာများလား"

"စူဆိုက်(Suicide)..."

အသက်ငါးဆယ်ကျော်ရွယ် အရပ်ပုပု ခပ်ဝဝ ထိပ်ပြောင်ပြောင်နှင့် စူးရှသော မျက်လုံးရှိသည့် ရှေ့နေကြီး ဦးအောင်ဟိန်းက ခေတ္တမျှ တွေဝေစဉ်းစားပြီးမှ ခေါင်းယမ်း၍...

"တကယ်လို့ သူသတ်သေတာ ဆိုခဲ့ရင် အိပ်ဆေးတွေ အလွန်အကျွံသောက်ပြီး မောင်ရင့်ရင်ခွင်ထဲမှာပဲ သူအိပ်ပျော်ရင်း သေဆုံးသွားမှာပေါ့၊ ဒါမှမဟုတ်လည်း ရေကူးကန်ထဲမှာ တမင်နှစ်ပြီး သူ အဆုံးစီရင်မှာပေါ့"

ခေတ္တ စကားဖြတ်ပြီးမှ...

"Postmortem လုပ်တဲ့ ဆရာဝန်ရဲ့ အစစ်ခံချက်က မသေဆုံးမီ နာရီဝက်လောက်အလိုက အိပ်ဆေးတွေ အလွန်အကျွံ



သောက်ထားတာ တွေ့ရတယ်တဲ့၊ ပြီးတော့ ရေကူးကန်ကရေတွေ သောက်ထုတ်ပြီး စစ်ဆေးကြည့်တဲ့အခါမှာ ကန်ထဲဆင်းတဲ့လှေကားထစ် အစွန်းလေးပွဲနေတာတောင် တွေ့ကြရသတဲ့၊ ဆိုလိုတာက ဒေါ်မင်းမင်းကို အိပ်ဆေးတွေအလွန်အကျွံတိုက်ပြီး သတိလစ်နေတဲ့ အချိန်မှာ ရေကူးကန်ထဲ ပစ်ချလိုက်တယ်လို့ အားလုံးက သတ်မှတ်လိုက်ကြပြီ"

"ဘယ်သူက ပစ်ချတာလဲ"

"အဲဒါ သိမှတော့ ပွဲပြီးပြီပေါ့ကွယ်"

"မမက သူ ရှုံးပြီလို့ ပြောခဲ့တယ်လေ၊ ဒါဆိုရင် မမကို နိုင်လိုက်တဲ့လူက လာသတ်တာရော မဖြစ်နိုင်ဘူးလား"

ဦးအောင်ဟိန်း ခေါင်းခါသည်။

"ဒီအမှုကို အားလုံးက စိတ်ဝင်စားတော့ ရဲကလည်း ဟာကွက်မရှိအောင် လိုက်ပါတယ်၊ သက်ဆိုင်ရာ လူကြီးတွေရှေ့မှာ အိမ်ရှေ့တံခါးဖွင့်၊ တိုက်ထဲဝင်၊ မင်းတို့အိပ်ခန်းထဲအထိ ဝင် စစ်ဆေးကြတယ်၊ လူစိမ်း ဝင်လာတာ လုံးဝ မဖြစ်နိုင်ဘူးတဲ့၊ ဘာသဲလွန်စမှ ရှာမရလို့ တိုက်ကြီးကို သော့ပြန်ပိတ်လိုက်ရတယ်"

"မမက အိပ်ဆေးတွေ သောက်ထားတယ်တဲ့လား"

"ဟုတ်တယ်လေ"

"ကျွန်တော့်ကိုရော အိပ်ဆေးခတ်ထားလား မသိဘူး၊ မနက်ဆယ်နာရီအထိ ကျွန်တော် တကယ် အိပ်ပျော်နေတာပါ"

သူ၏ အကျိုးကို ဆောင်ရွက်ရမည့် ရှေ့နေကြီး ဦးအောင်ဟိန်းကပင်လျှင် ခပ်ပြုံးပြုံးနှင့် သူ့ကိုကြည့်လာသည်။ သူ့စကားကို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပုံမရ။ လက်ခံနိုင်ခြင်းမရှိသည့် အကြည့်ဖြင့်သာ ကြည့်နေ လော့သည်။

"ကျွန်တော်တို့ အိပ်ခန်းထဲ ဝင်ရှာတော့ ဘာတွေ့လဲ၊ မမက စာတွေ ဘာတွေ ရေးထားခဲ့သေးလား"

"ချစ်မင်းမောင်...ချစ်မင်းမောင်၊ မင်း မျှော်လင့်နေတာက တခြား၊ တကယ် လက်ခံထိုက်တဲ့ဖြစ်ရပ်က တစ်မျိုးဖြစ်နေတယ်"

"ကျွန်တော်လည်း သိသမျှ စိတ်ထဲထင်သမျှ ပြောနေတာ ပဲဗျာ"

ဦးအောင်ဟိန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"အဲဒီညက ကော်ဖီသောက်ကြသေးလား"

"သောက်တယ်၊ မမ ကိုယ်တိုင် ဖျော်တိုက်တာ..."

"တကယ်လို့ ကော်ဖီထဲမှာ အိပ်ဆေးခပ်ထားရင်တောင် ဘယ်လို ဓာတုဗေဒနဲ့မှ စစ်လို့မရနိုင်တော့ဘူး၊ ဘာဖြစ်လို့လဲ ဆို တော့ ကော်ဖီခွက်ကလေး နှစ်ခွက်လုံး ပြောင်နေအောင်ဆေးပြီး မှောက်ထားလို့ပဲ"

"ဒါဆိုလည်း အန်ကယ့်လ်ကို ကျွန်တော် နောက်ထပ် ပြောစရာ စကားလုံး မရှိတော့ပါဘူး"

စိတ်ပျက်နေရာမှ အဆုံးစွန်သော စိတ်ကုန်ခြင်းသို့ ရောက်ရှိ သွားပြီဖြစ်သော ချစ်မင်းမောင်မှာ အကြည့်သေဖြင့် တစ်နေရာ တည်းသို့သာ စိုက်ကြည့်နေသည်။ သူ့ထံမှ ဘာစကားသံမှ ထွက် မလာတော့ပါ။

"အမှုကတော့ အခြေအနေ မကောင်းလှဘူး၊ ဒေါ်မင်းမင်း



ထိုက်ရဲ့ ဝန်ထမ်း ခြောက်ယောက်လုံးက မင်း သတ်ပါတယ်၊ အပြစ်ပေးပါလို့ချည်း တောင်းဆိုနေကြတယ်"

"သူတို့က သူတို့ကို ခြံထဲက ထွက်သွားခိုင်းတာ ကျွန်တော့် ဆန္ဒလို့ ထင်နေကြတာ၊ အမှန်က မဟုတ်ပါဘူး၊ မမ ခိုင်းတဲ့ အတိုင်း ကျွန်တော် လုပ်ရတာပါ"

"ဒါပေမယ့် ပြန်ခိုင်းလိုက်တယ်ဆိုတဲ့ မင်းရဲ့မမက သေ သွားပြီလေ၊ ဘာ အထောက်အထားမှ မကျန်ခဲ့ဘူး"

"ဒါဆိုလည်း မသိဘူးဗျာ၊ ကျွန်တော် သိခဲ့ ဖြစ်ပျက်ခဲ့ သမျှ အန်ကယ့်လ်ကို အားလုံး ပြောပြပြီးပြီပဲ၊ ကျွန်တော် တစ်ခုပဲ သေသေချာချာ ပြောနိုင်တယ်"

"ဘာလဲ"

"ကျွန်တော် မမကို မသတ်ဘူး"

"ကျွန်တော် မသတ်ပါဘူးလို့ ပြောနေရုံနဲ့ တရားရုံးက ဘယ်လိုလုပ်ပြီး လက်ခံမှာလဲ၊ မသတ်ဘူးဆိုခဲ့ရင် 'အလီဘိုင်' ပြနိုင်ရမယ်၊ မမင်းမင်း သေဆုံးချိန်က မင်း ဘယ်မှာ ဘယ်သူနဲ့ အတူရှိနေပါတယ် ဆိုတာမျိုး သက်သေပြနိုင်ရမယ်လေ"

သူ ဘာမှ ကြားဖြတ်ဝင်မပြောခဲ့ပါ။ ရှေ့နေဦးအောင်ဟိန်း ကသာ...

"ဒီတိုက်ကြီးထဲကို ဘယ်လူစိမ်းမှ ဝင်မလာတာ သေချာ ဘယ်၊ မင်းတို့ နှစ်ယောက်တည်း ရှိနေကြတယ်၊ အဲဒီမှာ တစ် ယောက် အသတ်ခံရလို့ သေတယ်ဆိုတော့ အမှုက ရှင်းနေသလို ဖြစ်နေပြီ၊ ပြီးတော့ အိမ်ဖော်တွေရဲ့ အစစ်ခံချက်ကလည်း သိပ်

www.burmeseclassic.com

www.burmeseclassic.com



အရှာရောက်သွားနိုင်တယ်၊ ဖိအား ဖြစ်လာတယ်၊ သူတို့ရဲ့ ထွက်ဆိုချက်ကို ချေဖျက်ဖို့အတွက် တို့ဘက်က ဘာအထောက်အထား၊ ဘာ သက်သေမှ မပြနိုင်ခဲ့ဘူး၊ ဘာကိုမှ ခိုင်ခိုင်လုံလုံ မငြင်းဆိုနိုင်ခဲ့ဘူး"

"ဒါကြောင့် ဥပဒေအကျိုးဆောင်ဆိုတဲ့ အစိုးရရှေ့နေ(ဆွဲချ) က အမှုကို ခိုင်ခိုင်မာမာတည်ဆောက်ပြီး စွဲချက်တင်လိုက်ပြီ"

"တင်လည်းတင်ပေါ့၊ မတရား ဆုံးဖြတ်ကြမယ် ဆိုရင် တော့လည်း ကျွန်တော် လည်စင်းခံရုံပဲလေ"

"တရားရုံးက မတရား မဆုံးဖြတ်ပါဘူးကွာ၊ သက်သေ အထောက်အထားအရပဲ သုံးသပ်ပြီး ဆုံးဖြတ်မှာပါ"

"အန်ကယ်လ် ကိုယ်တိုင်က ကျွန်တော့်အပေါ်မှာ သံသယ ဖြစ်နေရင်တော့ ကျွန်တော်နဲ့ ဘာမှဆက်ဆွေးနွေးစရာမလိုတော့ ဘူး၊ ပြောစရာ စကားလုံးတွေလည်း ကုန်ခန်းသွားပြီ"

ဦးအောင်ဟိန်းက သူ့တရားခံကို စိတ်ပျက်စိတ်ကုန်စွာ တစ်ချက်ကြည့်လိုက်ပြီးမှ ဖိုင်တွဲများကို ပြန်၍ပိတ်သိမ်းလိုက်သည်။

ချစ်မင်းမောင်သည် လက်ရှိဖြစ်ရပ်များ အားလုံး ပျောက်ဆုံး သွားသလို သူ ဘာမှမကြား ဘာမှမမြင်သော သက်ငြိမ် မျက်ဝန်း များဖြင့် အုတ်နံရံကြီးကို ငေးစိုက်ကြောင်ကြည့်နေသည်။

ဦးအောင်ဟိန်းက နေရာမှထ၍ သူ့ကျောပြင်ကို ညင်ညင် သာသာ သုံးလေးချက်မျှ ပုတ်ပြီး...

"အေးလေ...ဘာပဲဖြစ်ဖြစ် အန်ကယ်လ်ဟာ မင်းရဲ့လူပါ၊ မင်းအတွက် အငှားခံထားရတဲ့လူပါ၊ ပြဿနာအားလုံး ဖုံးကွယ်



[illegible]း ရှေ့က ရပ်ပေးမယ့်သူပါ၊ ဒီအမှုကြီး ပြီးဆုံးတဲ့ အထိတော့ အန်ကယ်လ် ဆောင်ရွက်ပေးရမှာပဲ၊ ဒီမှာ မောင်ချစ်မင်းမောင်"

သူက မထူး။ ရှေ့နေဘက်သို့သာ လှည့်ကြည့်လာသည်။

"ဒီအမှုကို လွတ်အောင်လိုက်ပေးပါဆိုပြီး အန်ကယ့်လ်ကို ဘယ်သူက ငှားပေးတာလဲ သိလား"

သူ ခေါင်းခါပြလိုက်သည်။

"ယဉ်ညိုသွယ်"

"ဟာ..."

"အဲဒါလည်း မင်းရဲ့ချစ်သူပဲဆို"

သူ အံကြိတ်လိုက်သည်။ ဘာမှမဖြေ။

"ဒေါ်မင်းမင်းထိုက်ဟာလည်း မင်းကို သိပ်ချစ်ရှာတဲ့မိန်းမ ပါ၊ ပစ္စည်းတွေအားလုံးလည်း လွှဲပေးခဲ့တယ်၊ ဒါနဲ့များတောင်..."

"မပြောနဲ့၊ မပြောနဲ့..."

"ခင်ဗျားကြီး ဘာမှ ဆက်မပြောနဲ့"

"ကျွန်တော့်မမကို ကျွန်တော် သိပ်ချစ်တာပါ"

"ကျွန်တော် မသတ်ဘူး"

"ကျွန်တော် မသတ်ပါဘူး"

"ကျွန်တော့်မမကို ကျွန်တော် မသတ်ပါဘူးဗျာ"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်းခုနစ်

ဒီနေ့ တရားခံတွေ များလိုက်တာ။

ကားပြာပြာကြီးထဲမှာ ထိုင်ဖို့ဝေးလို့၊ မတ်တတ်ပင် ကျပ်ကျပ်တည်းတည်း ရပ်လာကြရသည်မှာ အင်းစိန်ထောင်မှ ရန်ကုန်တရားရုံးရောက်သည် အထိပင်။

အားလုံး ညစ်ပတ်ပေတူး နံစော်နေသည့်အထဲမှာ အရုပ်မြင့်မြင့် ဖြူဖြူဖွေးဖွေး သန့်သန့်စင်စင် ရှိနေဆဲ ချစ်မင်းမောင်ဟု အမည်ပေါက်နေသော ဘုန်းတင့်ဝေမှာ ကြီးစွာသော စိတ်၏ နာကျင်ခြင်းကို ခံစားရင်း လိုက်ပါလာခဲ့ရပါ၏။

တရားရုံးကိုရောက်ပြီး တာဝန်ကျရဲက အချုပ်ကားသော့ကိုဖွင့်ပေးမှ တစ်ယောက်ချင်း ဆင်းရသည်။ နောက်ဘက်အကန့်ထဲမှာ မိန်းမ အချုပ်သားများ ပါရှိသေးသည်။

တရားရုံး ရောက်ပြီးနောက် အချုပ်ခန်းထဲမှာ နေရသေးသည်။ ပြီးမှ ကိုယ့်အလှည့်ကျရာ တရားခွင်သို့ ဝင်ရောက်အစစ်ခံရန် ရုံးအပေါ်ထပ်သွားရသည်။ ချစ်မင်းမောင်၏အလှည့်မရောက်ခင် လက်ထိပ်တန်းလန်းနှင့် ကြမ်းပြင်တွင် ထိုင်နေရဆဲမှာ...



"ဟို...ဟိုမှာ...အစ်ကိုကြီး ဘုန်းတင့်"

အသံကြောင့် ထိုင်နေရာမှ သူ မော့လိုက်ရာတွင်...

"ဟာ...ညီမလေး ပန်းဖြူစင်"

"ဟင်...အ...အမေ..."

သူ့ခေါင်းကို ချွန်ထက်သော လက်နက်နှင့် ရိုက်နှက်ခွဲချခြင်း ခံလိုက်ရသလို သူ မူးမိုက်ပြာဝေသွားသည်။

အဆီးအတားအတွင်းတွင် သူ ထိုင်ရာမှထပြီး အမေတို့အနီးသို့ ခြေလှမ်းလိုက်ရသော်လည်း အမှန်တကယ်က သူ အမေ့ကို မတွေ့ချင်ပါ။ ပန်းဖြူစင်ကိုလည်း မတွေ့ချင်။ ဘယ်သူ့ကိုမှ တွေ့ချင်စိတ်မရှိပါသော်လည်း တုန်တုန်ရီရီနှင့် ရောက်လာရှာသော အမေ ဒေါ်ကျော့ခင်ကိုဖြင့် သူ ရင်ဆိုင်လိုက်ရပါပြီ။

"သား...သားကြီးရယ်...ဘုန်းတင့်..."

အမေက ညွတ်ခွေကျသွားသဖြင့် ပန်းဖြူစင်နှင့် သူ လှမ်းဆွဲထားလိုက်ရသည်။ သူနှင့် နောက် တရားခံ တစ်ယောက်တို့ လက်ချင်းတွဲဆက်ပြီး လက်ထိပ်ခတ်ထားသဖြင့် လက်နှစ်ဖက်နှင့် ထိန်း၍မရ။

'အမေ'ဆိုသော အရှိန်ကြောင့် တစ်ဖက်မှ တရားခံကလည်း အလိုက်သင့် နေပေးရှာပါသည်။

"အစ်ကိုကြီး...အစ်ကိုကြီးရယ်"

ပန်းဖြူစင်က စ၍ ငိုနေသဖြင့်...

"နင်က မငိုနဲ့လေ၊ အမေ...အမေ ဘာဖြစ်လို့ လိုက်လာရတာလဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ကျော့ခင်သည် ပိန်ပိန်လှပ်လှပ်ကလေးသာ ကျန်တော့သည်။ ဆံပင်တွေ တစ်ခေါင်းလုံး ဖြူဖွေးပြီး သွားတွေလည်း ကျိုးနေရှာပြီ။ အမေ့ကို ကြည့်ရသည်မှာ အာဟာရပြည့်ဝစွာမစားသုံးရသော ဒုက္ခသည် အဘွားကြီး တစ်ယောက်လို ဖြစ်နေရှာသည်။

"ဘာဖြစ်လို့ လိုက်လာရသလဲဆိုတော့ နင် ပစ်ထားပေမယ့် ငါက မပစ်နိုင်လို့ပေါ့ ဘုန်းတင့်ရယ်"

သူ အမေနှင့် မတွေ့ဖြစ်သည်မှာ မမနှင့် လက်ထပ်ပြီးကတည်းကမို့ သုံးနှစ်တာ ကြာခဲ့လေပြီ။

"မငိုပါနဲ့ အမေရာ၊ လူတွေ ဝိုင်းကြည့်နေကြပြီ"

သူကလည်းချော၊ ပန်းဖြူစင်ကလည်း ဖွေးဖွေးလှလှလေးမို့ ညစ်စုတ်ပေတူးနေကြသူများကြားမှာ သူတို့က အထင်းသား။ ယနေ့ ရုံးထုတ်လာသော တရားခံများ၏ မိသားစုများ၊ ဆွေမျိုးမိတ်ဆွေများ၊ ရှေ့နေများဖြင့် မစည်ကားအပ်သော နေရာမှာ စည်ကားနေလိုက်တာ ပွဲတော်တမျှပါပဲ။

"ညီလေး...ဘုန်းဆင့်ရော"

"သူ ကုမ္ပဏီမှာ အလုပ်ဝင်နေပြီလေ၊ ခွင့်ယူလို့ မရလို့ ညီမလေးတို့ကို အစ်ကိုသန်းထိုက် လိုက်ပို့တာ"

သူတို့ နေထိုင်သော ကျောက်မြောင်းရပ်ကွက်ထဲမှ ညီလေး၏ သူငယ်ချင်းက အမေတို့ကို လိုက်ပို့ပေးရင်း သူ့ကို ငေးကြည့်နေသည်။ ထိုကောင်လေးနှင့်လည်း သူမတွေ့ချင်၍ မျက်နှာလွှဲပစ်လိုက်သည်။



"သား...သားကြီး၊ မင်း တကယ်ပဲ လူသတ်လိုက်တယ်ဆိုတာ သားကြီးရယ်"

"မသတ်ဘူး အမေ၊ ကျွန်တော် တကယ်ပြောတာ၊ မမကို ကျွန်တော် မသတ်ပါဘူး"

"ဒါနဲ့ ဘာလို့များ အမေ့သားကို ဖမ်းထားကြရတာလဲ"

"ကျွန်တော်ကိုယ်တိုင်လည်း မသိပါဘူး၊ ကဲပါ၊ ဒါတွေ ပြောမနေပါနဲ့တော့၊ အမေတို့လည်း မငိုပါနဲ့တော့ဗျာ၊ ညီမလေး ဖြူစင်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ပြန်ကြတော့၊ အမေ့ကို ဂရုစိုက်ပြီး ခေါ်သွားနော်"

နှောင်ကြိုးမဲ့ လက်တစ်ဖက်ဖြင့် အမေ့ကို ကိုင်ထားရာမှ အမေက ဆောင့်ရုန်းလိုက်ပြီး...

"ငါ့ကို ပြန်ခိုင်းနေတာလား ဘုန်းတင့်"

"ဟုတ်တယ် အမေ"

"မင်းအဖေ၊ မင်းကို ကျွေးမွေး ပညာသင်ပေးခဲ့တဲ့ မင်းရဲ့ အဖေ ကိုမြရှိန်ကြီး အကြောင်း မမေးတော့ဘူးလားဟဲ့...ဟင်"

အမေ့အသံက တုန်ခိုက်ကျယ်လောင်စွာ ဒေါသသံပါနေ၍ သူ အမေ့ကို အံ့သြစွာ ကြည့်နေချိန်မှာ ပန်းဖြူစင်ကပါ ချုံးပွဲချ ငိုရင်း...

"ဘဘကြီး ဦးမြရှိန် ဆုံးပြီ အစ်ကိုကြီးရဲ့"

"ဟာ..."

"ဒီနေ့ တစ်လပြည့် အရက်ဆွမ်းကျွေးပြီး ကြီးကြီးနဲ့အတူနဲ့

www.burmeseclassic.com



ဖြူတို့ အဘုလာခဲ့ကြတာ”

“အဖေ…အဖေ…ဆုံးပြီ”

“အေး…ဆုံးပြီ၊ မင်း ကောင်းစားနေကတည်းက ရောဂါဖြစ်နေတာ”

“ကျနော်…ကျ…နော် ပေးတဲ့ ငွေတွေရော ရရဲ့လား”

“ရပါတယ်…ရပါတယ်…ငွေပေးရင် တာဝန်ကျေပြီလို့ထင်နေတဲ့ သားကြီး၊ မိဘဆိုတာ ငွေမရချင်နေပါစေ၊ သားသမီးမျက်နှာကိုပဲ မြင်ချင်ကြတာ၊ တွေ့ချင်ကြတာပါ ဘုန်းတင့်ရဲ့”

သူ့ အမေ့လက်ကို ကိုင်ထားရာမှ မျက်နှာမော့ပြီး အံ့ကြိတ်လိုက်မိသည်။

“ခုလည်း မင်း ငါ့ကိုမတွေ့ချင်မှန်း ငါသိပါတယ်၊ ဒါပေမယ့် အမေကတော့ အမေ မသေခင် အမေ့သားကြီးရဲ့မျက်နှာလေးကို မြင်ချင်လွန်းလို့ အမေ…အမေ ရောက်လာရတာ၊ ရောက်…လာ…ရ…တာ…ပါ…”

အမေ ပျော့ခွေသွားသဖြင့် ဝိုင်းထိန်းကြ၊ ယပ်ခတ်ကြနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။

“ဘာဖြစ်တာလဲ”

“မအေကြီးက လိုက်လာရှာတာ၊ သားက သုံးနှစ်လုံး ပစ်ထားတာတဲ့လေ”

“ဒါပေါ့၊ အမေဆိုတာ ဘယ်နေနိုင်ပါ့မလဲ၊ သနားပါတယ်”

“သားကလည်း မိုက်လိုက်တာနော်”



“မိဘအပေါ် မိုက်ရုံဘယ်ကမလဲ၊ သူ့အမေလောက်ရှိတဲ့ မိန်းမကြီးကို ယူထားပြီး သတ်ပစ်လိုက်တာတဲ့”

“ခု သူ့မိန်းမကိုသတ်မှုနဲ့ အဲဖမ်းခံနေရတာလေ”

မှုးမေ့မတတ် ယိုင်နဲ့သွားသော ဒေါ်ကျော့ခင်ကို ဝိုင်းပြုစုနေစဉ် သူ့ဘေးမှ သူကြားအောင် တမင်ပြောနေကြသော စကားသံများ…။

ဘာမှမတုန့်ပြန်နိုင်သော အကျဉ်းစံ တရားခံတစ်ယောက်ကို ဝိုင်းအံ့ကြည့်ရှုရင်း လူသားချင်းစာနာထောက်ထားမှုကင်းစွာ ကော်ပက်စက်စက် ဝေဖန်ကဲ့ရဲ့ရှုံ့ချနေကြသူများကို ‘သူ’ မော်၍ပင် ကြည့်ရဲ။ ခေါင်းငုံ့ချလိုက်ရသည်။

ဒေါ်ကျော့ခင်မှာ အားတင်း၍ သူ့ကိုယ်သူ ပြန်လည် တည့်တော်လိုက်သည်။ သူ့သားကြီးကို မော့ကြည့်ပြီး…

“ငိုနေတယ်လား သားကြီးရယ်”

အရိုးပေါ်အရေတင်ရုံ ပိန်လှီ ဖျော့တော့နေသော လက်ကလေးနှင့် သူ့သားကြီးကို လှမ်းဖက်ရင်း…

“သားမသတ်ရင် အပြစ်ရမှာ မဟုတ်ပါဘူး၊ အားတင်းထားနော်သား၊ ဘုရားတရားလည်း မမေ့နဲ့နော်၊ အမေလည်း ယတြာချေပေးပါ့မယ်”

မိဘ ငိုနေလျှင်သာ သားသမီးတို့က သိပ်အရေးမစိုက်တတ်ကြသော်လည်း သားသမီး၏ မျက်ရည်တစ်စက်သည် မိခင်၏ နှလုံးသားပေါ် မီးတစ်ပွင့် ကြွေကျလာသလို မိခင့်များ ခံစားရတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေ…အဖေ…ဘာရောဂါနဲ့ ဆုံးတာလဲ အမေရယ်"

"အသည်းရောဂါတဲ့၊ အရက် မသောက်ပေမယ့် မင်း အဖေက ဆေးလိပ်သောက်တယ်လေ၊ အကြာကြီး အကုခံပါရ တယ်၊ ဆေးရုံမှာချည်း တစ်လခွဲကြာတယ်၊ သားကြီးပေးတဲ့ငွေနဲ့ ကုရတာပေါ့"

သူ ခေါင်းညိတ်ပြလိုက်ပါသည်။

"အမေတို့မှာလည်း သားကြီးက အဆက်ဖြတ်ထားတော့ ဘာဖြစ်လို့ဖြစ်နေမှန်း မသိကြဘူးလေ၊ နောက်ဆုံးမှ သားလေး ဘုန်းဆင့် သူငယ်ချင်းဆီက တစ်ဆင့်ကြားရတာ၊ သားကြီး ဒီလို ဖြစ်နေတယ်ဆိုတာ အဲဒီတော့မှ သိရတာ"

"အဖေရော သိသွားလား"

"မသိပါဘူး၊ လုံးဝ မသိဘူး၊ နောက်ဆုံးအချိန်အထိ မျှော်ရှာ တယ်၊ ငါ မသေခင် ငါ့သားကြီး မျက်နှာလေးကို မြင်ချင်သေးတဲ့ လေ…"

"ဟင်း…"

သူ သက်ပြင်းချလိုက်သော်လည်း ရင်မှာ ပေါ့ပါးမသွားပါ။

"ဆုံးကာနီး နှစ်ရက်ကတော့ အားလျှော့လိုက်တယ် ထင် ပါရဲ့၊ ငါ့သားကြီးကို ငါ တွေ့ခွင့်ရတော့မယ် မထင်ပါဘူးကွယ်… တဲ့လေ"

မိဘနှင့် ပတ်သက်၍ သူ့ရင်မှာ ပထမဆုံးအကြိမ်အဖြစ်နှင့် ရှူးရှူးနင့်နင့် နာကျင်လာမိသည်။

ယခင်အပတ်များ ရုံးထုတ်လာစဉ်က ညီလေး ဘုန်းဆင့်



သာ ရောက်လာပြီး အမေနဲ့ အဖေ နေကောင်းကြကြောင်းပြော၍ သူ အဟုတ်ဟု ထင်မိခဲ့သည်။ ယခုတော့…

အဖေက ဆုံး၊ အမေ့ရုပ်ရည်က ကျဆင်းသွားလိုက်တာ၊ သက်ဆိုးပင် ရှည်မည်မထင်။ ညီလေး ဘုန်းဆင့်က အလုပ်မှ ခွင့်မရ၍ မလာနိုင်အောင် အလုပ်ရှင်ကို ကြောက်နေရရှာသည်။

ယခု သူ့ရှေ့မှ ညီမလေး ပန်းဖြူစင်ကို သူ မျက်နှာချင်း ဆိုင်ရဲစရာ မရှိပါ။ ညီ့ကို ရက်စက်စွာ စွန့်ပစ်ခဲ့ခြင်းမှာ ညီ့ရဲ့ ချစ်တတ်လွန်းရှာသော နှလုံးသားကို နာလန်မထူနိုင်အောင် သူ အသေသတ်ပစ်လိုက်ခြင်း ဖြစ်ကြောင်း သူသိပါသည်။ ညီသည် ဘဝအတွက် ခင်ပွန်းတစ်ယောက်ကို ရွေးချယ်လိုက်ရာမှာ နှလုံး သား ဗလာနှင့် လက်ထပ်ရမည် ဖြစ်ကြောင်းလည်း သူ သိရှိ ပါ၏။

သူ့ကြောင့် သူ့ပတ်လည်မှ မိသားစုအားလုံး ဒုက္ခကိုယ်စီနှင့် ပါလား။

"ချစ်မင်းမောင်ခေါ် ဘုန်းတင့်ဝေ"

တရားခွင်ရှိ တရားသူကြီး၏ရှေ့မှောက်သို့ သူ ဝင်ရောက်ရ တော့မည်မို့…

"အမေရယ်…ကျွန်တော်တောင်းပန်ပါတယ်၊ လိုက်မကြည့် ပါနဲ့တော့နော်"

အမေ ဒေါ်ကျော့ခင်က မျက်ရည်သုတ်ရင်း ခေါင်းညိတ်ပြ ရှာသည်။

"ညီမလေး ဖြူ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ညို့ကိုပြောလိုက်ပါ၊ အသုံးမကျတဲ့ ငါ့အတွက် ငွေတွေ အလကား အကုန်မခံပါနဲ့လို့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အစ်ကိုကြီးရယ်"

"သူ့ယောက်ျားရဲ့ ငွေကြေးနဲ့ ငါ့ရဲ့ လွတ်မြောက်မှုကို လဲလှယ်မပေးသင့်ပါဘူးလို့ ပြောပေးပါကွယ်"

"အစ်ကိုကြီး"

"ဘာမှ မပြောနဲ့တော့၊ ငါနဲ့ ငါ့အကြောင်းကို မေ့လိုက်ပါ တော့လို့ပဲ ပြောလိုက်ပါ ညီမလေး၊ ကဲကဲ...အမေ့ကို ကောင်း ကောင်းခေါ်သွားကြနော်၊ ငါ သွားရတော့မယ်"

နှစ်ယောက်တွဲ လက်ထိပ်ခတ်လျက်နှင့်ပင် ရဲသား တစ် ယောက်က ရှေ့ဆောင်၍ ခေါ်သွားရာနောက်သို့ ချစ်မင်းမောင် လိုက်ခဲ့ရပြီ။ ခြေမှာ ဖိနပ်မပါ။ တရားခံဆိုသည်မှာ ဖိနပ်စီးခွင့်မရှိ

သူ့နောက်မှာ မျက်ရည်စက်လက်နှင့် ကျန်ရစ်ခဲ့သော မိခင်ကြီး...။

ကလေးဘဝကစပြီး ချစ်ခင်ခဲ့ရသော ညီမလေး ပန်းဖြူ ကလည်း ရှိုက်ကြီးတငင် ငိုကြွေးလျက်...

တရားရုံးပေါ်မှာ ထိုနေ့လောက် သူ တုန်လှုပ်ချောက်ချား သော နေ့မျိုး မရှိခဲ့သေး။

အမေ၏မျက်ရည်...

ညီမလေး၏ငိုသံ...

ပတ်ဝန်းကျင်မှ သူ့ဘဝ ရစရာမရှိအောင် ဝေဖန်သံများ



သူ လွတ်မြောက်သည့်တိုင်အောင် ပတ်ဝန်းကျင်၏ဂယက် သည် သူ၏ အသက်ထက်ဆုံး ဆိုးဝါးကြမ်းကြုတ်စွာ သူ့ကို ရိုက်ခတ်နေဦးမှာ သေချာသည်။

သူ့ကြောင့်...

ဖခင်ကြီးက သူ့ကို တမ်းတရင်း ကွယ်လွန်ခဲ့ပြီ။

အမေ့ကိုလည်း မျက်ရည်များစွာ စီးဆင်း နာကျင်စေခဲ့ပြီ။

ညိုသည်လည်း အရှက်ရရုံမက ရင်ဟက်တက်ကွဲရှာမည်။

ညီလေးလည်း ပင်ပန်းနေရှာပြီ။

ချစ်လှစွာသော မမလည်း သေဆုံးခဲ့ပြီ။

...ဒါဖြင့်...

ဒီလောကကြီးမှာ သူ ဘာကြောင့် ဆက်ပြီး ရပ်တည်တော့ မလဲ။

ဘယ်သူ့အတွက် ဆက်ပြီး အသက်ရှင်စရာ လိုတော့လို့လဲ။

သူ့အတွက်...

"လွတ်မြောက်ခြင်းနှင့် ရှင်သန်ခြင်း" ဆိုသည်မှာ ဘာ အဓိပ္ပာယ်မှ မရှိတော့ပါလား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်းရှစ်

တရားဥပဒေဆိုသည်မှာ ချိန်ခွင်လျှာ တည့်မတ်နေသလို ဖြစ်စေရမည်။ တစ်ဖက်စောင်းနည်း မဖြစ်စေရ။ တစ်ဖက်က အသာရပြီး တစ်ဖက်က လျော့နည်းဆုံးရှုံးသွားတာမျိုး မဖြစ်စေ ဆိုသော သဘောဖြစ်အောင် 'ချိန်ခွင်'ပုံများသည် တရားရုံး၏ အမှတ်အသားဖြစ်၏။

အမှုတစ်ခုတွင် သက်သေခံအဖြစ် သက်မဲ့ပစ္စည်းနှင့် ကျမ်းကိုင်၍ သက်သေခံသော သက်ရှိလူသားတို့၏ ထွက်ဆိုချက်သည် အလွန့်အလွန် အရေးပါအရာရောက်ပေသည်။

လူသတ်မှုတစ်ခုတွင် သည်တရားခံ သတ်မှန်းသိပါလျက် နှင့် တရားခံက ဖြောင့်ချက် မပေးဘဲ ငြင်းဆန်နေချိန်မှာ ဘာ သက်သေအထောက်အထားမှ ရှာမရ၊ မျက်မြင်သက်သေလည်း တစ်စုံတစ်ယောက်မှ မရှိ၊ သတ်သည့်လက်နက်၊ တုတ်၊ ဓား သေနတ် စသည်တို့လည်း လုံးဝ ရှာမတွေ့ဘဲ ရုံးတော်သို့ ဘာ



အထောက်အထားမှ တင်ပြနိုင်ခြင်း မရှိခဲ့လျှင် ထိုတရားခံသည် လူသတ်မှုမှ ကွင်းလုံးကျွတ် လွတ်သွားနိုင်သည်။

သို့သော် ယခုအမှုတွင်...

တရားခံက သူမသတ်ပါဟု လုံးဝ ငြင်းဆိုနေသော်လည်း သူ မသတ်သည့် အကြောင်းကို ခိုင်ခိုင်လုံလုံ တင်ပြနိုင်ခြင်းမရှိပေ။

မှုခင်းဆရာဝန်၏ ရုံးတော်သို့ တင်ပြချက်အရ ဒေါ်မင်းမင်းထိုက်သည် မသေဆုံးမီ နာရီဝက်ခန့်လောက်က အိပ်ဆေးများ အလွန်အကျွံ သောက်ထားပြီးမှ ရေကူးကန်ထဲတွင် ရေမွန်းနစ်ကာ သေဆုံးသည်။ ဝဲဘက်မျက်ခုံးနှင့် နားထင်တစ်ဝိုက်မှာ ပြင်းထန်သော ဒဏ်ရာလည်း ရှိနေ၍ ရေထဲသို့ ပစ်ချခံရခြင်းဖြစ်နိုင်သည်။ ရေကူးဝတ်စုံလည်း ဝတ်မထား၍ သေသူကိုယ်တိုင် ရေဆင်းကူးရင်း မတော်တဆ ရေနစ်သေဆုံးခြင်း လုံးဝ မဖြစ်နိုင်။

ထို့အပြင်...

အမျိုးသား ခြံအမှုထမ်း သုံးဦးနှင့် အိမ်ဖော်အမျိုးသမီး သုံးယောက်လုံးကို တရားခံက ငွေငါးရာစီပေးပြီး ပြန်ခိုင်းလိုက်သည်။ ဒေါ်မင်းမင်းထိုက်၏ အမိန့်အရဟု ဆိုသော်လည်း ထိုဝန်ထမ်း ခြောက်ယောက်လုံး ထိုနေ့ညနေက ဒေါ်မင်းမင်းထိုက်ကို မမြင်တွေ့ကြရပေ။

ထိုအမှုထမ်းများကို ပြန်ခိုင်းလိုက်ခြင်းမှာလည်း အခင်းဖြစ် လူသတ်မှုအတွက် အလွန်ခိုင်လုံစေသော အထောက်အထားများ ဖြစ်လာစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှသာမက…

ဝန်ထမ်းများ၏ ထွက်ဆိုချက်အရ ဒေါ်မင်းမင်းထိုက်တို့ ခန်းဆောင်နှံ့မှာ မသေဆုံးမီ တစ်ပတ်ခန့်က ခိုက်ရန်ဒေါသဖြစ်ကြခြင်း၊ မခေါ်မပြောဘဲ နေကြခြင်း၊ တရားခံက ဒေါသထွက်နေခြင်းများအပြင်…

ဝန်ထမ်းများအားလုံးက…

တရားခံသည် ဒေါ်မင်းမင်းထိုက်ကို သတ်ပစ်ပါသည်။ ထိုက်သင့်သော ပစ်ဒဏ်ချမှတ်ပါရန် တညီတညွတ်တည်း ကျမ်းကိုင်၍ ထွက်ဆိုသွားကြသည်။

❊ ❊ ❊

တရားခံ၏ ရှေ့နေကြီး ဦးအောင်ဟိန်းမှာ တည်ဆောက်ပြီးသား ချစ်မင်းမောင်၏ အမှုကို အပြန်ပြန်အလှန်လှန်သုံးသပ်ကြည့်နေမိခြင်းဖြစ်သည်။

ဤထွက်ဆိုချက်များကိုသာ လက်ခံအတည်ပြုခဲ့လျှင် သူ့အမှုသည်မှာ လွတ်လမ်းမရှိနိုင်ပါ။

သို့သော်…

နှစ်ယောက်တည်းရှိကြသည့် ခြံကြီးထဲမှာ တစ်ယောက်ကသေ၍ ကျန်တစ်ယောက် သတ်သည်ဟု ယူဆနိုင်ဖွယ်ရာရှိသော်လည်း ချစ်မင်းမောင် သတ်ပစ်ပါသည်ဟု ရုံးတော်သို့ တင်ပြရန် ဘာအထောက်အထားမှ မရှိပါ၍…



ဦးအောင်ဟိန်းသည် သူ၏ ရှေ့နေသက် အနှစ်သုံးဆယ်ကျော်မှ အတွေ့အကြုံများကို အရင်းတည်၍ တရားခံဘက်မှ သူ့အတတ်ပညာများကို အစွမ်းကုန် အသုံးချကာ တရားခွင်မှာ လျှောက်လဲပါမည်ဟု ဆုံးဖြတ်လိုက်ပြီး သူ၏တရားခံနှင့် ညှိနှိုင်းရန် ရောက်ရှိလာချိန်မှာ…

"ကျွန်တော့်ကို ဘာမှ ထပ်ပြီး မပြောပါနဲ့တော့ ဦးအောင်ဟိန်း"

"မပြောလို့ ဖြစ်မလား၊ နက်ဖြန်ပဲ တရားခံဖြစ်တဲ့မင်းကို တရားခွင်မှာ စစ်တော့မှာလေ"

ချစ်မင်းမောင်သည် တွေဝေနေပြီးမှ…

"ကျွန်တော် တစ်ခု မေးပါရစေ"

"မေးပါ…မေးပါ"

"တကယ်လို့ ကျွန်တော့်အမှုမှာ အရင်က ထွက်ဆိုသွားကြတဲ့ သက်သေတွေရဲ့ စကားကို ယုံကြည်ပြီး ကျွန်တော် မမကို သတ်တယ်လို့ ရုံးတော်က လက်ခံရင် သေဒဏ်ချမှာလား၊ သေဒဏ်ရော ရှိသေးလား"

"သေဒဏ်ရှိတာပေါ့"

"ကျွန်တော့်အမှုကရော သေဒဏ်ချနိုင်သလား"

"အဲဒါတော့ တရားသူကြီးရဲ့ စီရင်ချက်ပေါ်မှာပဲ မူတည်တယ်၊ ဘာပဲဖြစ်ဖြစ် အစွမ်းကုန်တော့ ခုခံကာကွယ်ရမှာပေါ့ကွာ၊ ဒီမှာ မောင်ချစ်မင်းမောင်"

"ပြောပါ"

www.burmeseclassic.com

"နက်ဖြန် မင်းကိုစစ်မှာ သိပ်အရေးကြီးတယ်နော်၊ ငါ့ကို ခင်းငြင်းခဲ့သလို ကျွန်တော် လုံးဝ မသတ်ပါဘူးလို့ ဇွတ်အတင်းသာ ငြင်းပစ်ကွာ၊ အနံ့ကယ်လ်လည်း အချက်အလက်တွေကို ရှာထားပါပြီ၊ အစွမ်းကုန် လျှောက်လဲပါ့မယ်"

"ကောင်းပြီလေ၊ နက်ဖြန်မှပဲ ဆုံကြတာပေါ့၊ ကျွန်တော် ဘယ်လိုဖြေမယ်ဆိုတာတွေကို ကျွန်တော်လည်း စီစဉ်ထားပါပြီ"

"ကောင်းတယ် မောင်ချစ်မင်းမောင်၊ ဘူးသာငြင်းကွာ၊ မလွတ်ရင်တောင် ထောင်ဒဏ်နည်းအောင် ကြိုးစားရမှာပေါ့"

ချစ်မင်းမောင် ဖြစ်နေသည့် ဘုန်းတင့်ဝေ၏ မျက်ဝန်းများ အရင်လို မှေးမှိန်မနေတော့ဘဲ ထက်မြက်စွာ တောက်ပနေသည်။

စိတ်ဓာတ်ကျဆင်းရာမှ ယခုအခါ ခက်ထန် မာကြောနေသလို မေးကြောကြီးများ ထောင်နေအောင် သူ အံကြိတ်ထား၏။ ယခင် တွေ့နေကျ ကျဆုံးနေသော မျက်နှာမျိုး မဟုတ်တော့ဘဲ တစ်ခုခုကို ရင်ဆိုင်ရန် ပြတ်သားတော့မည့် သဏ္ဍာန် ရှိနေ၍ ဦးအောင်ဟိန်းလည်း သူ့အမူသည်လေးအတွက် အားတက်ခဲ့ရပါပြီ။

သည်လိုနှင့်...

သူမျှော်လင့်နေသော နောက်တစ်နေ့သို့ ရောက်ခဲ့ပါပြီ။

ရုံးထုတ်လာ၊ အချုပ်ထဲသွင်းပြီးမှ တရားဆိုင်ရန် ခေါ်လာပြီး တရားသူကြီးက တရားခံ၏ ထွက်ဆိုချက်ကို ကြားနာရန် အသင့်ဖြစ်နေချိန်မှာ...



ချစ်မင်းမောင် စတင်၍ ထွက်ဆိုသည်။

"ကျွန်တော်နဲ့ ဒေါ်မင်းမင်းထိုက်တို့ လွန်ခဲ့တဲ့ သုံးနှစ်က လက်ထပ်ခဲ့ပါတယ်၊ ပစ္စည်းမက်ပြီး လက်ထပ်တာ ဖြစ်ပါတယ်"

"အခင်းမဖြစ်မီ နှစ်ပတ်လောက်က,စပြီး လင်မယားချင်း ရန်ဖြစ်ကြပါတယ်၊ စီးပွားရေး ကိစ္စပါပဲ"

"ကျွန်တော် တိုတိုပဲ အစီရင်ခံပါရစေ"

"အခင်းဖြစ်တဲ့ညက အိပ်ဆေးတွေ တိုက်ပြီး သူ အိပ်ပျော်သွားချိန်မှာ ကျွန်တော်ကိုယ်တိုင် ပွေ့ယူသွားပြီ ရေကူးကန်ထဲကို ပစ်ချလိုက်ပါတယ်"

"ဒေါ်မင်းမင်းထိုက်ကို ကျွန်တော်ကိုယ်တိုင် သတ်လိုက်တာပါ တရားသူကြီးမင်းခင်ဗျား"

❀ ❀ ❀

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ဦးအောင်ဟိန်း တစ်ယောက် မထင်မှတ်သော လှည့်ကွက်ကြောင့် ပြူးပြူးပြာပြာ ဖြစ်သွားပြီး...

"မောင်...မောင်...ဘုန်းတင့် ဘယ်လိုထွက်ဆိုလိုက်တာလဲ၊ ဘာကြောင့် ဒီလို ဖြောင့်ချက်ပေးလိုက်ရတာလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း…မင်း…ဒေါ်မင်းမင်းထိုက်ကို တကယ်သတ်လိုက်တာလား ဟင်…ဟုတ်လား"

ဘုန်းတင့်ဝေ၏ မျက်နှာ တည်၍တင်းနေသည်။ ခန့်မှန်းရခက်လောက်အောင် သူ့မျက်နှာမှာ ခံစားမှုတစ်မျိုး ဖြစ်ထွန်းနေပါ၏။

ထိုနေ့က ရုံးကိစ္စအပြီး အချုပ်ကားပေါ်သို့ မတက်မီမှာ ဦးအောင်ဟိန်းက သူ့လက်မောင်းကို ဆွဲပြီး…

"ပြောစမ်းပါ"

"အမှန်တရားကို ပြောစမ်းပါ မောင်ဘုန်းတင့်ရယ်"

သူက ရှေ့နေကြီးကို ကြည့်လိုက်ပြီး မချိတရိအပြုံးမျိုးဖြင့် နှုတ်ခမ်းတွန့်ရုံ ပြုံးလျက်…

"အမှန်တရားက မမကို ကျွန်တော် မသတ်ဘူး၊ ဒါပေမယ့် သတ်တယ်လို့ တမင် ပြောလိုက်တာ၊ ကျွန်တော် ဆုလာဘ်တစ်ခု လိုချင်လို့"

"ဘာ…"

"ဟုတ်တယ်၊ ကျွန်တော် လိုချင်တဲ့ ဆုလာဘ်က သေဒဏ်ပဲ"

"ဟာကွာ…"

"ရှေ့နေကြီး ဘာမှထပ်မကြိုးစားပါနဲ့၊ ကျွန်တော် သေချင်တယ်၊ ကျွန်တော် သေသင့်နေပြီ၊ အမြန်ဆုံး သေဒဏ်ချပေးဖို့သာ ဆောင်ရွက်ပေးပါ"

ဦးအောင်ဟိန်းသည် ရက်လများစွာ ထိတွေ့ခဲ့ရသော



သူ့သားကြီးနှင့်ရွယ်တူ လူချောလေး 'ဘုန်းတင့်ဝေ' အပေါ်မှာ သံယောဇဉ်ကြီးလှစွာဖြင့်…

"မရဘူး၊ မဖြစ်စေရဘူး၊ ငါ တတ်ထားတဲ့ ဥပဒေပညာနဲ့ မင်း လွတ်မြောက်အောင်၊ ဒါမှမဟုတ် ထောင်ဒဏ် နည်းအောင် ငါကတော့ အစွမ်းကုန် ကြိုးစားမှာပဲ"

"မင်း…မင်း…ဘာကြောင့် ဒီလို ဝန်ခံလိုက်ရတာလဲကွာ"

ဦးအောင်ဟိန်း ချောက်ချားတုန်လှုပ် အံ့သြနေဆဲမှာပင် အားလုံးနှင့် သီးခြားဆန့်ကျင်စွာ အရုပ်ရှည်ရှည် ရုပ်ရည်သန့်သန့်နှင့် သူ့အမှုသည်လေးမှာ တခြားသော တရားခံများနှင့်အတူ အားပြာကြီးပေါ်သို့ တက်ရောက်ပြီး သူ့မျက်စိအောက်က ပျောက်ကွယ်သွားခဲ့ပါပြီ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ရာက်လရှည်ကြာစွာ စစ်ဆေးမှုများ ပြီးဆုံးသည့်အခါ—

သက်သေများ၏ ထွက်ဆိုချက်...

တရားခံကိုယ်တိုင်၏ ဖြောင့်ချက်များကို ဆင်ခြင်သုံးသပ်လျက်...

ချစ်မင်းမောင်ဆိုသော တရားခံ ဘုန်းတင့်ဝေအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

❊ ❊ ❊

သို့သော်...

ဦးအောင်ဟိန်း၏ ကြိုးပမ်းမှု၊ ညို၏ ဆက်လက်ကူညီမှုများကြောင့် ရက်ပေါင်းခြောက်ဆယ်အတွင်း အယူခံဝင်ခဲ့ရာမှာ—

ရှေ့နေ၏ လျှောက်လဲချက် ကောင်းရုံမက တရားလိုဘက်ကလည်း ဖိအားပေးမည့်သူမရှိ။ အမှုကလည်း နှုတ်ပြောများမှလွဲ၍ ဘာသက်သေခံအထောက်အထားမှ မရှိပါ၍ အယူခံရုံးမှ...—

အလုပ်ကြမ်းနှင့်ထောင်ဒဏ် ဆယ်နှစ်သို့ လျှော့ပေါ့ သတ်မှတ် အမိန့်ချလိုက်လေသည်။

❊ ❊ ❊



ရန်ကုန်တွင် ကြုံခဲ့ရသော တရားရုံးနှင့် အင်းစိန်ထောင်ကြီးအတွင်း နေခဲ့ရသော ရက်များအကြောင်းကို သူပြန်၍ မတွေးချင်သော်လည်း စိတ်ထဲမှာဖြင့် မကြာခဏ သတိရနေမိသည်။

အယူခံဝင်ရာမှ 'ထောင်ဆယ်နှစ်' ဆိုသော အပြစ်ရပြီး မကြာမီမှာပင် သူ့ကို မွန်ပြည်နယ် ဇင်းကျိုက်တောင်အနီးမှ ရဲဘက်စခန်းသို့ ပို့လိုက်ခြင်း ဖြစ်ပေသည်။ ရဲဘက် အကျဉ်းသားများအတွက် လျှော့ရက်က ပို၍ရသည် ဆိုသော်လည်း ဤစခန်းသို့မဟုတ် အခြားတစ်နေရာရာမှာ သူ ဆက်လက်ပြီး အကျဉ်းသားဘဝနှင့် အနည်းဆုံး ခုနစ်နှစ် ရှစ်နှစ်လောက် ဆက်လက်ကာ ဒုက္ခကြီးစွာ ခံစားရပါဦးမည်။

သူ တောင့်တခဲ့သော 'သေဒဏ်' မရရှိခဲ့ပါ။

သူ့ကိုယ်သူလည်း သတ်၍မသေရဲပါ။ စောင့်ကြည့်ခံနေရသော အကျဉ်းစံတစ်ဦးအဖို့ သေရဲသည့်တိုင်အောင်လည်း သေဖို့အခွင့်အရေးမရနိုင်ပါ။ လက်ရှိဆင်းရဲတွင်းမှာသာ သူ ဆက်လက်ခံမြုပ်နေရပါဦးမည်။

သူသည်...

သံခြေချင်းနှစ်ဖက် ခတ်ထားခြင်းခံရသည့်အတွက် တွန့်ဆုတ် နှေးကွေးစွာ လျှောက်လှမ်းရင်း၊ ပင်ပန်းကြီးစွာသော လုပ်ငန်းခွင်ဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းလာနေဆဲမှာ...

www.burmeseclassic.com

www.burmeseclassic.com



ဆောစောဆီက အုံ့ပျပျ ဖြစ်နေသော မိုးကောင်းကင်ကြီး
သူ မော့ကြည့်ပြီး သူဖြတ်သန်းလာခဲ့ရာ အတိတ်လမ်းကြောင်း
ပြန်လည် သတိရနေမိခြင်း ဖြစ်ပေသည်။

ယခုအချိန်မှာ...

တောင်ခိုးဝေခြင်းတို့လည်း ရပ်တန့်သွားပြီ။

မိုးတိမ်တို့သည်လည်း လွင့်ပျယ်ကာ လေနှင်ရာသို့
တစ်စုစီ၊ တစ်စစီ ပြိုကွဲလွင့်စဉ်သွားကြပါပြီ။

နေမင်း၏ အပူရှိန်သည်သာ သူတို့အားလုံးကို လောင်ကျွမ်း
သွားတော့မတတ် ခြစ်ခြစ်တောက် ပူပြင်းလျက်...။

❀ ❀ ❀

# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်

မင်္ဂလာဒုံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ ရှေ့မှာ ကားရပ်ပြီးသည်နှင့် 'ဘုန်းဆင့်ရှိန်'က လက်မှ နာရီကို ကြည့်လိုက်သည်။

ညနေ ခြောက်နာရီတိတိ...။

သူ ကားပေါ်မှဆင်းပြီး ကားမောင်းသူ ကြားသာအောင် ကိုယ်ကိုကိုင်းညွှတ်၍...

"ကားပတ်ကင်မှာ ကားသွားထားပြီးမှ ဒီမှာ လာစောင့်နေ ပါနော်၊ ဧည့်သည်ထွက်လာပြီးမှ ကားသွားယူပါ"

ဒရိုင်ဘာက တိုယိုတာ မာ့ခ်တူး နို့နှစ်ရောင် ကားသစ် ကြီးကို မောင်းသွားသည်။ ဘုန်းဆင့်ရှိန် လှမ်းကြည့်လိုက်ပြီးမှ လေဆိပ်ခန်းမထဲ ဝင်ခွင့်ရရန် မှတ်ပုံတင်၍ ပုံစံမှာ အမည်၊ လိပ်စာ၊ ကြိုဆိုမည့်လေယာဉ်၊ လာမည့်ဧည့်သည်၏အမည်၊ နည်းသို့ သက်ဆိုင်သည့် စသည်များ ရေးသွင်းလက်မှတ်ထိုးပြီး ကျသင့်ငွေရှင်းပေးလိုက်သည်။ လေဆိပ်သို့ လာနေကျမို့ တစ်ခါ တစ်ရံလည်း ပုံစံမဖြည့်ဘဲ တာဝန်ကျသူများကို ပြုံးပြနှုတ်ဆက်ပြီး ခပ်တည်တည်နှင့် ဝင်သွားခဲ့သည်။ ယခု လူသစ် မျက်နှာသစ်တွေမို့ ပုံစံဖြည့်၊ ပုံစံပြ၍ ဝင်သွားပြီးချိန်မှာ...

www.burmeseclassic.com

www.burmeseclassic.com



သူ လာကြိုသော TGလေယာဉ် ဆင်းသက်မည့် Land
အချိန်က ၆ နာရီ မိနစ် ၂၀ မို့ သိပ်ပြီး အချိန်ဖြုန်း ထိုင်စောင့်စရာ
မလို။ စင်ကာပူမှ ထွက်ခွာလာမည့် လေယာဉ်ဆိုက်ရောက်ချိန်
စာတမ်းထိုးထားသော ဆိုင်းဘုတ်ကြီးကို မော့ကြည့်ပြီး လွတ်နေ
သည့် ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။ ဝဲယာ တီဗီမှာ ကြော်ငြာ
တွေ လာနေသည်ကို သူ မကြည့်ဖြစ်။

သူ့လက်ဆွဲအိတ်ထဲမှ စာအိတ်ညိုတစ်ခုကို ဆွဲထုတ်လိုက်
သည်။ အတွင်းမှ မျက်နှာအနီးကပ် ဓာတ်ပုံနှင့် စင်ကာပူနိုင်ငံ၏
အမှတ်တံဆိပ် ခြင်္သေ့နှင့်ငါးရုပ်ကြီးရှေ့မှာ တစ်ကိုယ်လုံးရုပ်၍
အားရပါးရ ပြုံးနေသော ကောင်မလေးလှလှပုံကို သူ ထပ်၍ကြည့်
ပြီးမှ ပြန်သိမ်းဖြစ်၏။

ဘုန်းဆင့်ရှိန်က **"ဦးသီဟ ကုမ္ပဏီ"**မှ ဝန်ထမ်းတစ်ဦး
ဖြစ်သည်။ ရောက်လာမည့်သူက သူဌေးဦးသီဟ၏ သမီး၊
ဇာတ်လမ်းဖြစ်လာနိုင်သည့် ကြိုဆိုမှု။

သို့သော်...

"ဘုန်းဆင့်...ဒီဓာတ်ပုံနှစ်ပုံကို ကိုင်သွား၊ ဒီနေ့လေယာဉ်နဲ့
ရောက်လာမယ့် 'မုံ'လို့ခေါ်ကြတဲ့ 'ယမုံမြတ်နိုး'ကို မင်း သွား
ကြိုရမယ်"

"ဟုတ်ကဲ့"

"မင်း ရုပ်က ကောင်မလေးတွေ ကြွေနိုင်အောင်
အထွက်(က)ရှင် ရှိတဲ့ရုပ်၊ ဟိုကောင်မလေးကလည်း လှတယ်
ဒါပေမယ့် ဇာတ်လမ်းလုပ်ဖို့တော့ မင်း မစဉ်းစားနဲ့ ဘုန်းဆင့်"



"ဟာ...ဆရာကလည်း..."

"ကောင်မလေးက နိုင်ငံခြားမှာကြီးတော့ သိပ်ရဲတင်းတယ်၊
ခင်ဗျားဘက်က ကင်းရှင်းအောင် ရှောင်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဦးသီဟက သူ့သမီးနဲ့ ပတ်သက်လာရင် လုံးဝ အထိ
ခံဘူး၊ ကောင်မလေးနဲ့ မင်းနဲ့ ငြိပြီလို့ သိတဲ့နေ့ဟာ မင်း
အလုပ်ပြုတ်မယ့်နေ့ပဲ၊ ကြားလား ဘုန်းဆင့်"

သူ့ဆရာ **'ဦးနေမျိုးဝင်း'**နှင့် စောစောကပင် ပြောခဲ့
သည်များကို ပြန်လည်ကြားယောင်ရင်း ဘုန်းဆင့်ရှိန် ပြုံးလိုက်
သည်။

"စိတ်ချ၊ ကောင်မလေး၊ မင်းက ငါ့ကို ကြိုက်တယ်ဆိုရင်
တောင် ငါ မမှန်းရဲပါဘူးကွာ"

ဒီလေယာဉ်နှင့် သဘောင်္သားတချို့ ပြန်လာမည်ထင်သည်။
ဆွဲကြိုးကြီးတွေ၊ ရွှေလက်ကောက်တွေ တသီကြီး ဝတ်ထားသော
မိန်းမများနှင့် ကြီးဒေါ်၊ မိကြီး၊ ဘကြီး၊ ဦးလေးတို့အပြင် သား
သမီးသာမက တူ၊တူမများ၊ တစ်ဆွေလုံး တစ်မျိုးလုံး လာကြိုကြ
ပုံရသည့် အုပ်စုတွေက သူ့အစုနှင့်သူ...။

ဘုန်းဆင့်ရှိန် မျက်စိနောက် နားငြီးလာသဖြင့် မနက်က
ဝယ်ပြီး မဖတ်ရသေးသော အားကစားဂျာနယ်ကို ဖတ်နေလိုက်
သည်။ ဘာမှမကြာလိုက်...

"ဟာ...လာပြီ၊ မေကြီးရေ...လာ"

"လေယာဉ်ဆိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော နှိုးဆော်သံကြောင့် မှန်နံ့ရံကြီးနောက်မှ တစ်ပြုံ တစ်ခေါ်ကြီး တိုးဝှေ့ လှမ်းမျှော်စောင့်ကြိုနေကြသည်။

နိုင်ငံခြားမှာ ဧည့်သည်ရောက်လာလျှင် လူတစ်ယောက် လောင် လာကြိုဖို့ မလွယ်။ နိုင်ငံခြားမရောက်ဖူးသော ဆွေမျိုးတို့ ရောက်လာလျှင်သာ မသွားတတ် မလာတတ်မှာစိုး၍ လာကြိုသူ တစ်ယောက်တလေသာ ရှိတတ်ကြသည်။ လူဝင်မှု၊ ပတ်စ်ပို့ စစ်ဆေးပြီး ထွက်လာမည့်လမ်းက လာကြိုသူ ငါးလေးယောက် ထက် မပိုကြောင်း ကြားဖူးသည်။ ယခုဖြင့် ဆိုက်ရောက်လာမည့် လေယာဉ်စီး ခရီးသည်များထက် ကြိုဆိုသူဦးရေက ပိုမိုများပြား နေပါ၏။

သူ အေးအေးဆေးဆေး ဆက်လက်ထိုင်နေလိုက်သည်။ 'မံ'ဆိုသည့် ယမုံမြတ်နိုးက စင်ကာပူနိုင်ငံမှာ ကျောင်းပြီး၊ ဘွဲ့ရ၍ အပြီး ပြန်လာခြင်း ဖြစ်သည်ဟုလည်း သိရသည့်အတွက် ပစ္စည်းသေတ္တာတွေ စောင့်ယူရဦးမှာပါ။

ဦးနေမျိုးဝင်းကသာ အပြီးပြန်လာခြင်းဖြစ်သည်ဟု ပြော သော်လည်း နိုင်ငံခြားမှာ နေပြီးသူတို့က ကိုယ့်နိုင်ငံမှာ ကြာကြာ မနေနိုင်တော်မူကြတာ ဘုန်းဆင့် ကြုံဖူးကြားဖူးပါသည်။

အပြုံးတွေ အပျော်တွေနှင့် တစ်သုတ်ပြီးတစ်သုတ် ထွက်သွား သွားကြပြီးမှ ဘုန်းဆင့် နေရာမှထ၍ မှန်နံရံ ခြားထားသည့် အနောက်မှာ သွားရပ်၍ မှန်းဆကြည့်နေမိသည်။ ခါးပတ်ကြိုး လည်ထွက်လာသည့် ပစ္စည်းသေတ္တာရှေ့မှာ လူလေးငါးယောက် လောက်သာ စောင့်ရပ်ကြည့်ရှုနေသည့်အထဲမှ...



"ဟိုအမည်းရောင်လေး ဝတ်ထားတဲ့ ကောင်မလေးပဲ ထင် တယ်"

ဘုန်းဆင့် အတွေးအတိုင်းပါပင်။ သေတ္တာသုံးလုံးဆင့်၍ တင်ထားသော လက်တွန်းလှည်းကို တွန်း၍ အကောက်ခွန်ရှေ့ဒွ ရပ်လိုက်ချိန်မှာ သူ့မျက်နှာကို မြင်လိုက်ရသည်။ 'မံ'ဆိုသည့် ကောင်မလေးပါပဲ။

မှန်နံ့ရံကြီးကို ကျော်ခိုင်းကာ ခရီးသည်များ ထွက်လာမည့် အပေါက်ဝက ဘုန်းဆင့်ရှိရာ သွားစောင့်နေလိုက်သည်။

ဟိုကြည့်သည်ကြည့် ဟိုရှာဒီရှာ မျက်နှာမျိုးမဟုတ်။ သူ့ အဖေ လာကြိုမှာမို့ စိတ်ချလက်ချ ရှိနေသည့် ကလေး တစ် ယောက်၏ မျက်နှာမျိုးဖြင့် ခပ်ကျော့ကျော့ ခပ်ကော့ကော့လေး ထွက်လာသည်။

အရပ်က ရှည်ရသည့်အထဲ ဖိနပ်အမြင့်ကြီး စီးထားလိုက် သေးသည်။ စကတ်က ဒူးခေါင်းဖုံးရုံ။ အနက်ရောင်အင်္ကျီက ကြိုး သေးသေးလေး ပခုံးနှစ်ဖက်မှာ ချိတ်ထားပြီး ရင်ညွှန့် အထက် အားလုံး ဗလာ။ ရင်ရှားထားသော မိန်းမတစ်ယောက်ကို ကြည့် နေရသလိုမျိုး။

ဖြူဝင်းသော ဗလာရင်ဘတ်အထက်မှာ ပလက်တီနံ ရွှေဖြူ သက်လက် ဆွဲကြိုးသေးသေးလေးမှာ ပလက်တီနံကွပ်ထားသော စိန်လော့ကက်လေးက တဖျပ်ဖျပ် လက်နေသည်။

မျက်နှာလေးက ဘုန်းဆင့် ထင်ထားသည်ထက် ပိုပြီးနုငယ် နေပါသေးသည်။ မျက်ခုံးမွေးကြီးလည်း နက်မနေ၊ နှုတ်ခမ်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ရဲမနေ့ဘဲ ခပ်ပြေပြေ ပြင်ဆင်ထားသည်က ပို၍ နုငယ်နေ
သည်။ ဆံပင်ကဖြင့် အနက်ရောင်မဟုတ်။ ခပ်နီကြောင်ကြောင်
ဆိုးထားပြီး ပခုံးအထက်မှာ ဖြာဝေနေ၏။ မျက်ဝန်း၊ နှုတ်ခမ်း
နှာခေါင်းနှင့်မေးစေ့ချွန်းချွန်းလေးက တစ်ခုစီကြည့်လည်းမဆိုး
စုပေါင်းကြည့်တော့လည်း စွဲမက်စရာ မျက်နှာလေးပါလား။

"ယမုံမြတ်နိုး ဟုတ်ပါတယ်နော်"

"ဟုတ်၊ မုံ့ကို လာကြိုတာလား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ရဲ့ အမ်(မ်)ဒီ ဦးသီဟ
ကြိုခိုင်းလိုက်တာပါ"

"မုံ သိတယ်၊ ဒက်ဒီဆီက ဖုန်းမက်ဆေ့ချ် ရပြီးပြီ"

"ဟုတ်ကဲ့၊ နိုင်ငံခြားဧည့်သည်ရဲ့အစည်းအဝေးနဲ့က တိုး
နေလို့ပါ"

"ဒါလည်း မုံသိတယ်လေ၊ ကား အဆင်သင့်ဖြစ်ပြီလား"

"အယ်...ခ...ခဏလေး စောင့်ပါ၊ ကားပါကင်မှာ သွား
ခိုင်းပါ့မယ်"

ဘုန်းဆင့် အပေါက်ဝသို့ ပြေးထွက်ပြီး ဒရိုင်ဘာ ကိုလှထွန်း
ကို ကားယူလာဖို့ လက်ပြလိုက်ရသည်။ လူတွေ ရှုပ်ထွေးနေသဖြင့်
အနီးကပ် စကားမပြောသာ...။

အမှန်က မုံ အခန်းထဲကထွက်ခါနီးကတည်းက အပေါက်
က ဒရိုင်ဘာဆီ ပြေးပြောပြီး ပြန်လာကြိုရမှာ။ ဘုန်းဆင့်တို့
တစ်ချက် အောက်သွားပါပြီ။ ယမုံမြတ်နိုး၏ အလှကို အကဲခတ်
လွန်သွားလို့လေ။



လေဆိပ် အလုပ်သမားများကို သေတ္တာသုံးလုံးအပြင် စကြံ
ပေါ်သို့ သယ်ခိုင်းကာ သူက ယမုံ၏ လက်ဆွဲအိတ်ကြီးကို
ယူပြီး အပြင်ထွက်ခဲ့ရသည်။

အပြင်မှာ ကားပေါ်ပစ္စည်းတွေတင်ကြ၊ လူတွေ ဆင်းကြ၊
တက်ကြနှင့် ရှုပ်ယှက်ခတ်နေသည်။

ကားရောက်လာပြီးချိန်မှာ ဘုန်းဆင့်ရှိန်က ကားနောက်ခန်း
ထဲတွင် သေတ္တာသုံးလုံး ဝင်အောင်ထည့်ပြီး လက်ဆွဲအိတ်ကြီးကိုင်၍
ကားရှေ့ဘက်သို့ လာခဲ့ရာ မုံက ဒရိုင်ဘာဘေးမှ ကားရှေ့ခန်းတွင်
ထိုင်နှင့်နေပြီ။

သူ အောင့်သက်သက်နှင့် နောက်ခန်းမှာ ဝင်ထိုင်ပြီးသည်
နှင့် ကားက ထွက်ရ၏။ မထွက်လို့ကလည်း မဖြစ်။ လေဆိပ်
ရေး၏ စိစီမှုတ်သံများက ဆူညံနေသည်။

"အခု ဘယ်သွားရမှာလဲ"

"ခင်ဗျာ..."

"ဒက်ဒီက ဘယ်လိုမှာလိုက်လဲ"

"အဲ...မုံ...အင်း...မုံ ပြောတဲ့နေရာ ပို့ပေးတဲ့၊ အိမ်ဖြစ်ဖြစ်၊
ဖြစ်ဖြစ်တဲ့"

"နှစ်နေရာလုံး မသွားချင်သေးဘူး၊ မုံ့ဘော်ဒါဆီ အရင်
သွားဦးမယ်"

ဘုန်းဆင့် ငြိမ်သက်တွေဝေသွားရသည်။ သူ့ကို ဘာပြန်
ပြောရမှန်း မသိခင် ကားက ပြည်လမ်းထိပ်သို့ ရောက်နေပြီမို့
ဒရိုင်ဘာကပင်...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို မောင်းရမလဲခင်ဗျာ"

"ကိုးမိုင်၊ မစိုးရိမ်လမ်း သိလား"

"ဟုတ်ကဲ့၊ သိပါတယ်"

"အဲဒီ အရင်သွားမယ်၊ နေပါဦး၊ ပက်ထရစ် ခြိန်ပါတ်ဆောင် မေ့နေပြီ"

ရှည်လျားကွေ့ကောက်စွာ အတက်အဆင်းများရုံမက လမ်းသွယ်တွေလည်း များသော မစိုးရိမ်လမ်းရှည်ကြီးကို ခြိန်ပါတ် မသိဘဲ ဘယ်လိုများ သွားမှာပါလိမ့်။

မုံဆိုသော ကောင်မလေး၏ ကိစ္စများ ဆက်လက် လုပ်ဆောင်ပေးရဦးမည် ဆိုလျှင် မလွယ်ပါလားဟူ၍ ဘုန်းဆင့် စတင် စိတ်လေ,လာသည်။

လမ်းထဲ စဝင်ချိုးကွေ့လိုက်ပြီးကတည်းက ဒရိုင်ဘာက ကားအရှိန် ခပ်လျှော့လျှော့ မောင်းပေးသည်။

"တချို့အိမ်ကလင်းပြီး တချို့အိမ်တွေမှောင်နေတာ ဘာဖြစ်တာလဲ"

"မီးပြတ်နေတာပါ၊ လင်းနေတာက အင်ဗာတာမီး"

"ဘာလဲ...အင်ဗာတာမီး ဆိုတာ"

"ဟိုဟာပါ...ဘက်ထရီနဲ့ထွန်းတဲ့မီးပါ"

"ဟင်...စိတ်ပျက်စရာကြီး"

မုံက ခြိန်ပါတ် မသိသလို ခြံကိုလည်း မှတ်မိပုံမရ။

"အားလုံး မှောင်နေတယ်၊ မုံ ခြံရှာလို့ ဖြစ်ပါ့မလား"

"အင်း...မဖြစ်ဘူး ထင်တယ်၊ ကောင်းမြတ်တို့ဆီ မေးကြည့်မယ်၊ သူ့မှာ ဟဲန်းဖုန်း ပါလာလား"

"ပါမလာတာ မဟုတ်ဘူး၊ ရှိကိုမရှိတာ"

"ဟဲန်းဖုန်းလောက်တော့ ရှိသင့်တာပေါ့၊ ဖုန်းဆက်ချင်ရင် အိမ်ပြန်ပြေးပြေးပြီးမှ ဆက်ရမှာလား"

'ခက်ပါလား'ဆိုသော အတွေးနှင့် ဘုန်းဆင့် ငြိမ်နေဆဲမှာ ဒရိုင်ဘာက...

"ကျွန်တော် ဆက်မောင်းရမလား"

"တော်ပြီ၊ ဘယ်လိုလုပ်ရှာမလဲ၊ ပြန်လှည့်ပါ"

လမ်းကကျဉ်း၊ ခြံတံခါးတွေအားလုံး ပိတ်ထား၍ ကားပြန်ကွေ့ဖို့အတွက် ဒရိုင်ဘာ ကိုလှထွန်းခမျာ ခက်ခက်ခဲခဲ ပြန်လှည့်နေရရှာသည်။

"ဒီအချိန်ဆို ဒက်ဒီ အစည်းအဝေး ပြီးလောက်ပြီလား"

"ဟုတ်ကဲ့၊ ပြီးလောက်ပါပြီ"

"ဒါဖြင့် ကန်ပဏီပဲ သွားမယ်"

"ကိုဘုန်းဆင့်...ကျွန်တော် ဘယ်မောင်းရမလဲ"

"ဩော်..သီဟကုမ္ပဏီကိုပဲ သွားမယ်လို့ ပြောတာလေ"

Companyကို ဘိုးစဉ်ဘောင်ဆက်တည်းက 'ကုမ္ပဏီ'ဟု မြန်မာသံလှယ်ထားသဖြင့် မြန်မာတွေ အရိုးစွဲနေသည့် အမည်။ ယခုတော့ နိုင်ငံခြားပြန်မို့ ဘိုသံပါပါ 'ကန်ပဏီ'ဆို၍ ကိုလှထွန်း ကြောင်သွားရခြင်းပါ။ သူ မကြားဖူးသော အရပ်ဒေသတစ်ခုခုမှ အထင်ရောက်သွားသဖြင့် ဘုန်းဆင့်ရှိန်ကို အကူအညီလှည့်တောင်း ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗားထဲမှ ကက်ဆက်ကို မုံက ဖွင့်လိုက်သည်။ ပရိတ်ကြီး ၁၁ သုတ် ရွတ်ဆိုထားသော သံဃာတော် အရှင်မြတ်များ၏အသံ ထွက်လာသဖြင့်…

"ဟာ…ဟ…ဘာကြီးလဲ"

"မနက်က အဘွားစီးလို့ ဖွင့်ထားတာပါ"

မုံက ကက်ဆက်ကို ချက်ချင်းပိတ်လိုက်ရင်း…

"အင်း…အိမ်မှာ နေရင်တော့ အဘွားရဲ့ ပညတ်တော်အပါး တစ်ရာ တစ်ထောင်မက လာဦးမယ်"

မုံက ဆက်လက်၍…

"အိမ်မှာ မနေဘဲ ထရိတ်ဒါးစ် ဖြစ်ဖြစ်၊ စန်းမစ်ကတ် ဖြစ်ဖြစ်…"

ထိုစကားများကို မုံသည် သူတို့ကိုပြောခြင်းမဟုတ်၊ သူ့ဘာသာသူ ပြောနေခြင်း ဖြစ်သည်။

ကားတွင်းမှာ သူ့ဖခင်ကုမ္ပဏီက ဝန်ထမ်းတစ်ဦးနှင့် ဒရိုင်ဘာဆိုသော ယောကျ်ားသား နှစ်ယောက် ပါလာသည်ကို မုံက ထိမထင်ရုံမဟုတ်၊ လူမထင်သည့် ပုံစံမျိုးနှင့်…

"ဓာတ်လမ်းလုပ်ဖို့တော့ မင်း မစဉ်းစားနဲ့ ဘုန်းဆင့်"

ဆိုသော ဦးနေမျိုးဝင်း၏ စကားကို ကြားယောင်ရင်း မိမိကိုယ်ကို သိမ်ငယ်စွာ၊ မုံ့ကို မခံချင်စွာဖြင့် ဘုန်းဆင့် ရင်ထဲမှာ မှောင်မိုက်လာသည်။

မကြာမီ ကမ်းနားလမ်းမကြီးပေါ်မှ ကွန်ဒိုတိုက်ကြီး၏ စတုတ္ထထပ်ကို ကုမ္ပဏီရုံးခန်းအဖြစ် ဝယ်ယူထားသော ဦးသီဟ၏



ရုံးခန်းကျယ်ကြီး ရှိရာသို့ ဆိုက်ရောက်လာကြသည်။

"ဒီရုံးခန်း ဒက်ဒီ ဝယ်ပြီးမှ မရောက်ဖူးသေးဘူး၊ မုံ့ကို လိုက်ပို့ပါ"

ဘုန်းဆင့် ကားထဲမှ ထွက်လိုက်ချိန်မှာပင်…

"အဲဒီအိတ် ယူခဲ့ပါ၊ ဒက်ဒီ့အတွက် ပရဲဆင့်တွေပါလို့"

သူက ရှေ့က တက်နှင့်သည်။

အိတ်က အလေးကြီးပါလား။ သူ့ဒက်ဒီ အတွက်ချည်း ဟုတ်ဟန်မတူ။ လက်ဆွဲတန်ဆာမို့ သူ့အသုံးအဆောင်တွေနှင့် အခြားလူများကိုပေးဖို့ ပစ္စည်းများလည်း ပါရှိနိုင်ပါသည်။

"ဟေး…နေဦးလေ"

ကိုလှထွန်းက ဒီကုမ္ပဏီ လာနေကျမို့ သူ့ကားပါကင် နေရာမှာ ရပ်ဖို့ မောင်းထွက်သွားပြီ။ မုံက ရှေ့က တက်နှင့်၍ ဓာတ်လှမ်းအောက်မှ လှည့်ကြည့်ကာ…

"တက်ခဲ့ပေါ့၊ လစ်ဖ် ခေါ်ထားနှင့်မှာလေ"

"မုံက ဓာတ်လှေကားခလုတ်ကို နှိပ်ရင်း သူ့ကို "ဘာ ကြောင်တာလဲ"ဟူသော အကြည့်ဖြင့် အပေါ်စီးမှ ကြည့်နေ၍…

"မီးပျက်နေတယ်၊ ဓာတ်လှေကား ဘယ်ရမလဲ"

"ဒါဆို သေပြီဆရာပေါ့"

သူက ရယ်မျှဲကျဲလုပ်ရင်း ပြောလာ၏။

"ဒီမှာ ခဏစောင့်၊ ကိုယ် အပေါ်တက်ကြည့်ပြီး ပြန်ဆင်းလာခဲ့မယ်၊ ယမုံ ရောက်နေကြောင်း ပြောခဲ့မယ်"

ဘုန်းဆင့်က သူ့ရှေ့မှာ အိတ်ကြီးချ၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကလည်း အလေးကြီးမို့ မသယ်ချင်။ ပြီးတော့ မုံနှင့်လည်း ဝေးလေကောင်းလေမို့ သူ့အကြံကို သူ သဘောကျနေဆဲ...

"အံမယ်...တက်ချင်တက် မုံတက်မှာပေါ့၊ ဒီမှာ စောင့်နေခဲ့ရအောင် မုံက ယူ့တပည့် မဟုတ်ဘူး"

မာန်မာနများဖြင့် ပေါင်းစည်းထားသော မုံ၏လေသံမှာ မာကျောနေ၏။

မုံ၏ ဖိနပ်မြင့်မြင့်ချွန်ချွန်ကြီးဆီမှ တဒေါက်ဒေါက်နှင့် အသံထွက်အောင် ခြေလှမ်းသွက်သွက်၊ ခြေသံပြင်းပြင်းနှင့် လှေကားထစ်များကို နင်း၍ တက်နှင့်၏။

ဘုန်းဆင့်မှာ အိတ်ကြီးကို မနည်း မ,ပြီး သူ့နောက်မှ လိုက်ခဲ့ရသည်။ အိတ်ကြီးက ဆွဲယူသွားရန် ဘီးပါသော်လည်း လှေကားအတက်မို့ ဘီးက သုံးမရ။ သူ တံခါးခေါက်ပြီး အတွင်းမှ အမေးကိုဖြေ၍ အတွင်းသို့ ဝင်ရောက်သွားပြီးချိန်မှ ဘုန်းဆင့် အခန်းထိပ်ရောက်သည်။

"ဒယ်...ဒီ"

"ဟဲလို...ဟန်နီ"

သားအဖနှစ်ယောက် ရင်ချင်းအပ်၍ ဖက်လိုက်ကြသည်။ သမီး၏ ရင်ညွန့်အထက်အပေါ်ပိုင်းဗလာနှင့် ကိုယ်ခန္ဓာကို ဖခင်ရင်းက ဖက်ထားသော မြင်ကွင်းမျိုး အမေတို့လို မြန်မာမိန်းမကြီး တစ်ယောက် အနေနှင့် ကြည့်ဝံ့မည်ပင်မထင်ဟု မိခင်ဒေါ်ကျော့ခင် ကို ဘုန်းဆင့် သတိရသွားသည်။

"ဟေး...မောင်ဘုန်းဆင့် ထိုင်လေကွာ"



"ရပါတယ် ဆရာ"

သူ မထိုင်ဝံ့။ သူ့ဌေးသားအဖက မတ်တတ်ရပ်ဆဲလေ။

"ဒက်ဒီဖို့ လက်ဆောင်တွေ အများကြီးပါတယ်"

သူက ဘုန်းဆင့်ဆီ လျှောက်လာပြီး အိတ်ကြီးကိုဖွင့်ကာ အုန်းပျူတာ သေတ္တာပြားကို ထုတ်ယူလိုက်သည်။ ပြီးတော့ Men Ware ဆိုသော အမျိုးသား ရေချိုးခန်းသုံးပစ္စည်းစုံ ထည့်ထားသည့် သေတ္တာငယ်၊ ပြင်သစ်ပြည်လုပ် အမျိုးသားများအတွက် Monsier Rochas ရေမွှေးပုလင်းနှင့် တခြားအိတ်သုံးလုံး...။

"ဟန်နီရယ် ဒါတွေ ဘာလို့ အလေးခံပြီးဝယ်လာရတာလဲ"

"ဒက်ဒီကို ပေးချင်လို့ပေါ့"

ဦးသိဟက ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း...

"ချွေးမလေး...ဒက်ဒီဆီက ပိုက်ဆံတွေနဲ့ ဒက်ဒီကို မျက်နှာ ပြင်လုပ်တာပေါ့၊ ဟုတ်လား...ဟင်"

"မုံ သုံးမပစ်ဘဲ ဝယ်လာတာပဲ ကျေးဇူးတင်ဦး"

"တင်ပါတယ်ဗျာ၊ တင်ပါတယ်"

"ဒီည ဒင်နာကို ဘယ်လိုစီစဉ်ထားလဲ ဒက်ဒီ"

"ဆောရီးပဲ သမီးရယ်၊ အခုည ၈ နာရီမှာ အရေးကြီးတဲ့ ဧည့်သည်တစ်ယောက်နဲ့တွေ့ဖို့ ရှိသေးတယ်၊ အိမ်ပြန်နှင့်လေ၊ သမီးအဘွားက သမီးကို စောင့်နေမှာ၊ အိမ်မှာပဲ ညစာစားပေါ့"

"ဟာ...ရောက်ရောက်ချင်း အဆီတွေနှစ်နေအောင် ချက်ထားတဲ့ မြန်မာဟင်းတွေ မုံ မစားချင်သေးဘူး ဒက်ဒီ"

"မေမေ ဘာတွေစီစဉ်ထားလဲ သွားကြည့်ပါဦးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...မရဘူး၊ ဒက်ဒီညှော့သည်ပြီးတဲ့အထိ မုံ စောင့်မယ်၊ ပြီးရင် အတူတူ သွားစားကြမယ်လေ"

ဘုန်းဆင့်မှာ မုံ ဒီအခန်းထဲမှာ နေရစ်ခဲ့ပါစေ၊ သူ ပြန်ခွင့်ရချင်ပါပြီ။ အမေ မျှော်ရှာတော့မည်။

"ကဲ...ဒီလိုလုပ်"

ဦးသီဟက သည်ပြဿနာကို ဖြေရှင်းပေးပေတော့မည်။

"သမီးနဲ့ မောင်ဘုန်းဆင့်နဲ့ ဒေါ်လ်ဖင်မှာ ညစာ သွားစားကြ၊ သမီးက စီးဖုဒ် ကြိုက်တယ်လေ၊ ဒက်ဒီ ဒီက ညှော့သည်နဲ့ အလုပ်ကိစ္စပြီးချိန်ကျရင် အိမ်ပြန်ခဲ့မယ်၊ သမီးတို့လည်း ကိုးနာရီခွဲ ဆယ်နာရီလောက်ဆို ပြီးရောပေါ့၊ ဟုတ်လား၊ သွားနှင့်ကြနော်"

"ဆရာ...ကျွန်တော်..."

"ငြင်းမလို့လား မောင်ဘုန်းဆင့်"

"မငြင်းပါဘူး ဆရာ၊ ညစာ ကျွန်တော် မစားပါရစေနဲ့၊ လိုအပ်ရင် အပြင်မှာစောင့်နေပါ့မယ်၊ မလိုအပ်ရင်လည်း ကျွန်တော့်ကို ပြန်ခွင့်ပြုပါခင်ဗျာ"

"ဟာ...ဘယ့်နဲ့ မလိုအပ်ဘဲနေရမှာလဲ၊ ရုံးကိစ္စက ဒုတိယ၊ သမီးကိစ္စက ပထမလို့ မောင်ဘုန်းဆင့် သတ်မှတ်ထားပါ၊ နောင်ကို သမီး သွားသမျှ လိုက်ပို့ပေးပါ၊ သူ့မှာ အဖော်မရှိဘူး၊ မုံ့ကို အဖော်လုပ်ပေးလိုက်ပါ မောင်ဘုန်းဆင့်၊ ကဲ...သွားကြတော့"

မုံက နှုတ်ခမ်းစူပြီး ခြေတစ်ချက် ဆောင့်လိုက်သော်လည်း ဦးသီဟက သူ့ကိစ္စ ပြီးသွားသလို ဖုန်းကောက်ဆက်လိုက်သည်။

"လာ...သွားမယ်"



မုံက သူ့လက်ကို ရဲရဲတင်းတင်းဆွဲ၍ လက်တွဲလျက် သူ့ဖခင် ရှေ့မှာပင် အခန်းထဲက ထွက်လိုက်သည်။ ဘုန်းဆင့်မှာ လက်တစ်ဖက်က ထက်ဝက်လောက် ပေါ့သွားသော အိတ်ကို ဆွဲလျက် ကျန်တစ်ဖက်က မုံဆွဲရာနောက်သို့ အူလည်ခြာလည် လိုက်ရင်း လှေကားပေါ်မှ ဆင်းလာခဲ့ရသည်။

❀ ❀ ❀

"တော်တော်တော့ ထူးဆန်းနေတဲ့ ကိစ္စပဲကွ၊ အရင် တစ်ခေါက် သူ့သမီး ပြန်လာတုန်းက ဒီကုမ္ပဏီက လူတွေ မြင်ခွင့်တောင် မရလိုက်ကြဘူး"

"ကျွန်တော်တို့က သိခွင့်တောင် မရခဲ့ပါဘူး"

"အေး...အခု ဦးသီဟ လုပ်နေပုံက သမက်ဖမ်းနေတဲ့ အတိုင်းပဲ"

"ဟာဗျာ..."

"ဟုတ်တယ် ဘုန်းဆင့်၊ သူ့သမီးကိစ္စတွေ လုပ်ခိုင်း၊ သူ့သမီးနဲ့ သွားခိုင်း လာခိုင်းနေတာ ငါတော့ စဉ်းစားလို့ကို မရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အကြံအစည်တစ်ခုခုတော့ ရှိရမယ်"

ဦးနေမျိုးဝင်ဘေးမှ 'ကိုအောင်စိုး'က ခေါက်ဆွဲကြော်ပြာ ထဲကလို ဝင်ပြောနေ၍…

"မဖြစ်နိုင်ပါဘူးဗျာ"

"ကောင်မလေး သဘောထားကရော မင်းအပေါ်မှာ ဘယ်လိုလဲ၊ ငါ ပြောသလို ဇာတ်လမ်းဖြစ်ပြီလား၊ ဒါမှမဟုတ် ဇာတ်လမ်းစပြီလား"

"ဇာတ်လမ်းစဖို့ဝေးလို့၊ ကျွန်တော့်ကို ခိုင်းစရာလို သဘော ထားနေတာပါ၊ လူကို လူလိုမှ ထင်ရဲ့လားလို့ တစ်ခါတလေမှာ ခံပြင်းမိတယ် ဆရာရယ်"

"ဒီလောက်တောင်ပဲလားကွာ"

"ဒီလောက်တောင်ပါပဲ၊ သူ့အပေါင်းအသင်းတွေနဲ့ တွေ့ ရင် စကားပြောကြ၊ ရယ်ကြ၊ အတင်းချကြ လုပ်နေကြတာ အကြာကြီး၊ သူ့နောက်မှာ သူ ရှောပင်(Shopping)ထွက်လို ဝယ် လာတဲ့ ပစ္စည်းအိတ်ကြီးတွေကိုဆွဲပြီး ရပ်စောင့်နေရတာ အောက် လိုက်တာ၊ တစ်ခါတလေများ နေပူကြီးထဲမှာ ရပ်နေရတာ"

"ဒါဆို ကောင်မလေးက မင်းကို စိတ်မဝင်စားဘူးပေါ့ ဟုတ်လား"

"လူမထင်ပါဘူးဆိုဗျာ"

"အေး…ဒီအတိုင်းဆို တော်တော်တော့ ထူးဆန်းနေပြီ ဦးသိဟက သူ့သမီးနဲ့ မင်းနဲ့ နီးစပ်စေချင်တာတော့ အမှန်ပဲကွ"

"မဖြစ်နိုင်ပါဘူး"



"မင်းကိုယ်တွေ့ပဲလေ၊ မုံ သွားသမျှ အမြဲလိုက်ခိုင်းနေ တာပဲ"

"သူ့သမီးကိုသူ စိတ်ချလို့ နေမှာပေါ့ဗျာ"

"ဘယ်လို…"

"ကျွန်တော့်လို ဒီလခလေးကလွဲပြီး ဘာမှမရှိတဲ့ မုဆိုးမရဲ့ သားတစ်ယောက်ကို သူ့သမီးက မမှန်းဘူး ဆိုတာ သေချာလို့ နေမှာပေါ့ဗျာ"

"အင်း…ဒါလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမယ့်ကွာ…သူ့သမီး ကလည်း ဆပ်ဆလူးစိန်၊ မင်းကလည်း ဒီခေတ် မိန်းကလေး တွေက 'ဆွဲဆောင်မှုရှိတယ်'လို့ သတ်မှတ်ရမယ့် ရုပ်မျိုးလေ၊ နီးစပ်သွားနိုင်တယ်လို့ သူ မတွေးမိဘဲနေပါ့မလား"

"အဲဒါတော့ ကျွန်တော်လည်း မတွေးတတ်ဘူး၊ ယမုံ မြတ်နိုး ဆိုတဲ့ ကောင်မလေးကို ကျွန်တော် စိတ်ကုန်တာတော့ အမှန်ပဲ၊ ဒီလခမျိုး တခြားနေရာက ရမယ်ဆိုရင် ကျွန်တော် အလုပ်တောင် ထွက်ချင်တယ်၊ တကယ် ပြောတာ"

"တခြားကုမ္ပဏီတွေ အလုပ်မဖြစ်ကြဘူးလေ၊ ဦးသိဟ ကတော့ ခိုင်မာနေပြီ၊ ဒါကြောင့် တို့ကို လခတွေ ကောင်းကောင်း ဆေးပြီး ကောင်းကောင်းကြီး ခိုင်းနိုင်တာပေါ့ကွာ"

"ကျွန်တော် တစ်ယောက်တည်းဆို ထွက်ရဲပါတယ်၊ အမေ့ ကြောင့်ပါ၊ အမေက ကျန်းမာရေးလည်းမကောင်းတော့ ဆေးဖိုးနဲ့ စားစရိတ်က မလွယ်ဘူးလေ"

"ထွက်ဖို့တော့ မစဉ်းစားပါနဲ့၊ ကိုယ်က ယောက်ျားလေး

www.burmeseclassic.com

www.burmeseclassic.com



ပဲကွာ၊ ကိုယ့်ဘက်က အမှားမရှိရင် အရှုံးမရှိနိုင်ပါဘူး”

ဆရာဦးနေမျိုးဝင်း၏ မှတ်သားလောက်သော စကားကို နှလုံးသွင်း၍ အလုပ်စားပွဲရှိရာသို့ ပြန်လာထိုင်ပြီး ကိုယ့်ဘက်က အမှားမရှိအောင် နေပါမည်။

အမေ့ကို လုပ်ကျွေးချင်သော စေတနာတစ်ခုတည်းကြောင့် ယမ့်မြတ်နိုးပေးသော ဒုက္ခအပေါင်းကို ကြိတ်မှိတ်မြိုသိပ် အောင့် အည်း သည်းခံ၍ နေပါမည်ဟု ဘုန်းဆင့်ရှိန် ဆုံးဖြတ်လိုက်ပါ၏။

❁ ❁ ❁

## အခန်းနှစ်

“မပြီးသေးဘူးလား သမီးလေး၊ သမီးကြိုက်တဲ့ ကိုးရိုးယားဘတ်လမ်း လာတော့မယ်”

“လာခဲ့မယ် ဖေဖေ၊ ဒီပန်းကန်လေးတွေ သိမ်းပြီးရင်ပြီးပြီ”

ကိုယ် ကြည့်ချင်သည်ထက် ဖခင်ကြီးက ပို၍ ကြည့်စေချင်နေရှာသည်။

ပန်းဖြူစင်မှာ ဆေးကြောပြီးသား ပန်းကန်နှင့် အိုးခွက်များကို အမြန်သိမ်းပြီး အိမ်ရှေ့ဘက် ထွက်ခဲ့ရသည်။

အိမ်က Hall Typeဆိုသော အခန်းရှည်မှာ အိပ်ခန်းနှစ်ခန်း ခွဲထားသည်။ ယခင် မေမေနှင့် မမ ရှိစဉ်က ပန်းဖြူစင်နှင့် ယဉ်ညိုသွယ်တို့ ညီအစ်မက တစ်ခန်း၊ ဖေဖေနဲ့မေမေက တစ်ခန်း အိပ်ကြရသည်။ အိမ်ရှေ့ခန်းမှာ ဘုရားစင်နှင့်ဧည့်ခန်း။

အိမ်ရှေ့ခန်းလေးမှာ စာအုပ်စင်၊ မှန်ဗီရို၊ ကုလားထိုင် စားပွဲနှင့် တီဗီ ထားရှိပြီး၊ ထိုအိမ်ရှေ့ခန်းလေးမှာပင် ဘုရားစင်ကို ကျဉ်းကျဉ်းကြုတ်ကြုတ် ထားရှိ ကိုးကွယ်ရပါ၏။

ယခု မေမေ ကွယ်လွန်ပြီး မမက အိမ်ထောင်ကျ၍ အိမ်ခွဲသွားသဖြင့် သားအဖနှစ်ယောက်တည်း ကျောက်မြောင်းရပ်ကွက်၊ လမ်းတိုလေးထဲမှ ခြောက်ထပ်တိုက်၏ လေးလွှာ လေးထပ်မှာ နေထိုင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဦးတင်လတ်က ဘဏ်ဝန်ထမ်းဘဝမှ အငြိမ်းစားယူသွား၍ ဖခင်၏ ပင်စင်လစာနှင့် ပန်းဖြူစင်၏ လခလေးဖြင့် သားအဖနှစ်ယောက် သင့်မျှရုံသာ နေကြ၊ စားကြရသည်။ တခြားအပိုဝင်ငွေမရှိပါ၍ ဖေဖေ ဆေးခန်းပြရသည့်အချိန်မျိုး၊ မော်တာပြင်ရသည့် အခါမျိုး၊ မီတာခတွေ မတရားကျသည့် လမျိုးမှာ အိမ်ထောင်ကွဲ မမညိုက ကူညီဖြေရှင်းပေးနိုင်၍ တော်ပါသေးသည်။ နိုင်ငံခြား သင်္ဘော အင်ဂျင်နီယာဖြစ်သော မမညို၏ ခင်ပွန်းထံမှ ဖြူ့အတွက် အဝတ်အစား၊ ဖေဖေ့အတွက် ဆေးဝါးစသည်များ ပို့ပေးရုံမက မမကလည်း ဟွန်ဒီငွေလွှဲများ ရောက်လာသည့်အခါ မျှဝေပေးနေ၍ ပန်းဖြူစင်တို့ သားအဖ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းလေး နေခွင့်ရနေကြခြင်းပါ။

ပန်းဖြူစင်မှာ ကိုရီးယား ဇာတ်လမ်းတွဲကို ကြည့်ကောင်းနေဆဲမှာ ကြော်ငြာဝင်လာသဖြင့် စိတ်ညစ်နေစဉ်...

"ဒေါက်...ဒေါက်..."

တံခါးခေါက်သံကြောင့် ပန်းဖြူစင် တံခါးဖွင့်လိုက်ချိန်မှာ ဦးတင်လတ်ကပါ အနားမှာ လာရပ်၍ မီးခလုတ်ဖွင့်လိုက်သဖြင့်...

"ဟာ...ဘုန်းဆင့်ပါလား"

"ဟုတ်ကဲ့ ဦးလေး"

ပန်းဖြူစင်က တိုင်ဖုံးမှာ ချိတ်ထားသော သော့ကို ယူပြီး သံတံခါးကို ဖွင့်၍ ဝင်စေလိုက်သည်။

"ရော့...ဖြူစင်၊ ဦးလေးစားဖို့"

"ဖြူစားဖို့ မဟုတ်ဘူးပေါ့နော်"



"ဦးလေးစွန့်ရင် စားလေ"

"ဟေ့ကောင်...ငါက စွန့်တယ် ဆိုရအောင် ဘုန်းကြီးမဟုတ်ဘူးကွ"

"ဟာ...ကန်တော့...ကန်တော့၊ ဖြူ့ကို စ,ချင်လို့ စကားမှားသွားတာပါ ဦးလေး"

"ရပါတယ်ကွာ"

"ဦးလေး နေကောင်းရဲ့လား၊ ဆေးခန်းသွားတဲ့နေ့ကျရင် ကျွန်တော် လိုက်မယ်နော်"

"အေးပါ၊ လာမယ့် ကြာသပတေးကျမှ သွားရမှာ၊ ခုလည်း သွေးမတိုးဘူးကွ၊ ခေါင်းလုံးဝမမူးဘူး၊ ဇက်ကြောလည်း မတက်ဘူး၊ သမီးငယ်လေးကလည်း ဦးလေးနဲ့ တည့်တာတွေပဲ ချက်ကျွေးရှာပါတယ်"

"သမီးလိမ္မာလေးပေါ့နော်"

"ကိုဘုန်းနော်...လူကို ရန်လာစ,မနေနဲ့"

"ဩော်...လိမ္မာလို့ လိမ္မာတယ် ပြောတာပါဟာ"

"ဘုန်းဆင့်ရေ...ဒေါ်ကျော့ခင်ရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

"သူ့သားကြီးအတွက်တော့ စိတ်ကောင်းရှာမှာ မဟုတ်ဘူးလေ"

"ဒီလိုပဲပေါ့ ဦးလေးရာ"

"နက်ဖြန် ဒန့်ဒလွန်ရွက်နဲ့ ကြက်သွန်ဖြူ သက်သတ်ကြော်မလို့၊ ကြီးကြီးကျော့ကိုလည်း ပို့ပေးမယ်၊ ဒန့်ဒလွန်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆွေ့ ပိုဝယ်ထားတယ်"

"ငါ့ဖို့ရော"

"သူ့ကျတော့ လိမ္မော်သီး သူများဖို့တောင် မပါဘဲနဲ့"

"စ,တာပါဟာ၊ ဆယ်လုံးတောင်၊ ဦးလေးတစ်ယောက်တည်း ဘယ်ကုန်ပါ့မလဲ"

"အေးလေ…သမီးကလည်း…"

သုံးယောက်သား ရင်းနှီးချစ်ခင်စွာ ပြုံးပြုံးရယ်ရယ် ပြောနေမိကြသည်။ တစ်လမ်းကျော်မှာ နေသော ဘုန်းဆင့်ရှိန်တို့ မိသားစုနှင့် ပန်းဖြူစင်တို့ သားအဖတစ်တွေမှာ ယခင်က နှစ်အိမ် တစ်အိမ်လို နေခဲ့ကြရာမှ ဘုန်းဆင့်တို့ အစ်ကိုကြီး ဘုန်းတင့်ဝေကြောင့် ခေတ္တ အဆက်အသွယ် ပြတ်သွားခဲ့ကြသေးသည်။

နောက်ပိုင်း အစ်ကိုကြီးလည်း မရှိ၊ ပန်းဖြူစင်တို့ မေမေ ဒေါ်ယဉ်ယဉ်ဦးလည်း ဆုံးတော့မှ ပြန်လည် ကူးသန်းဆက်သွယ်ခဲ့ကြခြင်း ဖြစ်၏။

ကျောက်မြောင်းရပ်ကွက်တွင် ကန်ထရိုက်ဟိုက်တွေ မပေါ်ခင် ပျဉ်ထောင်အိမ်လေးများနှင့် နေခဲ့ကြစဉ်…၊ ဘုန်းဆင့်ရှိန်တို့၊ ပန်းဖြူစင်တို့ ကလေးဘဝကပင် မိသားစုနှစ်စု၏ ရင်းနှီးခင်မင်မှု သံယောဇဉ်များကို နက်ရှိုင်းစွာ ဖွဲ့စည်းခဲ့ကြဖူးသည်။

"ကိုဘုန်း ဘာစားမလဲ"

"နင်က ဘာကျွေးစရာရှိလို့လဲ"

"ရှိတာပေါ့၊ မယုံ သွားကြည့်ပါလား၊ နောက်ဖေးမှာ"



"အိုးတွေမှောက်ထားတယ် မဟုတ်လား"

"ဟာ…ဟ"

သူပြောမည့် ဟာသကို ဘုန်းဆင့်က အရင်ပြောလိုက်၍ ပန်းဖြူစင် ရှက်ကိုးရှက်ကန်းနှင့် ထ၍ ရယ်သည်။

ပန်းဖြူစင်တို့ အိမ်မှာ ရေခဲသေတ္တာ မရှိပါ။

သံပုရာသီးနှင့် သကြား၊ ဆားတို့ကို သမ,အောင် ရောစပ်၍ မြေသောက်ရေအိုးထဲမှ ရေအေးလေး ထည့်လိုက်သည့်အခါ သံပုရာရည် ချိုချိုချဉ်ချဉ်လေးက အေးစိမ့်နေ၏။

"နင့်လက်ရာ မဆိုးဘူး ဖြူစင်၊ အလုပ်အဆင်မပြေရင် သံပုရာဖျော်ရည်ရောင်း"

"ကိုဘုန်းနော်၊ တွေ့လိုက်ရင် လူကိုနှိမ်ဖို့ပဲ"

ပန်းဖြူစင်က တကယ်စိတ်မဆိုးပါဘဲနှင့် မျက်စောင်းလေးထိုး၊ နှုတ်ခမ်းလေးစူ၍ ပြော၏။

"ရယ်၊ ရယ်၊ နှိမ်ရတဲ့လူကတော့ ရယ်နိုင်တာပေါ့၊ အနှိမ်ခံရတဲ့လူက အားငယ်တယ်၊ သိရဲ့လား"

"နှိမ်ရတဲ့လူနဲ့ အနှိမ်ခံရတဲ့လူ"

ဖျတ်ခနဲ 'မုံ့'ကို သတိရသွားသည်။ ဟုတ်ပါ၏။ မုံ၏ အနှိမ်ခံနေရသော သူ့အဖို့မှာ သိမ်ငယ်စိတ်များဖြင့် နာကျင်ခဲ့ရသည်။

"အလကား…ချစ်လို့ စ,တာပါဟ"

အမှတ်တမဲ့ ပြောပြီး ဦးတင်လတ်ရှေ့မှာပင် ပန်းဖြူစင်၏ ပါးလေးကို ဆွဲလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဖြူစင်၏ အကြည့်များ အရောင်ပြောင်းသွားသည်။ သူ့ တစ်ခါမှ မမြင်ဖူးသော မျက်ဝန်းမျိုးဖြင့် သူ့ကို ကြောင်ငေးငေး ကြည့်နေသော ပန်းဖြူစင်လေး…။

သူ့ထက် သုံးနှစ်မျှငယ်သော ဒီကောင်မလေးကို အရွယ် ရောက်ပြီးသား အပျိုစင်လေးဟု တစ်ခါမှ မတွေးမိသေး။ ညီမ လေး တစ်ယောက်အဖြစ်နှင့်သာ စ,လိုက်နောက်လိုက်နှင့် နေနေ ဆဲမှာ…

ပန်းဖြူစင်ဘက်က စတင်၍ အရောင်ပြောင်းသွားလေပြီ။ ဤအဖြစ်မှာလည်း သူ၏ ချစ်လို့ စ,တာပါဆိုသော စကားထဲမှ 'ချစ်လို့'ဟု နှုတ်က ပြောရုံမဟုတ်သေး၊ သူ့ပါးနုနုလေးကိုပါ ဆွဲလိုက်မိသေးသည်။

ပန်းဖြူစင်နှင့် အကြည့်ချင်း ဆုံလိုက်ချိန်မှာ မျက်လွှာလေးချ ခေါင်းလေးငုံ့လိုက်ပုံက ယခုမှ တွေ့ဖူးသော သူစိမ်း အမျိုးသား တစ်ဦးကို ရှက်ရွံ့ပုံမျိုး။

သို့သော် ပန်းဖြူစင်၏ နှုတ်ခမ်းလေးများ စေ့လျက်နှင့် ပြုံးလို့။

ဘုန်းဆင့်ရှိန်၏ ရီးသားမှုအပေါ် ပန်းဖြူစင်၏ တုန့်ပြန် ပုံက ဆန်းသစ်နေသည်။

သူတို့နှစ်ယောက် ဆက်လက် ငြိမ်သက်နေ၍ မသင့်တော် ကြောင်း ပန်းဖြူစင်ထက် အသက်ပိုကြီး၍ အတွေ့အကြုံ အသင့် အတင့် ရှိနေပြီ ဖြစ်သော ဘုန်းဆင့်ရှိန်က သတိရသွားသည် နှင့်…



"ကဲ…ဖြူ၊ နင်လည်း တီဗီ ဆက်ကြည့်၊ ငါလည်း ပြန် မယ်၊ ဦးလေး နေကောင်းလား လာကြည့်တာပါ၊ ကြာသပတေးနေ့ ကျရင် ငါလာခဲ့မယ်၊ ဦးလေး ဆေးခန်းကို လိုက်ပေးပို့ပေးမယ်၊ ဟုတ်လား"

ပန်းဖြူစင်က မျက်လုံးလေးထောင့်ကပ်ကြည့်ပြီး ခေါင်း ညိတ်ပြသည်။ ဘုန်းဆင့်နှင့် အတူထိုင်ရာမှ ထပြီး တံခါးဖွင့် ပေး၏။

"ပြန်တာ မြန်လိုက်တာ"

"နင် တီဗီကြည့်ရအောင်ပါ"

"တူတူကြည့်လည်း ရတာပဲဟာကို"

"အလုပ်က အခုမှ ပြန်လာတာ၊ အိမ်မဝင်ခင် ဦးလေးကို လာကြည့်တာ၊ ကဲ…ငါသွားပြီ ဖြူစင်"

စောစောဆီက ပီတိဝေနေသော မျက်နှာလေးမှာ ချက်ချင်း ပင် ညှိုးကျသွားသည်။ ဘုန်းဆင့်ဘက်က သူ့အပေါ် ဘာခံစားမှုမှ မရှိကြောင်း ပန်းဖြူစင် သိသွားခဲ့လေပြီ။

ထပ်ပြီး ဘာမှမပြောဘဲ၊ မနှုတ်ဆက်တော့ပါဘဲနှင့် လှေ ကားထစ်များအတိုင်း နင်း၍ ဘုန်းဆင့် ဆင်းလာခဲ့သည်။

ကျောက်မြောင်းရပ်၏ ညဥ့်ဦးယံက ဘုရားပွဲရှိနေသလို စားသောက်ဆိုင်များနှင့် စည်ကားနေတတ်သည်။

ဘုန်းဆင့်ရှိန်မှာ လူများကို ကွေ့ရှောင်၍ လမ်းလျှောက် လာစဉ်မှာပင် အရောင်ပြောင်းသွားသော ပန်းဖြူစင့်မျက်နှာလေး ကို မျက်စိထဲကမထွက်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပဲ၊ ဒီကောင်မလေး ဘဝမှာ အနီးစပ်ဆုံး ယောကျ်ားဆိုလို့ ငါတစ်ယောက်တည်း ရှိတာ၊ ငယ်ငယ်လေးတည်းက ငါ့အပေါ် သိပ်ခင်တွယ်ပြီး ငါလာရင် သိပ်ပျော်ရှာတဲ့ ကောင်မလေး"

"ငါ့ထက် သုံးနှစ်တောင်ငယ်လို့ ငါ ကလေးလိုပဲဆက်ဆံနေမိပေမယ့် ဖြူစင်လေးတောင် ဆယ့်ကိုးနှစ် ရှိပြီပဲ"

ချစ်ခြင်းမေတ္တာဆိုတာကို ခံစားချင်၊ မွေ့လျော်ချင်တတ်တဲ့ နေရာမှာ ငါတို့ ယောကျ်ားတွေထက် မိန်းကလေးတွေက ပိုပြီး စိတ်ကူးယဉ်တတ်ကြတယ်။

ယမုံမြစ်နီးလို ချမ်းသာပြည့်စုံတဲ့ မိန်းကလေးမျိုးက ငါ့ကို မှန်းခဲ့ရင်တောင် ပူလောင်တဲ့ အချစ်မျိုးပဲရနိုင်မယ်။

ပန်းဖြူစင်လို ငါ့အပေါ် လေးစားမြတ်နိုးပြီး သံယောဇဉ်ကြီးရှာတဲ့ ကောင်မလေးမျိုးဆီကဆိုရင် တစ်သက်တာ အေးမြငြိမ်းချမ်းတဲ့ မေတ္တာမျိုးကို ရနိုင်မှာပါ။

ဘုန်းဆင့်ရှိန်က သူ့အတွေးဆုံးသည်နှင့် သူတစ်ယောက်တည်း 'ဟက်'ခနဲ ရယ်ချလိုက်မိသည်။

ငါကများ မုံနဲ့ ပန်းဖြူစင်ကို ယှဉ်ကြည့်နေလိုက်မိသေးတယ်။ ငါလို ကောင်ကို မုံလို မာနတွေနဲ့ ဖွဲ့ထားတဲ့ မိန်းမက သုံးမတဲ့လား။

သူ့အဖေရဲ့ အလုပ်သမားမို့ ငါ့ကို ခိုင်းကောင်းကောင်းနဲ့ ခိုင်းနေတာလည်း ငါကိုယ်တိုင် သိရက်နဲ့...

မုံနဲ့ ကြုံရတိုင်း ရင်ထဲမှာ ပူလောင်မှုတွေနဲ့ ခံပြင်းခဲ့ရပေမယ့် ဘာမှ ပြန်မပြောနိုင်ခဲ့တဲ့ မုံ့ရဲ့ နောက်လိုက်ဘဝ။ မုံ ခိုင်းသမျှ ငွေငြင်းဆန်ရဲဘဲ အောက်ကျနောက်ကျခံပြီး လုပ်ပေးနေရတဲ့ အဖြစ်...။



"မုံနဲ့ မဆုံပါရစေနဲ့၊ မုံနဲ့ပတ်သက်ပြီး သူဌေးက ငါ့ကို မခိုင်းပါစေနဲ့"

"ပန်းဖြူစင်လေး ဆိုရင် ငါ့ကို အမြဲတမ်း နံပါတ်တစ်နေရာက ထားပြီး ဂုဏ်သိက္ခာရှိရှိနဲ့ ဦးဆောင်ရမယ့် ယောကျ်ားမျိုး ဖြစ်နေရမှာ..."

"ပန်းဖြူစင်လေး မျှော်လင့်နေသလို ငါနဲ့သူနဲ့ နှစ်ယောက်တစ်ဘဝ တည်ဆောက်ဖြစ်ခဲ့ရင် အမေရော ဦးလေးရော ဝမ်းသာကြရှာမှာ"

"ဦးလေးတို့ မိသားစုအပေါ်မှာ အစ်ကိုကြီး ဘုန်းတင့်ဝေနဲ့ ပတ်သက်ပြီး တင်ရှိနေခဲ့ဖူးတဲ့ 'ကြွေး'တွေလည်း ကြေနိုင်မယ် ထင်ပါရဲ့"

"ငါ ချစ်သူရှာမယ့် တစ်နေ့မှာ၊ ငါ့ဘဝအတွက် လက်တွဲဖော်အဖြစ် ရွေးချယ်ရမယ့် တစ်နေ့မှာ..."

"ပန်းဖြူစင်လေးကလွဲပြီး ဘယ်သူမှ ဖြစ်မလာနိုင်တာ သေချာသွားပါပြီ"

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်းသုံး

"ဟော့…ဘုန်းဆင့်၊ မင်းကို အဘိုးကြီး ခေါ်နေတယ်"

"တကယ်လား ဆရာရယ်"

"ငါက မင်းကို ညာနေရဦးမှာလား"

"ယုံပါတယ် ဆရာ၊ ဒါပေမယ့် ကျွန်တော် သွားတွေ့ရမှာ ကြောက်နေတယ်"

"ကြောက်လည်း ကြောက်စရာပဲ၊ မင်းနဲ့မုံတို့က သွားလိုက်ကြရင် တစ်နေကုန်တစ်နေခန်း"

"အဲဒါ ကျွန်တော့်ဆန္ဒ မဟုတ်ပါဘူး၊ မုံခိုင်းတာ လုပ်နေရတာပါ"

"မင်းက မပျော်ဘူးလား"

"ဘယ်ပျော်နိုင်မှာလဲ"

"မင်းကွာ…ကောင်မလေးချောချောနဲ့ အတူသွား၊ အထူးစားရတာများ မင်းက နာတယ် ထင်သေးလား"

"ဆရာတို့ မသိပါဘူးဗျာ"

"တို့က သိလို့ မင်းအတွက် ပျော်ပေးနေတာပေါ့ကွ"

"ဆရာက ဘာကိုသိတာလဲ"

"မင်းကို သဘောမကျဘဲ သူ့သမီးနဲ့ နေ့စဉ်လိုလို အတူသွားခိုင်းနေပါ့မလားကွ"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲဗျာ"



"အေးကွ…ထူးတော့ တော်တော်ထူးဆန်းနေတယ်၊ မင်း ဓာတ်လမ်းလုပ်မှာတောင် ငါတို့က စိုးရိမ်နေတာ၊ အခု အဘိုးကြီး ကိုယ်တိုင်က ဓာတ်လမ်းလုပ်နေပုံပဲ"

ဆရာ နေမျိုးဝင်း၏ စကား ဆုံးသည်နှင့် သူတို့ ဌာနမှ 'ကိုအောင်စိုး'က သူ့ထုံးစံအတိုင်း လက်ညှိုးလေး တထောင်ထောင်နှင့်…

"အကြံအစည် တစ်ခုခုတော့ ရှိရမယ်"

"ဟာဗျာ…"

"ကဲ…သွားတော့၊ အဘိုးကြီးအခန်းမှာ ဧည့်သည်ရှိတယ်၊ ဧည့်သည်ထွက်လာမှ မင်း ဝင်သွားလိုက်"

"ဟုတ်ကဲ့ ဆရာ"

ဘုန်းဆင့်ရှိန်တို့ ရုံးဝန်ထမ်းများ အလုပ်လုပ်ရသော အခန်းထဲမှ ထွက်လာပြီး Managine Director ဟု ဆိုင်းဘုတ်တပ်ထားသော အခန်းရှေ့မှာ ရပ်စောင့်နေဆဲ ဦးသီဟ၏ အခန်းစောင့်တပည့်က…

"ခဏလေး…ကိုဘုန်း၊ အထဲက ဧည့်သည် ထွက်လာရင် ဝင်သွားတော့နော်၊ ဆရာ ခေါ်ခိုင်းထားတာ မဟုတ်လား"

ဘုန်းဆင့် ခေါင်းညိတ်ပြလိုက်ရသည်။

"တစ်နေ့ကလို မုံ့ကိုလိုက်ပို့ခိုင်းတဲ့ ကိစ္စမျိုး မဖြစ်ပါစေနဲ့၊ တခြား ဘာပဲလုပ်ရလုပ်ရ လုပ်ပါရစေ"

စိတ်ထဲမှတွေးရင်း သူ ဝင်ခွင့်ရချိန်မှာ ဝင်သွားသော်လည်း သူ့ဆန္ဒမပြည့်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဘုန်းဆင့် ကားမောင်းတတ်လား"

"မမောင်းတတ်ပါဘူး ဆရာ"

"ဒါဆိုရင် ရုံးချိန် အပြီးမှာ ကားမောင်းသင်ပါ၊ ဆရာ ဒရိုင်ဘာကို အချိန်ပို ငွေပေးပြီး မင်းကို ကားမောင်းသင်ခိုင်းရမယ်"

"ကားမောင်းတတ်လည်း ကျွန်တော့်မှာ ကားမှ မရှိတာ ဆရာရယ်"

"တစ်နေ့နေ့တော့ ဖြစ်လာမှာပေါ့ကွာ၊ အခုလောလော ဆယ် လိုအပ်တာက သမီးကို လိုက်ပို့တဲ့အခါ ဒရိုင်ဘာ မလို တော့ဘူးပေါ့"

"ခင်ဗျာ..."

"မုံက မင်းနဲ့သွားရတာ ပျော်လို့တဲ့"

ဘုန်းဆင့် မျက်လွှာချ၍ ခေါင်းပါ နည်းနည်း ငိုက်ကျ သွား၏။

"မင်းနဲ့ မုံနဲ့ လျှောက်လည်ကြချိန်မှာ ဒရိုင်ဘာ တစ် ယောက်က ကန့်လန့်ပါနေတော့ မကောင်းဘူးပေါ့၊ ကားမောင်း သင်တာ ခဏလေးပါကွာ၊ နှစ်ရက်သုံးရက်ဆိုရင်တောင် တတ် တယ်၊ ဒါပေမယ့် တကယ်မောင်းတဲ့အခါ အရောင်အတိမ်း ဆုံးဖြတ်ရဲတဲ့ သတ္တိအပေါ်မှာတော့ မူတည်တယ်"

"ဆရာ့ကားတွေကို ကျွန်တော် မမောင်းပါရစေနဲ့ ကျွန်တော့်ကိုယ် ကျွန်တော် မယုံဘူး၊ တိုက်လိုက်ရင် ကျွန်တော် မလျော်နိုင်လို့ပါ ဆရာ"

"လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့် ရှိ



တယ်ကွ၊ တွန့်ဆုတ်တွေဝေနေလို့က ဘာအလုပ်မှ ဖြစ်လာမှာ မဟုတ်ဘူး"

ဘုန်းဆင့်ရှိန် ဘာမှဆက်မပြောရဲပါ။ လက်ကလေး နောက် ပစ်ပြီး ပေးမည့်အမိန့်ကို နာခံရန် အသင့်စောင့်နေရသည်။

"တော်ကြာ သမီး ရောက်လာလိမ့်မယ်၊ မော်ဘီက ငါ ဝယ်ထားတဲ့ ခြံကို သူ မရောက်ဖူးသေးဘူး၊ မင်း လိုက်ပို့ပေးပါ"

"ဆရာ..."

"ပြော"

"ဒီနေ့ F.E.Bankကို ဆရာ ခိုင်းထားတာ ရှိသေးတယ်၊ အဲဒါ..."

"အခု သမီးကို လိုက်ပို့ဖို့ကိစ္စလည်း ငါခိုင်းတာပဲကွာ၊ ဘဏ်သွားဖို့ အောင်စိုးကို လွှတ်လိုက်မယ်၊ မင်း ငါ့အခန်းအပြင်က စောင့်၊ တော်ကြာ သမီး ရောက်လာလိမ့်မယ်၊ အခု ဆံပင် ဖြောင့်ဆိုင်က ဆက်တာ"

မကြာခင် ဆိုသော်လည်း M.D.၏ အခန်းရှေ့မှ လေးခုံတွဲ ထလတ်စတာစ်ထိုင်ခုံမှာ ဘုန်းဆင့် တစ်နာရီနီးပါးကြာအောင် ထိုင် စောင့်နေရသည်။

ဘုန်းဆင့်တို့ ငယ်ငယ်က ကြားဖူးသည်မှာ ဆံပင်ကောက် ဆိုင်ပဲ ဖြစ်သည်။

ယခုခေတ်မှာ ဆံပင်ဖြောင့်ဆိုင်တွေ သီးသန့်ရှိနေပြီ။ မင်းကိုယ်ခံဆံပင် မည်မျှပင်တွန့်ကောက်ပုံပျက်နေပါစေ၊ ဆံပင်များ အပြားလိုက် စန့်စန့်ကြီး ဖြစ်လာဖို့အတွက် ဆံပင်အတိုအရှည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ကုန်ကျငွေက အနည်းဆုံး ခြောက်သောင်းမှ တစ်သိန်းခွဲ အထိ ရှိသတဲ့လေ။

"ဟေး...ကိုဘုန်း၊ ဆောရီးနော်၊ ကြာပြီလား စောင့်နေရ တာ၊ ခဏလေး၊ ဒက်ဒီကို သွားနှုတ်ဆက်လိုက်ဦးမယ်"

ပြာလောင်ခတ်နေသော အမူအရာနှင့် ယမုံမြတ်နိုး ရောက် ရှိလာကာ အခန်းတွင်းသို့ ခပ်ကြမ်းကြမ်း တံခါးဖွင့်၍ ဝုန်းခနဲ မြည်အောင် ပြန်ပိတ်သွားသည်။ မကြာခင်မှာပင် သားအဖ နှစ် ယောက်လုံး ပြန်ထွက်လာကြသည်။

"မောင်ဘုန်းဆင့် မော်ဘီကို လိုက်ပို့လိုက်ပါ"

"ဒက်ဒီ၊ မီး ဘာမှ မစားရသေးဘူး"

"စားပါ၊ ကျွန်တော် ဆက်စောင့်ပါ့မယ်"

အမှန်က မုံနှင့် အတူလိုက်စားရသည်ကို သိမ်ငယ်လွန်း သော စိတ်ကြောင့် တမင် ပြောလိုက်ခြင်း ဖြစ်သည်။ သူလည်း အမေ ထည့်ပေးလိုက်သော ထမင်းချိုင့်လေးကို အမြန်ဖွင့်၍ စား လိုက်ဦးမည်ဆိုသော ရည်ရွယ်ချက်များဖြင့် ပြောလိုက်ပါသော် လည်း...

"မောင်ဘုန်းပါ အပြင်မှာ သမီးနဲ့ အတူတူစားလိုက်လေ"

"ဟုတ်သားပဲ"

မုံက တမင် ပြုံပြုံစုစုပုံစံလုပ်ကာ...

"ဒက်ဒီ...ကိုဘုန်းက မီးနဲ့သွားရင် အားနာသလိုလို ကြောက်သလိုလို ပုံစံနဲ့ ဒက်ဒီရဲ့"

"မောင်ဘုန်း...သမီးနဲ့ သွားခွင့်ရချိန်မှာ မင်းလည်း



ပျော်ပျော်ရွှင်ရွှင်၊ သမီးလည်း ပျော်ပျော်ရွှင်ရွှင် ရှိကြမှပေါ့ကွ၊ ကဲကဲ...သွားကြ"

ဘုန်းဆင့်ရှိန် သူတို့သားအဖကို ထူးဆန်းသလို တစ်ချက် ကြည့်လိုက်ပြီးမှ အကြည့်ကို ဘေးဘက်သို့ ပြောင်းလိုက်ရသည်။ ကိုအောင်စိုး စောစောက နောက်သလို...

"အကြံအစည်တစ်ခုခုများ ရှိနေပြီလား"

"ငါ့ကို တစ်ခုခု အသုံးချစရာမရှိဘဲ သူ့အဖေကိုယ်တိုင်က သူ့သမီးနဲ့ ခုလို လွှတ်မှာမဟုတ်ဘူး"

မုံ ရောက်ရှိလာသည့်နေ့မှစပြီး အသုံးချခံနေရတာ သေချာ သည်။

သို့သော် ဘာအတွက်လဲ၊ ဘယ်လိုနေရာမှာ အသုံးချမှာလဲ။ ဘုန်းဆင့် စိတ်ရှုပ်ထွေးစွာ မုံ၏နောက်မှ လိုက်လာ၍ လှေကားထစ် များကို ဖြည်းညင်းစွာ နင်း၍ ဆင်းနေဆဲမှာ...

"ကိုဘုန်း...လာလေ၊ ခြေလှမ်းကလည်း နှေးလိုက်တာ"

မုံက ပြောရုံမဟုတ်။ သူ့ကိုရပ်စောင့်ပြီး လှေကားတစ်ထစ် တည်းမှာ အတူရပ်မိသည်နှင့် မုံက ဘုန်းဆင့်၏လက်ကို လှမ်း ဆိုင်း ဆုပ်တွဲပြီး ဒရောသောပါး ဆင်းချသွားတော့သည်။

"ကိုဘုန်း နောက်ကတက်"

ဟိုင်းလပ် ဆာ့ဖ်ကားကြီးကို နောက်က တက်ခိုင်း၍ ဘုန်းဆင့် တက်ထိုင်ပြီး တံခါးပိတ်ကာနီးမှာ...

"ဟိုဘက်တိုး၊ မုံပါ နောက်ကစီးမလို့"

ဘုန်းဆင့် ဟိုဘက်သို့ ရွှေ့နေဆဲ မုံက အတင်းတိုး၍ တက်

www.burmeseclassic.com

www.burmeseclassic.com



လာသဖြင့် ကိုယ်လုံးချင်း ပူးကပ်ထိခိုက်သွားပြီးနောက်မှ ဘုန်းဆင့်က တစ်ဖက်ထောင့်သို့ အမြန်တိုးကပ်လိုက်ရသည်။

မိန်းမတစ်ယောက် ထဘီတိုတို ဝတ်ပြီး ရင်ရှား(လှ)ထားသည်ထက်ပင် မုံဝတ်ထားသည်က ပိုဆိုးသေးသည်။ ရင်ညွန့်အပေါ်ပိုင်း ဗလာ၊ စကတ်က ဒူးကိုပင် လုံအောင်မဖုံးနိုင်။

"မိလျှံကွိုင်ကို မောင်းပါ၊ အလုံလမ်းမှာ"

စားသောက်ဖို့ ကားပေါ်ကအဆင်းမှာ ယာဉ်မောင်း ကိုလှထွန်း၏ မျက်နှာကို ဘုန်းဆင့် မကြည့်ရဲ။ ဝန်ထမ်းချင်းမို့ သူ့အားစားသောက်ဆိုင်မှာ တက်စားနေရချိန်မှာ ကိုလှထွန်း ဆာနေရှာမှာပဲ၊ ထမင်းချိုင့်လည်း မတွေ့။

"ဟိုအတွဲကို ကြည့်လိုက်စမ်း၊ ကောင်လေးက ပိုချောတယ်"

Million Coin ပေါ်မှ ဆင်းလာကြသော ခပ်ကဲကဲ ကောင်မလေးများက တမင် မုံနှင့် ဘုန်းဆင့်တို့ ကြားအောင် ပြောပြီး ဟီးဟီးဟားဟား လုပ်ကာ ထွက်သွားကြသည်။ ကောင်မလေးတစ်ယောက်က မောင်းပြီး လေးယောက်သား စူပါဆလွန်းကားနှင့် ထွက်သွားကြ၏။

"ဘယ်မှာထိုင်မလဲ"

"မုံ ကြိုက်တဲ့နေရာမှာ ထိုင်ပါ"

ထောင့်ဆုံးစားပွဲမှာ နှစ်ယောက် ထိုင်ကြပြီး စားသောက်ဖွယ်ရာ မှာတော့လည်း မုံ၏အကြိုက် 'ချစ်ကင်းရိုစ်' ကိုသာ မှာဖြစ်ကြသည်။



"ကိုဘုန်းက မုံနဲ့သွားရတာ မပျော်သလိုပဲ"

"ရုံးမှာ လုပ်စရာတွေဆီ စိတ်ရောက်နေလို့ပါ"

"မေ့ထားလိုက်"

ဘုန်းဆင့် ခေါင်းညိတ်ပြပြီး Menu စာအုပ်ကြီးကို အလုပ်မရှိ အလုပ်ရှာသလို ဖတ်ကြည့်နေမိသည်။

"ကိုဘုန်းကို ဒက်ဒီက ပြောစရာရှိလို့တဲ့"

"ဟုတ်လား၊ ဘာပြောမှာတဲ့လဲ"

"ဒက်ဒီ ပြောတော့ သိရမှာပေါ့"

"ဆရာပြောမှာကို မုံရော သိနေသလား"

"သိတာပေါ့"

"ဘာလဲဟင်၊ ကိုယ် သိပ်သိချင်တယ်"

"မုံက ပြောခွင့်မှ မရှိတာ"

"ကိုယ် ကြိုသိပါရစေ မုံ၊ အလုပ်ကိစ္စလား"

"အဲဒီထက် နက်ရှိုင်းတယ်"

"ဘာအကြောင်းလဲ"

"တစ်ခုခုပေါ့...အဟား..."

ဘာကိုမှအလေးအနက်မရှိသော မုံ့ကို စိတ်ပျက်စွာ ကြည့်လိုက်ပြီး ဘုန်းဆင့် ဘာမှဆက်၍မမေးဖြစ်ပါ။ ဒီသားအဖ နှစ်ယောက် သူ့အပေါ်မှာ တစ်ခုခုတော့ ခိုင်းစေမှာ၊ အသုံးချမှာ သေချာနေပြီ။ ဘာများပါလိမ့်။ မနက်စာ ထမင်းမစားရသေးပါဘဲနှင့် နေ့လယ် တစ်နာရီရှိပြီ ဖြစ်သော်လည်း ဘုန်းဆင့် စား၍ မဝင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"မုံ့မှာ ရည်းစားရှိတယ် သိလား ကိုဘုန်း"

"ဟုတ်လား"

"စင်ကာပိုရ်မှာ ကျန်ခဲ့တယ်၊ သူက ဟိုမှာ နေစေချင်တာ၊ ဒက်ဒီက ပြန်လာရမယ်ဆိုလို့"

"သူ လိုက်မလာဘူးလား"

"သူက ဟိုမှာ အလုပ်ရှိတယ်လေ၊ မြန်မာပြည်မှာလည်း မနေနိုင်ဘူးတဲ့"

"ဘာလူမျိုးလဲ"

"မြန်မာပါပဲ"

"အံ့သြစရာပဲနော်"

ဘုန်းဆင့် စိတ်ထဲမှာ နည်းနည်းပေါ့သွားသည်။ သူ့မှာ ရည်းစားရှိကြောင်း ကြေညာလိုက်၍ ဘုန်းဆင့် အနေရအထိုင်ရ နည်းနည်းတော့ သက်တောင့်သက်သာ ရှိသွားသလိုပါ။

"ကိုဘုန်းမှာရော ရည်းစားရှိလား"

"ရည်းစား"

မုံက စားနှင့်လိုးပြီးသား ပေါင်မုန့်စိတ်ကလေးကို ခက်ရင်းနှင့် ယူစားရင်း ခေါင်းညိတ်ပြသည်။ ဘုန်းဆင့်မှာ ရည်းစားမရှိပါ ဟု အမှန်အတိုင်း ကြေညာလိုက်လျှင် ဦးနေမျိုးဝင်းတို့ ပြောသလို ဇာတ်လမ်းလုပ်လာမှာ ကြောက်ရသဖြင့် ခဏတွေဝေပြီးမှ...

"ရှိတာပေါ့ မုံရဲ့"

"ဟုတ်လား၊ ချောလား၊ နာမည်က ဘာတဲ့လဲ"

"တစ်ခုစီ ဖြေမယ်နော်"



ဘုန်းဆင့်က ပေါင်မုန့်ကို စားနှင့်လိုးပြီး ကြက်သားကို ခက်ရင်းနှင့်ယူ၍ ဝါးရင်း အမြန်စဉ်းစားပြီးမှ...

"သိပ်ချောတာပဲ၊ သူက မြန်မာမှုကိုမြတ်နိုးတယ်၊ ဆံပင် အရှည်လေးနဲ့"

"ကိုဘုန်း ပြောချင်တာ မုံနဲ့တော့ တခြားစီလို့ ပြောချင်တာ ဟုတ်လား၊ သိပါတယ်နော်...အဟား...ဟား"

"အသားလေး ဆိုလည်း ဖွေးနေတာ၊ နေဦး ဖွေးတာ ဟုတ်ဘူး၊ ဝါညက်နုမွတ်နေတာ"

"အမယ်လေး...ညွှန်းလိုက်တာ၊ နာမည်ပြောပါဦး"

"နာမည်...နာမည်က ဖြူ...အဲ...ပန်းဖြူစင်"

"ကိုဘုန်း ပြောချင်တာက ပန်းကလေးလို ဖြူစင်တယ်ပေါ့၊ ဟုတ်လား"

"အင်း...ဒီအတိုင်းပဲ"

ပန်းဖြူစင်ကို ဘယ်တုန်းအခါကမှ ချစ်နေကြောင်း ပြောဖူးသေးပါဘဲနှင့် ခုချက်ချင်း သူ့ရည်းစား ဖြစ်သွားရပြန်ပြီ။ ကိစ္စမရှိပါ။ အန္တရာယ်ကို ကာကွယ်လိုက်သည်ဟု သူခံယူရင်း ပန်းဖြူစင်ကို သူ အမှန်တကယ် ချစ်သင့်ကြောင်း ဟိုတလောကပဲ သူ ဆုံးဖြတ်ပြီးသားလေ။

"ကိုဘုန်း...အချစ်ဆိုတာကို ဘယ်လိုမြင်သလဲ"

"အင်မတန်မှ နက်ရှိုင်းသိမ်မွေ့တဲ့ နှလုံးအိမ်ထဲက ခံစားမှု ပေါ့"

"ချစ်သူနဲ့ ဝေးရင် ဘာဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြေပြီ ဆွေးပြီပေါ့ မုံရဲ့"

"တကယ်လား"

"တကယ်ပေါ့၊ နှာလန်မထူနိုင်လောက်အောင်ကို ကျဆုံး သွားမှာပေါ့"

တစ်ချိန်က မမညို၏ ကျဆုံးပုံကို သတိရပြီး အချစ်၏ အဆိပ်သင့်ခြင်းများကို တွေးမိ၍ ပြောလိုက်ခြင်းဖြစ်သည်။

"ဒက်ဒီကပြောတော့ ဒီလိုမဟုတ်ဘူး"

"ဘယ်လိုပြောလဲ"

"အချစ်ကို ခံစားတတ်တဲ့ အရွယ်မှာ ရည်းစားထားတာ အပြစ်မဟုတ်ဘူးတဲ့၊ ဒါပေမယ့် ဘဝကိုတည်ဆောက်ဖို့ လက်ထ တဲ့ အချိန်ရောက်ရင်တော့ ရွေးချယ်မှု မှန်ရမယ်တဲ့"

"ဘယ်လို ရွေးချယ်မှုလဲ"

"အချစ်နဲ့ ဘဝကို တည်ဆောက်လို့ မရဘူးတဲ့၊ အောင်မြ ခြင်းနဲ့ ချမ်းသာကြွယ်ဝခြင်းကသာ ဘဝကို ခိုင်မာအောင် တည ဆောက်ပေးနိုင်မှာတဲ့"

"လက်ထပ်တယ် ဆိုတာ တိုက်တစ်လုံး ဆောက်သ ပုံသေနည်းနဲ့ တွက်ချက်လို့ ဘယ်ရမလဲ မုံရဲ့၊ ကိုယ့်ချစ်သူ အတူနေခွင့်ရမှသာ အိမ်ထောင်တစ်ခုရဲ့ သာယာချမ်းမြေ့ခြင်း တည်ဆောက်နိုင်မှာပေါ့"

"မသိပါဘူး၊ ရှုပ်နေတာပဲ၊ လက်ထပ်တဲ့ ကိစ္စမှာ လူငယ်အတွေးနဲ့ လူကြီးရဲ့ ရွေးချယ်မှု ယှဉ်လိုက်ရင် လူကြီး ဘက်က မှန်မယ်လို့ ထင်တာပဲ"



မုံက သူ၏ခံယူချက်ကိုပြောပြီး မုန်လာဥနီနှင့် ဂေါ်ဖီပန်း များကိုသာ ငုံ၍ စားနေသဖြင့် ဘုန်းဆင့်လည်း စိတ်လက်ပေါ့ပါး စွာ စားဖြစ်၏။

ထိုနေ့က မော်ဘီခြံသို့ မုံရောက်သည့်အခါ ခြံပိုင်ရှင်သူဌေး သမီး ရောက်လာ၍ ခြံစောင့်များက တခမ်းတနား ကြိုဆိုကြသော် လည်း မုံက ဘယ်သူ့ကိုမှ အရေးမလုပ်ဘဲ ခဏသာနေ၍ ပြန်ခဲ့ ကြသည်။

စားစရာများ အရာမယွင်းဘဲ မျက်နှာငယ်လေးများနှင့် ကျန်ရစ်ခဲ့ကြသော ခြံစောင့်မိသားစုကို ဘုန်းဆင့် အားနာလိုက် တာ။ သနားစရာပါလားကွယ်။

အပြန်လမ်းမှာ ချစ်ခြင်းမေတ္တာဘွဲ့နှင့် အိမ်ထောင်ရေး အဘိဓမ္မာများကို ဘာမှ မပြောဖြစ်မဆိုဖြစ်ကြ။ လေအေးစက် တပ်ထားသော ကားထဲမှ ကက်ဆက်သီချင်းသံများသာ လွှမ်းမိုး နေ၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

"ဟာ...ကိုဘုန်း...အဖေ မရှိဘူး"

"ဘာလဲ၊ ဦးလေးမရှိရင် ငါက မလာရတော့ဘူးလား"

"ဩော်...ဟော်...ဟုတ်ပါဘူး၊ ကိုဘုန်း လာတာ ဝမ်းသာပြီး ဘာပြောလိုက်မိမှန်းတောင် မသိဘူး"

"ဦးလေး လမ်းထိပ်က အသုဘ သွားပို့တာ ငါတွေ့လိုက်တယ်၊ ရော့"

"ဘာထုပ်တွေလဲ"

"ခေါက်ဆွဲသုပ်နှစ်ထုပ်၊ နင်နဲ့ ငါနဲ့ဖို့"

"အဖေ့ဖို့ရော"

"လမ်းဘေးက ဝယ်လာတဲ့ ခေါက်ဆွဲသုပ်၊ ဦးလေးနဲ့ ဘယ်တည့်မှာလဲဟာ၊ နင်နဲ့ ငါနဲ့ဖို့ပဲ၊ နှစ်ထုပ်"

ပန်းဖြူစင်က အားရဝမ်းသာ ယူပြီး အတွင်းခန်း ဝင်သွားချိန်မှာ အိမ်ရှေ့ခန်းမှ မိသားစုလေးယောက်၏ ဓာတ်ပုံကြီးကို ဘုန်းဆင့်ရှိန် မတ်တတ်ရပ်ရင်း ကြည့်လိုက်မိသည်။ ကွယ်လွန်သူ ဒေါ်လေး ဒေါ်ယဉ်ယဉ်ဦး။ ခွဲထွက်သွားသူ မမညိုနှင့် လက်ရှိ ဖြူတို့သားအဖ...။



"မိသားစုဆိုတာ သားသမီးများ ငယ်စဉ်ကသာ စုစည်းလို့ရတာ၊ သားသမီးတွေ ကြီးလာကြတဲ့အခါ သီထားတဲ့ပုတီး တစ်ကုံးကို ဖြတ်ချလိုက်သလို တစ်စစီ၊ တစ်နေရာစီ လွင့်စဉ်ကုန်ကြတာပဲ၊ ဘုန်းဆင့်တို့လည်း ညီအစ်ကိုနှစ်ယောက်ရယ်၊ အဖေနဲ့ အမေရယ်မှာ အဖေက ကွယ်လွန်၊ အစ်ကိုကြီးက အကျဉ်းကျဘဝနှင့် အဝေးမှာမို့ ပန်းဖြူစင်တို့ အတိုင်းပါပဲ"

"မင်းအစ်ကိုဆီ မသွားတာ သုံးလရှိပြီ၊ သွားကြည့်ပါဦး တော့လားကွယ်၊ ကိုယ့်မှာ ဒီညီအစ်ကိုနှစ်ယောက်တည်းရှိတာ၊ အမေက မစွမ်းဆောင်နိုင်တော့လို့ မင်းကို အကူအညီတောင်းနေရတာပါ ဘုန်းဆင့်၊ ငါသာ အရင်ကလို သွားနိုင်လာနိုင်ဆိုရင် ငါ့သားကြီးဆီ ငါ နှစ်ပတ်တစ်ခါကို သွားမှာ၊ တွေ့ခွင့်ရတိုင်းကို တွေ့ချင်တာ၊ အစားစားရလည်း မျိုမကျဘူး၊ အိပ်ရာ ကောင်းကောင်းလည်း မအိပ်ရက်ဘူး၊ သူ ဘာစားနေပါလိမ့်၊ ဘယ်လို အိပ်နေရပါလိမ့် ဆိုပြီးတော့..."

အမေက စကားတွေ တသီကြီးပြောပြီး မျက်ရည်ကျနေသည်ကို ဘုန်းဆင့် မကြည့်ရက်ပါသော်လည်း ဘုန်းဆင့် ခွင့်ယူ၍ မရ။ အခု 'မုံ့'ရောက်လာတော့ ပိုဆိုးနေသည်။ ဘာပဲဖြစ်ဖြစ် အမေ့ဆန္ဒအတိုင်း ဖြစ်အောင် ကြိုးစည်ပါဦးမည်။ ပြီးတော့ သူ့ကို သိပ်ချစ်ရှာသည့် အစ်ကိုကြီးကိုလည်း ဘုန်းဆင့် ကိုယ်တိုင် တွေ့ချင်ပါသည်။ စားသောက်ဖွယ်ရာများ သွား၍ပို့ပါဦးမည်။

"ကိုဘုန်း...စားလို့ရပြီ"

www.burmeseclassic.com

www.burmeseclassic.com



မိသားစုများ အကြောင်း တွေးရင်း အမေ့စကားများ ပြန်လည် ကြားယောင်နေမိဆဲ ပန်းဖြူစင် ခေါ၍ အိမ်ထဲဝင်ခဲ့ရသည်။

မီးဖိုချောင်ထဲက ထမင်းစားဝိုင်းလေးပေါ်မှာ နယ်ပြီးသား ခေါက်ဆွဲနှစ်ပန်းကန်နှင့် သူ့အတွက် ဖန်ခွက်ကြည်ကြည်ထဲမှ ရေတစ်ခွက်။

"ဖြူလည်း စားလိုက်လေ"

"ကိုဘုန်း ဝ,ပါ့မလား"

"တို့နှစ်ယောက်အတွက် ဝယ်လာတာပဲ၊ လာပါ၊ တူတူ စားရအောင်"

"ဖြူက တရုတ်ဆိုင်က ခေါက်ဆွဲကြော် စားချင်နေတာ၊ ကိုဘုန်းက ဒါပဲကျွေးတော့ ဒါပဲစားရမှာပေါ့လေ"

"ကျွေးချင်တာပေါ့ဟာ၊ ကြက်သား၊ ဝက်သားနဲ့ကြော်တဲ့ ခေါက်ဆွဲကြော်က တစ်ပွဲ ခြောက်ရာ၊ ခုနစ်ရာ၊ ငါ့လခက တစ်လ နှစ်သောင်းခွဲ ဆိုပေမယ့် တစ်နေ့မှ ရှစ်ရာလောက်ပဲ ရှိတာလေ၊ အမေနဲ့ ငါနဲ့ အစ်ကိုကြီး မရှိကတည်းက ဖြစ်သလို စားနေရတာ နင်လည်းသိသားနဲ့ ဖြူစင်ရယ်"

"ဟာ...ကိုဘုန်း...ဘွာဘွာ...အဲ...ကန်တော့...ကန်တော့၊ ဘာရယ် မဟုတ်ပါဘူး ကိုဘုန်းရယ်၊ ဖြူ အလကား လျှာရှည်မိတာ တောင်းပန်ပါတယ်၊ ကိုဘုန်း စိတ်ညစ်သွားလားဟင်"

တနင်္ဂနွေနေ့မို့ ခေါင်းလျှော်ထားသော ဆံပင် သန့်သန့် မွှေးမွှေးလေးကို ဖြန့်ချပြီး သနပ်ခါး ပါးကွက်ကလေး ကွက်ထား



သော ပန်းဖြူစင်မှာ အိမ်နေရင်း ဘလောက်စ်အင်္ကျီကပင် လည်ပင်းနားအထိ ကြယ်သီးတပ်ထား၏။ လက်စက အင်္ကျီမို့ လည်တိုင်ကျော့မှလွဲ၍ လက်မောင်းသားလေးကိုပင် မြင်ခွင့်မရ။ ပန်းဖြူစင် တစ်ကိုယ်လုံး သန့်စင်ရှင်းလင်း မွှေးမြနေသော င်အေးဖွယ် အလှလေးနှင့် သူ့ကို တောင်းပန်နေသည့် ပုံလေးက သနားစရာ၊ ချစ်စရာလေးပါလား။

"အမှန်တရားကို ပြောပြမိတာပါဟာ၊ ကဲ...စားကြစို့၊ ထမင်းကျန်သေးလား၊ ငါ့ခေါက်ဆွဲသုတ် ပန်းကန်ထဲ ထမင်း နည်းနည်းထည့်ပေး"

"စားပါ ဖြူ၊ ပန်းကန်တစ်ချပ်နဲ့ ရှုးခဲ့ပါမယ်"

ထမင်းတစ်ခဲနှင့် ခေါက်ဆွဲသုတ် တစ်ပွဲမို့ ဘုန်းဆင့်၏ ထမင်းတစ်နပ်စာ ဖူလုံသွားခဲ့ပြီ။

ဖြူတို့အိမ်က ဒီလို မြန်မာ ထမင်းစား စားပွဲခုံလေးမှာ ဘုန်းဆင့် ငယ်ငယ်လေးကတည်းက မကြာခဏ စားဖြစ်ခဲ့သော နေရာပါ။

"ကိုဘုန်း...ဝ,ပါ့မလား၊ ဖြူ့ဆီက တစ်ဝက်ယူလေ"

"ရပြီ၊ ဝ,တယ်"

ဘုန်းဆင့်က အားရပါးရ စားဝင်နေသလောက် ပန်းဖြူ စင်က ကုန်အောင်ပင် မစားနိုင်ရှာ။

"ငါ့အိမ်ရှေ့က စောင့်နေမယ်၊ ပြီးရင်ထွက်ခဲ့နော်၊ ပြော စရာရှိလို့"

"ဟုတ်ကဲ့ ကိုဘုန်း"

www.burmeseclassic.com

www.burmeseclassic.com



အမြန် ဆေးကြောခဲ့ပုံရသည်။ မကြာခင်မှာပင် ပန်းဖြူစင် ထွက်လာပါ၏။

"ပြီးခဲ့တဲ့ ကြာသပတေးနေ့က ငါတို့ သူဌေးရဲ့ သမီး လိုက်ပို့ရတယ်"

"သူဌေးသမီး"

"ဟုတ်တယ်၊ စင်ကာပူက ပြန်လာတာ"

"ဘယ်…ဘယ်ကို လိုက်ပို့ရတာလဲ"

"မော်ဘီခြံကိုပါ၊ အဲဒါ အရေးမကြီးပါဘူး၊ ငါ ပြောချင် တာက တခြားပါ၊ စားသောက်ဆိုင်မှာ ဘိုစာတွေ စားကြရင်း သူက ငါ့ကိုမေးတယ်၊ ကိုဘုန်းမှာ ရည်းစားရှိလားတဲ့"

"ဟင်…"

"သူ့မှာတော့ ရည်းစားရှိတယ်တဲ့၊ ပွင့်ပွင့်လင်းလင်းပဲဟ"

ပန်းဖြူစင် တိတ်တိတ်ကလေး သက်ပြင်းချလိုက်သည်ကို ဘုန်းဆင့် မြင်လိုက်ရသည်။ 'တော်ပါသေးရဲ့' ဟူသော သဘော ပါပင်။

"ကိုဘုန်းကလည်း ဖြေလိုက်တယ်၊ ရည်းစားရှိတယ်လို့"

"ဟင်…တကယ်ရှိတယ်"

"အလကား ညာလိုက်တာပါ"

"ဘယ်လိုညာလိုက်လို့လဲ"

"သူက လှလား၊ နာမည်ဘယ်သူလဲ မေးတော့ ငါကလည်း သိပ်လှတယ်၊ အသားလေးက ဖွေးနေတာပဲ၊ ကျွန်တော့်ရည်းစား နာမည်က ပန်းဖြူစင်ပါခင်ဗျလို့ ငါက ဖြေလိုက်တာပေါ့"



"ဟယ်…"

ဖြူစင် အံ့သြသွားပုံမျက်နှာလေးမှာ အဓိပ္ပာယ်များစွာ ဖော်ပြလို့ရသည်။ အံ့သြခြင်း၊ ဝမ်းသာခြင်းနှင့် တစ်ချိန်တည်းမှာပင် ဝမ်းနည်းခြင်းနှင့် မယုံရဲခြင်းများ ပေါင်းဖွဲ့လျက်…

"အဲဒါ နင် စိတ်ဆိုးလားဟင်"

ပန်းဖြူစင်က ကြေကွဲရိပ်စွန်းနေသော မျက်ဝန်းလေးနှင့် မော့ကြည့်လိုက်ပြီး ခေတ္တမျှ ငြိမ်သက်သွားပြီးကာမှ…

"ဘာလို့ စိတ်ဆိုးရမှာလဲ၊ ကိုဘုန်းက ညာပြောလိုက်တာ ဆို…"

"ညာပြောလို့ စိတ်မဆိုးဘူးပေါ့"

"အင်း…"

"ဒါဆို တကယ်ပြောရင်တော့ နင်က စိတ်ဆိုးမယ်ပေါ့၊ ဟုတ်လား ဖြူ"

"ကိုဘုန်းရယ်…"

ပန်းဖြူစင်က သူ့ကို ကြေကြေကွဲကွဲ ကြည့်ပြီးမှ ခပ်ဖြည်း ဖြည်း ထပြီး ဝရန်တာမှာ သွားရပ်နေရှာသည်။

ကျော့ရှင်းသော ကိုယ်လုံးသွယ်သွယ်လေးပေါ်မှာ သခေါက် ရွက်အထိ ရှည်လျား သွယ်ကျနေသော သဘာဝဆံပင် စန့်စန့် သန့်သန့်လေးနှင့် ချစ်မြတ်နိုးစရာကောင်းလှသော အပြစ်မဲ့ အလှရှင်မလေး ပန်းဖြူစင်…

ဘုန်းဆင့်ကပါ ဝရန်တာ ထွက်၍ ပန်းဖြူစင်ဘေးတွင် ယှဉ်၍ရပ်လိုက်သည်။ ဘုန်းဆင့်က လာနေကျမို့ ရှေ့ခန်း၊

www.burmeseclassic.com

www.burmeseclassic.com



သောအခန်းမှ အထူးအဆန်းလုပ်၍ စပ်စုမနေကြတော့သဖြင့် ဘုန်းဆင့်က...

"ဖြူစင်၊ ဟိုသူဌေးသမီး 'မုံ' ဆိုတာကို မြင်ရတာ ငါ ရင်ပူခဲ့ရသလောက် နင်နဲ့တွေ့ချိန်မှာ ငါရင်အေးမိတယ်၊ မမညိုကို အစ်ကိုကြီး ပစ်ခွာသွားတဲ့အတွက်လည်း ငါ့မှာ တာဝန်ပိုရှိတယ် လို့ ထင်မိတယ်၊ ဒါကြောင့် နင်လည်း ဘယ်အချစ်မှ မရှာနဲ့ ငါလည်း ဘယ်သူ့ကိုမှမယူဘဲ တို့ လက်ထပ်နိုင်တဲ့ တစ်နေ့ကျရင် လက်ထပ်ရအောင်ပါ၊ တို့နှစ်ယောက်အတွက် အမေရော ဦးလေး ကပါ ဝမ်းသာကျေနပ်ကြမှာပါ ဖြူစင်ရယ်နော်"

ပန်းဖြူစင်သည် ဝိုင်းစက်လှပသော မျက်လုံးကြီးနှင့် သူ့ကိုကြာမြင့်စွာ ကြည့်ပြီးမှ အဓိပ္ပာယ်မဲ့စွာ မိုးကောင်းကင်ကြီး ကို မော့ကြည့်လိုက်သည်။

ပန်းဖြူစင်ဘက်က "ဘယ်အချစ်မှမရှာနဲ့"တဲ့။ သူ့ဘက်က လက်ထပ်နိုင်တဲ့ တစ်နေ့ကျရင် ပန်းဖြူစင်ကို လက်ထပ်မယ်တဲ့။ ဘဝအတွက် အရေးအကြီးဆုံးသော စကားစုထဲမှာ ဘုန်းဆင့်ရှိန်၏ 'ချစ်ခြင်းမေတ္တာ'ဆိုသော စကားလုံး မပါရှိပါလား။

ငယ်ငယ်လေးကတည်းက သံယောဇဉ်ကြီးခဲ့၊ တွယ်တာခဲ့ ချစ်မြတ်နိုးစွာ အားကိုးခဲ့ရသော လူတစ်ယောက်ရဲ့ တောင်းဆိုမှုက ဒါပဲလား၊ ဒီလောက်ပဲလား။

"ပန်းဖြူစင်ကို ချစ်လိုက်တာ"

"ကိုဘုန်းကို ပြန်ချစ်နိုင်မလား"

ဆိုသော နှလုံးသားအတွက် အလိုအပ်ဆုံးသော တောင်း



ဆိုမှု စကားမျိုး တစ်ခွန်းမှမပါရှိပါဘဲနှင့် သူ လက်ထပ်နိုင်ချိန်မှာ ပန်းဖြူစင်ဘက်က အဆင်သင့်ရှိနေရမည်တဲ့လေ။

"ချစ်ခြင်းမေတ္တာကို မျှော်လင့်တကြီး စောင့်စားနေမိသော မိန်းမငယ်တစ်ယောက်၊ သူ့တစ်ဦးတည်းကိုသာ တစ်သက်တာ ဘဝရ အဖြစ်နှင့် မြတ်နိုး ကိုးကွယ်ချင်နေမိသော မိန်းမသား တစ်ယောက်အတွက် သည့်လောက် စကားလေးနှင့်သာ ထိုက်တန် သတဲ့လား ကိုဘုန်းရယ်..."

ရိုင်းရိုင်းပြောကြစတမ်းဆိုလျှင် ဘုန်းဆင့်ရှိန်၏ စကားက...

"နင် ဘယ်သူ့ကိုမှမချစ်နဲ့"

"ငါ လက်ထပ်နိုင်တဲ့နေ့အထိ စောင့်"

"နင် ငါ့ကိုပဲ ယူရမယ်"

ဆိုသော စကားထက် ပိုပြီး သာယာနာပျော်ဖွယ်မပါရှိပါ။

"နင့်ကို လက်ထပ်မယ့်အစား 'နင့်ကို ငါချစ်တယ်'လို့များ ပြောလိုက်ပါတော့လား ကိုဘုန်းရယ်၊ အဲဒီလို ပြောရလောက်အောင် မထိုက်တန်တဲ့ မိန်းမမို့လား၊ ဟုတ်လား ကိုဘုန်း"

"မိန်းမသား တစ်ယောက်ရဲ့ နှလုံးသားထဲမှာ ချစ်ခြင်းမေတ္တာတွေ ပြည့်လျှမ်းနေပါတယ်၊ အဲဒီအချစ်တရားတွေအားလုံး ကိုယ့်ချစ်သူကို ပေးဆက်ချင်သလို ကိုယ့်ချစ်သူဆီကလည်း ထပ်တူညီတဲ့ မေတ္တာတရားတွေ ပြန်ရချင်ပါတယ်"

"အချစ်ဆိုတာ ပေးဆပ်ခြင်းသက်သက်လည်း မဟုတ်ဘူး၊ ရယူခြင်းသက်သက်လည်း မဟုတ်ပါဘူး ကိုဘုန်း"

"ဖြူ့ဘက်က ပေးဆပ်နိုင်သလောက် ကိုဘုန်းဘက်က

www.burmeseclassic.com

www.burmeseclassic.com



လည်း တုန့်ပြန်လာတဲ့ ချစ်ခြင်းနဲ့ သစ္စာတရားတွေကို ချိုမြိန်စွာ ခံယူခံစားချင်ပါတယ် ကိုဘုန်းရယ်"

ပန်းဖြူစင် သည်သို့တွေးနေဆဲ...

"ဘာတွေ စဉ်းစားနေလဲ ဖြူ"

"ဘာမှမဟုတ်ပါဘူး"

"မျက်ရည်တွေတောင် ဝဲလို့၊ ငါ့ကို စိတ်ဆိုးလို့လား"

"မဆိုးပါဘူး၊ ဘာမှမဖြစ်ပါဘူး"

"ငါ ပြောတာ စိတ်မဆိုးဘူးဆိုရင် ငါပြောတာ လက်ခံနိုင်မလားဟင် ဖြူ"

ပန်းဖြူစင် ခေါင်းညိတ်ပြလိုက်ရပါသည်။

မိန်းကလေးတစ်ယောက်ရဲ့ တစ်ဘဝတာအတွက် ပေးအပ်ရသည့် အဖြေက ခေါင်းလေးတစ်ငြိမ့်မျှသာ...။

သူ့ကို နှုတ်ဆက်၍ ဘုန်းဆင့် ဆင်းသွားသည်အထိ သူသည်နေရာမှာပင် ရပ်လျက်ကျန်ရစ်သည်။ ဘုန်းဆင့်က အောက်ဆင်းသွားပြီးနောက် လမ်းမပေါ်အရောက်မှာ သူ့ကို ပြန်၍မော့ကြည့်ပြီး ပြုံးပြလိုက်သည်။

ပန်းဖြူစင်က အင်အားမပါသော အပြုံးဖြင့် ခေါင်းငုံ့ကြည့်လိုက်ချိန်မှာ မျက်ရည်နှစ်ပွင့် ကြွေကျသွား၏။

❊ ❊ ❊

## အခန်း ၂၁

တနင်္ဂနွေနေ့တစ်နေ့၏ နံနက်ပိုင်းတွင်...

ပန်းဖြူစင်တို့၏ ခြောက်ထပ်ကန်ထရိုက်တိုက်၏ အောက်သို့ 'သ'နံပါတ် စူပါဆလွန်းကားဖြူလေးတစ်စင်း ထိုးဆိုက်သည်။ လေးလွှာ၏ ဝရန်တာမှ စောင့်မျှော်နေသော ပန်းဖြူစင် အိပ်ခန်းထဲ ပြေးဝင်လာပြီး...

"ဟာ...ဖေဖေရေ...မမညိုတို့ လာကြပြီ"

ပန်းဖြူစင်က အောက်သို့ဆင်းရန် တံခါးဖွင့်နေဆဲ ဦးတင်တက ဖိနပ်စီးနေ၍...

"ဖေဖေက အောက်ဆင်းမလို့လား"

"အေးလေ...ငါ ဟိုကောင်ကြီး သွားချီခဲ့မလို့"

"ဟာ...မလုပ်ပါနဲ့၊ သူ့ကောင်မလေးလည်း ပါလာတာပဲ၊ တော် လဲကျနေပါဦးမယ် ဖေဖေရာ"

"အေး...အေး...ဒါဆိုလည်း သမီးပဲ သွားခေါ်လာခဲ့"

ပန်းဖြူစင် လေးထပ်ပေါ်က ပြေးဆင်းလာသည်။ ယဉ်ညိုယ်တို့က ကားထဲမှ ပစ္စည်းများ သယ်ထုတ်နေဆဲ၊ ကားတံခါးပိတ်ရသေး။

www.burmeseclassic.com

www.burmeseclassic.com



"တူလေး…လာ…လာ၊ တီတီဖြူ့ဆီလာ"

ဖြူဖွေးဝကစ်နေသော လေးလသားအရွယ် 'အော လက်ျာဦး'က ပြုံးပြုံးကြီး ထိုးလိုက်လာ၍ ပန်းဖြူစင်က သူ့ ဖောင်းဖောင်းကြီးကို အားရပါးရ နမ်းပစ်လိုက်သည်။

"ပေးလေ…မမညို"

"နေပစေ၊ ဒီအထုပ်တွေ တို့ယူခဲ့ပါ့မယ်၊ နင့်တူကို အရင်ခေါ်ပြီးသွားနှင့်၊ ဟိုမှာ ဖေဖေ စောင့်နေတယ်"

ဝရန်တာထွက်ပြီး မျှော်နေရှာသော ဖခင်ကြီးဆီသို့ ဖြူ အရင်တက်လာနှင့်သည်။

ယဉ်ညိုသွယ်က သူကိုယ်တိုင် မောင်းလာသော ကား တံခါးပိတ်၍ သော့ခတ်လိုက်သည်။ ဤစူပါဆလွန်းကား ကားသစ်မဟုတ်သော်လည်း သိန်းတစ်ရာ့ငါးဆယ်လောက် ပါ၏။

ယဉ်ညိုသွယ်၏ခင်ပွန်း မြန်မာပြည် ပြန်လာစဉ်က ဝယ်ပေးရုံမဟုတ် ကားမောင်းပါ သင်ပေးခဲ့ပြီး ကားမောင်းလိုင် ပါ ရသဖြင့် ယဉ်ညိုသွယ်က ကားကို ကျွမ်းကျွမ်းကျင်ကျင်မော တတ်နေပါပြီ။

ယောက်ျား ပြန်မလာခင်က ပို့သောငွေနှင့် လမ်း၅၀ ထဲ တိုက်ခန်းတစ်ခန်းလည်း ဝယ်ပြီးခဲ့ပါပြီ။ လိုင်းဖုန်းတစ်လုံးလည် တပ်ဆင်ထားပြီးဖြစ်၏။

လွန်ခဲ့သော လေးလကျော်ကမှ မွေးဖွားခဲ့သော သား လေးကို ကိုကျော်စွာဦး မမြင်ဖူးရှာသေး။ တနင်္ဂနွေသား



'အောင်လက်ျာဦး'ဟု အမည်ပေးပါရန် တယ်လီဖုန်းဖြင့် ကင်ပွန်း တပ်ပေး၏။ သူချစ်မြတ်နိုးသော ဇနီးနှင့် သားဦးလေး ရသဖြင့် ကိုကျော်စွာဦး သိပ်ကိုကြည်နူးနေရှာသည်။

နိုင်ငံခြားမှ ပို့လိုက်သော ပစ္စည်းထုပ်များ၊ စားစရာများနှင့် ကလေးအတွက် အသုံးအဆောင်ပစ္စည်းများကို ယဉ်ညိုသွယ်နှင့် အိမ်ဖော်ကောင်မလေးတို့ မနိုင်မနင်းသယ်၍ လေးထပ်တိုက်ပေါ် သို့ တက်လာခဲ့ကြသည်။

"ငါ့မြေးလောက် ချစ်စရာကောင်းတဲ့ ကလေးမျိုး မတွေ့ ဖူးသေးပေါင်ဗျာ"

"ဖေဖေကလည်း…အဖိုးတိုင်း ကိုယ့်မြေးကိုကိုယ် ဒီလိုပဲ ထင်ကြမှာပေါ့"

"အဲဒီလိုထင်ပြီး ငါ့မြေးနဲ့ ပြိုင်ရဲတဲ့သူရှိရင် လာခဲ့ကြလေ၊ အားလုံး နောက်ကောက်ကျသွားမှာပေါ့နော် မြေးကြီးရာ…ဟား ဟား…"

ဦးတင်လတ်တို့ ဒီမြေးကြောင့် အသက်ဆက်၍ ရှည်ပါလိမ့် ဦးမည်။ မြေးကြီးနှင့် သမီးကြီးတို့ ရောက်လာသည့်နေ့ဆိုလျှင် ဝမ်းသာရှာလွန်းလို့ ဖျတ်လတ်တက်ကြွနေပေသည်။

"ဘာတွေလဲ သမီးရဲ့"

"ဖေဖေ့သမက်သင်္ဘော စင်ကာပူကပ်လို့ လူကြုံနဲ့ပို့လိုက်တဲ့ ပစ္စည်းတွေပါ၊ မနေ့ကပဲ သွားယူခဲ့ရတာ၊ ဖေဖေ့ဖို့ အနွေးထည်၊ ဖြူ့ဖို့ ပါတိတ်၊ ပိတ်စ၊ ချောကလက်နဲ့ တင်းနံ့ဘူးတွေ၊ အစုံပါ၊ ကလေးဖို့ကတော့ ပြောမနေပါနဲ့တော့၊ အများကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သယ်လာရတဲ့လူ အားနာစရာကွယ်"

"လူကြုံဆိုတာ အရင်တုန်းကလို ကြုံတဲ့လူကို တောင်းပန်ပြီး အသည့်ပေးရတာမျိုး မဟုတ်တော့ဘူး ဖေဖေရဲ့၊ ပစ္စည်းအလေးချိန် အလိုက် ဒေါ်လာငွေ ယူပြီး သယ်ပေးကြတာ၊ အမေရိကန်နဲ့ ရန်ကုန်တောင် သယ်လာသယ်သွားသူတွေ ရှိနေပြီ၊ တရုတ်အမျိုး တွေ လုပ်နေကြပါတယ်၊ ဘာပဲပြောပြော ခုလို သယ်ပေးတဲ့ လူတွေကို ကျေးဇူးတင်ရမှာ"

"ဪ...ဒီလိုလား"

ယဉ်ညိုသွယ်က ပါတိတ်၊ ပိတ်စနှင့် ကလေးအတွက် တစ်နေ့တာ သုံးရန်ပစ္စည်းများကို ဖယ်လိုက်ပြီး ဦးတင်လတ် အတွက် အနွေးထည်နှင့် ပေးစရာများအားလုံး စားပွဲပေါ်တင် ကာ...

"ဖေဖေ့ကို သမီး ကန်တော့မလို့၊ အချိုရေ...ကလေး ခဏ လာခေါ်ပါကွယ်"

"ဒီလို ကန်တော့လည်း ရပါတယ်၊ ငါ့မြေးက ငါ့လက်ထဲ မှာ ပျော်နေတာ"

"ဟာ...ဖေဖေကလည်း...သမီးက ဖေဖေ့မြေးပါ ကန်တော့ ရတော့မှာလား၊ ခဏလေး ပေးလိုက်ပါ"

အချိုက ကလေးကိုချီ၍ ပန်းဖြူစင်က ပစ္စည်းတွေ အိမ်ခန်း ထဲသို့ သယ်ယူသွားသည်။

ဖခင်ကြီးကို ကန်တော့၍ ဆုတွေပေးပြီးချိန်မှာ ယဉ်ညို သွယ်က ဧည့်ခန်း ရှိုးကေ့စ်ပေါ်မှာ မှန်ဘောင်နှင့်ထောင်၍ တင်



ထားသော မိခင်ကြီး 'ဒေါ်ယဉ်ယဉ်ဦး'၏ ဓာတ်ပုံကို ကြည့်ပြီး ကန်တော့လိုက်သည်။

ဦးလတင်လတ်က သူ့မြေးရှိရာ ဝရန်တာသို့ ထသွား၏။

ယဉ်ညိုသွယ်က ကြမ်းပြင်မှထ၍ မတ်တတ်ရပ်ပြီး မိခင်ကြီး ဓာတ်ပုံကို ကြည့်လိုက်သည်။ မင်္ဂလာဆောင်တစ်ခုသို့ သွားရာမှာ ရိုက်ထားသောပုံဖြစ်၍ ပန်းရောင်အင်္ကျီ၊ ပန်းရောင်ပဝါ၊ မိတ်ကပ် ရောင် သစ်ခွပန်းနှင့် ကျက်သရေရှိစွာ လှပနေသော ဒေါ်ယဉ် ယဉ်ဦးက ဓာတ်ပုံထဲမှ ပြုံးကြည့်နေသလို ခံစားရရုံမက...

"ခုတော့ မေမေ ပြောခဲ့တာတွေ ယုံပြီမဟုတ်လား"

ဟု သူ့ကို လှမ်းပြောနေသလို ယဉ်ညိုသွယ် ခံစားရ၍...

"မေမေရယ်..."

မိခင်တစ်ယောက်၏ ကြီးမားသော ကျေးဇူးတရားသည် မိခင် ကွယ်လွန်ပြီးသည့်တိုင်အောင် သားသမီးများအပေါ်တွင် လွှမ်းခြုံအုပ်မိုးနေဆဲပါလား။

"မေမေရယ်...မေမေ့ကျေးဇူးတွေကြောင့် သမီးရဲ့ဘဝ ယိမ်းယိုင်ပြိုလဲကာနီးဆဲဆဲမှာ ပြန်လည်တည့်မတ်နိုင်ခဲ့ပါတယ်"

"မေမေ့ရဲ့မေတ္တာ၊ မေမေ့ရဲ့ လိမ္မာပါးနပ်တဲ့ အတတ်ပညာ တွေနဲ့ သမီးကို အဖက်ဖက်က တည်ဆောက်ပေးခဲ့လို့ ခုဆို မှန်ကန်ခိုင်မာတဲ့ ခြေလှမ်းများနဲ့ ဘဝလမ်းကို ရဲရဲရင့်ရင့် လျှောက် လှမ်းခွင့်ရနေပါပြီ၊ မေမေ ရောက်ရာ ဘုံဘဝကနေပြီး သမီး အတွက် ကျေနပ်ဝမ်းသာနေပါနော်"

မိခင်ကို တိုင်တည်ရင်း ယဉ်ညိုသွယ်၏ မျက်ဝန်းအိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကြည်တွေ ပြည့်အိုင်လာသည်။

အတိတ်က မေမေ၏ လှုပ်ရှားမှုများပါ ပြန်လည်ရှင်သန်လာ၏။

"ငို...သမီးကြီး ငို၊ အားရအောင် ငိုလိုက်နော်၊ ဟုတ်တာပေါ့၊ ငါ့သမီးက မောင်ဘုန်းတင့်ကို သိပ်ချစ်တာ မေမေ အသိဆုံးလေ"

သာမန်မိခင်သာ ဆိုပါလျှင် "အံ့ပါ့အေ၊ ကိုယ်မချစ်လို့ ပစ်သွားတဲ့ အကောင်အတွက်များ ငိုနေရသေးတယ်၊ တိတ်စမ်းခု"ဟု ဒေါသနှင့် ကြိမ်းမောင်းရုံမက တချို့မိခင်များဆို ဆံပင်ဆွဲ ထုရိုက်၊ ပါးချသူတောင် ရှိသေးသည်။

ကိုယ့်သမီးလေးက သူ့ချစ်သူအတွက် ကြေကွဲနေချိန်မှာ မိခင်တို့ အကြမ်းဖက်ကြလျှင် ရင်ထဲကဒဏ်ရာ၊ ကိုယ်ခန္ဓာပေါ်က ဒဏ်ရာများကြောင့် လက်မထပ်သင့်သော ယောကျ်ားနောက် လိုက်ပြေးကြ၊ အသက်အန္တရာယ် ရန်ရှာကြသည်အထိ ဖြစ်ရပ်များကြီးထွားတတ်ကြပါသည်။ ခုတော့ မေမေက...

"သမီးကြီး...ခဏလေး မေမေ့စကား နားထောင်နော်၊ ထထ...ရေလေး ချိုးလိုက်ပါဦးကွယ်"

မိခင်က ပွေ့ထူပြီး ညင်ညင်သာသာ ချော့ချော့မော့မော့လေး ပြောလာချိန်မှာ ယဉ်ညိုသွယ် ငြင်းရခက်ပြီး အိပ်ရာက မထချင်၊ ရေမချိုးချင်ပါဘဲနှင့် ရေချိုးခန်းထဲဝင်၊ ရေတစ်ဝကြီး ချိုးပြီး ပြန်ထွက်လာချိန်မှာ...

"ရော့...သမီးကြီး၊ သနပ်ခါးလေး လိမ်းလိုက်ဦး၊ မျက်နှာ



လေး အေးသွားအောင်"

"ဟာ...မေမေရယ်၊ သနပ်ခါး ဘာလို့ သွေးပေးရတာလဲ၊ ဒုက္ခပါပဲ"

"သမီးကို ချစ်လွန်းလို့ပေါ့၊ သမီးကြီးမျက်နှာမှာ မျက်ရည်အစား သနပ်ခါးလေးနဲ့ မြင်ချင်လို့ပေါ့ကွယ်"

"မေမေရယ်..."

ရေချိုး၊ သနပ်ခါး လူးလိုက်တော့လည်း တစ်ကိုယ်လုံး ကြည်လင်အေးမြသွားရပါပြီ။

"သမီး ထမင်းမစားချင် မစားနဲ့ဦးလေ၊ သမီးစားမှ မေမေလည်း အတူစားမယ်နော်"

"ထမင်းမစားဖြစ် စားဖြစ်အောင် လုပ်လည်း လုပ်တတ်ပါပေရဲ့ မေမေရယ်..."

ဒီလို အသေးစိတ် ကြည့်ရှုဂရုစိုက်ရုံမက အပြင်ထွက်ဖြစ်အောင်၊ လမ်းသွားဖြစ်အောင်လည်း ဦးဆောင်ပေးပြီး သုံးလေးလ အကြာတွင်မူ...

"မေမေတို့ သမီးတို့ ထင်ခဲ့ကြတာက မလွန်ဆန်နိုင်တဲ့ အကြောင်းတစ်ခုခုကြောင့်လို့ ထင်ခဲ့ကြတာလေ"

"ဘာကိုလဲ မေမေ"

"သြော်...မောင်ဘုန်းတင့် ပြောပါတယ်၊ သူ့မိဘဆီလည်း လုံးဝ မလာတဲ့အပြင် သူ့ဆီလည်း လုံးဝ မလာပါနဲ့လို့ ပြောထားတာတဲ့၊ သူယူထားတဲ့ မိန်းမက အဘွားကြီးအရွယ်မှမဟုတ်ဘဲ၊ အသက်လေးဆယ်တဲ့၊ မာစီဒီးကားကြီးထဲမှာ ပြုံးလို့၊ ပျော်

www.burmeseclassic.com

www.burmeseclassic.com



လို၊ ငြိခံလို့တဲ့၊ စားတော့ ဟိုတယ်မှာမှ တက်စားကြတာတဲ့၊ ဒီအောင် ဝတ်စားနေတာ တော်ရုံတန်ရုံ မြန်မာမင်းသားတောင် မဝတ်နိုင်တဲ့ အင်္ကျီတွေ၊ ဘောင်းဘီတွေ၊ ဖိနပ်တွေမှ ဝတ်တာတဲ့ သမီးရဲ့"

"မေမေ ဘယ်လိုလုပ် သိလဲ"

"ဩော်...ငါ့သမီးလေးကို ဘာကြောင့် ပစ်သွားရတာလဲ ဆိုတာ သိချင်လို့ လိုက်စုံစမ်းတာလေ၊ ဘုန်းဆင့် သူငယ်ချင်း မြတ်သူကပြောတာ၊ သူ့ကို တစ်ခါတလေ ငွေပို့ခိုင်းတယ်၊ သူ့ကို မဆက်သွယ်ပါနဲ့လို့လည်း အထပ်ထပ် မှာတယ်တဲ့၊ အဲဒါ အားလုံး အမှန်တရားတွေချည်းပဲ၊ မေမေတောင် မောင်မြတ်သူလေးကို ခေါ်လာပြီး ပြောခိုင်းဦးမလို့"

"နေပါစေတော့၊ သမီး ဘာမှ မကြားချင်တော့ဘူး"

"မကြားချင်တာ ကောင်းတယ် သမီး၊ ဥပေက္ခာပြုနိုင်ရမယ်၊ ဘာလို့လဲဆိုရင် သူ့ဘက်က သမီးလောက် မဟုတ်တောင်မှ နည်းနည်းပါးပါးလေးဖြစ်ဖြစ် သတိရ၊ တမ်းတနေတယ်ဆိုရင် ကိုယ်က လွမ်းရကျိုးနပ်သေးတာပေါ့နော်"

ယဉ်ညိုသွယ် တွေဝေခဲ့ရသည်။

"ခုတော့ သမီးကိုဝေးလို့ သူ့မိဘနဲ့ ညီလေးကိုတောင် သူ့ဆီလာခွင့်မပြုဘူး၊ လုံးဝ အတွေ့မခံဘူးဆိုတော့ ဘယ်လောက် ရက်စက်လိုက်သလဲနော်၊ ဒီဘက်ကို လုံးဝ ပစ်ပယ်ပြီး သူက ဟိုမိန်းမကြီးရဲ့ရင်ခွင်မှာ ပျော်မြူးပြီး စည်းစိမ်တွေနဲ့ ယစ်မူးနေတာ သမီးရဲ့"



'ကို'အပေါ် စတင် နာကျည်းစိတ် ဖြစ်ထွန်းလာမိအောင် မိခင်တစ်ယောက်၏ အတတ်ပညာဖြင့် ဖွဲ့စည်းထားသော ချစ်ခြင်း မေတ္တာ...။

"ဟုတ်ပါတယ်၊ ငါ ချစ်ခဲ့ရသလောက် ငါ့ကို ရက်ရက်စက်စက် ရင်ခွဲပြီး ဟိုမိန်းမကြီးနဲ့ ပျော်နေပြီဆိုတဲ့ ကို့အတွက် ငါ ငိုနေရတာ ထိုက်တန်ရဲ့လား"

ဤမေးခွန်းကို မိမိကိုယ်တိုင်ထုတ်ပြီး စမ်းစစ်လိုက်သည့် အခါမှာ "ငိုဖို့ မထိုက်တန်တော့ပါ"ဆိုသော အဖိုးအနဂ္ဃထိုက်တန်သည့် အဖြေကို ရရှိခဲ့ပါပြီ။

သည်သို့ သမီးမျက်ရည်စဲချိန်မှာ ကျောက်ကပ်ရောဂါဖြင့် နေမကောင်းဖြစ်နေပါလျက် 'ဘုရားဖူး'ဟုဆိုကာ သားအမိ နှစ်ယောက်တည်း မန္တလေးသို့ အလည်သွားခဲ့ကြသေးသည်။

အမိုက်မ ယဉ်ညိုသွယ်မှာ အချစ်မရှိလျှင် ဘာကိုမှ မလုပ်ချင်တော့ပါ၊ တစ်ဘဝစာလုံး ဆုံးရှုံးပါပြီ၊ ရက်လှချည်ရဲ့ဟူသော ခံစားချက်များဖြင့် အလုပ်ထွက်လိုက်သည်မှာ ဘုန်းတင့်ဝေ ပစ်ခွာသွားကာစ,ကတည်းကပါ။

မိဘနှစ်ပါးလုံး ဘာမှမပြောရှာ။ မကန့်ကွက်ခဲ့ပါ။ အလုပ် မသွားရသဖြင့် မိခင်နှင့် တစ်ချိန်လုံး အတူတကွ နေခွင့်ရရုံမက ယခုလို ခရီးပါ ထွက်ခွင့်ရလာသည့်အခါ ယဉ်ညိုသွယ်၏ စိတ်ခံစားမှုများက တဖြည်းဖြည်းနှင့် တည်ငြိမ်တည့်မတ်လာခဲ့ပါပြီ။

အချစ်ကို ကိုးကွယ်မတတ် မြတ်နိုးကြသော လူငယ်တို့၏ နှလုံးသားမှာ အချစ်ကြောင့်သင့်ခဲ့သော အဆိပ်သည် ဖြေဆေး

www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ နှလုံးသားကို တစ်စစီတစ်စစီ ပဲ့ကြွေသွားနိုင်လောက်ပါသည်။

သို့သော် မိခင်တို့၏ အကြင်နာများစွာဖြင့် ပြုစုပြောဆိုသင်ပြဆုံးမမှုတို့နှင့် အချိန်ကာလဆိုသော သမားတော်၏ ကုသမှုကြောင့် အတွေးမှန် အသိမှန် အမြင်မှန်များ ရလာခဲ့ပါပြီ။

ထိုအချိန်မှာ...

ဖခင်က အင်ဂျင်နီယာ၊ မိခင်က ဆရာဝန်၊ သူကိုယ်တိုင်က နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာ ဖြစ်သော 'ကျော်စွာဦး'၏ ကမ်းလှမ်းချက်ကို မေမေရော ဖေဖေပါ ကြိုဆိုကြရင်းက...

"ကိုယ့်ကို ချစ်လျက်နဲ့ အကြောင်းတစ်ခုခုကြောင့် သူလမ်းခွဲသွားရတာမျိုး မဟုတ်ဘဲ တခြားသော 'အချစ်သစ်'မှာ ယစ်မူး အပျော်ကြူးနေတဲ့ ချစ်သူကို မေ့ပစ်လိုက်ပါတော့ကွယ်"

"တကယ်တမ်း ဘဝကို ထူထောင် တည်ဆောက်တဲ့အခါကျတော့ အချစ်ဆိုတာ အရေးပါအရာရောက်ဆုံး မဟုတ်တော့ဘူး သမီး"

"ဘဝရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်မယ့် အိမ်ထောင်ရေးမျိုး တည်ဆောက်သင့်ပါတယ်"

"မောင်ကျော်စွာဦးဟာ လိုအပ်ချက် မရှိလောက်အောင် ပြည့်စုံရုံမကဘူး၊ သမီးကိုလည်း သိပ်မြတ်နိုးရှာပါတယ်"

"သမီးကို ခြိမ်းခြောက်တာ မဟုတ်ဘူးနော်"

"မေမေ့ရဲ့ ရောဂါအခြေအနေကို သမီးကြီးလည်း အသိပါကွယ်၊ မိသားစု စီးပွားရေးကလည်း ချွတ်ခြုံကျနေပြီ၊ ဒါကြောင့်



မေမေ မသေခင် သမီးကို မောင်ကျော်စွာဦးနဲ့ လက်ထပ်ပေးခဲ့ပါရစေ သမီးကြီးရယ်၊ မေမေ့ကို သနားသဖြင့် လိုက်လျောပေးပါနော်"

ညို ဘယ်လိုစကားလုံးမျိုးနှင့် ငြင်းရက်နိုင်ပါ့မလဲလေ...။

ဒါပေမယ့်...

ညို၏ တောင်းဆိုချက်အရ ကိုကျော်စွာဦးနှင့် တွေ့ဆုံပြီး ညို၏ ကိုယ်ခန္ဓာကဲ့သို့ နှလုံးသားသည် အသစ်မဟုတ်ပါကြောင်း၊ အချစ်ဖြင့် စိုနစ်ခဲ့ဖူးသလို ချစ်သူ၏ စွန့်ပစ်ခံရမှုကြောင့် နွမ်းညှိုး ကွဲကြေခြောက်သွေ့နေခဲ့ပြီဆိုသည့် အကြောင်းများကို ဝန်ခံပါရစေ၊ ခွင့်လွှတ်နိုင်မှ လက်ထပ်ပါပါဟု ညိုက ဝန်ခံစကားဆိုချိန်မှာ...

"ညိုရယ်၊ အရွယ်ရောက်ပြီး သိပ်လှတဲ့ မိန်းကလေး တစ်ယောက်မှာ ချစ်သူရှိတာ အဆန်းမှမဟုတ်တာ၊ ညို သန့်စင်တယ်ဆိုတာလည်း ကျွန်တော် ယုံပါတယ်၊ ကျွန်တော့်ရဲ့ ကြီးမားတဲ့ ချစ်မေတ္တာနဲ့ အစွမ်းကုန် ပေးဆက်နိုင်မှုတွေကြောင့် ညို့ဘဝ ပတင့်တယ်စေရုံမကဘဲ ညို့နှလုံးသားပါ ပြန်လည် လန်းဆန်း ပြေစေရပါ့မယ်လို့ ကျွန်တော် ကတိပေးပါတယ် ညို"

ညိုတို့ လက်ထပ်ပြီးချိန်မှာ 'အစ်ကိုကြီး'၏ အပြောထက် အလုပ်က ပိုမို သက်သေပြခဲ့သည်မို့ သူ ပြောသလိုပင် ညို့ဘဝ ပစိုပြေရုံမက ဒဏ်ရာရ ညို့နှလုံးသားလေးမှာ အနာကျက်ရုံမက ကတိအတိုင်း ပြန်လည် စိုပြေလန်းဆန်းလာခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မမညို ဘာလို့ အကြာကြီး ရပ်နေတာလဲ"

"မေမေ့ကို သတိရလွန်းလို့ပါကွယ်"

"မမညိုက မေမေ့အပေါ်မှာ အများကြီး တာဝန်ကျေခဲ့ပါ တယ်လေ၊ မဆုံးခင်ကလည်း ပြုစု၊ ဆုံးပြီးတော့လည်း အလှ တွေ လုပ်ပေးနေတာပဲ"

"ဟုတ်ပါတယ်၊ မေမေက မမညိုအပေါ်မှာ အများကြီး ကျေနပ်သွားရှာပါတယ်"

"မေမေ ခင်းပေးတဲ့လမ်းအတိုင်း မမညို လျှောက်ခဲ့လို့ ခုလို ကောင်းစားတာပေါ့နော်"

"မိဘစကား နားထောင်တဲ့ သားသမီးတွေဟာ ကောင်းစား တတ်ပါတယ်၊ မိဘကို ကလန်ကဆန်လုပ်ပြီး၊ မိဘကို စိတ်ဆင်း စေတဲ့ သားသမီးရဲ့ဘဝဟာ ညှိုးချုံးတတ်ကြတယ်"

"ဟုတ်တယ်၊ အစ်ကိုကြီးဘုန်းတင့်ကို ကြည့်ပါလား"

"တော်ပါတော့ကွယ်"

"ပြောသာ ပြောရတာပါ၊ ရဲဘက်စခန်း ရောက်သွား ဆိုတော့လည်း သနားသား၊ ကိုဘုန်းသွားရင် ငါးပိကြော် ပေးလိုက်မလို့၊ မမညိုရော ဘာပေးဦးမလဲ"

"တော်ပါပြီ၊ မပေးတော့ပါဘူး၊ ပေးလည်း မပေးသင့်တော့ ပါဘူး"

"ရှေ့နေကျတော့ ငှားပေးပြီးတော့..."

"ဟိုတုန်းကတော့ သူ လူမသတ်ရဲဘူးထင်လို့ မတရား ချုပ်ခံရတာနေမှာဆိုပြီး သူ့လွတ်မြောက်မှုအတွက် အစ်ကိုကြီး



ငွေတွေ သုံးမိတာ မမညို မှားသွားတယ်"

"ဟင်..."

"ဟုတ်တယ်၊ ခုတော့ သူ့မိန်းမကို သူ တကယ်သတ်ပါ တယ်လို့ ဝန်ခံလိုက်တယ်ဆို၊ ဒါကြောင့် ထောင်ကျသွားတာနေမှာ ပေါ့လေ"

"မပြောတတ်ပါဘူး၊ ကိုဘုန်းကတော့ သွားသွားတွေ့နေ တာပဲ"

ဘုန်းတင့်ဝေ အမှုမဖြစ်ခင်အထိ ဦးတင်လတ်နှင့် ဦးမြရှိန် တို့ အဆက်အသွယ်မလုပ်ခဲ့ကြ။

ဒေါ်ယဉ်ယဉ်ဦး ကွယ်လွန်ချိန်ကျမှသာ ပြန်လည်ဆက် သွယ်ကြပြီး...

ဘုန်းတင့်ဝေ အဖမ်းခံရ၊

ဦးမြရှိန် ကွယ်လွန်သွားချိန်မှာ...

ဘုန်းဆင့်ရှိန်တို့ သားအမိနှင့် ပန်းဖြူစင်တို့ သားအဖ ပြန်လည် ဆက်သွယ်ကူးသန်းနေကြခြင်း ဖြစ်ပါ၏။

ယဉ်ညိုသွယ်က ညီမလှလှလေးကို ကြည့်ပြီး...

"ဟိုတုန်းကတော့ အချစ်ဆိုတာ သိပ်အရေးကြီးတယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့် အိမ်ထောင်ရေးကျပြန်တော့ အချစ်နဲ့တင် မပြည့်စုံနိုင်တော့ဘူးလေ၊ ဘဝရဲ့ လိုအပ်ချက်တွေက အများကြီး၊ သားသမီးအတွက် မျှော်လင့်ချက်တွေက တသီကြီး ဖြစ်လာပြီ၊ ဒါတွေကို ဖြည့်ဆည်းပေးနိုင်တဲ့ အိမ်ထောင်ဦးစီး ယောကျ်ား ကောင်းတစ်ယောက်ကို ရွေးချယ်တတ်ဖို့ မိန်းမသားတွေရဲ့ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



မှာ သိပ်ကိုလိုအပ်တယ် ညီမလေး၊ မမတောင် ကိုယ်ရွေးချယ်ထားတာ အထမြောက်ခဲ့ရင် ဆင်းရဲတွင်းက တက်နိုင်တော့မှာမဟုတ်ဘူး၊ မေမေ ရွေးပေးတာကို လက်ခံလိုက်လို့သာ မမညိုရဲ့ဘဝကို လှလှပပလေး တည်ဆောက်နိုင်တာပါ၊ ညီမလေးလည်း သတိထားကွယ်”

တရှည်တလျား ရှင်းပြနေသော မမညို၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြူ နားလည်လိုက်ပါပြီ။ ကိုဘုန်းနှင့် ဖြူတို့အကြောင်းကို သိရှိနေသော မမညို၏ သတိပေးစကားများပါ။

ဖြူ့ဆန္ဒကဖြင့် ကားမစီးရလည်း နေပါစေ၊ တိုက်ခန်းအသစ်လည်း မမက်မောပါ။

ချစ်လှစွာသော ကိုဘုန်းနှင့်သာ အသက်ထက်ဆုံး နေခွင့်ရပါလျှင် ခပ်သိမ်းသော လိုအပ်ချက်များကို အချစ်ဖြင့် ဖြည့်ဆည်းပြည့်စုံစေနိုင်မည်ဟု ထင်ပါ၏။ ကိုဘုန်းသာ ဖြူ့အနားမှာ ရှိနေလျှင် ဘာမှ လိုအပ်တော့မည် မထင်ပါဟူသော ခံယူချက်က ခိုင်မာနေဆဲ။

ကလေးတစ်ယောက်၏ မိခင်၊ အိမ်ထောင်ရှင်မကြီး ယဉ်ညိုသွယ်၏ အဘိဓမ္မာနှင့် ဆယ့်ကိုးနှစ်ရွယ် ဆယ်ကျော်သက်မလေး ပန်းဖြူစင်တို့၏ ဒဿနက ထပ်တူမကျနိုင်ပါချေ။

❀ ❀ ❀

# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com

## အခန်းတစ်

ရှေ့နေကြီး ဦးအောင်ဟိန်းသည် နံပါတ်နက် တပ်ထားသော ကိုယ်ပိုင် ဆလွန်းကားတစ်စီးဖြင့် မွန်ပြည်နယ် ဇင်းကျိုက်ဆောင်အနီးမှ ရဲဘက်စခန်း ရှိရာသို့ ရောက်ရှိလာသည်။

ဥပဒေ ကျွမ်းကျင်ပြီးသား ရှေ့နေတစ်ယောက်ဖြစ်၍ သက်ဆိုင်ရာ ရဲဘက်စခန်း၏ အာဏာပိုင်များထံသို့ လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြ၍ သူ၏တရားခံ ချစ်မင်းမောင်ခေါ် ဘုန်းတင့်ဝေကို တွေ့ခွင့်တောင်း၏။

ရဲဘက်စခန်း ဆိုသည်မှာ သံခြေချင်းခတ်ပြီး အလုပ်ကြမ်းလုပ်ရသည်မှလွဲ၍ ရိုးရိုးထောင်လောက် စည်းကမ်းတင်းကျပ်ခြင်း မရှိပါ။

တစ်မြို့တစ်ရွာမှ လိုက်လာကြသော ထောင်ကျ၏ မိသားစုများနှင့် လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်ရှိသည်။ ညအိပ်ညနေနေလို့ရသည်။

"ကိုချစ်မင်းမောင်...ဧည့်သည် လာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ညီလေးလား"

"မဟုတ်ဘူး၊ လူကြီးတစ်ယောက်ပဲ၊ ရုံးခန်းထဲမှာ သွားတွေ့လိုက်လေ"

သက်ဆိုင်ရာ ထောင်ကြပ်က ခွင့်ပေး၍ ချစ်မင်းမောင် ထွက်လာခဲ့သည်။

ထွက်ပြေးလွတ်မြောက်နိုင်သော လမ်းမပေါ် လုပ်ငန်းခွင်တွင်သာ သံခြေချင်း ခတ်ထားခြင်းဖြစ်သည်။ ယခုလို ဧည့်သည်နှင့်တွေ့ဆုံဖို့ သွားရသည့်အခါမှာ အကျဉ်းချထားသော အဝန်းအဝိုင်းအတွင်းမှာမို့ သံခြေချင်း ချွတ်ခွင့်ရပေသည်။

ချစ်မင်းမောင်မှာ ဦးအောင်ဟိန်းကို တွေ့လိုက်သည်နှင့်ခံစားမှုဟောင်းများ ပြန်လည်နိုးကြားလှုပ်ခတ်လာ၍...

"ဩော်...ခင်ဗျားကြီးပဲကို၊ ဘာကိစ္စလဲ"

"ကိစ္စလေး ရှိလို့ပေါ့ကွာ၊ နေလို့ရော ကောင်းရဲ့လား"

"နေလို့ကောင်းရအောင် နေလို့ကောင်းတဲ့ နေရာမှမဟုတ်ဘဲ..."

"ဦးကို မင်း စိတ်ဆိုးနေတာလား"

"ခင်ဗျား လိုက်မပေးလည်း ထောင်ကျမှာပဲလေ၊ ဒီ အလကား ပိုက်ဆံကုန်သွားတာပေါ့"

ဦးအောင်ဟိန်း ထောင်းခနဲ ဒေါသထွက်သွားသည်။

တစ်ချက် ငြိမ်တွေသွားပြီးမှ...

"တရားခံဆိုတာ ရှေ့နေကောင်းလို့ အမှုက ကွင်းလုံးကျွတ် လွတ်သွားခဲ့ရင်တောင် ကျေးဇူးတင်ချင်မှတင်တာ၊ အဲ...ကိုယ်



လိုက်တဲ့ အမှု ရှုံးသွားလို့ကတော့ ရှေ့နေ အသုံးမကျလို့ဆိုပြီး ကော်ဆဲချင် ဆဲကြတာ"

ဝါရင့် ရှေ့နေကြီး ဦးအောင်ဟိန်းက အဖြစ်မှန်များကို တွေးရင်း သူ့ဒေါသကိုထိန်း၍ ဟန်ဆောင်ပြုံးကာ...

"မောင်ရင် ကိုယ်တိုင်ဝန်ခံလိုက်လို့ တစ်သက်တစ်ကျွန်း ကျခဲ့တာလေ၊ အယူခံမှာ အလိုက်ကောင်းလို့ ဆယ်နှစ် ဖြစ်သွားတာရောကွာ၊ နောက် လေးငါးနှစ်ဆို မင်း လွတ်တော့မှာ၊ ကဲ... ဒါတွေ ထားလိုက်ပါတော့"

ဦးအောင်ဟိန်းက ချိုချိုသာသာ ပြုံးလျက်...

"အခုလာတဲ့ ကိစ္စက ယဉ်ညိုသွယ်က လွှတ်လိုက်လို့ပါ"

"ညို..."

"ဟုတ်တယ်"

"ဘာလို့လွှတ်တာလဲ၊ ကိစ္စက အားလုံးပြီးသွားပြီပဲ"

"ဘယ်ပြီးရမှာလဲ၊ အယူခံဝင်ရဦးမယ်လေ"

"အယူခံဝင်ထားရင် ဒီကို မပို့ရဘူးဆို၊ ဒီမှာ ပြောနေကြတာပဲ"

"မဟုတ်ပါဘူး"

"အယူခံဆိုတာ ခရိုင်ရုံးကနေ တိုင်းရုံးတက်ရတာ ရက်ခြောက်ဆယ်အတွင်း ဝင်ရတာ မဟုတ်လား၊ ကျွန်တော် ဒီရောက်နေတာတောင် နှစ်နှစ်ကျော်ရှိသွားပြီ"

ဥပဒေအကြောင်းအရာတွေပါ သူ အတော်လေး သိနေတာပါလား။ ထောင်ကျသူချင်းဆီကလည်း ထောင်ကျတို့၏ ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



ပျော့သုတကို သူ ကြားနာခွင့်ရနေမှာပေါ့။

တစ်ချိန်က ချောခဲ့လှခဲ့သူပါဟု ပြောလျှင်ပင် ယုံနိုင်စရာ မရှိလောက်အောင် ချစ်မင်းမောင်၏ရုပ်ရည်က ကျဆင်းသွားခဲ့ပြီ။

ဦးအောင်ဟိန်းသည် တင်းမာ ခက်ထန်နေသော သူနှင့် ပြေလည်မှုရအောင် အရင်ဆုံး လုပ်ဆောင်သင့်သည်ဟု နားလည်စွာဖြင့်...

"ဒီမှာ...မောင်ချစ်မင်းမောင်ဖို့ ဦး စားစရာတွေ ယူလာတယ်"

"နေပါစေ၊ ကျွန်တော် နေသားကျနေပါပြီ"

"မဟုတ်သေးပါဘူးကွာ၊ ဒါ ယဉ်ညိုသွယ် ပေးလိုက်တာ မဟုတ်ပါဘူး၊ ဦးရဲ့ စေတနာနဲ့ ဦးဘာသာ ဝယ်လာတာပါ၊ ယူထားလိုက်ပါ၊ အများကြီးဝယ်လာတယ်၊ ပိုနေရင်လည်း ကိုယ့်အချင်းချင်း မျှကျွေးလိုက်ပေါ့၊ ကုသိုလ်ရပါတယ်"

သူ ငြိမ်သွားသည်။

အမှန်က အခုလို ဝေးလံလှသော နေရာမှ အကျဉ်းစံတို့အတွက်၊ စားသောက်ဖွယ်ရာများမှာ တန်ဖိုးရှိလှပါသည်။ သူသည်ရောက်ပြီး နှစ်နှစ်ကျော်အတွင်းမှာ ဘုန်းဆင့် လေးခေါက်သာရောက်သေးသည်။ သူ့မှာ အစားအစာပြတ်လပ်ခဲ့တာ ကြာပါပြီ။

"မောင်ရင် ဒေါ်မင်းမင်းထိုက်ကို မသတ်ဘူးဆိုတာ ယုံတဲ့သူဟာ ယဉ်ညိုသွယ် တစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် အယူခံဝင်ဖို့ ဦးကပဲ ဆက်လိုက်ပေးဖို့ တာဝန်ယူခိုင်းလို့ ဦး ရောက်လာခဲ့ရတာပါ"



သူ့အပေါ် သံယောဇဉ်ကြီးမားနေဆဲ ညို့ကို လွမ်းဆွတ်မတတ် သူ တမ်းတမ်းတတ သတိရလိုက်မိပါ၏။ ညို သဘော်အရာရှိနှင့် အိမ်ထောင်ကျသွားပြီ၊ သားဦးလေး မွေးတော့မည်ဆိုသော နောက်ဆုံးသတင်းကို ဘုန်းဆင့် လာစဉ်က သူ ကြားသိခဲ့ရပြီး ဖြစ်သည်။

"ယဉ်ညိုသွယ်က သူလာလို့ မဖြစ်တာ နားလည်ပေးပါတဲ့၊ ကလေးကလည်း ငယ်သေးလို့ပါတဲ့၊ ဒါကြောင့် ဦးပဲသွားပါဆိုလို့ လာခဲ့ရတာပါ"

ချစ်မင်းမောင် သူ့ကို ဆန့်ကျင်ဘက်စကားလုံးတွေ မသုံးတော့ဘဲ ငြိမ်တွေနေ၏။

"ဘာပဲဖြစ်ဖြစ် ယဉ်ညိုသွယ်ရဲ့ စေတနာကို ငဲ့ညှာသောအားဖြင့် သူ ဆောင်ရွက်ခိုင်းလို့ လာခဲ့ရတဲ့ ဦးရဲ့ စကားကို အလေးအနက်ထားပြီး နားထောင်စေချင်ပါတယ်"

"ဘာကိစ္စလဲ"

"အယူခံဝင်ဖို့ပါပဲ"

"ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"

"လက်မှတ်လေး ထိုးပေးလိုက်ရုံပါပဲ"

ဦးအောင်ဟိန်းက စာချုပ်လို စာရွက်ထူကြီးကို ဖြန့်ပြသည်။ အပေါ်ထောင့်မှာ အနီရောင်အသားတံဆိပ်လို အကွက်ကြီး ကပ်ထားလိုက်သေးသည်။

"ဂျင်နရယ်ပါဝါ(General Power) လွှဲပေးဖို့ပါ"

"ဘယ်သူ့ကို လွှဲပေးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုပါ"

သူ မယုံရဲသလို ကြည့်နေ၍...

"G.P.မရှိရင် ဦး က ဘာမှလှုပ်ရှားလို့မရဘူးလေ၊ ဒါကြောင်း အထွေထွေပါဝါလွှဲစာ (G.P.) ဦးကို လွှဲပေးထားမှ ဦး လုပ် ကိုင်ရတာ အဆင်ပြေမှာပေါ့၊ အခု လာတာလည်း ယဉ်ညိုသွယ် တိုင်ပင်ပြီး သူက လွှတ်လိုက်လို့ လာခဲ့ရတာပါ၊ ဒီနေရာလေးတွေ မှာ လက်မှတ်ထိုးပေးလိုက်ရုံပါပဲ"

ဦးအောင်ဟိန်း လက်ညှိုးနှင့် ထောက်ပြသည့် နေရာများမှာ သူ လက်မှတ်ထိုးပေးလိုက်သည်။ ဘုန်းတင့်ဝေ အမည်နှင့်ပါ ချစ်မင်းမောင်ဆိုသော အမည်က မှတ်ပုံတင်မှာ မပါရှိ၍ လက် မှတ် ထိုးရသည့် ကိစ္စများတွင် ဘုန်းတင့်ဝေဟူသာ ရေးထိုးရပါ၏။

သို့သော်...

မမ ပေးခဲ့သော 'ချစ်မင်းမောင်' ဆိုသည့် အမည်လေးကိုဖြင့် သူ့ကိုယ်သူ ဖော်ပြရာမှာ အမြဲသုံးစွဲလျက်ပါ။

သူ့လက်မှတ်ရပြီးသည်နှင့် ဦးအောင်ဟိန်း၏ မျက်နှာ ပြုံးသွားသည်။ ရှေ့နေကြီး၏ အပြုံးက သာမန်အပြုံးမျိုးမဟုတ် အောင်နိုင်သူတစ်ယောက်၏ အောင့်ပွဲခံအပြုံးမျိုး ဖြစ်ေ ကြောင်း ထိုနေ့က ချစ်မင်းမောင်ဆိုသည့် ဘုန်းတင့်ဝေ လုံး မရိပ်မိလိုက် မသိရှိလိုက်ပါပေ။

❊ ❊ ❊

# အခန်း နှစ်

"ကျွန်တော့်ကို ခွင့်နှစ်ရက်ပေးပါ ဆရာ"

"ဘယ်နေ့တွေလဲ"

"သောကြာနဲ့ စနေပါ"

"ဒါဆိုရင် တနင်္ဂနွေနေ့ပါ ဆက်သွားမှာပေါ့၊ သုံးရက်ကြီး တောင် ခွင့်ယူရအောင် ဘာကိစ္စလဲ"

"ကျွန်တော် ခရီးသွားမလို့ပါ"

"ဘယ်ကိုလဲ"

"နယ်ဘက်ကိုပါ"

"ကိစ္စက..."

"အိမ်က ခိုင်းလို့ပါ၊ အမေက ခိုင်းလို့ပါ"

"အေး...သွားရမယ့်ကိစ္စ ပြောပါဦး"

"အဲဒါက ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ ဆရာ"

ဘုန်းဆင့်ရှိန်ကို ဦးသိဟ ကြည့်သည့် အကြည့်က စူးရှ လှချေသည်။

-"တို့ကုမ္ပဏီမှာ ခွင့်တင်ရင် အကြောင်းခိုင်ခိုင်လုံလုံ တင်ပြ ရတယ်၊ မန်နေဂျာက လက်မခံနိုင်ရင် နေ့တွက် သုံးဆ ဖြတ်ခံ ရတယ်ဆိုတဲ့ စည်းကမ်းကို မောင်ဘုန်းဆင့် သိရဲ့လား"

"သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဖြတ်ရမလား"

"ဖြတ်ပါ၊ ရပါတယ်"

"ဒါဆို ကျွန်တော် အလုပ်ထွက်တယ်ဗျာ"ဆိုပြီး ခပ်တင်းတင်းပြော၊ ခပ်တည်တည်ကြည့်ကာ ဦးသီဟရှေ့မှ လှည့်ထွက်လာချင်ပါသော်လည်း သူ့လခ တစ်လ နှစ်သောင်းခွဲသာ ရပ်လျက် နေမကောင်းလျှင် ဆရာဝန်၏ ထောက်ခံချက်ပြရသည်။ ခွင့်ယူလျှင် ယူရသည့်အကြောင်းပြရမည်ဟု စာထုတ်ထားသော ကုမ္ပဏီဖြစ်၏။

ဘုန်းဆင့်က တနင်္ဂနွေနှင့် ကပ်ယူ၍ တနင်္ဂနွေပါ ခွင့်ရက်ထဲ ပါသွားသဖြင့် ခွင့်သုံးရက် တစ်ရက်လျှင် ဝင်ငွေ၏သုံးဆ အဖြတ်ခံရတော့မည်မို့ ဖြတ်လျှင်လည်း ဖြတ်ပါစေ၊ အလုပ်ဖြင့် မထွက်ရဲပါ။ တစ်နှစ်လုံး ပျက်ရက်မရှိလျှင်၊ သို့မဟုတ် ပျက်ရက်နည်းလျှင် Bonus ဆိုသော အပိုဆုက နှင့်နေအောင်ရသဖြင့် ဤကုမ္ပဏီကိုမက်ကြခြင်း ဖြစ်ပေသည်။

"နယ်ဆိုတာ မြန်မာတစ်ပြည်လုံးကို ရည်ညွှန်းပြောလို့ရတယ်လေ၊ မင်း သွားမှာက ဘယ်နယ်လဲ၊ အထက်ဘက်လား အောက်ဘက်လား"

"အောက်ဘက်ပါ၊ မွန်ပြည်နယ်ကိုပါ"

"ကိစ္စက..."

"ကျွန်တော် မပြောပါရစေနဲ့ ဆရာ"

ဘုန်းဆင့်မှာ သူ၏ အစ်ကိုအရင်းတစ်ယောက် လူသတ်မှုနှင့် ထောင်ကျနေ၍ ရဲဘက်စခန်းမှာ သွားတွေ့ရမည့်အကြောင်း



ကိုဖြင့် ဦးသီဟကို လုံးဝ မပြောရဲပါ။ ရိုက်စစ်လျှင်ပင် သူ ဖော်ပြောမည် မဟုတ်ပါ။

"ကဲပါလေ၊ ငါက မင်းကို လူရင်းလို့ သဘောထားပြီး မေးလိုက်တာပါ၊ မပြောနိုင်လည်း ရပါတယ်ကွာ"

စောစောက မျက်လုံးနှင့် ဆန့်ကျင်ဖွာပြုံး၍ ပြောလာသည်။ ပြီးတော့ သူ့စားပွဲ၏ အံဆွဲကို ဆွဲထုတ်လိုက်ပြီး ငွေတစ်ထပ်ကို ယူ၍...

"လခ မဖြတ်ပါဘူးကွာ၊ စိတ်မပူပါနဲ့၊ ခရီးသွားမယ် ဆိုတော့ ငွေလိုမှာပေါ့၊ ရော့...ငွေတစ်သောင်း ကြိုယူသွား၊ လကုန်လို့ လခထုတ်မှ ဖြတ်မယ်၊ ဟုတ်လား"

"ကျေးဇူးပါပဲ ဆရာ"

"နေဦး၊ မင်း သွားမှာ သောကြာနေ့မှနော်"

"ဟုတ်ပါတယ် ဆရာ"

"ဒီနေ့မှ ဗုဒ္ဓဟူး ရှိသေးတာပဲ"

ဦးသီဟက စဉ်းစားသလို လုပ်ပြီးမှ မတ်တတ်ရပ်နေသော သူ့ကို မော့ကြည့်ကာ...

"သမီး မိုက မြန်မာပြည်မှာ ရုပ်ရှင်ရုံတွေ အဆင့်မြင့်အောင် ပြင်ပြီးမှ သူ မကြည့်ဖူးသေးဘူး ပြောနေလို့ သမ္မတရုံမှာတင်နေတဲ့ မြန်မာကားကို လိုက်ပြလိုက်စမ်းပါ မောင်ဘုန်းဆင့်"

သူ့စိတ် နောက်ကျိသွားပြီ ဖြစ်သော်လည်း သူ မငြင်းဆန်ရဲပါ။

"အေး...ဒီနေ့၊ နက်ဖြန် တစ်နေ့နေ့ပေါ့၊ သမီးကို ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး မေးလိုက်ဦးမယ် ဟုတ်လား"

"ဟုတ်ကဲ့"

"သမီး လာဖြစ်တဲ့အချိန် ခေါ်ခိုင်းလိုက်မယ်လေ၊ မင်းရုံးခန်းထဲကသာ စောင့်"

"ဟုတ်ကဲ့"

ဘုန်းဆင့်ရှိန် ခေါင်းငုံ့၍ လှည့်ထွက်လာပြီးမှ...

"ခြော်...ဟော့...မောင်ဘုန်းဆင့်ရှိန်"

"ဟုတ်ကဲ့"

"ဒီရုံးကအလုပ်တွေက အရေးမကြီးလှပါဘူး၊ တခြားလူကို ခိုင်းလည်း ရတယ်၊ အဖော်မရှိလို့ သနားစရာဖြစ်နေတဲ့ သမီးလေးကိုသာ မောင်ဘုန်းဆင့် အဖော်အဖြစ်နဲ့ လိုက်ပေးနေပါ၊ အဲဒါလည်း အွန်ဂျူတီလို့ပဲ သဘောထားလိုက်ပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

ခွင့်လည်းရ၊ ငွေတစ်သောင်းလည်း ရ၍ ပျော်ရွှင်ပေါ့ပါးနေဆဲမှာ ဝန်ထုပ်ကြီးတစ်ခု ပိကျလာသလို ဖြစ်ရပါပြီ။

အမှန်ပါပဲ၊ မုံ ဆိုသော ယမုံမြတ်နိုးဆိုသည့် ကောင်မလေးမှာ သူ့အတွက်တော့ ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုပါပဲ။

❀ ❀ ❀



ထိုနေ့ ညနေ သုံးနာရီ မထိုးမီမှာပင် မာကက်တင်းမှ ဆက်ထောက်မန်နေဂျာ 'ကိုဆွေလှဦး' သူတို့ရုံးခန်းထဲ ဝင်လာတာ...

"ဘုန်းဆင့်...မင်းကို အဘိုးကြီး ခေါ်တယ်"

"ဟုတ်ကဲ့"

ဘုန်းဆင့်ရှိန် လယ်ဂျာစာအုပ်ကြီးကို ပိတ်ပြီး သွားရန် ဟန်ပြင်ဆဲ...

"အပြင်သွားရမှာတဲ့ကွ၊ ရုံးဆင်းပြီလို့ သဘောထားပြီး သိမ်းစရာရှိတာ သိမ်း၊ ယူစရာရှိတာ ယူပြီးမှ သွား"

"ဟုတ်ကဲ့ ဆရာ"

"အခန်းထဲမှာ သူ့သမီးလည်း ရောက်နေပြီ"

ယမုံမြတ်နိုး လာလျှင် အမြဲတမ်းလို အပြင်ထွက်နေရ၍ တစ်ရုံးလုံးကလည်း သိနေကြပါပြီ။

"ဟော့ကောင်...သူဌေးသမီးနဲ့ သွားရမှာကွ၊ မင်းမျက်နှာ အဆီပြန်နေတယ်၊ တစ်ရှူးလေးနဲ့ သုတ်လိုက်ဦး၊ ခေါင်းလည်း ဖြီးသွားလေ"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဗျာ"

"သူ့ဌွေးသမီးနဲ့ ကားအတူစီးပြီး စားသောက်ဆိုင်ပေါင်း သွားစားနေရတာကိုများ မင်း မျက်နှာကြီးက အီးရှုလိုက်ရ အတိုင်းပဲ"

အခန်းထဲမှ ရုံးဝန်ထမ်းများ အားလုံးက ဦးနေမျိုးဝင်း စကားကြောင့် ဝေါခနဲ ဝိုင်းရယ်လိုက်ကြသည်။

"ဒီတစ်ခန်းလုံးမှာ မင်းက ရုပ်ချောလေးကိုကွ"

"ရုပ်ချောတယ်ပဲ ထားပါဦး၊ ကျွန်တော်က မှဆိုးမရဲ့သား ဆင်းရဲသား၊ ငမွဲဆိုတာ သူ သိရဲ့သားနဲ့များဗျာ"

ဤတွင် ပြောနေကျ စကားအတိုင်း ကိုအောင်စိုး လက်ညှိုးလေး တရမ်းရမ်းနှင့်...

"အကြံအစည်တစ်ခုခုတော့ ရှိရမယ်"

"ဟား...ဟား...ဟား"

ပစ္စည်းအမြန်သိမ်းပြီး ဝိုင်းဟားနေကြသော ဝန်ထမ်းများ ဝေးရာသို့ သူ အမြန်ဆုံး ပြေးထွက်လာခဲ့ပါ၏။

❀ ❀ ❀



"စားဦးလေ မုံ"

"တော်ပြီ၊ စားလို့မှမကောင်းတာ"

သူ စားချင်သည်ဆို၍ မန္တလေးနန်းကြီးသုပ်ဆိုင်သို့ ရောက်လာခဲ့ကြပြီး နန်းလတ်နှစ်ပွဲ မှာစားနေခြင်းဖြစ်၏။ ပဲမှုန့် အကောင်းစားနှင့် သေသေချာချာ ပြင်ပေးသော မန္တလေးဆိုင်မှ ဤအသုပ်သည် မန္တလေးလက်ရာကိုမီသည်ဟု ချီးကျူးခံရသော ဆိုင်။ ဘုန်းဆင့်လည်း စားကောင်းပါ၏။

မုံက သူ ခက်ရင်းနှင့်ဇွန်းနှင့် နယ်ပေးထားသည်ကို နှစ်ဇွန်းမျှသာ စားပြီး ဇွန်းခက်ရင်းများ ပန်းကန်ထဲသို့ ပစ်ချလိုက်ခြင်း ဖြစ်သည်။ ဘုန်းဆင့်ရှိန်မှာ နန်းကြီးသုပ်ဖိုးငွေကို မနှမြောပါ။ မုံတို့က ဖြုန်းနေသူတွေပဲလေ။ ဆိုင်ရှင်ကိုသာ အားနာနေမိသည်။ သူ့ပန်းကန်ထဲမှ နန်းလတ်သုပ်ကိုဖြင့် တူနှင့်ပင် သူ ကုန်အောင် စားလိုက်သည်။

"ဘာစားဦးမလဲ"

"အအေးသောက်မယ်"

မုံ့ဖို့ အအေးပုလင်း မှာပေးလိုက်ပြီး ဘုန်းဆင့်က ကြ ဟင်းချိုရည် ချိုချိုလေးကိုသာ ကုန်အောင်သောက်လိုက်သည်။

"အအေးကြီးကလည်း ချိုလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ခက်ပင် ကုန်အောက်မသောက်ပြန်။ မုံက ငွေရှင်းပေး လိုက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

"အချိန်တွေ ပိုနေသေးတယ်၊ ကန်တော်ကြီးထဲ ဝင်ရအောင် နော်"

သူ ခေါင်းညိတ်ပြရုံကလွဲလို့ ငြင်းခွင့်မှမရှိတာလေ...။

အမှန်က ညနေ သုံးနာရီခွဲပွဲ ကောင်းကောင်း မီချိန်မှာ သူတို့ကုမ္ပဏီက ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ခြောက် နာရီခွဲပွဲမှ ကြည့်မည်ဆို၍ ပိုနေသော အချိန်ကို ဖြုန်းနေကြခြင်း ဖြစ်သည်။

ကန်တော်ကြီးတစ်ခွင်လုံး ရှင်းသန့်စိုပြေစိမ်းလန်းနေပါ၏။ လာရောက်သူတွေလည်း များပါ၏။

သူတို့စုံတွဲကို ထူးထူးခြားခြား ကြည့်သွားကြသည်မှာ မုံ့ ကြောင့်ပါပင်။ ပန်းဖြူစင်တို့လို အသားမဖြူလှသည့် အထဲမှာ အနက်ရောင်တွေသာ ဝတ်လေ့ရှိသည်။ ထုံးစံအတိုင်း အပေါ်ပိုင်း ဗလာ၊ ဆံပင်က နီကြောင်ကြောင် ဆိုးထားပြီး စကတ်တိုတို ဝတ်ထားသည်။ ဖိနပ်မြင့်မြင့်ကြီး စီးထားပြီး ကြိုးရှည်ရှည်နှင့် ပိုက်ဆံအိတ်သေးသေးလေးကို စလွယ်သိုင်း လွယ်ထား၏။

ဘုန်းဆင့်နှင့် သွားလေတိုင်း သူ့ဟာသူ ဘယ်သောအခါမှ မလျှောက်။ လက်ချင်းတွဲမည်။ လက်မောင်းကို သူ့လက်နှစ်ဖက် နှင့် ဖက်ပြီးလည်း လျှောက်တတ်သည်။ ဘုန်းဆင့် ခါးကို သူ့ လက်တစ်ဖက်နှင့် သိုင်းဖက်ပြီးလည်း သွားတတ်သည်။

ယမုံမြတ်နိုးသည် ယောကျ်ားလေးတစ်ယောက်နှင့် ထိတွေ့



ပွတ်သပ် ယှဉ်တွဲ၍ အမြဲနေချင်သော၊ အမြဲနေတတ်သော Sexy ဖြစ်သည့် မိန်းမစားမျိုးပင် ဖြစ်ပါ၏။

ယမုံနှင့် ထိတွေ့ခွင့်ရကာစက သူ့တစ်ကိုယ်လုံး ရှိန်းနွေး သွားသည်မှလွဲပြီး သူ ရင်မခုန်ခဲ့ပါ။ အတွေ့ကြောင့် အချစ်ဖြစ် မလာနိုင်ကြောင်း သူ လက်တွေ့ခံစားနေရပါပြီ။

ယမုံသည် သန့်စင်သော အပျိုဦးလေးမှ ဟုတ်ပါရဲ့လား။ အတွေ့အပေါ်၌ သူ ကျွမ်းနေပုံရသည်။ ဘုန်းဆင့် ညွှတ်လိုက်ရုံဖြင့် ပြိုကျလာမှာ သေချာနေခြင်းကြောင့် ဘုန်းဆင့်ဘက်က ဘာမှ မတုန့်ပြန်ဘဲ ထိန်းသိမ်းထိန်းချုပ်၍ နေနိုင်အောင် နေရပါ၏။

ယောကျ်ားများနှင့် ယဉ်ပါးလေ့ရှိသော မိန်းမစားမျိုး ဖြစ် သည့် ငယ်ရွယ်သူ ယမုံက သူ့ကို လမ်းခင်းပေးနေသည့်ကိစ္စက မဆန်းပြားလှသော်လည်း ဦးသီဟကိုယ်တိုင်က ဖန်တီးလမ်းရှင်း ပေးနေခြင်းကဖြင့် ထူးခြားလှပါပေသည်။

သူလိုကောင်ကိုသူ့သမီးနှင့်ကြည်ဖြူနေခြင်းမှာ ကိုအောင်စိုး နောက်ပြောင်နေကျလို "အကြံအစည်တစ်ခုခု"များရှိနေပြီလား။

ရုပ်ချောသည်မှလွဲ၍ ဘာတစ်ခုမှ ပိုင်ဆိုင်ထားခြင်းမရှိသော သူ့လို လက်မဲ့လူကို သူ့သမီးနှင့် နီးစပ်စေခြင်းမှာ သူ့သမီးဘက်က ချို့ယွင်းချက် တစ်ခုခုကြောင့်သာ ဖြစ်ရပါမည်။ ရှေးရှေးတုန်း ကတည်းက ဇာတ်လမ်းများလို ဖခင် အမည်တပ်စရာ ရှာနေခြင်း များလား။

သည်အတွေး ဝင်လာသည်နှင့် သူ ထိတ်လန့်စွာ ယမုံ၏ လက်ကို ဖြုတ်ချလိုက်ချိန်မှာ ခပ်ကဲကဲ၊ ခပ်လောင်လောင် ကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေး ဘင်္ခွဲက မျက်နှာချင်းဆိုင်မှ လျှောက်လာရင်း ဘုန်းဆင့်ရှိန်ကို တည့်တည့်ကြည့်ကာ လက်ဖျားခါလျက်...

"ကျွတ်...ကျွတ်...နှမြောစရာ ကောင်းလိုက်တာကွာ"

"အတွဲမညီဘူးဗျ"

"အလှတူချင်း ရှာပါလား၊ တို့ထဲမှာရှိတယ်လေ၊ ဟိဟိ...ခွိခွိ...ခစ်ခစ်"

ဣန္ဒြေဆိုတာ အပြားကြီးလား၊ အဝိုင်းကြီးလားဟု ပြန်မေးလာမည့် အမျိုးအစားများထဲက ဖြစ်ကြမည့် ရင်လေးစရာ ကောင်မလေးများ။

ပြောပြောဆိုဆိုနှင့် သူတို့ကို ဖြတ်ကျော်သွားကြသော ကောင်မလေးများကို မုံက လည်ပြန်ကြည့်လိုက်ပြီး...

"သရဲမတွေ၊ ငါ့ကို မနာလိုရအောင် ငါ့လို အဖြစ်ရှိကြလို့လား"

"ကိုဘုန်းလိုလူမျိုးရအောင် ကမ္ဘာပတ်ပြီး ရှာရင်တောင် မတွေ့မယ့် ဟာမတွေ"

ဘုန်းဆင့်ရှိန်မှာ "အားလုံးကို ကြောက်ပါပြီဗျ"လို့ အော်ပြီး ထွက်ပြေးချင်ပါပြီ။ သည်မိန်းမမျိုးတွေကို သူ ကြောက်လှပါပြီ။ အခွင့်သာလျှင် အမဲဖျက်သလို သူ့ကိုဝိုင်းဖျက်မယ့် ကောင်မလေးတွေ...။

"ကိုဘုန်း၊ စိတ်မညစ်နဲ့နော်၊ မုံ ရှိတယ်၊ သိလား"

ဘုရားဟချင်သွားအောင် သူ စိတ်ညစ်လှပါပြီ။ "ဘာတွေလဲဗျာ"ဟု သူ ထအော်လိုက်ချင်၏။ မုံကဖြင့် ဘာကိုမှ ဖြုံပုံမရပါ။ သူ့ကိုတောင် ပြန်အားကိုးခိုင်းနေပါလား။



မြန်မာရုပ်ရှင်ကြည့်ချင်သည်ဆို၍ ညနေ ၆ နာရီခွဲပွဲ သမ္မတရုပ်ရှင်ရုံမှာ ရုပ်ရှင်ဝင်ကြည့်သော်လည်း မုံသည် အာလူးကြော်တွေ တဂျွမ်းဂျွမ်း စားလိုက်၊ သူ့ပခုံးပေါ် မှီချလိုက်၊ လက်မောင်းကို ဖက်လိုက်၊ လက်ကို ကိုင်လိုက်နှင့် တစ်ချိန်လုံး အလုပ်ရှုပ်နေသည်။

အနုပညာ ဖန်တီးတင်ဆက်မှု အပေါ်မှာလည်း နားလည်ပုံမရ။ စိတ်လည်းမဝင်စား။ အင်္ဂလိပ်စာ ဖတ်မဖတ် မသိရသော်လည်း မြန်မာစာနှင့် မြန်မာဝတ္ထုများကို အထင်မကြီးဟုဆိုကာ ဘာစာမှမဖတ်။

စာမဖတ်သည့်သူများကို ဘုန်းဆင့်ရှိန်ကလည်း အထင်မကြီးပါ။

ရုပ်ရှင်အပြီးတွင် ညစာစားဦးမည်ဆို၍ ဥရောပအစားအစာ ရရှိသည့်ဆိုင်သို့ သွားကြရပြန်သည်။

ဘုန်းဆင့် မလုပ်ချင်ဆုံး အလုပ်က မုံမောင်းသည့်ကားသောမှာ ထိုင်လိုက်ရသည့် အဖြစ်ကိုပါပဲ။ ကားပေါ်အတက်နှင့် ကားပေါ်က ဆင်းချိန်မှာ မြင်ရသူတို့၏ လှောင်ပြုံးမျက်နှာကို သူ မမြင်ချင်ဆုံးပါ။ သို့သော် မတတ်နိုင်ပါ။ သူမှ ကားမမောင်းတတ်ဘဲလေ။ ဦးသီဟက သင်ခိုင်းထားသော်လည်း ရုံးမှဒရိုင်ဘာက မအား၍ မသင်ဖြစ်သေးပေ။

သီးသန့်ခုံလေးမှာ နှစ်ယောက်ထိုင်၍ စားသောက်လို့ ပြီးခါနီးမှာ မုံက ရုတ်တရက်ကြီးပင်...

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်း...မုံ့ကို မချစ်ဘူးလား"

"ဗျာ..."

"မုံ့ကတော့ ကိုဘုန်းကို ချစ်နေပြီလို့ ထင်တာပဲလေ"

"ဗျာ..."

"ဘာဖြစ်လို့လဲဆိုတော့ ဒက်ဒီကိုယ်တိုင် ရွေးပေးထားတဲ့ သမက်ကို မုံ့ကလည်း ပြန်ချစ်နိုင်အောင် ကြိုးစားရမှာပေါ့နော် ဟုတ်ဘူးလား"

"ဟာ...ဟာ...ဟာဗျာ..."

❀ ❀ ❀

## အခန်းသုံး

လုပ်ငန်းခွင်မှ ပြန်လာသော အစ်ကိုကြီး ဘုန်းတင့်ဝေ...။

သံခြေချင်းများနှင့် အားဖျော့ဖြည်းနှေးစွာ တန်းစီလျှောက်လာသည်ကို ကြည့်ပြီး ဘုန်းဆင့် မျက်ရည်များပင် ဝဲတက်လာမိသည်။

ယောက်ျားတန်မယ့် ထူးထူးခြားခြား ချောမွေ့လှပခဲ့ကြသော သူတို့ညီအစ်ကိုနှစ်ယောက်အနက် အစ်ကိုကြီး၏ ရုပ်သွင်မှာ လုံးဝ ပြောင်းလဲသွားရှာပါပြီ။

ပိန်ချုံးကျသွားရုံမက နေလောင်ထားသော အသားအရေကြောင့် မွဲခြောက် ညစ်ထပ်နေပေသည်။

ရဲဘက်ကို ထိန်းရသည့် ထောင်မှူးထောင်ကြပ်များမှာ ဆိုးကြပါ။ တင်းသင့်သူကိုတင်း၊ လျှော့သင့်သူကို လျှော့ပေးကြသည်။ ဘုန်းဆင့်မှာ မကြာခဏ မလာနိုင်သော်လည်း ရောက်လာသည့် အခါတိုင်း ပြေပြေလည်လည် တောင်းတောင်းပန်ပန် ပြောတတ်ရုံမက သူ့ရုပ်ရည်လေးကလည်း ချစ်စရာကောင်းနေ၍ သက်ဆိုင်သူ လူကြီးများက သူတို့ညီအစ်ကိုနှစ်ယောက်ကို လူတွေ ဆပ် ကြာမြင့်စွာ တွေ့ခွင့်ပေးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"စားစရာတွေလား၊ များလှချည်လား၊ ငွေကြေးရှော ခြေသည်ကြလို့လားကွာ၊ အမေ…အမေ နေကောင်းရဲ့လား"

သူ့မေးခွန်းများကို ဖြေပြီး ဘုန်းဆင့်က…

"အမေ လုပ်ပေးလိုက်တာတွေရော၊ ဖြူ ချက်ပေးလိုက်တာရော၊ ကျွန်တော် ဝယ်လာတာတွေရောပဲ"

"ညီမလေး ဖြူတို့တစ်တွေရော နေကောင်းကြရဲ့လား"

"နေကောင်းကြပါတယ်၊ မမညို ယောကျ်ား ပို့လိုက်တဲ့ ချောကလက်တောင် ပါလာသေးတယ်"

"အင်း…ညိုက သံယောဇဉ်ကြီးရှာတုန်းပါပဲလား၊ ဟိုတစ်ပတ်က သူပို့လိုက်တဲ့ ပစ္စည်းတွေတောင် ရှိသေးတယ်"

"မမညိုက ပို့တာဟုတ်လား၊ ဘယ်သူလာပို့တာလဲ"

"အစ်ကိုကြီးရှေ့နေ ဦးအောင်ဟိန်း ကိုယ်တိုင် ရောက်လာတယ်၊ အယူခံဝင်ဖို့ကိစ္စ၊ ဂျင်နရယ်လ်ပါဝါလွှဲဖို့ လက်မှတ်လာထိုးခိုင်းရင်း ပစ္စည်းတွေ ပေးခဲ့တာ အများကြီးပဲ၊ သူဝယ်လာတာရော ညိုပေးလိုက်တာတွေရော"

"မမညိုက…"

"အေးလေ"

ယခု ချောကလက်မှာ ယဉ်ညိုသွယ်က တိုက်ရိုက်ပေးခြင်း မဟုတ်။ ပန်းဖြူစင်တို့ သားအဖ စားဖို့ ပေးထားသည့်အထဲက ဖြူက ယူပြီး ပေးလိုက်ခြင်းသာ ဖြစ်သည်။ အစ်ကိုကြီး ထောင်ကျသွားပြီးသည့်နောက်မှာ…

"သူ လွတ်ပါစေတော့ ဆိုပြီး မမညို ငွေသုံးသိန်းကျော်



အကုန်ခံခဲ့ပေမယ့် အလကားဖြစ်သွားပြီ၊ သူ့ကံပေါ့ကွယ်၊ မမညို အနေနဲ့လည်း သူ့ကို နောက်ထပ် ဘာမှကူညီလို့မဖြစ်တော့ဘူး၊ မမညိုရဲ့ ယောကျ်ားအပေါ်မှာ မမညို သစ္စာရှိရမယ်လေ"

ဘုန်းဆင့်ရှိန်ကို မမညို ကိုယ်တိုင် ပြောခဲ့သော စကားများ…။

"အစ်ကိုကြီးအမှုကို အယူခံဝင်မလို့ ဟုတ်လား"

"အေးလေ…"

"အယူခံက ဝင်ပြီးသွားပြီလေ၊ ဒီလို အကြာကြီးနေပြီးမှ ဝင်လို့ဘယ်ရမလဲ၊ အစ်ကိုကြီး အင်းစိန်ထောင်မှာ ရှိနေတုန်းတည်းက အမိန့်ချတာ၊ အစ်ကိုကြီးကိုယ်တိုင် သိခဲ့တာပဲလေ"

"ဒါပေမယ့် ဦးအောင်ဟိန်းကို ညိုက ထပ်ခိုင်းတယ်တဲ့၊ နောက်ထပ် အယူခံဝင်ဖို့တဲ့"

"မဖြစ်နိုင်ဘူး ထင်တယ်"၊ "မဟုတ်လောက်ဘူး ထင်တယ်"ဟု ဘုန်းဆင့်ရှိန် စိတ်ထဲမှ ပြောနေမိပါသော်လည်း အစ်ကိုကြီး၏ မျှော်လင့်ချက်ကို မဖျက်ဆီးရက်တော့ပါ။ ဘုန်းဆင့် ဘာမှ ပြန်မပြောခင် အစ်ကိုကြီးကပင်…

"ငါလည်း ဘာကိုမှ မမျှော်လင့်ချင်တော့ပါဘူး ညီလေးရာ၊ ခုလို ပင်ပန်းဆင်းရဲရာက သေသွားခဲ့ရင်လည်း ငါ ကျေနပ်ပါတယ်၊ ငါ့ဘဝက နှမြောစရာမှ မရှိတာ၊ အလကားကောင်ပဲလေ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အစ်ကိုကြီးရာ၊ အစ်ကိုကြီး ပေးတဲ့ငွေနဲ့ အဖေတို့၊ အမေတို့ ချောင်ချောင်လည်လည်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြရတယ်၊ အဖေ့ကိုလည်း ကောင်းကောင်း ဆေးကုလိုက်ရ
ပါတယ်”

“အဖေဆုံးတော့ ငါ အချုပ်ခံနေရပြီလေ၊ ငွေပေးတာက
လွဲပြီး ငါ ဘာမှ တာဝန်မကျေခဲ့ပါဘူး၊ မိဘတွေက နယ်မှာလို
မမကို ပြောထားမိတဲ့အတိုင်း မမကို ထပ်ပြီး မညာချင်လို့ ငါ
အိမ်ကိုမလာခဲ့မိတာ သိပ်မှားတယ်၊ ငါ့ကို သိပ်တွေ့ချင်ရှာတဲ့
အဖေ့ကို ငါပစ်ထားခဲ့မိတယ် ညီလေးရယ်၊ ဘာတာဝန်မှ မယူ
ခဲ့မိတာ နောင်တရလို့ မဆုံးတော့ပါဘူးကွာ”

“တာဝန်ကျေပါတယ်ဗျာ၊ အစ်ကိုကြီးပေးတဲ့ ငွေကြောင့်
ဆေးလည်း ကောင်းကောင်းကုပြီး အသုဘကိုလည်း အမေ့စိတ်
တိုင်းကျ လုပ်နိုင်တာ အစ်ကိုကြီးပေးတဲ့ ငွေကြောင့်ပါ”

“တကယ်တော့ ငါ့ငွေ မဟုတ်ပါဘူး၊ ငါ့ကျေးဇူးရှင် မမရဲ့
ငွေတွေကို ငါ ကြိုက်သလောက် ယူသုံးခွင့်ရခဲ့လို့ပါ”

ဘုန်းတင့်ဝေက ‘မမ’၏အကြောင်းအရာပေါ်လာ၍ မှိုင်းမှုန်
ရီဝေနေသော မျက်ဝန်းမှာ နီမြန်းငြိမ်သက်သွားပြီး တွေတွေငေးငေး
ရှိနေရာမှ…

“တစ်ခါတလေမှာ ငါ သေခြင်းတရားကို တောင့်တမိ
တယ်၊ ငါ သေသွားရင် ကောင်းမှာပဲ၊ ဒီဝဋ်က ကျွတ်သွားပြီလို့
မကြာခဏ တွေးမိတယ်၊ ဒါပေမယ့် ငါ မသေခင် သိခွင့်ရသွား
ချင်တဲ့ ဆန္ဒတစ်ခုက ငါ့ရင်ထဲမှာ သိပ်ပြင်းပျနေမိတယ် ညီလေး”

“ဘာဆန္ဒလဲဟင် အစ်ကိုကြီး”

“မမကို ဘယ်သူသတ်သလဲဆိုတာ သိချင်တဲ့ ဆန္ဒ”



ဘုန်းဆင့်ရှိန်က ရုပ်ပျက်ဆင်းပျက် ကျဆုံးနေရှာသော
သူ့အစ်ကိုကြီးကို ကြင်နာစွာ ငေးကြည့်နေပြီးမှ…

“ဒါဆို ဒေါ်မင်းမင်းထိုက်ကို အစ်ကိုကြီး တကယ်မသတ်
ဘူးပေါ့နော်၊ ဒါပေမယ့် ဘာဖြစ်လို့ တရားရုံးမှာတုန်းက အစ်ကို
ကြီးက သတ်ပါတယ်လို့ ထွက်ဆိုရတာလဲ”

“ငါ သေချင်လို့ ငါ့ကို ကြိုးပေးစေချင်လို့”

“အစ်ကိုကြီးကလည်းဗျာ…”

“ငါကိုယ်တိုင်ကလွဲလို့ မမကို ငါ မသတ်ဘူး ဆိုတာ
ဘယ်သူကမှ မယုံကြဘူး၊ လက်မခံကြဘူးလေ”

“ဒီ…ဒီလိုလည်း မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ အဖြစ်မှန်
ပေါ်လာရင် အစ်ကိုကြီး လွတ်မှာပေါ့နော်၊ ပြီးတော့ ကံကောင်းရင်
လွတ်ငြိမ်းချမ်းသာခွင့်နဲ့လည်း ကြုံချင်ကြုံမှာပါ”

“ဦးအောင်ဟိန်း ဆက်ပြီးဆောင်ရွက်မယ်ဆိုတဲ့ ကိစ္စကို
လည်း ငါ မမျှော်လင့်ချင်တော့ပါဘူး၊ ဘာမှလည်း မသိချင်တော့
ပါဘူး၊ ညီ့ကိုတော့ ကျေးဇူးတင်တယ်လို့ ပြောပေးပါ၊ ဒါပေမယ့်
ငါ့အတွက် ထပ်ပြီး ဒုက္ခမရှာပါနဲ့တော့လို့ ပြောလိုက်ပါကွာ၊ ညီ့
ဘဝ အဆင်ပြေသွားပြီဆိုလို့ ငါ တကယ်ဝမ်းသာပါတယ်”

“တကယ် အဆင်ပြေသွားတာ အစ်ကိုကြီးရဲ့၊ မမညိုက
ကိုကျော်စွာဦးဆိုတဲ့ လူကို မယူခင် သူ့မှာ ရည်းစားရှိခဲ့ဖူးတယ်၊
ဘာမှ မငြိခဲ့ပါဘူး၊ အခု အဲဒီလူက မိန်းမယူသွားပြီဆိုတာတွေ
အတိအလင်းပြောတော့ အဲဒီလူက ဒါတွေ မဆန်းပါဘူးဆိုပြီး
မမညိုကို မြတ်နိုးလိုက်တာမှ တအားပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတင့်ဝေက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရှာသည်။

"မမညို သားလေးတောင် လေးလ ရှိသွားပြီ၊ သိပ်ချစ်စရာကောင်းတာပဲ အစ်ကိုကြီးရာ၊ ဦးလေး ဦးတင်လတ်ဆို လက်ပေါ်ကကို မချဘူး၊ သူ့မြေးနဲ့ကို မြူးပျော်လို့"

"ညီမလေး ပန်းဖြူစင်ရော အဆင်ပြေလား"

"ဟုတ်၊ ပြေပါတယ်၊ သူအရင် ရုံးမှာပဲ၊ မမညိုက ထောက်နိုင်တော့ အဆင်ပြေကြပါတယ်"

"အင်း...အန်တီယဉ်ယဉ်ဦး မရှိတော့တာကလွဲပြီး သူတို့မိသားစုတွေ အဆင်ပြေကြတယ်ပေါ့နော်၊ အမေ...ငါ့အမေမှာသာ ဆင်းရဲနေရရှာတာ"

"ဆင်းရဲတယ်တော့လည်း မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ သားအမိနှစ်ယောက်တည်း ဆိုတော့လည်း အဆင်ပြေပါတယ်"

"ဒါနဲ့ မင်းအလုပ်ရော အဆင်ပြေလား၊ အရင်တစ်ခေါက်လာတုန်းက လ[illegible]တိုးမယ် ဆိုတာရော တိုးရဲ့လား"

"ဟုတ်ကဲ့၊ ငါးထောင် ထပ်တိုးပေးပါတယ်"

"သုံးသောင်းပေါ့"

"ဟုတ်ကဲ့"

"ဒါဆို အဲဒီအလုပ်နဲ့ အဆင်ပြေနေတယ်ပေါ့နော်"

"အင်း...အလုပ်က အဆင်ပြေပေမယ့် ဒီကပြန်ရင် အလုပ်ထွက်မလို့၊ အဲဒါလည်း အစ်ကိုကြီးကို ပြောချင်လို့"

"အလုပ်ထွက်မလို့၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ"



ဦးသီဟနှင့် ယမုံမြတ်နိုးတို့အကြောင်း အသေးစိတ်ပြောပြရုံမက ဝန်ထမ်းများ၏ အကြောင်းနှင့် ကိုအောင်စိုး၏ "အကြံအစည် တစ်ခုခုတော့ ရှိရမယ်" ဆိုတာက,အစ အသေးစိတ်ပြောပြပြီးချိန်မှာ...

ဘုန်းတင့်ဝေသည် ရှေ့မြင်ကွင်း ဝေးဝေးတွင် ရှိနေသောရာဘာတောတန်းစိမ်းစိမ်းကို ငေးကြည့်ရင်းမှ...

"ညီလေးကို ကြံစည်စရာ ဘာရှိလဲ၊ မုဆိုးမနဲ့နေရတဲ့သား၊ ဘာပစ္စည်းဥစ္စာမှလည်း မျှော်လင့်စရာမရှိဘူး၊ အစ်ကိုကြီးထင်တာပြောမယ်"

"ဟုတ်...ပြော...ပြောစမ်းပါ အစ်ကိုကြီးရာ"

"နိုင်ငံခြားမှာ နေလာတဲ့ မိန်းကလေးဟာ သန့်ရှင်းချင်မှသန့်ရှင်းမယ်၊ ဒါပေမယ့် ညီလေးထင်သလို ကိုယ်ဝန်ပါလာမှာတော့ မဟုတ်ဘူး၊ နှစ်ဆယ်ရာစုခေတ်ကလို ဖခင်အမည်ဖော်တဲ့ ခေတ်တွေ ကုန်ဆုံးသွားပါပြီ၊ နိုင်ငံခြားမှာက ဖျက်ချလို့ရတာပဲ"

"ဒါတွေ ညီလေး မသိပါဘူး"

"ဖြစ်နိုင်စရာရှိတာက သူတို့က ချမ်းသာပြီးသား၊ ငွေမလိုဘူး၊ ငါ့ညီလေးက ရုပ်သိပ်ချောတယ်၊ ရိုးသားတယ်၊ သူ့သမီးကကြိုက်နှစ်သက်တယ်၊ ဒီလို သမက်မျိုးကို ရွေးလိုက်ရင် သူ့သမီးဆတ်ဆလူးမလည်း ငြိမ်သွားမယ်၊ ညီလေးကိုလည်း သူ့ကုမ္ပဏီမှာပဲ ဆက်ပြီး တာဝန်ကြီးကြီး ပေးအပ်လိမ့်မယ် ထင်တယ်"

"ဟုတ်ရဲ့လား အစ်ကိုကြီးရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်နိုင်တယ်လေ၊ သမီးအတွက် အမွေပေးစရာက အပြည့်ရှိပြီးသားဆိုတော့ ရိုးသားကြိုးစားတဲ့ သမက်တစ်ယောက်ပဲ သူ့အတွက် လိုအပ်လို့ ညီလေးကို ရွေးလိုက်တာ ဖြစ်မှာပါ။ ညီလေးကရော မုံဆိုတဲ့ ကောင်မလေးကို မချစ်နိုင်ဘူးလား"

"မချစ်ပါဘူး အစ်ကိုကြီးရာ၊ ချစ်လို့လည်း ဘယ်ဖြစ်မှာလဲ။ ညီလေးမှာ ချစ်သူရှိနေပြီလေ"

"ချစ်သူရှိနေပြီ၊ ဟုတ်လား၊ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ဘယ်သူရမလဲ၊ ပန်းဖြူစင်ပေါ့"

"ဟာ...ညီလေး..."

❀ ❀ ❀

# အခန်း (၁၈)

"ဩ...မင်းကိုယ်တိုင် လာတယ်လား"

"ဗျာ..."

"မင်းကို ဖရက်ဒီက လွှတ်လိုက်တာလား"

"ဘယ်သူလဲဗျ၊ ဖရက်ဒီဆိုတာ"

ရှေ့နေဦးအောင်ဟိန်းက နဖူးကြောတစ်ချက် ရှုံ့၍ မျက်လုံးကို မှေးကျဉ်းလိုက်ပြီး သူ့ရှေ့မှာ ရပ်နေသော ဘုန်းဆင့်ကို မော့ကြည့်လိုက်သည်။ ပါးနပ်လည်ပတ်သော ရှေ့နေကြီးမှာ...

"ဆိုစမ်းပါဦး မောင်ဘုန်းဆင့်ရှိန်၊ ဦးဆီ ဘာကိစ္စနဲ့ လာတာလဲ"

"အစ်ကိုကြီးကိစ္စကို ဦးလေး ဘာတွေဆက်ပြီး ဆောင်ရွက်မှာလဲလို့ သိချင်လို့ပါ"

"မင်းနဲ့ ချစ်မင်းမောင်နဲ့ တွေ့ခဲ့ပြီးပြီလား"

"ဟုတ်တယ်"

"သူက ဘာပြောလိုက်လဲ"

ရှေ့နေက ပါးနပ်စွာ သူ့ကို ပြန်မေးခွန်းထုတ်နေ၍...

"ဦးလေး လာသွားတယ်၊ အစ်ကိုကြီးကို လက်မှတ်ထိုးနိုင်းတယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာအတွက် ထိုးခိုင်းတာလဲ"

"ဩော်...သူ့အမှုကို ဆက်လိုက်ဖို့အတွက်ပေါ့ကွာ"

"အဲဒါက ပြီးသွားပြီမဟုတ်လား၊ အယူခံဝင်လို့ ထောင်ဆယ်နှစ် ချလိုက်ပြီးပြီလေ"

"ရုံးကိစ္စ၊ တရားခွင်ကိစ္စတွေ မင်း နားမလည်ပါဘူးကွာ"

"ကျွန်တော် နားလည်အောင် ရှင်းပြပါ ဦးလေး"

"ဟ...ရှေ့နေရဲ့ လုပ်ထုံးလုပ်နည်းတွေကို ရှင်းပြလို့ မင်း ဘာနားလည်မှာလဲ"

"တခြားကိစ္စ နားမလည်ချင်ပါဘူး၊ အစ်ကိုကြီးကိစ္စပဲ၊ ကျွန်တော် သိချင်တယ်"

ဦးအောင်ဟိန်းက ဘုန်းဆင့်ရှိန်ကို လေးလေးနက်နက် ထား၍ ကြည့်လိုက်ပြီး ချိန်ချိန်ဆဆဟန်ဖြင့်...

"ဒီမှာ မောင်ဘုန်းဆင့်၊ မင်းအစ်ကိုကြီးက ထောင်ဒဏ် ဆယ်နှစ်ကျသွားပြီ၊ ရဲဘက်စခန်းမှာ မင်း မြင်ခဲ့ရတဲ့အတိုင်း ဘယ့်လောက်ပင်ပန်းဒုက္ခရောက်နေသလဲ၊ အဲဒီလို အဖြစ်ဆိုးနဲ့ ကြုံနေရတဲ့လူကို ထပ်ပြီး ဒုက္ခပေးစရာ မရှိပါဘူးကွာ၊ ဒုက္ခထောထဲက ဆွဲထုတ်ဖို့ပဲ လိုအပ်တာပါ၊ ငါ လုပ်နေတာ မင်းတို့အတွက် ကောင်းဖို့ပါ"

"ဟုတ်ပါပြီ၊ အစ်ကိုကြီးက ဒီထက်ဆိုးစရာ အကြောင်း မရှိတော့လို့ သူ့အတွက် ဘာကောင်းအောင် လုပ်ပေးမှာလဲဆိုတာ သိချင်တယ် ဦးလေး"



"ငါ့ကိစ္စ မပြီးသေးတဲ့အတွက် မင်းကို မပြောနိုင်သေးဘူး"

"ဘာကိစ္စလဲဗျ"

"မပြောနိုင်သေးပါဘူးဆိုကွာ"

"ဘာတွေ မကောင်းကြံစည်နေလဲ"

"ဘာကွ၊ ငါက အကောင်းကြံစည်နေတာ၊ နောက်ကျရင် ကောင်းလွန်းလို့ဆိုပြီး ငါ့ကိုတောင် မင်း ထိုင်ရှိခိုးရဦးမှာ"

"အဓိပ္ပာယ်မရှိလိုက်တာ၊ ရှေ့နေဆိုတာ လျှာရှည်တဲ့လူမှ ဖြစ်တယ်ဆိုတာ ဟုတ်နေပြီ"ဆိုသော အကြည့်ဖြင့်ကြည့်ရင်း...

"နောက်ပိုင်း ဘာဖြစ်လာမယ် ဆိုတာတော့ မသိဘူး၊ အခုလောလောဆယ် အစ်ကိုကြီးကို ဦးလေး ဘာလို့ သွားပြီး လိမ်ညာရတာလဲ"

"ဘာကိုလဲ ဘုန်းဆင့်"

"မမညိုက အစ်ကိုကြီးကိစ္စကို ဘာမှလုပ်မပေးတော့ဘူး လေ၊ အဲဒါကို မမညိုက လွှတ်လိုက်တာဆိုပြီး ဦးလေး သွားညာတယ်၊ မမညိုက ပေးလိုက်တာဆိုပြီး စားစရာတွေ ညာပြီးပေးခဲ့ ဘယ်၊ ပြီးတော့ လက်မှတ်ထိုးခိုင်းတယ်၊ အဲဒါ ဘာဖြစ်လို့လုပ်တာလဲ၊ ဘာသဘောနဲ့လုပ်တာလဲ ဦးလေး"

"မင်းအစ်ကိုက ငါ့ကို မယုံကြည်တော့ဘူးလေ၊ ဒါကြောင့် သူကြည်တဲ့ သူ့ချစ်သူဟောင်း ယဉ်ညိုသွယ်ရဲ့ နာမည်ကို သုံးလိုက်ရတာ"

"အဲဒါ ဘာအတွက်လဲ"

"အချိန်တန်တော့ သိရမယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"ခု သိချင်တယ်ဗျာ"

"ဟော့ကောင်လေး ပြန်တော့ကွာ၊ အချိန်တန်တော့မင်း သိခွင့်ရှိ မဟုတ်ဘူး၊ မင်းပါ ပါဝင်ရမှာပါ"

"ဦးလေး အဲသည်လိုပြောလေ ကျွန်တော် သိချင်လေပဲ"

"မပြောနိုင်ဘူး၊ ပြောလို့ မရသေးဘူးကွ၊ ငါ့မှာ တခြား အမှုတွေရဲ့ ကိစ္စ ရှိသေးတယ်၊ မင်း ပြန်ပါ၊ မပြန်ရင် ငါ့ကို ဝတ္တရားနှောင့်ယှက်မှုနဲ့ မင်းကို ရဲခေါ်ပြီး ဆွဲထုတ်ခိုင်းမှာနော်"

"လုပ်မနေစမ်းပါနဲ့ ဦးလေးရာ၊ ဝတ္တရားနှောင့်ယှက်မှု ဆိုတာ အစိုးရ ဝန်ထမ်းရဲ့ တာဝန်ချိန်မှာမှ ဖြစ်တာပါ၊ အခု ဦးလေးက ကိုယ်ပိုင်ရုံးခန်းထဲမှာ အစိုးရဝန်ထမ်းလည်း မဟုတ်ဘူး၊ အပြင်က ရှေ့နေပါဗျာ"

"ဟော့ကောင်လေး မင်းကလည်း သိလှချည်လားကွ"

ဦးအောင်ဟိန်းက အားရပါးရ ပြုံးပြီးပြောသည်။

သူတို့နှစ်ယောက်သည် ချစ်မင်းမောင် အမှုစစ်နေသည့် အချိန်ကာလ ကြာမြင့်စွာအတွင်းမှာ အကြိမ်ပေါင်းများစွာ တွေ့ဆုံ တိုင်ပင် ရင်းနှီးနေကြသူများ ဖြစ်သည်။ အမှုအပ်သူ ယဉ်ညိုသွယ် က ရှေ့တန်းမထွက်လို၍ငွေပေးငွေယူကိစ္စ၊ အမှုအခြေအနေများကို ဦးအောင်ဟိန်းနှင့် ယဉ်ညိုသွယ်တို့ကြားတွင် ဘုန်းဆင့်ရှိန်ကသာ ဆောင်ရွက်ခဲ့ရသဖြင့် သူတို့ချင်းက ရင်းနှီးပြီးသား။

"ကလင်...လင်"

"ဟယ်လို...အောင်ဟိန်းပါ၊ ဩော်...အေး...ဖရယ်ဒီ ပြော..."



"......"

"အင်း...မင်းထင်သလောက် မခက်ပါဘူးကွာ၊ အဆင့်ဆင့် တွေတော့ ကျော်ဖြတ်ရတာပေါ့"

"......"

"အေး...သူငယ်ချင်း၊ ဟုတ်တယ်၊ ဒီမှာ စာအုပ်ကြီးအတိုင်း ဆိုတဲ့ခေတ် ကုန်သွားပါပြီကွာ၊ ဒါပေမယ့် တရားဝင်တွေချည်း အားလုံး ငါ လုပ်ထားပါတယ်၊ အဆင်ပြေအောင်တော့ ညှိရတာ ပေါ့ကွာ"

"......"

"အေးအေး...စိတ်ချပါ၊ တို့ ထင်ထားတာထက်တောင် မြန်ဦးမှာပါ"

"......"

"အိုကေ...အိုကေ...အဲဒီအဆင့်တွေ အားလုံးကျော်သွား ပါပြီ၊ ပြီးတော့မှာပါ၊ ငွေတော့ နည်းနည်းထပ်လိုလိမ့်မယ်နော်"

"......"

"ဩော်...အေး...ငါ့ဆီမှာ ညွှန့်သည် ချာတိတ်ရောက်နေ တယ်ကွ၊ ဘုန်းဆင့်ရှိန်..."

"......"

"အေး...အေး...ဟင့်အင်း...ဟင့်အင်း...သူ ဘာမှမသိ ပါဘူး"

"......"

"မင်းကလည်း စိတ်မပူစမ်းပါနဲ့၊ ပိုင်နေပါပြီဆိုမှ"

www.burmeseclassic.com

www.burmeseclassic.com



"......"

"အေးအေး...ကောင်းပြီ ဖရက်ဒီ၊ နောက်မှ တွေ့ကြဦးမယ်နော်"

ဖုန်းချလိုက်ပြီးချိန်မှာ ဘုန်းဆင့်ရှိန်က...

"အဲဒီ ဖရက်ဒီဆိုတာ ကျွန်တော်နဲ့ ပတ်သက်နေလား"

"ဟာ့...လုပ်တော့မယ် မင်းကလည်း...၊ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ သူက ငါ့သူငယ်ချင်း၊ ငါ့အရွယ်"

"ငါ့ဆီမှာ ဘုန်းဆင့်ရှိန် ရောက်နေတယ်၊ သူဘာမှမသိဘူးဆိုတာ ကျွန်တော့်ကိစ္စ ပြောတာမဟုတ်ဘူးလား"

"မဆိုင်ပါဘူးကွာ"

"ကျွန်တော် ဝင်လာတုန်းကလည်း ဖရက်ဒီက လွှတ်လိုက်တာလားလို့ မေးသေးတယ်လေ၊ အခု ဦးလေးနဲ့ စကားပြောတာလည်း အဲဒီ ဖရက်ဒီပဲ မဟုတ်လား"

"ဖရက်ဒီဆိုတဲ့ နာမည်ကို မင်း ကြားတောင်မကြားဖူးဘူးမဟုတ်လား၊ မင်းနဲ့ ဘာဆိုင်မှာလဲ၊ ငါ့သူငယ်ချင်း ဖရက်ဒီက တစ်ဆင့် အမွေမှုတစ်ခု အပ်ထားလို့ လိုက်ပေးနေတာ၊ အောင်မြင်ကာနီးနေပါပြီ၊ အောင်မြင်ပြီးရင် ငါ့ရဲ့ အကျိုးဆောင်ခကချည်းဆယ်သိန်းရမှာမောင်၊ အဲဒီကျရင် မင်းကိုပါ ငါ ကျွေးမယ်"

"မစားချင်ပါဘူးဗျာ၊ သိချင်တာပဲ ရှိတယ်"

"အခု ဘာမှ သိစရာမရှိသေးဘူး၊ သိစရာရှိလာတဲ့အခါကျရင် မင်း မသိဘဲကို နေလို့မရဘူးလို့ဆိုမှကွာ၊ ကဲ...ငါ ရုံးချိန်းတစ်ခု သွားရဦးမယ်"



ဦးအောင်ဟိန်းက ကုလားထိုင်နောက်မှာ ချိတ်ထားသော တိုက်ပုံအင်္ကျီအနက်ကြီးကို ကောက်ဝတ်နေချိန်မှာ သူ့တပည့်က ဗီရိုထဲမှ ခေါင်းပေါင်းထည့်ထားသည့် မောင့်ကျက်သရေ ဘူးကို ယူ၍ပိုက်ထားသည်။ တရားသူကြီးရှေ့မှာ လျှောက်လဲသည့်အခါ ရှေ့နေဝတ်စုံက တိုက်ပုံအနက်နှင့် ခေါင်းပေါင်းနှင့် ဖြစ်ရမည်။

"ကဲ...ငါသွားပြီ ဘုန်းဆင့်"

အခန်းထဲမှာ စာရေးမတစ်ယောက်သာ ကျန်ရစ်သည်။ ဘုန်းဆင့် ချက်ချင်း နေရာမှ မထဖြစ်သေး။ အိလည်လည်နှင့် ဆက်ထိုင်နေမိသည်။

အစ်ကိုကြီးထံမှ အပြန်တွင် ရှင်းရှင်းလင်းလင်း သိရအောင် ဦးအောင်ဟိန်းဆီ ရောက်လာကာမှ...

ပို၍ရှုပ်ရှုပ်ထွေးထွေးဖြစ်ကာ...သူလည်း လေးကန်စွာထ၍ ရှေ့နေကြီး၏ ရုံးခန်းထဲမှ ထွက်ခဲ့ရပါတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၉

ပန်းဖြူစင်သည် ဧည့်ခန်းမှာ ထိုင်လိုက်၊ ဝရန်တာက ပြေးထွက် မျှော်လိုက်နှင့် ဂဏှာမငြိမ် ဖြစ်နေရှာသည်။

အိမ်မှာ ပန်းဖြူစင် တစ်ယောက်တည်း။ ဖေဖေ ဦးတင်လတ်က မမညိုတို့အိမ်သို့ သူ့မြေးထိန်းရန် လိုက်သွားသည်။

အမှန်က မမညိုကလည်း သူ့ခင်ပွန်း မရှိ၍ ဖေဖေ့ကို ခေါ်ထားချင်သည်။ ဖေဖေကလည်း သွားနေချင်ပါသည်။ သူ့မြေးလေးက သူ့ကို လက်ကမ်းကမ်းပြီး ငို၍လိုက်နေသည်ကို အဘိုးအသည်းခိုက်နေခြင်းဖြစ်၏။

သို့သော် သမီးပျိုလေးကို ခွဲနေ၍ မဖြစ်နိုင်။ ယနေ့ နေ့တစ်ဝက် သွားနေမည်ဆို၍ မမညိုကိုယ်တိုင် ကားမောင်း၍ လာခေါ်သွားသည်။

ပန်းဖြူစင်က ရုံးပိတ်တုန်း အိမ်မှာ လုပ်စရာရှိတွေရှိသေးသည်ဟု အကြောင်းပြကာ တမင် နေခဲ့ခြင်းဖြစ်၏။

ယနေ့ ဘုန်းဆင့်ရှိန် သူ့ဆီ လာမည်လေ။



မနက်ကတည်းက အသုပ်ကြိုက်သော ဘုန်းဆင့်ကို လက်သုပ်စုံ လုပ်ကျွေးဖို့ သူ လုံးပန်းနေရသည်။ ထမင်းကို ငရုတ်ဆီနှင့်လူးပြီး အဆုပ်အဆုပ်ကလေးများ လုပ်ထားသည်။ အာလူးကို ပြုတ်၍လှီး၊ ကြာဇံပြုတ်၍ဖြတ်၊ ကြက်သွန်ဖြူဆီချက်ချက်၊ သဘော်သီးနှင့် ကြက်သွန်တို့ကို ပါးပါးလေးလှီး၊ မန်ကျည်းရည် ပျစ်ပျစ် ဖျော်ထားသည်။ ဟင်းခါးအိုးကလည်း အဆင်သင့်။ သူလာမှ လက်သုပ်စုံ လုပ်ကျွေးမည်။

"ဒေါက်...ဒေါက်"

"ဟော...တံခါးခေါက်ပြီ"

အုပ်ဆောင်းပြန်အုပ်ပြီး ပန်းဖြူစင် ပြေးထွက်လာခဲ့သည်။ တံခါးဖွင့်လိုက်လျှင်ပင်...

"ဟယ်...ကိုဘုန်း၊ စောစောက ဝရန်တာထွက်ပြီး မျှော်နေတာ..."

"ငါ တွေ့သားပဲ၊ တမင် နင်အထဲဝင်သွားမှ တက်လာတာ"

"ကြည့်ပါဦး၊ သူများကို နည်းနည်းလေးမှ မနှောက်ရရင် မနေနိုင်ဘူး မဟုတ်လား"

"ဗိုက်ဆာနေပြီ၊ ဘာစားရမှာလဲ"

ကလေးအော်သလို ဗိုက်ကိုပွတ်၍ ပြော၏။

"ကဲ...လာဝင်၊ စားဖို့ အဆင်သင့်ပဲ၊ အမောဖြေဦး"

"အမောဖြေဖို့ မလိုဘူး၊ အဆာဖြေဖို့ပဲ လိုတယ်"

"ဒါဆိုလည်း နှောက်ဖေး တစ်ခါတည်းသာ ဝင်သွားတော့၊

www.burmeseclassic.com

www.burmeseclassic.com



ဖြူ သော့ခတ်ပြီး လာခဲ့မယ်”

ဘုန်းဆင့်က စောင့်နေပြီး သူ့လက်ကိုဆွဲ၍ တူတူဝင်သွားကြချိန်မှာ ရင်တွေ တအားခုန်ရသူက ပန်းဖြူစင်...။

“ဖြူ...နင် လက်သုပ်စုံဆိုင် ဖွင့်ပါလား”

လှလှပပ ပြင်ထားသည်ကို ကြည့်ပြီး ပြောနေ၍...

“ဒါက အမြင်ရှိသေးတာနော်၊ တကယ်စားကြည့်၊ လျှာလည်သွားစေရမယ်”

ပန်းဖြူစင်က ဇလုံထဲမှာ ထမင်း၊ အစာစုံ၊ ပုစွန်ခြောက်မှုန့်၊ အချဉ် အငန် အစပ်များ အစပ်တည့်အောင် ထည့်၍ အားရပါးရနယ်နေစဉ်...

“နင့်လက်သန့်ရဲ့လား”

“စောစောကပဲ အမှိုက်ပုံး ကိုင်ထားတယ်၊ လက်မဆေးရသေးဘူး”

“အလကား စ,တာပါဟာ၊ နင် တကယ် အမှိုက်ပုံးကိုင်ထားရင်တောင် ငါက မရွံ့သေးဘူး”

“ရော့...မြည်းကြည့်”

ဖြူက လက်ပေနှင့်ပင် ထမင်းတစ်လုတ် ယူပြီး ဘုန်းဆင့်ကိုခွံ့ကျွေးလိုက်သည်။

“ဘယ့်နဲ့လဲ”

“အိုကေပဲ”

“အပေါ့အငန်ရော”

“အနေတော်ပဲ”



“ဒါဖြင့် ပန်းကန်ထဲ ထည့်လိုက်တော့မယ်နော်”

“ထည့်မနေပါနဲ့တော့၊ အဲဒီလိုပဲ ငါ့ကို ခွံ့ကျွေးပါလားဟင်”

ပန်းဖြူစင် ကျေနပ်သွားသော်လည်း ရှက်စိတ်က ကြီးစိုးလာပြန်သည်။

လက်ထဆေး၊ လက်သုတ်ပြီး ဇလုံထဲ ဇွန်းနှစ်ချောင်းထည့်ကာ...

“ကဲ...ဒါဆိုလည်း ဒီကပဲ တူတူ ခပ်စားကြမယ်လေ”

“ဖြူ မစားရသေးဘူးလား”

“ဘယ်စားရဦးမလဲ၊ ကိုဘုန်းကို စောင့်နေတာ”

“ဒီတစ်ချောင်း ဖယ်လိုက်စမ်းပါဟာ”

ဇွန်းနှင့်အမောက်ခပ်ပြီး ဖြူ့ကိုပြန်ခွံ့နေ၍ ဖြူမှာ ကြည်နူးကျေနပ်ခြင်းနှင့် ရှက်ရွံ့ခြင်းတို့ ပူးတွဲခံစားရင်း ပြုံးနေမိသည်။

“ကြက်သွန်ဖြူ ယူဦးမလား”

“တော်ပြီ၊ ပါးစပ်နံတယ်”

“နံလည်း ရွံ့မယ်သူမှ မရှိတာ၊ အို...ကိုဘုန်း စားပါ၊ ကိုဘုန်း စားစေချင်လွန်းလို့ တစ်မနက်လုံး လုံးပမ်းထားရတာ၊ ဘယ့်နှယ် ဖြူ့ကိုချည်း ခွံ့ကျွေးနေရတာလဲ”

ဘုန်းဆင့်ရှိန်က အားရပါးရ သူ နှစ်ဇွန်းလောက် ခပ်စားလိုက်၊ ဖြူ့ကို တစ်ဇွန်းလောက်ခွံ့လိုက်၊ ဟင်းခါးရည် နွေးနွေးလေး သောက်လိုက်နှင့် သူ့တစ်ယောက်တည်း လက်မလည်နိုင်အောင် ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စားလို့ကောင်းလိုက်တာ ဖြူရာ"

"ဖြူ ထပ်သုပ်လိုက်ဦးမယ်လေ"

"ဝပြီ၊ တစ်ဇလုံကြီး ငါ တစ်ယောက်တည်းလိုလိုချည်း စားလိုက်တာ"

"ဝမ်းသာလိုက်တာ ကိုဘုန်းရယ်"

ချစ်သူအတွက် တပင်တပန်း လုပ်ထားရကျိုးနပ်ပါပြီ။

"ကိုဘုန်း အပြင်သွားနှင့်၊ ဖြူ ပန်းကန်တွေ ဇလုံတွေ ဆေးပြီးတော့ လက်ဖက်နဲ့ ရေနွေးကြမ်း ယူခဲ့မယ်"

"မသွားပါဘူး"

"ဟင်..."

"ပြီးမှ တူတူထွက်မယ်"

ပန်းဖြူစင်၏အပြုံးသာ အလင်းရောင်ဖြစ်ခဲ့လျှင် ဤအခန်းလေး အတွင်းသာမက တစ်လောကလုံး လင်းလက်တောက်ပသွားလောက်ပါသည်။

"အစားစားတယ်ဆိုတာ အရသာရှိပြီး ဗိုက်ဝ,ရင် ပြီးတာပါပဲ၊ ခုလို ထမင်းနဲ့ အသုပ်စုံတစ်ပွဲ စားလိုက်ရင်လည်း ရတာပဲလေ၊ အလကား ငွေကုန်ခံ လျှောက်ချဲ့နေဖို့ မလိုပါဘူး"

"အင်းနော်"

ယမုံမြတ်နိုးနှင့် ဟိုတယ်တွေမှာ ထောင်သောင်းအကုန်ခံပြီး တက်စားနေရသည်ကို ဘုန်းဆင့် ရည်ညွှန်းပြီး ပြောလိုက်သည်ကို ဖြူက ဘာမသိညာမသိနှင့် 'အင်း'လိုက်နေခြင်း ဖြစ်သည်။

"ဖြူ ကြားဖူးလား၊ တစ်ခါတုန်းက ရှင်ဘုရင်ကြီးတစ်ပါး



ဟာ ဟင်းလျာမျိုးစုံနဲ့ ပွဲတော်တည်လေ့ရှိသတဲ့၊ တစ်နေ့တော့ နန်းတော်ရှေ့မှာ အမြဲ တောင်းစားနေတဲ့ သူရူးတစ်ယောက်ကို ခေါ်ပြီး သူ့ပွဲတော်ကျကို စားစေတယ်၊ သူရူးကလည်း အားရပါးရ စားတယ်တဲ့၊ သိပ်ကောင်းတာပဲ၊ ဒါမျိုး တစ်ခါမှ မစားဖူးပါဘူးလို့ ဝမ်းပန်းတသာ လျှောက်ထားမယ်ထင်ပြီး 'ဘယ့်နှယ့်လဲ မောင်မင်း'လို့ မေးလိုက်တဲ့အခါမှ သူရူး သူတောင်းစားက 'ဝ,တာချင်းတော့ တူတူပါပဲ'လို့ လျှောက်ထားလိုက်တော့မှ ရှင်ဘုရင်ကြီးလည်း တရားရသွားတယ်တဲ့၊ ဒီလိုပါပဲ၊ လူတွေအတွက် သန့်ရှင်း အရသာရှိတဲ့ အစားစားရရင် တော်ရောပေါ့၊ စားသောက်ဆိုင်တွေသွား၊ ကုန်အောင်လည်း မစားဘဲ ထားပစ်ခဲ့၊ အဲဒါ သုံးတာမဟုတ်ဘူး၊ ဖြုန်းတာ ဖြုန်းတာ"

"ကိုဘုန်းကလည်းလေ...ဖြူတို့မှာ ဖြုန်းဖို့မပြောနဲ့၊ သုံးတာတောင် မနည်းချွေတာနေရတာ"

"ဖြူ့ကိုပြောတာ မဟုတ်ပါဘူး၊ ဟိုမိန်းမ ယမုံမြတ်နိုးကို ပြောတာပါ"

"ယမုံမြတ်နိုး...ဟုတ်လား၊ သူက ဘယ်သူလဲဟင်"

ဘုန်းဆင့်ရှိန်သည် သူ့ဘာသာ စကားတွေ လေရှည်လျှောက်ပြောနေရာမှ အမှားပါသွားခဲ့ပြီ။

"အေး...သူဘယ်သူလဲဆိုတာ ပြောပြမယ်၊ ဖြူ ပြီးတော့ အပြင်ထွက်ကြမယ်လေ"

"အင်း...အင်း...ခဏလေး၊ ပြီးတော့မယ်၊ လက်ဖက်က အဆင်သင့်ပဲ၊ လက်ဖက်ခြောက်လည်း နှပ်ထားပြီ၊ ရေနွေးထည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ပဲ"

ပန်းဖြူစင်က ပန်းကန်နဲ့ ဇလုံဆေးပြီးသားများ ပန်းကန်စင်မှာ မှောက်၍ ရေစစ်ထားသည်။ လက်ကျန် အာလူး၊ ကြာဇံစသည်တို့ရှိနေရာ စားပွဲဝိုင်းလေးကို ပလတ်စတစ်အုပ်ဆောင်းနှင့် အုပ်ထားစဉ်မှာပင်...

ဘုန်းဆင့်ရှိန်က ဓာတ်ဘူးထဲမှ ရေနွေးကို အကြမ်းခရားထဲထည့်၍ အသင့်ရှိနေသော လက်ဖက်ပွဲနှင့် အကြမ်းပန်းကန်လုံးများထည့်ထားသည့် ဗန်းကိုယူ၍ အိမ်ရှေ့ထွက်နှင့်၏။

ပန်းဖြူစင်က လက်အမြန်သုတ်၍ ပြုံးပြုံးလေးလုပ်ကာ ဘုန်းဆင့်ရှိန်၏နောက်မှ လိုက်ခဲ့ရသည်။

"လာ...ထိုင်ဦး၊ ကိုဘုန်း ပြောစရာရှိတယ်"

နှစ်ယောက်ထိုင် ကုလားထိုင်ခုံမှာ ဖြူ့ကို အတူထိုင်စေသည်။

"အစ်ကိုကြီးတို့လို ဖြစ်သွားမှာ ကြောက်တယ် ဖြူရယ်၊ တို့ လက်ထပ်ကြပါစို့နော်"

"ဟာ...ဘာလဲ"

ဖြူ တကယ် ထိတ်လန့်အံ့သြသွားမိသည်။ ဘုန်းဆင့်က ပန်းဖြူစင်၏ လက်ကလေးကို ဆုပ်ကိုင်ပြီး လေးလေးနက်နက် ပြောသည်။

"ဟုတ်တယ် ဖြူ၊ စောစောက ပြောလိုက်တဲ့ ယမုံမြတ်နိုးဆိုတာ ကိုဘုန်းတို့ဘော့စ်ရဲ့ သမီးပဲ၊ အဲဒါကိုဘုန်းနဲ့ သူ့သမီးကို သဘောတူသတဲ့ ဖြူရယ်"



"သူဌေးသမီးဆိုလည်း ယူလိုက်ပေါ့ ကိုဘုန်းရဲ့"

"မယူချင်လို့ ဖြူနဲ့ လက်ထပ်ဖို့ ပြောနေတာပေါ့"

ပန်းဖြူစင်မှာ သူမ၏ ချစ်လှစွာသော ကိုဘုန်းကို ဆွေးမြည့်ကြေကွဲစွာ ကြည့်လိုက်မိသည်။

လူကြီးချင်း ပေးစားတာမဟုတ်ဘဲ လူငယ်ချင်း လက်ထပ်ကြတဲ့အခါမှာ အရေးအကြီးဆုံး ပင်မ မဏ္ဍိုင်က "အချစ်"ပဲလေ။ ဖြူ့ကို ချစ်လိုက်တာလို့ တစ်ခွန်းမှ မပြောပါဘဲနှင့် ကိုဘုန်းပြောလေတိုင်း လက်ထပ်ဖို့သာဖြစ်နေ၍ ဖြူ မျက်ရည်ကြွေခဲ့ဖူးပြီ။

"အစ်ကိုကြီးတုန်းကလည်း မမညိုကို တကယ်ချစ်ရှာတာပါ၊ ဒါပေမယ့် သူဌေးမကြီးနဲ့ တွေ့သွားတော့လည်း ဟိုဘက်မှာ သာယာသွားတာပဲ၊ စိတ်ချ ဖြူ၊ ကိုဘုန်းကတော့ အဲဒီယမုံကို သာယာဖို့ မပြောနဲ့၊ တွေ့တိုင်း စိတ်ကုန်နေတာပါ"

ပန်းဖြူစင်၏ လက်ကိုဆွဲထားသော်လည်း ပန်းဖြူစင်ကို မကြည့်ပဲ ရှေ့တည့်တည့်သို့ကြည့်ရင်း ဆက်ပြောနေသည်။

"ဒါပေမယ့် ဦးသီဟဆိုတဲ့ သူ့အဖေက အင်အားကြီးတယ်၊ ဖန်တီးနိုင်တယ်၊ ဒါကြောင့် သူတို့ရဲ့ ထောင်ချောက်ထဲကျသွားမှာစိုးလို့ ငါ အလုပ်ထွက်တော့မယ်၊ ဖြစ်တယ်မဟုတ်လား"

"ဘာကိုဖြစ်ရမှာလဲ"

"ဪ...ကိုဘုန်း အလုပ်မရှိမှာကို ပြောတာပါ၊ ဒါပေမယ့် ထပ်ရှာမှာပါ၊ မကြာခင်လည်း ရမှာပါ"

ပန်းဖြူစင် ငြိမ်တွေစွာ သူ့ကို ငေးကြည့်နေမိသည်။

"ငါ့အိမ်မှာလည်း အမေနဲ့ငါပဲရှိတာလေ၊ ဖြူ လိုက်နေရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်တာပဲ၊ ဒါမှမဟုတ် ကိုဘုန်း ဒီအိမ်မှာ လာနေရင်လည်း ရတာပဲ၊ ဦးလေးက သူ့မြေးနဲ့ နေချင်တာပါ"

"စိမ်ကိန်းတွေက ကြီးကျယ်လှချည်လား"

"စိမ်ကိန်းချရတော့မယ် ဖြူ၊ တော်ကြာ အစ်ကိုကြီးတို့လို မမျှော်လင့်တာတွေ ဖြစ်ကုန်မှာစိုးရိမ်တယ် ဖြူရယ်၊ ဒါကြောင့် တို့ လက်ထပ်ကြပါစို့နော်"

ပန်းဖြူစင်၏ ရင်ထဲမှ စောစောဆီက ကြည်နူးမှုလေးများ ချက်ချင်း လွင့်ပျယ်သွားခဲ့ပြီ။ အောက်နှုတ်ခမ်းကို အပေါ်သွားနှင့် ဖိကိုက်ရင်း မျက်ရည်တွေ ရစ်ဝဲလာတော့သည်။

"ဖြူ တစ်ခုခု ပြောဦးလေ၊ တို့ ဘယ်လိုစီစဉ်ရင် ကောင်းမလဲဟင်"

"ကိုဘုန်း..."

"ဖြူ..."

"ဖြူဟာ ရိုဘော့စက်ရုပ် မဟုတ်ဘူး ကိုဘုန်း၊ ဖြူ့ရင်ထဲမှာ ခံစားတတ်တဲ့နှလုံးသားရှိတယ်၊ ရင်ထဲမှာ ချစ်ခြင်းမေတ္တာတွေ အပြည့်ရှိတယ်၊ အဲဒီအချစ်တွေကို ပေးချင်တယ်၊ အဲဒီလို ပေးဆက်လိုက်ရတဲ့ ချစ်ခြင်းတရားနဲ့ ညီမျှတဲ့ တုန့်ပြန်မှုကိုလည်း ခံယူချင်တယ်"

"ဘာတွေလဲ ဖြူရယ်"

"ဖြူ အရင်ကတည်းက စဉ်းစားထားတာ ရှိတယ်၊ ဖြူ လက်ထပ်ရတဲ့ တစ်နေ့ကျရင် ဖြူ့ဘက်ကလည်း ချစ်နိုင်ရမယ်၊ ဖြူ့ကိုလည်း ပြန်ချစ်တတ်တဲ့သူကိုသာ ဖြူ လက်ထပ်ချင်ပါတယ်၊



ကိုဘုန်း လက်ထပ်ခွင့်တောင်းတာ ဖြူ ငြင်းပါရစေ"

"ဟာ...ဖြူရာ"

သနပ်ခါးလေး လိမ်းထားသော ပန်းဖြူစင်၏ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်များ လိမ့်ဆင်းကြွေကျလာသည်။

"အို...ဘာလို့ ငိုတာလဲ ဖြူရယ်"

ဘုန်းဆင့်ရှိန် ပြာသွားသည်။ ပန်းဖြူစင်၏ မျက်နှာလေးကို ဆွဲယူပြီး မျက်ရည်များကို လက်ညှိုးလေးနှင့် သုတ်ဖယ်ပေးလိုက်သည်။

"တို့နှစ်ယောက်က ငယ်ငယ်လေးတည်းက အတူရှိကြတာလေ၊ သူများတွေလို ခုမှတွေ့၊ ရည်းစားစကား လိုက်ပြောပြီး ချစ်ခွင့်တောင်းဖို့ မလိုဘူးလို့ ထင်မိလို့ပါ ဖြူရယ်၊ နင် ငါ့ကို ချစ်နေတာ ငါ သိတာပေါ့၊ ငါကလည်း နင့်ကို နင့်လိုပဲချစ်လွန်းလို့၊ ဝေးရမှာကြောက်လွန်းလို့ လက်ထပ်ခွင့်တောင်းတာကို နင် ဘာကြောင့် နားလည်မပေးနိုင်တာလဲဟင် ဖြူ"

"နားမလည်ဘူး၊ ဘာမှနားမလည်ဘူး"

"နားမလည်ရင် နားလည်အောင် ထပ်ပြောမယ်"

ဘုန်းဆင့်ရှိန်က ပန်းဖြူစင်၏ နားရွက်နားကို ပါးစပ်အပ်ပြီး...

"ဖြူ့ကို ကိုဘုန်း အရမ်းချစ်တယ်၊ သိပ်ချစ်တယ်၊ တအားချစ်တယ်"

"အိုး...အော်လိုက်တာ၊ နားကို အူသွားတာပဲ"

"ဒါမှ နားမလည်သေးဘူးဆိုရင် နားကွဲအောင် ထပ်အော်ဦး

www.burmeseclassic.com

www.burmeseclassic.com



မှာနော်"

"အား...တော်ပြီ"

ပန်းဖြူစင်က နာ နှစ်ဖက်ကို သူ့လက်ဝါးလေးနှစ်ဖက်နှင့် ပိတ်ပြီး မျက်ရည်တွေနှင့် ပြုံးလာသည်။

"ဟင်း...တစ်ခါမှဖြင့် ချစ်တယ်လို့ မပြောဘဲနဲ့များ"

"ကဲ...ခုပြောပြီဗျာ၊ ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ်"

"တော်ပြီ"

ပန်းဖြူစင်၏ သွယ်လျကျစ်လျစ်သော ကိုယ်ခန္ဓာလေးကို ပွေ့ယူပြီး ရင်ခွင်ထဲမှာ ဖက်ပိုက်ထားလိုက်သည်။

ပန်းဖြူစင် မျှော်လင့်ထားသည့် ချစ်ခြင်းမေတ္တာများစွာ သူ့ရင်ထဲမှာ ဖြစ်ထွန်း တည်ရှိနေပါကြောင်း တဖွဖွ ပြောရင်း သူ့ရင်ခွင်ထဲမှ ချစ်သူလေးကို ဘုန်းဆင့်ရှိန် မြတ်နိုးကြင်နာစွာ နမ်းရှိုက်လိုက်ပါ၏။

❊ ❊ ❊

## အခန်းခြောက်

"အရေးထဲဗျာ...အဘိုးကြီးကလည်း မရှိဘူး"

"အောင်မယ်...မင်းက အဘိုးကြီးရှိရင် ဘာလုပ်မှာမို့လဲ"

"ကိစ္စရှိလို့ပါဗျာ"

"အားလုံး နောက်နေပြောင်နေကျဖြစ်သော သူ့ထက်ကြီးသည့် ရုံးဝန်ထမ်းများထဲမှ ကိုအောင်စိုးက...

"မင်းက အဘိုးကြီးနဲ့ ကိစ္စရှိရအောင် တို့မသိဘဲ ရှယ်ယာတွေ သိန်းငါးရာလောက် ထည့်ထားလို့လား"

"မနောက်ပါနဲ့ အစ်ကိုကြီးရာ၊ ကျွန်တော် တကယ် စိတ်ညစ်နေလို့ပါ"

ကိုအောင်စိုးရော၊ ဦးနေမျိုးဝင်းပါ ဘုန်းဆင့်ရှိန်၏ တည်ငြိမ်နွမ်းညှိုးနေသော မျက်နှာကို ကြည့်ပြီးမှ...

"အဘိုးကြီးက နိုင်ငံခြား ထွက်သွားတယ်လေ၊ မင်းကို ပြောမသွားဘူးလား"

"သူ ပြောသွားရလောက်အောင် ကျွန်တော်က အဆင့်ရှိတဲ့ ကောင်မှ မဟုတ်တာဘဲဗျာ"

"ဒါနဲ့များ မင်းက ဘာလို့ တွေ့ချင်ရတာလဲ"

"ကိစ္စရှိလို့ပါ ဆိုမှဗျာ"

"ဒီကောင် အကြံအစည်တစ်ခုခုတော့ ရှိပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီတစ်ခါ အစ်ကိုအောင်စိုးပြောတာ အမှန်ပဲ၊ ကျွန်တော့်မှာ အကြံအစည်ရှိနေပြီ"

"အကြံအစည်..."

"ဟုတ်တယ်၊ ကျွန်တော် အလုပ်က ထွက်ဖို့ နှုတ်ထွက်စာ တင်မလို့"

"ဟေ..."

"ဟာ...ဟုတ်ကောင်"

"နေစမ်းပါဦး၊ မင်းနဲ့ အဘိုးကြီးနဲ့ကြားမှာ ဘာပြဿနာ ရှိလို့လဲ၊ သူ့သမီးကိုတောင် မင်းနဲ့ တွဲခိုင်းနေတာလေ"

သူ့ကို ချာတိတ်လို သဘောထားပြီး ချစ်ခင် သံယောဇဉ် ရှိကြသူများက တအံ့တဩ ဝိုင်း၍ မေးလာကြသည်။

"ယမုံမြတ်နိုးဆိုတဲ့ ကောင်မလေးကို ကျွန်တော် မကြိုက်ဘူးဗျာ"

"ဩ...ဒါကြောင့် ထွက်တာလား၊ ဒါကြောင့် ဆိုရင်တော့ မင်း မှားနေပြီ ဘုန်းဆင့်၊ ကိုယ်က ယောကျ်ားလေးပဲ၊ အလိုက် အထိုက် နေလိုက်ပေါ့ကွာ၊ ဘာအရှုံးရှိမှာလဲ"

"ကျွန်တော် သူတို့သားအဖနှစ်ယောက်စလုံးကို စိတ်ကုန် လို့ပါ"

"ဒီမှာ ဘုန်းဆင့်၊ အစ်ကို တကယ်စေတနာနဲ့ ပြောမယ် နော်"

အမြဲတမ်း နောက်နေကျ ကိုအောင်စိုးက လေးနက် တည်ငြိမ်စွာ ဆက်ပြော၏။



"ကောင်မလေးက နိုင်ငံခြားက ပြန်လာကာစ ဆိုတော့ တို့မျက်စိတွေနဲ့ အံ့မဝင်သေးဘူးပေါ့ကွာ၊ ဒါပေမယ့် ကောင်မ လေးက စိတ်ရင်း မဆိုးဘူး ထင်ပါတယ်၊ မိန်းကလေးဆိုတာ အိမ်ထောင်ရက်သား ကျသွားရင်လည်း အချိုးပြောင်းသွားတတ်ပါ တယ်၊ တကယ်လို့ အဘိုးကြီးက သူ့သမီးနဲ့ မင်းကို သဘောတူ ခဲ့ရင် မင်း မငြင်းသင့်ဘူးနော် ဘုန်းဆင့်"

"ကျွန်တော်မှ မကြိုက်တာ"

"ဒီမှာ...ငါပြောမယ်"

ဦးနေမျိုးဝင်းက တစ်မျိုး...။

"အိမ်ထောင်ရေးနဲ့ ဘဝကျတော့ ကြိုက်တာတွေ၊ ချစ်တာ တွေဟာ မထိရောက်တော့ပါဘူးကွာ၊ ငွေရှိရင်၊ ငွေရှာနိုင်ရင် အိမ်ထောင်သာယာမှုရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းလောက် အထောက် အကူ ဖြစ်တယ် ငါ့ညီ၊ ဘယ်လောက်ချစ်ချစ်ကြိုက်ကြိုက် အိမ် ထောင်သည် ဘဝမှာ ငွေမရှိလေ ပြဿနာကြီးလေပဲ"

"ကျွန်တော် အဲဒါတွေ ဘာမှမတွေးချင်သေးဘူး၊ လော လောဆယ် သူတို့သားအဖနဲ့ ဝေးရာကိုပဲ သွားချင်လှပြီ"

"ဒါတော့ မင်းသဘောပေါ့ကွာ၊ ဒါပေမယ့် ဒီက အခွင့် အရေးကြီးကိုတော့ လက်မလွှတ်စေချင်ဘူး၊ ခုတောင် တစ်လ လေးသောင်းပေးထားပြီ၊ နောက်ဆို မန်နေဂျင်းဒါရိုက်တာတောင် မင်းက ဖြစ်လာနိုင်မယ့်သူပဲ"

"မဖြစ်နိုင်တာဘဲဗျာ"

"ဟာ...သူ့သမီးနဲ့ လက်ထပ်ပြီးရင် ဒီကုမ္ပဏီကြီးဟာ မင်း

www.burmeseclassic.com

www.burmeseclassic.com



အဖိုင်ရှာလေ"

"တော်ပါပြီ"

"မင်းရုပ်က မင်းသားရုပ်တော့ ကောင်မလေးက ချစ်တယ်၊ မင်းရဲ့ ရိုးသားမှုကို အဘိုးကြီးက ကြိုက်တယ်၊ ဒါကြောင့်သာ..."

"မဟုတ်ဘူး၊ အဲဒီလို လုံးဝ မဟုတ်ဘူး"

"ဘယ်လို..."

"ယမုံ နိုင်ငံခြားက ပြန်လာတဲ့နေ့တည်းက ကျွန်တော့်ကို သွားကြိုခိုင်းပြီး တွဲခိုင်းတာ၊ ကောင်မလေးကလည်း ရှိုင်းရှိုင်းပြောရရင် ခပ်နုံ့နုံ့ဆိုတော့ ကျွန်တော်နဲ့ တွဲရင်း သူက စကြိုက်သွားတာ"

"ဒီအတိုင်းဆိုတင် နဂိုတည်းက အကြံအစည်တစ်ခုခုတော့ ရှိပြီထင်တယ်"

ခါတိုင်းလို နောက်ပြောင်ခြင်း မဟုတ်တော့ဘဲ ကိုအောင်မိုးကပါ တည်တည်ငြိမ်ငြိမ်နှင့် ပြောလာပါ၏။

"အဘိုးကြီး ပြန်လာမှပဲ ကျွန်တော် ထွက်စာတင်လို့ရမှာပေါ့နော်"

"ဟုတ်တယ်၊ သူ့သမက်လောင်းကို တို့က အလုပ်ထွက်ခွင့်ပေးထားလို့ ဘယ်ဖြစ်မလဲကွ...ဟားဟား..."

"မနောက်ကြပါနဲ့ဗျာ၊ ကျွန်တော် တကယ်စိတ်ညစ်နေတာ။ ဆရာဦးနေမျိုးဝင်း ကျွန်တော့်ကို ခွင့်နေ့ဝက်ပေးပါ"

"ဒီနေ့လား"

"မှာတ်တယ်"



"ဘာကိစ္စလဲ"

"ကျွန်တော် သူငယ်ချင်းတစ်ယောက်ဆီသွားပြီး အလုပ်ရှာမလို့"

"ခွင့်တွေ ဘာတွေလည်း လုပ်မနေပါနဲ့၊ အလုပ်လည်း သိပ်မရှိပါဘူး၊ သွားပါ၊ မန်နေဂျာ မေးရင်လည်း ငါတို့ ကြည့်ပြောထားလိုက်ပါ့မယ်၊ ဒါပေမယ့် သေသေချာချာတော့ စဉ်းစားပေါ့ကွာ၊ လူငယ်တွေး မတွေးနဲ့၊ ဘဝတစ်လျှောက်လုံး ကောင်းစားမယ့် ကိစ္စပါ ထည့်တွေးပါ ညီလေး"

ဘုန်းဆင့်ရှိန်က ပြီးစလွယ်ပင် ခေါင်းညိတ်ပြလိုက်ပါ၏။ အပြင်တွင် အပူရှိန်က ပြင်းပျလှချေသည်။ မွန်းတည့်နေသည် ရှူးရှူးရှဲရှဲ တောက်လောင်နေ၏။

သူ့သူငယ်ချင်းဆီ ရောက်သည့်အခါမှာ...

"လက်ဖက်ရည်ဆိုင် အရင်ထိုင်ကြဦးမလား ဘုန်းဆင့်"

"နေပါဦးကွာ၊ မင်း ပြောထားတယ် ဆိုတဲ့ အလုပ်ကိစ္စ အရင်သွားကြရအောင်ပါ"

ကုန်တိုက်တစ်ခုတွင် အစမ်းခန့် အရောင်းဝန်ထမ်းအဖြစ် တစ်လ တစ်သောင်းခွဲရမည်။ နောက်လတွင် နှစ်သောင်းပေးမည်ဟုဆို၍ ပြန်လှည့်လာရသည်။

လက်လှမ်းမီရာ နေရာများကို တစ်နေ့ပြီးတစ်နေ့ အလုပ်ဆက်လက် ရှာဖွေပါသော်လည်း ဘုန်းဆင့် ရနေသော လစာတစ်လလေးသောင်းနှင့် ဘောနပ်စ်အများကြီးရသော နေရာမျိုး ရှာမတွေ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ အလုပ်ထွက်ပြီးလျှင် အလုပ်မလုပ်ဘဲ ထိုင်နေလို့မရ။ မိခင်အိုကြီးနှင့် သူ၏ စားစရိတ်အပြင် ရဲဘက်စခန်းရောက် အစ်ကိုကြီးဆီလည်း နှစ်လ တစ်ခါ၊ သုံးလ တစ်ခါလောက်တော့ စားသောက်ဖွယ်ရာများနှင့်အတူ သွားသင့်သည်လေ။

ဘုန်းဆင့်ရှိန်တို့လို လူငယ်များသည် မိဘ၏ အထောက်အပံ့ကို မရခဲ့ပါလျှင်…

ဘဝအတွက် ခြေချစရာလမ်းသည် ကြမ်းတမ်းခက်ခဲလှချေသည်။ ဘဝတစ်ဆုံးစာ လျှောက်လှမ်းရမည့် လမ်းသည်လည်း အရိပ်မဲ့စွာ ရှည်ဝေး ပူလောင်ပြင်းပျလှချေမည်သာ…။

❁ ❁ ❁

## အခန်းခုနစ်

"လူ့ဘဝဆိုတာ ပညာမပြည့်၊ ပိုက်ဆံမရှိ၊ အလုပ်အကိုင်က အဆင်မပြေရင် လူဖြစ်ရှုံးပြီ၊ တစ်ဘဝလုံးသွားပြီဆိုပြီး စိတ်ဓာတ်ကျတတ်ကြတယ်၊ ဒါပေမယ့် ကံကြမ္မာဆိုတာက လူတစ်ယောက်ရဲ့ နောက်မှာ အမြဲလိုက်နေတတ်ပါတယ်၊ တစ်သက်လုံး ဆင်းရဲပြီး သေသွားသူ၊ တစ်သက်လုံးချမ်းသာပြီးမှ ကွယ်လွန်သွားသူတွေလည်း အများကြီးပါ၊ ဒါပေမယ့် ကျန်တဲ့ လူသားတွေမှာတော့ နိမ့်လိုက်မြင့်လိုက်၊ ကံဆိုးလိုက် ကံကောင်းလိုက် ဆိုတာတွေနဲ့ အမြဲယှဉ်ပတ်နေတတ်ပါတယ် မောင်ဘုန်းဆင့်"

ရှေ့နေကြီး ဦးအောင်ဟိန်းကို နားမလည်နိုင်စွာ ဘုန်းဆင့်ရှိန် ကြည့်နေလိုက်သည်။

"ဒီအထဲမှာ မင်းရဲ့ပြောင်းလဲမှုကတော့ တကယ့်ကိုအံ့မခန်းပါပဲ မောင်ဘုန်းဆင့်"

"ဦးလေးကျွန်တော့်ကို ခေါ်ပြီး ဘာတွေပြောနေတာလဲ"

"မင်းဟာ သိန်းထောင်ချီပြီး ချမ်းသာမယ့် သူဌေးကြီး ဦးဘုန်းဆင့်ရှိန် ဖြစ်တော့မယ် မောင်ဘုန်းဆင့်"

www.burmeseclassic.com

www.burmeseclassic.com



"မနှောက်ပါနဲ့ ဦးလေးရာ"

"ဒါ နှောက်စရာမှ မဟုတ်ဘဲကွ၊ ငါလည်း ဝမ်းသာလွန်းလို့ မင်းကို ခေါ်ခိုင်းလိုက်တာ၊ ကိစ္စပြီးအောင်တော့ အတော့်ကို လုပ်လိုက်ရတာပေါ့၊ ဖရက်ဒီ...အဲ...မင်းရဲ့ဘော့စ် ဦးသီဟလည်း ဝမ်းသာမဆုံး ရှိနေရှာတယ်"

"ဒီမှာ ဦးလေး"

"ဘာလဲကွ"

"ဒီကိစ္စကို ကျွန်တော် ငြင်းပါရစေ"

"ဘာကိုပြောတာလဲ"

"ဦးသီဟ စီစဉ်သလို ကျွန်တော် မနာခံနိုင်ပါဘူး၊ ကျွန်တော် သူဌေးလည်း မဖြစ်ချင်ဘူး၊ သူ့သမီးကိုလည်း မယူနိုင်ဘူး၊ ကျွန်တော့်မှာ ရည်းစားရှိတယ်"

ဦးအောင်ဟိန်းက ဘုန်းဆင့်ရှိန်ကို ပြုံးပြုံးကြီးကြည့်ပြီး...

"မင်းကလည်း ရိုက်စစ်တဲ့အတိုင်းပဲ၊ မင်း ရည်းစားရှိတာ ငါနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ဗျာ၊ ကျွန်တော့် ရည်းစားကိုပဲ ကျွန်တော် ယူလိုက်ရင် ဦးသီဟရဲ့ သမက် မဖြစ်တော့ဘူးလေ၊ ဦးလေးပြောတဲ့ သိန်းထောင်ချီ ချမ်းသာတဲ့ သူဌေးလည်း မဖြစ်တော့ဘူးပေါ့၊ ဖြစ်လည်းမဖြစ်ချင်ပါဘူးဗျာ"

"ဟားဟား...ဩော်...မင်းက ဒီလိုထင်သွားတာကို၊ မင်း ဖြစ်ရမယ့် သူဌေးက ဦးသီဟရဲ့ အမွေကို ဆက်ခံမှ ဖြစ်ရမှာမဟုတ်ဘူး၊ မင်းကိုယ်ပိုင်၊ ကိုယ်ပိုင်ကွ၊ အဲ...ဒါပေမယ့် 'ဘုန်းတင့်ဆေ



ထောင်က မလွတ်မချင်းပေါ့"

"ဦးလေး ဘာတွေပြောနေတာလဲဗျာ၊ စိတ်ညစ်ရတဲ့အထဲ"

"အေးအေး...ဟုတ်ပါတယ်၊ ငါကလည်း ရှေ့နေဆိုတော့ လေရှည်နေမိတာပေါ့ကွာ၊ ဒီမှာ...ဟိုတလောက ငါ မင်းကို လက်မှတ်တွေ ခေါ်ထိုးခိုင်းတာ မင်း မှတ်မိလား၊ မင်းအမေ လက်မှတ်ပါ သွားထိုးခိုင်းခဲ့သေးတယ်လေ"

"အစ်ကိုကြီးကိစ္စဆို၊ ကျွန်တော် လက်မှတ်ထိုးရတာ မှတ်မိပါတယ်"

"ဟုတ်တယ်၊ အဲဒါ ဘာအတွက်လဲဆိုတော့ သူဌေးမကြီး ဒေါ်မင်းမင်းထိုက် ပိုင်ဆိုင်ခဲ့တဲ့ ခြံနဲ့ တိုက်ကြီးရယ်၊ မြို့ထဲက တိုက်ခန်းတွေရယ်၊ ဘဏ်က ငွေတွေရယ်၊ တိုက်ကြီးထဲက ပစ္စည်းတွေအားလုံး...အားလုံးအပြင် ကြွေးမြီများကိုပါ ကောက်ခံခွင့်ဆိုတဲ့ အမွေထိန်းသူအဖြစ် မင်းတို့သားအမိ ဖြစ်သွားပြီလေ"

"ဗျာ..."

"ဒေါ်မင်းမင်းထိုက်က သူမသေခင်တည်းက ဖိုးစိန်လမ်းက တိုက်ကြီး၊ ကားနှစ်စီးနဲ့ အကျိုးခံစားခွင့်အားလုံး သူ့ယောကျ်ား ချစ်မင်းမောင် နာမည်နဲ့ လွှဲပြီးသား၊ 'မေတ္တာဖြင့်ပေးကမ်းသည်' ဆိုပြီး ရှေ့နေနဲ့ တရားဝင်အောင် လုပ်ထားခဲ့ပြီးသား"

"ဟုတ်လား"

"ဟုတ်တယ်၊ ဒါတွေအားလုံး မင်းအစ်ကိုကြီး ရမှာလေ၊ ဒါပေမယ့် ဘုန်းတင့်ဝေက ထောင်ကျနေတော့ သူ့ရဲ့ညီအရင်းကို ဆက်ခံခွင့်ပြုဖို့ ရုံးကွက်နဲ့ သက်ဆိုင်ရာက မင်းနဲ့ မင်းရဲ့မိခင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျော့ခင်တို့ တိုက်ကြီးပေါ်တက်နေဖို့ ခြံတံခါးဖွင့်ဖို့ သော့ပေးလိုက်ကြပြီ"

"ဟာ…"

"အဲ…ဒါကြောင့် ပြောတာ၊ မင်း တကယ် သူဌေးဖြစ်သွားပြီလို့"

"ဒါ…ဒါပေမယ့် ဒါတွေ အစ်ကိုကြီး ပိုင်တာဆို"

ဘုန်းဆင့်ရှိန် စိတ်လှုပ်ရှားတုန်ရီစွာ ခံစားမှု လွန်ကဲနေလေပြီ။

"ဟုတ်တယ်လေ၊ ပိုင်ရှင်က ထောင်ထဲမှာဆိုတော့ မင်းက အမွေထိန်းပေါ့၊ ရှိပစ္စည်းတွေ အားလုံး သုံးစွဲနေထိုင်လို့ရတယ်။ ရောင်းလို့တော့ မရဘူး"

"အစ်ကိုကြီးသိရင် ဝမ်းသာမယ် ထင်တယ်နော်"

"မင်းအစ်ကိုကြီးက မင်းကို သိပ်ချစ်တာ၊ ဝမ်းသာမှာပေါ့ကွာ၊ သူ့ကို လွှဲပေးထားတာ သူ သိပြီးသားလေ၊ အခုဟာက မင်းတို့ တက်နေခွင့်ရအောင်၊ ငါ့သူငယ်ချင်း ဖရက်ဒီဆိုတဲ့ ဦးသိဟက ငွေတွေသွန်ပြီး အကုန်ခံတယ်၊ ငါက ရှေ့နေခယူပြီး တရားဝင်ဖြစ်အောင် လုပ်ပေးလိုက်တယ်၊ ဒါပါပဲ"

ဦးအောင်ဟိန်း ပြောနေသည်မှာ အမှန်တရားများ ဖြစ်သည်ဟု သူ လက်ခံလိုက်ပြီးသည့်တိုင်အောင် သည်ဖြစ်ရပ်ကို မယုံရဲဘဲ ရှိနေပါသေးသည်။

ဦးအောင်ဟိန်း၏ တယ်လီဖုန်း မြည်လာသည်။

"ဟဲလို…အေး…သူငယ်ချင်း၊ မတက်နဲ့တော့လေ၊ အင်း…



ရောက်နေပြီ၊ ဘုန်းဆင့်လား၊ သိပ်ဝမ်းသာပုံတော့ မရပါဘူးကွာ၊ အေး…ကောင်းပြီ၊ ကောင်းပြီ၊ အောက်ကပဲစောင့်၊ ငါတို့ ဆင်းလာခဲ့မယ်"

ဖုန်းချပြီးသည်နှင့် ဦးအောင်ဟိန်းက တိုက်ပုံအင်္ကျီ ကောက်ဝတ်သည်။

"လာ…သွားကြစို့"

"အောက်မှာ ဦးသိဟ စောင့်နေတာလား"

"အေး"

"ကျွန်တော် မလိုက်ချင်ဘူး"

"ဟာ…မင်းကလည်း မင်းကိစ္စပဲ၊ မင်း မလိုက်လို့ ဖြစ်မလား"

"ကျွန်တော် ဦးသိဟနဲ့ မတွေ့ချင်လို့ပါ"

"ဒီမှာ…မင်း ထွက်စာတင်မယ့် ကိစ္စတွေ သူ ဘာမှမသိသေးဘူး၊ ပြောစရာလည်း မလိုတော့ဘူး၊ ဒါပေမယ့် ခုအချိန်မှာ မင်းဟာ သူ့ရဲ့ ဝန်ထမ်းပဲ၊ သူ ခေါ်ရင် သွားရမှာပဲ၊ ပြီးတော့ ခုကိစ္စက မင်းကိစ္စ၊ သူ့ကိစ္စမဟုတ်ဘူး၊ ကဲ…လာ၊ သွားကြမယ်"

ဦးအောင်ဟိန်း၏ စကားကို မလွန်ဆန်နိုင်စွာဖြင့် သူ နောက်မှ ဖြည်းညင်းလေးကန်စွာ ထလိုက်လာခဲ့ရသည်။

မြေညီထပ်သို့ ရောက်ချိန်မှာ ဦးသိဟက ကားထဲမှ ထွက်လာပြီး တောက်ပသော အပြုံးနှင့် သူ့ကို လက်ကမ်းလိုက်၍ သူ ခပ်ကြောင်ကြောင် လုပ်နေပြီးမှ လက်ပြန်ကမ်းလိုက်ရသည်။ သူ့ကို လက်ဆွဲနှုတ်ဆက်ပြီးချိန်မှာ ဦးသိဟက…

www.burmeseclassic.com

www.burmeseclassic.com



"ကွန်ဂရက်ကျူလေးရှင်း မောင်ဘုန်းဆင့်ရှိန်"

"ဗျာ..."

"လူရော ငွေရော အတော်ရင်းပြီး အတော်ပဲ ကြိုးစားလိုက်ရတယ်"

သူ ခေါင်းညိတ်ပြလိုက်သည်။

"ကဲ...သွားစို့၊ ဟိုကားပေါ်တက်"

သူ လက်ညှိုးထိုးပြသည့် ဟိုင်းလက် ဆာ့ဖ်ပေါ်သို့ ဘုန်းဆင့်နှင့် ဦးအောင်ဟိန်းတို့ တက်ကြရသည်။ ကားထဲမှာ ခံ့ခံ့ညားညား လူကြီးနှစ်ဦး ထိုင်နေနှင့်သည်။

ဦးသီဟ၏ လီမိတက် ကားပေါ်မှာ ဦးသီဟနှင့် ဒရိုင်ဘာသာ ရှိကြပြီး ကားနှစ်စီးလုံး မဟာဗန္ဓုလပန်းခြံလမ်းထဲမှ ထွက်ခဲ့ကြသည်။

နောက်ထပ် နှစ်နေရာရပ်ပြီး အမျိုးသားကြီးသုံးယောက်ကို ဦးသီဟက ကြိုဆိုလာသည်။

မကြာမီမှာပင်...

"ဩော်...ဒီခြံကြီးထဲက ဒီတိုက်ကြီးမှာ အစ်ကိုကြီး ဇိမ်နဲ့ နေခဲ့ရတာပဲ၊ တို့ကို တစ်ခါမှ လာခွင့်မပြုခဲ့တဲ့ နေရာပေါ့"

ခြံထိပ်မှာ သက်ဆိုင်ရာ ရပ်ကွက်လူကြီး၊ ရဲစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်တို့က စောင့်ကြိုနေကြသည်။

"ကျွန်တော်က ဟိုဘက်နှစ်ခြံကျော်ကပါ၊ ဒီရပ်ကွက်ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်၊ အခုလို အမှုပြီး ရှင်းလင်းသွားတာ ဝမ်းသာပါတယ်ဗျာ၊ ဒီခြံရဲ့သော့ကို ကျွန်တော်က ယူထားရတော့



တာဝန်လည်း ကြီးပါတယ်၊ ခုလို ပိုင်ဆိုင်ထိုက်တဲ့လူတွေ လက်ထဲ ပြန်အပ်ခွင့်ရတာ ကောင်းပါတယ်၊ ကဲ...အားလုံး အထဲဝင်ကြပါ"

အားလုံးက တက်တက်ကြွကြွ ပြုံးပြုံးပျော်ပျော်။

ဘုန်းဆင့်ရှိန် တစ်ယောက်တည်းသာ စိတ်တွေလှုပ်ရှားရင်း အံ့သြခြင်းကြီးစွာဖြင့် ခပ်ကုပ်ကုပ်ကလေး ရှိနေရသည်။

"ဒီခြံကြီးကို ထိန်းသိမ်း စောင့်ရှောက်ပေးထားကြတဲ့ သက်ဆိုင်ရာ လူကြီးများနဲ့ သော့ကိုင်ထားတဲ့ 'ဦးထွန်းမော်' ကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ လူကြီးမင်းတို့အားလုံး ကောင်းခဲ့ကြ၊ သက်ညှာခဲ့ကြလို့သာ ဂိုဒေါင်ထဲကကားနှစ်စီးလုံး လာပြီး စက်နှိုးခွင့်၊ လိုင်စင်ဝင်ခွင့်တွေ ရခဲ့တာပါ"

"ကျွန်တော်တို့ဘက်ကလည်း အတတ်နိုင်ဆုံး ကူညီချင်ပါတယ်"

"ဟုတ်ကဲ့၊ အားလုံး ကူညီခဲ့ကြလို့သာ ခုလို ပြီးစီးအောင်မြင်သွားတာပါ၊ ဒါကြောင့် ဒီနေ့ညနေပဲ ညစာစားပွဲလေး လုပ်ပါရစေ၊ အားလုံး ကြွရောက်ပါလို့ မေတ္တာရပ်ခံပါတယ်"

"ဟာ...မဟုတ်တာ"

"နေပါစေဗျာ"

"ကျေးဇူးပဲဗျာ၊ ဒီည မအားလို့ပါ"

"ဒါဖြင့် နောက်နေ့ရော"

"နေပါစေ၊ ဒုက္ခမရှာပါနဲ့တော့၊ ကဲ...ဒီကိစ္စတွေလည်း ပြီးပြီ၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"သက်ဆိုင်ရာ တာဝန်ရှိ လူကြီးများ နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှ ဒေါ်မင်းမင်းထိုက်ဟုအမည်ရမ်းခဲ့သော 'ဦးကျော်ဇော' ဆိုသည့် ရှေ့နေကြီးက ဘုန်းဆင့်ရှိန်၏ ပခုံးပေါ်လက်တင်ကာ...

"ပစ္စည်းဆိုတာ ထိုက်သူသာ ရတယ် ဆိုတဲ့စကားက မှန်လိုက်တာကွယ်"

ဦးကျော်ဇောက အသံခပ်နိမ့်နိမ့်နှင့် ပြောနေဆဲမှာ တခြားလူကြီးများ ပြန်ရန် ဦးသီဟက ကားနှစ်စီးနှင့် လမ်းကြောင်းသင့်ရာ ပြန်ပို့ဖို့ စီစဉ်နေလေသည်။

ဦးကျော်ဇောက သူ့ကားနှင့်သူ လာသဖြင့် ခပ်အေးအေးထိုင်ကာ ဘုန်းဆင့်ရှိန်ကို စကားဆက်၏။

"ဒေါ်မင်းမင်းထိုက်ဟာ သူ့ယောက်ျား ချစ်မင်းမောင်အပေါ် ထားရှိတဲ့ မေတ္တာနဲ့ စေတနာကတော့ အံ့သြကုန်နိုင်ဖွယ်ထဲကပါပဲကွယ်၊ သူ ပိုင်ဆိုင်သမျှ သူ့ယောက်ျားကို အားလုံး လွှဲပေးလိုက်တယ်"

အစ်ကို့အကြောင်း ရောက်လာ၍ ဘုန်းဆင့်ရှိန် အနေရအထိုင်ရ ပို၍ခက်လာချေပြီ။

"သူ့ကြမ္မာ သူ သိတာ ကျနေတာပဲကွယ်၊ အတင်းကို ချက်ချင်းကြီး စီစဉ်တော့တာ"

"ဒါကြောင့်...ဦးအနေနဲ့ အမှန်တရား တစ်ခုကိုတော့ သိခွင့်ရချင်ပါတယ်"

"ဘာကိုလဲခင်ဗျာ"

"သူ့နာမည်တွေနဲ့ အားလုံး လွှဲထားပေးပါလျက်နဲ့ ဒေါ်မင်းမင်းထိုက်ကို ချစ်မင်းမောင်က ဘာဖြစ်လို့ သတ်ပစ်လိုက်ရတာလဲ



ဆိုတဲ့ အကြောင်းကို ဦး သိပ်သိချင်မိတယ်"

ဦးအောင်ဟိန်းက...

"ချစ်မင်းမောင်က ကျွန်တော့်ကလိုင်ယင့်(Client)လေ၊ အဲဒီ ကျွန်တော့်အမှုသည်က သူကိုယ်တိုင် သူ့ဇနီးကို သတ်ပစ်လိုက်တာပါလို့ တရားရုံးမှာ ချစ်မင်းမောင် ကိုယ်တိုင် ဝန်ခံခဲ့ပြီးပြီလေ"

"အဲဒါ အမှန်တရား ဟုတ်ချင်မှဟုတ်မှာပေါ့"

ဦးအောင်ဟိန်းနှင့် ဘုန်းဆင့်ရှိန်တို့က ဦးကျော်ဇောကို ပြိုင်တူ လှမ်းကြည့်လိုက်ကြသည်။

"သူတို့ဇနီးမောင်နှံဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတာ ကျွန်တော့်မျက်မြင်ပါ၊ ဘာကြောင့်များ သူ့မိန်းမကို ရေကူးကန်ထဲ ပစ်ချ နှစ်သတ်လိုက်ရတယ် ဆိုတာ ကျွန်တော်တွေးလို့မရဘူး"

"တွေးမရလည်း တွေးမနေနဲ့တော့ ဦးကျော်ဇော၊ ဒီကိစ္စက ပြီးပြီ၊ သေတဲ့လူကလည်း သေပြီ၊ သတ်တဲ့လူကလည်း ဝန်ခံလို့ ထောင်ထဲရောက်နေတာတောင် ကြာလှပြီလေ"

"ဟုတ်ပါတယ်၊ ဒီတိုက်ကြီးထဲ ရောက်လာတော့ သူတို့နှစ်ယောက်ကို ပြန်ပြီး သတိရလာလို့ပါ၊ ဘာပဲဖြစ်ဖြစ်လေ သူ့ညီလေး ပိုင်ဆိုင်ခွင့်တွေ ရသွားတယ်ဆိုရင် ကိုချစ်မင်းမောင်လည်း ကျေနပ်မှာပါ"

"ဒါပေါ့"

"ဒီလိုလွှဲလို့ရဖို့ဆိုတာကတော့ အတော်ခက်ခဲတဲ့ကိစ္စပါ"

"ဦးသီဟက သိပ်တော်တယ်၊ ပြီးတော့ ကျွန်တော့်ရဲ့ အကြံ

www.burmeseclassic.com

www.burmeseclassic.com



ဘုဘောင်တို့လည်း ယူခဲ့တယ်လေ”

အရေးထဲ ကြွားလုံးများနဲ့ ဂုဏ်ဖော်နေသော ဦးအောင်ဟိန်းကို ခပ်ပြုံးပြုံး ကြည့်ပြီး ဦးကျော်ဇောက ပြန်ရန်နှုတ်ဆက်သည်။ ဘုန်းဆင့်ရှိန်၏ ပခုံးကို ထပ်မံကိုင်တွယ်ပြီး...

“မင်းအစ်ကိုကိုလည်း ပြောပြလိုက်ဦးပေါ့၊ မင်းအမေကိုလည်း ဒီတိုက်ပေါ် ခေါ်ထားလို့ ရပြီလေ”

ခေါင်းညိတ်ပြလိုက်ရပါသည်။ မတ်တတ်ရပ်၍ နှုတ်ဆက်ပြီး ဖုန်အထပ်ထပ်တက်နေသော ဆိုဖာပေါ်သို့ ဘုန်းဆင့် ပြန်ထိုင်ချလိုက်ပြီး ငြိမ်သက်စွာ တွေဝေနေသည်။

ကားများအားလုံး ခြံထဲမှ ထွက်သွားပြီးချိန်မှာ ကျန်ရစ်သူသုံးဦးက ဦးသီဟ၊ ဦးအောင်ဟိန်းနှင့် ဘုန်းဆင့်ရှိန်...။

“ကဲ...သူငယ်ချင်းလာ၊ တို့သုံးယောက် အေးအေးဆေးဆေး ဆွေးနွေးရအောင်”

“နေစမ်းပါဦးကွာ၊ ငါ အိမ်ပေါ်ထပ်ကို တက်ကြည့်လိုက်ဦးမယ်၊ မင်းတို့ပါ လိုက်ချင်လိုက်ခဲ့လေ”

“အေး...ကောင်းတယ်၊ လာ...မောင်ဘုန်းဆင့်”

ဘုန်းဆင့်ရှိန် ခေါင်းယမ်းပြလိုက်ပြီး နေရာမှာပင် ကျောက်ရုပ်တစ်ခုလို ငြိမ်သက်စွာထိုင်၍ ကျန်ရစ်သည်။

သူ့မျက်စိရှေ့ တီဗီပေါ်မှာ အစ်ကိုကြီးနှင့် သူ့အမျိုးသမီးတို့၏ပုံ ထောင်ထားသည်။ အစ်ကိုကြီးက အမေရိကန် ဓာတ်လိုက်မင်းသားတစ်ယောက်လို ယောကျ်ားပီသစွာ ချောမောလှပနေ၏။

ဒေါ်မင်းမင်းထိုက် ဆိုသည်ကို သူ ယခုမှ မြင်ဖူးသည်။



ဘယ်လိုပင် နုအောင်ပြင်ထားပါစေ အစ်ကိုကြီးထက် များစွာအသက်ကြီးနေကြောင်း သိသာ၏။

သည်မိန်းမကြောင့် အစ်ကိုကြီး ဘဝပြောင်းကာ စည်းစိမ်ချမ်းသာနှင့် နေခွင့်ရခဲ့သလို...

သည်မိန်းမကြောင့်ပင် ဘဝပျက်ကာ ထောင်ထဲ ရောက်နေရသည်။

သည်မိန်းမကြောင့် သူတို့မိသားစုလေး အသိုက်ပျက်ခဲ့ရ၏။

သည်မိန်းမကြောင့် မမညို သည်းအူပြတ်မျှ ကြေကွဲငိုရှိက်ခဲ့ရသည်။

သည်မိန်းမကြောင့် ပန်းဖြူစင်တို့မိသားစုနှင့် သူတို့မိသားစု ကာလကြာမြင့်စွာ မျက်နှာမပြရဲအောင် ဖြစ်ခဲ့ကြရသည်။

သည်မိန်းမကြောင့်...

သည်မိန်းမကြောင့်...

ဘုန်းဆင့်သည် ဓာတ်ပုံထဲမှ ကွယ်လွန်လေပြီးသူ ဒေါ်မင်းမင်းထိုက်ကိုပင် စိတ်နာသလိုလို ဖြစ်လာ၏။

သည်တိုက်ကြီးကို အစ်ကိုကြီး လွတ်လာလျှင် အစ်ကိုကြီးပိုင်မည်။ အခုလောလောဆယ် သူတို့သားအမိ နေထိုင်အုပ်ချုပ်ခွင့်ရမည် ဆိုခြင်းအတွက် ဝမ်းသာစိတ် နည်းနည်းလေးမှ မဖြစ်ပေါ်မိ။

ရင်ထဲမှာ ဘာခံစားနေရမှန်း မသိဘဲ ပြည့်နှင့်ဆို့တက်နေ၏။

အတော်လေးကြာမှ အပေါ်ထပ်က အဘိုးကြီးနှစ်ယောက်ဆင်းလာကြပြီး သူ့ရှေ့မှာ ထိုင်ပြီးသည်နှင့်...

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဘုန်းဆင့် သဘောပေါက်အောင် မင်းမင်းထိုက်နဲ့ ဆရာတို့ရဲ့ ပတ်သက်မှုကို အရင်ပြောပြမယ်"

ဦးသီဟ၏စကားကို သူ စိတ်ဝင်စား သွားပါပြီ။

"မင်းမင်းထိုက် ဆိုတာ တခြားလူမဟုတ်ဘူး၊ ဆရာ့ရဲ့ အဖေတူ အမေကွဲ မောင်နှမပဲ၊ ဆရာ့အဖေ 'ဦးအောင်ထိုက်'ဟာ ဆရာ့အမေ မဆုံးခင်က အဲဒီမင်းမင်းထိုက်ရဲ့ အမေ'ဒေါ်ခင်မိ'ကို လက်ထပ်လိုက်တယ်၊ အဲဒီအတွက် အမေဟာ သိပ်စိတ်ထိခိုက်ပြီး ရောဂါအခံကလည်းရှိတော့ အဲဒီစိတ်နဲ့ သေရောဆိုပါတော့ကွာ"

"ဆရာတို့က မောင်နှမသုံးယောက် ရှိတယ်၊ ကျန်တဲ့ နှစ်ယောက်က နိုင်ငံခြားမှာ၊ ဆရာတို့မောင်နှမတစ်တွေက နောက်မိန်းမကြောင့် အမေ သေရတယ်ဆိုပြီး စိတ်နာတယ်၊ နောက်မိန်းမက မွေးတဲ့ မင်းမင်းထိုက်ကိုလည်း အသိအမှတ်မပြုဘူး။ ဒါပေမယ့် အဖေက အဲဒီသမီးကို သိပ်ချစ်တယ်"

"ဒီတိုက်ကြီးကို ဆရာ့အဖေ ကိုယ်တိုင် ဆောက်ခဲ့တာ။ ဒါပေမယ့် အမေက သေသွားတော့ နောက်မိန်းမနဲ့ သမီး စံစားဖို့ ဖြစ်သွားခဲ့တယ်၊ မင်းမင်းထိုက်နာမည်နဲ့ ဂရံအမည်ပေါက်နေပြီး အဲဒါကို မေတ္တာဖြင့်ပေးကမ်းသည်ဆိုပြီး ချစ်မင်းမောင်ကို လွှဲပေးခဲ့တယ်"

"နောက်ပြီး ဆရာတို့အမေ ဝတ်ခဲ့တဲ့ စိန်တစ်ဆင်စာ၊ ဟိုတုန်းက တစ်ဆင်စာဆိုတာ အများကြီးပေါ့၊ စိန်ဘီး၊ စိန်ကြယ်သီး၊ စိန်ဘယက်၊ လက်ကောက်၊ ဆွဲကြိုး၊ နားကပ်၊ အကုန်ပေါ့၊ အဲဒီ စိန်ထုပ်ကြီးလည်း မင်းမင်းထိုက်ပဲ ရသွားတယ်"



"မင်းမင်းထိုက်ဆိုတာ သူ့အမေလိုပဲမိုက်မဲတယ်၊ အစဉ်းစား အဆင်ခြင်ဉာဏ်မဲ့တယ်၊ ဆရာတို့ မောင်နှမတွေလိုလည်း ပညာမတတ်ဘူး၊ ဘွဲ့မရဘူး၊ သူလုပ်ချင်ရာကို တဇွတ်ထိုး လုပ်တတ်တယ်၊ သူ့ယောကျ်ား 'ကိုဇော်ဝင်းမောင်'ဟာလည်း လူတော်တစ်ယောက်ပဲ၊ နိုင်ငံခြား ခေါ်တာကို သူက မလိုက်ဘူးလေ၊ တရားဝင် ကွာရှင်းလိုက်တယ်၊ ပြီးတော့ ရုပ်ကလေး ချောပြီး သူ့ထက်ဆယ့်လေးနှစ်ငယ်တဲ့ ဘာအရည်အချင်းမှမရှိတဲ့ ကောင်လေး တစ်ယောက်ကို တရားဝင် ယူလိုက်တယ်"

အစ်ကိုကြီးကို "ဘာအရည်အချင်းမှမရှိတဲ့" ဆိုသော စကားကြောင့် ဘုန်းဆင့် တင်းသွားပြီး ခပ်တင်းတင်းမျက်နှာနှင့် ကြည့်လိုက်သော်လည်း ဦးသီဟက ဂရုမစိုက်စွာ ဆက်ပြောနေသည်။

"မင်းရဲ့အစ်ကိုနဲ့ လက်ထပ်ပြီး သုံးနှစ်ပြည့်ခါနီးမှာ ခုလို အဖြစ်ဆိုးကြီးနဲ့ ကြုံလိုက်ရတာပဲ"

"ကိုဇော်ဝင်းမောင် လက်ထက်ပွား ကားနှစ်စီးတော့ ထားလိုက်တော့၊ ငါ့အဖေ ဆောက်ခဲ့တဲ့တိုက်နဲ့ ငါ့အမေ ဝတ်ခဲ့တဲ့ စိန်တွေဟာ တို့ ပြန်ရသင့်တယ်"

ဘုန်းဆင့်ရှိန်က နားမလည်နိုင်လွန်းစွာ ဦးသီဟကို ငေးကြည့်နေ၏။ ဦးအောင်ဟိန်းက အလုံးစုံ သိပြီးသူတစ်ယောက်လို ခေါင်းတညိတ်ညိတ်သာ လုပ်နေသည်။

"မင်းမင်းထိုက် အသတ်ခံရပြီဆိုတဲ့ သတင်းကြောင့် အဲဒီ အမှုကို ငါ စိတ်ဝင်စားပြီး စုံစမ်းတဲ့အခါကျတော့ တရားခံရှု့နေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါ့သူငယ်ချင်း မိုက်ကယ်လ်ခေါ် အောင်ဟိန်း ဖြစ်နေတယ်"

ဦးအောင်ဟိန်းက ဝင်ပြီး…

"ဟုတ်ပါပြီ၊ အဲဒါတွေအားလုံး မောင်ဘုန်းဆင့် သိပြီးပါပြီ၊ မင်းရဲ့ ရှေ့ရည်ရွယ်ချက်ကိုသာ ပြောလိုက်ပါ"

"ကောင်းပြီ၊ ဒီလို မောင်ဘုန်းဆင့်၊ ဒီတိုက်တွေ၊ စိန်တွေဟာ ဆရာတို့ ရသင့်တယ် ဆိုပေမယ့် ဥပဒေကြောင်းအရ တို့ဆိုင်လို့မရဘူး၊ မင်းတို့ညီအစ်ကိုပဲရမယ်၊ ကံအားလျော်စွာ မင်းက ဆရာ့ရုံးဝန်ထမ်း ဖြစ်နေတယ်၊ သမီးလေး မုံကလည်း မင်းကို စွဲလမ်းနေတယ်၊ ဒါကြောင့် မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးပါရစေ"

"ဟာ…ကျ…ကျွန်တော်…"

"နေဦး မောင်ဘုန်းဆင့်၊ ဆရာ့စကား မဆုံးသေးဘူး၊ ဒီအိမ်တွေ၊ ဒီစိန်တွေကို လိုချင်လို့ စီစဉ်တာမျိုး ဖြစ်နေတယ်၊ မဟုတ်ဘူး၊ လိုချင်တာမဟုတ်ဘူး၊ ရသင့်တာကို ပြောတာ၊ ငါက ရှင်းရှင်းပြောတတ်လို့ ပြောတာ"

"ဟုတ်ပါပြီကွာ"

"နောက်တစ်ခု မင်းရှေ့မှာပဲ ငါ ကတိပေးတာက ယမုံမြတ်နိုး ဆိုတာ ငါ့ရဲ့ တစ်ဦးတည်းသော သမီးလေး၊ မိခင်လည်း မရှိတော့ဘူး၊ အခု ငါပိုင်ဆိုင်သမျှတွေလည်း မင်းပဲ အားလုံးရမှာ၊ ဒါကြောင့် မင်းနဲ့ယမုံနဲ့ လက်ထပ်ပေးပြီး ကုမ္ပဏီကိစ္စတွေ မင်းကိုလွှဲလို့ရတဲ့ တစ်နေ့မှာ…"

"ဟာ…မဟုတ်ဘူး၊ ကျ…ကျွန်တော်…"



စိတ်တွေ လှုပ်ရှားလွန်းသဖြင့် ထစ်အ တွန့်ဆုတ်နေသော ဘုန်းဆင့်ရှိန်၏ ပခုံးကို ဦးအောင်ဟိန်းက လာဖက်ပြီး…

"ဒီကောင်က တို့လို ရှေ့နေမဟုတ်တော့ စကားပြောတာ ပုံမကျဘူး၊ ရှုတ်တရက်ဆိုရင် ဒီတိုက်နဲ့ စိန်တွေ…အဲ…စိန်တွေကလည်း မင်း စိတ်ကူးယဉ်နေတာပါ ဖရက်ဒ်ရဲ့၊ ရောင်းစားလို့ ကုန်ချင်လည်း ကုန်ရောပေါ့၊ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ"

"ထားပါတော့ကွာ"

"ဒီမှာ…မောင်ဘုန်းဆင့်၊ သူ့စကားက လိပ်ပတ်မလည်လို့ပါ၊ သူ့အဖေ ဆောက်ခဲ့တဲ့ အိမ်မို့ သူ့သမီး ယမုံ့ကို အမွေဆက်ခံစေချင်တာပါ၊ ဒါကြောင့် တကယ် အမွေဆက်ရမယ့် မင်းနဲ့ ပေးစားချင်တာဟာ ဒီပစ္စည်းတွေကို မက်လို့ချည်းမဟုတ်ပါဘူး၊ သူ့သမီးက မင်းကို ကြိုက်နေလို့ပါ၊ ပြီးတော့ သူ့ရဲ့ပိုင်ဆိုင်မှု အားလုံးလည်း မင်းလက်ထဲ ရောက်လာမှာပါ၊ ဒီလိုအခွင့်အရေးမျိုး ဆိုတာ…"

ဘုန်းဆင့်ရှိန်က ထိုင်ရာမှ ဝုန်းဆို ထလိုက်ပြီး…

"မယူဘူး၊ ကျွန်တော် ဘာမှ မယူဘူး၊ ခင်ဗျားသမီးကိုလည်း မယူနိုင်ဘူး"

"မောင်ဘုန်းဆင့် မရိုင်းနဲ့လေ"

ဦးအောင်ဟိန်း ဆွဲလိုက်သည့် လက်ကို ဆောင့်ရုန်းလိုက်ပြီး…

"တော်ပြီ၊ ကျွန်တော် ဘာမှမလိုချင်တော့ဘူး၊ ဆရာ့ရဲ့ ကုမ္ပဏီကပါ ကျွန်တော် အလုပ်ထွက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း၊ အတော်မိုက်မဲပါလား၊ ငါ့ပစ္စည်းကိုမက်ပြီး ငါ့သမီးကို လိုချင်တဲ့လူတွေ အများကြီးကွ"

"အဲဒီလိုကောင်တွေနဲ့ပဲ ပေးစားလိုက်ပေါ့"

"ငါ့သမီးက မင်းကို စွဲလမ်းနေလို့ပေါ့ကွ"

"စွဲလမ်းနေလည်း လဲသေလိုက်ပေါ့"

"ဟော့...ဟော့ကောင်...တော်ပြီ၊ မင်းတို့နှစ်ယောက်လုံး ဘာစကားမှ မပြောကြနဲ့တော့"

ဦးအောင်ဟိန်း၏ စကားအဆုံးတွင် ဦးသီဟက ထိုင်ရာမှ ဝုန်းဆိုထ၍ ပြတင်းတံခါးရှေ့မှာ ခါးထောက်၍ရပ်နေပြီး သူတို့ကို ကျောခိုင်းထားလိုက်သည်။

ဦးအောင်ဟိန်းက ဘုန်းဆင့်ရှိန်၏လက်ကို ကိုင်၍...

"မင်းက လူငယ်ပဲ၊ ကိုယ့်အလုပ်ရှင်လည်း ဖြစ်တော့ မရိုင်းမိစေနဲ့ပေါ့ကွာ၊ ပြီးမှ ဖြည်းဖြည်း စဉ်းစားကြတာပေါ့"

"နောက် စဉ်းစားလည်း ဒါပဲ၊ ခု စဉ်းစားလည်း ဒါပဲ၊ ကျွန်တော် ဘာကိုမှ မလိုချင်ဘူး"

ဘုန်းဆင့်ရှိန် တစ်ကိုယ်လုံး ပူရှိန်းလာပြီး ချွေးများပြန်လာရုံမက မျက်ရည်တွေပါ ဝိုင်းလာ၏။

ဦးအောင်ဟိန်းက ဦးသီဟ ဘေးမှာ ယှဉ်ရပ်လျက်...

"အမှန်ကတော့ မင်းလည်း ဒီလောက်ကိုစကားရှည်နေစရာ မလိုဘူး၊ ဘိုးတော်ဘုရားလက်ထက်က အကြောင်းတွေ ဘာလို့ ထည့်ပြောနေတာလဲ၊ လူငယ်တစ်ယောက်ကို အေးအေးဆေးဆေး ဆွေးနွေးမှပေါ့ကွ"



"တော်ပြီကွာ၊ ငါ ဘာမှ မဆွေးနွေးချင်တော့ဘူး"

"ဒါဆို မင်း အားလုံး စွန့်လွှတ်မလား"

"ငါ့သမီးလေးက ဒီကောင့်ကို အရမ်းကြိုက်နေလို့ ငါက အရှက်မဲ့ ဝင်ပြောနေရတာ၊ တော်ပြီကွာ"

"သူ့မှာလည်း ရည်းစားရှိနေပြီဆိုတော့ ပေးစားဖို့ကိစ္စထားလိုက်ရင် ဖြစ်မလား"

"ဘာလို့မဖြစ်ရမှာလဲ"

"ဒါဆိုရင် မင်း အကုန်ခံထားတာတွေရော"

"သဲထဲရေသွန်ပေါ့"

"ဒီလိုတော့လည်း မတရားသေးဘူး၊ ဒီလိုလုပ်ကွာ"

ရှေ့နေကြီး ဦးအောင်ဟိန်းက သူတို့နှစ်ယောက်ကြားမှာ အကြံဉာဏ်တွေ ထုတ်နေ၏။

လူကြီးများကို လိုက်ပို့သော ကားများလည်း ပြန်လည်ရောက်ရှိလာကြပြီ။

မိဘဆိုသည်မှာ သားသမီးများကို အချစ်ကြီးချစ်ကြသည့်အခါ၊ အချစ်လွန်ချစ်ကြသည့်အခါမျိုးမှာ အပြစ်မမြင်စွာ မှားမှားယွင်းယွင်း ဆုံးဖြတ်တတ်ကြသည်။ ထိုမိဘမျိုးထဲမှာ ဦးသီဟပါ ပါဝင်နေ၏။ အမိမဲ့သမီးလေးမို့ တအားအလိုလိုက်ထားပြီး သူ့သမီး ဖြစ်ချင်တာ အကုန်ဖြစ်ရအောင် လိုက်လုပ်ပေးနေသည့် ဖခင်ကြီး။

သမီးက စင်ကာပူမှာ တစ်ယောက်ပြီးတစ်ယောက်တွဲနေကြောင်း သိခွင့်ရခဲ့သဖြင့် စိတ်ပူပြီး ပြန်ခေါ်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကုမ္ပဏီမှာ ရှိးသား၍ ရပ်ချောပြီး ဒီတိုက်ကြီး၏ အမွေဆက်ခံသူ ဖြစ်လာမည့် ဘုန်းဆင့်ရှိန်နှင့် ပေးစားမည်။ ဘုန်းတင့်ဝေ၊ ဘုန်းဆင့်ရှိန်နှင့် ဒေါ်မင်-မင်းထိုက်တို့၏ အကြောင်းကို ဦးအောင်ဟိန်းထံမှ ဦးသီဟ သိရှိခွင့်ရခဲ့သည်မှာ အမှုဖြစ်စကတည်းကပါ။ ဒါကြောင့်သာ သူ့သမီး မြန်မာ့မြေကို ပြန်လည်ခြေချသည့် ညဦးမှစပြီး ဘုန်းဆင့်ရှိန်ကို ကြိုဆိုခိုင်းခဲ့ခြင်းဖြစ်၏။

ဘုန်းဆင့်ဆိုသော သူ့ဝန်ထမ်းလေးက သူ့ကို မလွန်ဆန်နိုင်။ ပစ္စည်းမက်လုံးတွေပါ ပြသည့်အခါ မက်မောစွာ နာခံလိမ့်မည်ဟု စီးပွားရေးတွက် တွက်ခဲ့သော်လည်း…

လူငယ်တို့၏ နှလုံးသားခံယူချက်က လူကြီးတွေ၏ အစီအမံကို လက်မခံနိုင်။ သူတို့ဘာသာ လွတ်လပ်စွာ ခံစားဆုံးဖြတ်လိမ့်မည်ဟုလည်း ဦးသီဟ မတွေးခဲ့မိ။ စီးပွားရေး ကျွမ်းကျင်သူ ပညာရှင်သာ ဖြစ်ပြီး လူမှုရေးနှင့် လူငယ်တို့၏ ချစ်ခြင်းမေတ္တာအကြောင်းကို နားမလည်မိလေခြင်း။

"ဒီမှာ သူငယ်ချင်း၊ ကိုယ် ဒီလို စဉ်းစားတယ်"

"ငါတော့ ဘာမှမစဉ်းစားချင်တော့ဘူး"

"မဟုတ်သေးဘူးကွာ၊ မင်း ကုန်ထားတာတွေက အများကြီးပဲလေ"

"တော်ပါပြီ"

"တော်လို့ ဘယ်ဖြစ်မလဲ၊ ဒီလိုလုပ်၊ ဒီမှာ မောင်ဘုန်းဆင့်"

"ပြောပါ"

"မင်းက ငွေသိန်းသုံးရာ အလျော်သဘောနဲ့ ဦးသီဟကို ပေးရမယ်"

"သိန်းသုံးရာ…ဟားဟား"

"မင်း ဘာမှ လျော်ရယ်,ရယ်စရာ မလိုဘူး၊ မင်းတို့ ညီအစ်ကို ရမယ့်အထဲက တစ်ချိန်ချိန်မှာ တစ်ခုခု ရောင်းချပြီး ဖရက်ဒီ့ကို ငွေသိန်းသုံးရာ ပေးရမယ်"

"အစီပွာယ်မရှိလိုက်တာ"ဟူသော အဓိပ္ပာယ်နှင့် တစ်ချက်ကြည့်လိုက်ပြီးမှ…

"ကျွန်တော်လည်း ဒီအိမ်မှာ မနေပါဘူး၊ အစ်ကိုကြီး လွတ်လာပြီးမှ တောင်းကြပေါ့"

"မင်း အစ်ကိုကြီး လက်မှတ်ထိုးပေးလိုက်ရင် ကားတွေရောင်းလို့ရပြီပဲ"

"ဒါဆိုလည်း လုပ်ကြဗျာ၊ ကျွန်တော့်မှာတော့ တစ်ပြားမှ မရှိဘူး"

"ကောင်းပြီ၊ ငါကို သက်သေထားပြီး ဦးသီဟကို ဘုန်းဆင့်တို့ ညီအစ်ကိုက ဒီခြံကြီးရဲ့ အကျိုးခံစားခွင့်ထဲက သိန်းသုံးရာ အလျော်ပေးပါ့မယ်လို့ တစ်ခါတည်း လုပ်လိုက်ရအောင်၊ ဖရက်ဒီ မင်းသဘောက ဘယ်လိုလဲ"

"ငါတော့ သိပ်စိတ်ကုန်သွားပြီ၊ မင်း သင့်သလိုသာလုပ်"

"မောင်ဘုန်းဆင့်ရော လက်မှတ်ထိုးထားရမယ်နော်"

"လုပ်ဗျာ၊ ထိုးမယ်၊ ပြီးရော…"

ထိုနေ့က ဦးအောင်ဟိန်းကြောင့် မလှမပစွာပင် ပွဲပြီးသွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးသီဟက တိုက်ပေါ်မှ အရင်ဆင်းနှင့်၏။

ဦးအောင်ဟိန်းက သူ့ရှေ့သို့ လာရပ်ပြီး...

"တော်ရုံလူ လုပ်လို့မရနိုင်တဲ့ ကိစ္စပါကွာ၊ မင်း ချစ်မင်းမောင်ဆီ သွားပြီး အကျိုးအကြောင်း ပြောပြလိုက်ပါ"

"သွားမှာပါ၊ အလုပ်မှ မရှိတော့တာ"

"အဆင်ပြေပြေ ထိန်းသိမ်းနိုင်ပါစေကွာ၊ ကဲ...ရော့"

သူ့လက်ထဲသို့ သော့ချောင်းများစွာ ပါသော သော့တွဲကြီးတစ်တွဲ ထည့်ခဲ့ပြီး သူတို့အားလုံး ထွက်ခွာသွားကြပါပြီ။

အသတ်ခံရသော မိန်းမကြီး ပိုင်ဆိုင်သည့် တိုက်ကြီးထဲမှာ သူတစ်ယောက်တည်းမို့ သူ့ရှေ့မှ ဓာတ်ပုံကိုပင် မကြည့်ရဲတော့ဘဲ ချောက်ချားတုန်ရီစွာဖြင့် သူ တံခါးတွေ လိုက်ပိတ်ပြီး...

ခြံတံခါးကြီးကိုပါ သော့ခတ်လျက် သော့တွဲကြီးကို တင်းတင်းဆုပ်ကာ အမြန်ဆုံး ခြေလှမ်းများဖြင့် ထိုခြံကြီးကို ကျောခိုင်း၍ ထွက်လာခဲ့ပါတော့သည်။

❊ ❊ ❊

# အပိုင်း(၅)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

"အဖြစ်အပျက်တွေကလည်း ဆန်းပြား ရှုပ်ထွေးလှချည်လားကွာ"

"ဟုတ်ပါရဲ့ အစ်ကိုကြီးရာ"

"ညီလေး အဲဒီလို ဆုံးဖြတ်ရဲတာ အစ်ကိုကြီး ကျေးဇူးတင်ပါတယ်၊ ဒါမှ ပန်းဖြူစင်တို့ မိသားစုအပေါ်မှာ ဒုတိယဘုန်းတင့်ဝေ မဖြစ်တော့ဘူးပေါ့လေ"

"ဒုတိယ ဘုန်းတင့်ဝေ"

သူ မမညိုကို ပစ်ပြီး ဒေါ်မင်းမင်းထိုက်ကို လက်ထပ်လိုက်သလို ဘုန်းဆင့်က ပန်းဖြူစင်ကိုပစ်ပြီး ယမုံမြတ်နိုးကို လက်မထပ်သည့်အတွက် အစ်ကိုကြီး ကျေနပ်နေပုံရသည်။

"ဦးသီဟက ဘာကြောင်တာလဲ"

"မသိပါဘူး အစ်ကိုကြီးရာ"

"အေး...တစ်ခါတလေ ပညာရှိတွေ၊ လူတော်တွေ ကြောင်မိရင် သာမန်လူထက် ဆိုးတယ်ကွ"

"ဟုတ်မှာပဲ၊ ကိုအောင်စိုး ပြောသလို သူ့မှာ အကြံအစည်ရှိလို့သာ သူ့သမီးနဲ့ သွားခိုင်းနေတာကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ အဲဒီခြံတံခါးကြီး ပွင့်သွားတာ အစ်ကိုကြီး သိပ်ဝမ်းသာမိတယ်၊ အစ်ကိုကြီးရဲ့ မျှော်လင့်ချက် တစ်ခု ပြည့်ဝနိုင်ဖို့ လမ်းစ,ရပြီ ထင်ပါရဲ့"

"ဘာမျှော်လင့်ချက်လဲ"

ချစ်မင်းမောင်ဆိုသော ဘုန်းတင့်ဝေမှာ ခပ်ဝေးဝေးဆီသို့ လှမ်းမျှော်ကြည့်ပြီး ဘာမှ ပြန်မဖြေသေးဘဲ ငြိမ်သက်တွေဝေနေသည်။

သည်နေ့ နိုင်ငံတော်၏ ရုံးပိတ်ရက်ဖြစ်သဖြင့် ရဲဘက်များအားလုံး အနားရကြသည်။ အလုပ်ကြမ်း မလုပ်ရပါ။

ဘုန်းဆင့်ရှိန်က သူကြုံတွေ့ပါဝင်ပတ်သက်ခဲ့ရသမျှသော ဇာတ်လမ်းစုံ အသေးစိတ် ပြောပြပြီးဖြစ်၏။

အလုံးစုံသောဆုံးရှုံးခြင်းများကိုသာ ပိုင်ဆိုင်နေရ၍ အားလုံးကို လက်လျှော့အရှုံးပေးနေသူ တစ်ယောက်အဖြစ်နှင့် ညှိုးချုံးပြိုလဲနေရှာသော ချစ်မင်းမောင်မှာ ညီလေး သယ်ဆောင်လာသော သတင်းကြောင့် သူ့မျက်ဝန်းများ ရွှန်းတောက်လာသည်။

"ပြောပါဦး အစ်ကိုကြီး၊ ဘာမျှော်လင့်ချက်လဲ"

"အဲဒီကိစ္စကို အမေက ဘာပြောလဲ"

သူ့အမေးကို မဖြေဘဲ ထပ်ဆင့်မေးလာ၍...

"အမေကတော့ သူများ အိမ်ကြီးမှာ မနေချင်ပါဘူးလို့ ပြောတာပေါ့"

"အင်း"

"အစ်ကိုကြီး"



သူက မထူးဘဲ ဘုန်းဆင့်ကို ပြန်လှည့်ကြည့်ပြီးမှ...

"ညီလေး အဲဒီတိုက်ကြီးမှာ သွားနေပါ၊ အမေ့ကို ပန်းဖြူစင်တို့ ညီအစ်မဆီ အပ်ခဲ့"

"ကျွန်တော် သွားနေရမယ်"

"အေး"

"ဟာ...မနေရဲပါဘူး၊ ဟိုနေ့က နေ့ခင်းကြီး တစ်ယောက်တည်း ကျန်ခဲ့တာတောင် ကျောချမ်းလာလို့ အမြန်ထွက်ပြေးခဲ့ရတာ"

"ဘာကိုကြောက်တာလဲ"

"ဟာ...သေသွားတဲ့ အစ်မကြီးကို ကြောက်တာပေါ့ အစ်ကိုကြီးကလည်း..."

"ဝိညာဉ်ကို ကြောက်တာပေါ့ ဟုတ်လား"

"အင်းပေါ့"

"မမသာ ဝိညာဉ်ဘဝနဲ့ရှိခဲ့ရင် အဲဒီအိမ်မှာမနေဘဲ အစ်ကိုကြီးနား ရောက်နေမှာပါကွာ၊ မမက အစ်ကိုကြီးကို သိပ်ချစ်ရှာတာ"

"ရောက်နေလားဟင်"

"မင်း ကလေးစိတ် မကုန်သေးဘူးလား ဘုန်းဆင့်ရာ"

"နေပါဦး၊ အစ်ကိုကြီး စောစောကပြောတဲ့ မျှော်လင့်ချက်ဆိုတာ ဘာလဲ"

"အမှန်တရားအတွက် မျှော်လင့်ချက်"

"အမှန်တရားအတွက် မျှော်လင့်ချက်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ မသေခင် သိပ်သိသွားချင်တဲ့ အမှန်တရားပါ"

"ဘယ်လို အမှန်တရားလဲ"

"မမ ဘာကြောင့် သေရတယ်၊ မမကို ဘယ်သူက သတ်လိုက်တယ်ဆိုတဲ့ အမှန်တရား"

"ဟာ…ဒါဆို အစ်ကိုကြီးက အပြစ်ရအောင် ဘာလို့ ဖြောင့်ချက်ပေးခဲ့တာလဲ"

"ငါ့အကြောင်းနဲ့ ငါပါကွာ"

"ဘာအကြောင်းလဲ"

"ငါ လိုက်သေချင်လို့၊ ငါက သေသင့်တဲ့ကောင်လေ၊ မမရဲ့ ပစ္စည်းဥစ္စာတွေကို လိုချင်လို့ သတ်ပစ်ခဲ့ပေမယ့် သူ့ရည်းစားဟောင်းက ငွေတွေ အကုန်ခံပေးလို့ လွတ်လာတဲ့ကောင်ဆိုပြီး ကြည့်ကြမယ့် မျက်လုံးဒဏ်တွေကို ငါ မခံနိုင်လို့"

"ဟာ…မဟုတ်သေးပါဘူးဗျာ"

"ဟုတ်ပါတယ်၊ မိဘပေါ်လည်း တာဝန်မကျေခဲ့ဘူးလေ၊ အဖေဟာ ငါ့အတွက် ဘယ်လောက် ကြေကွဲရှာမလဲ၊ ဒါကြောင့် ငါ့ဆုံးဖြတ်ချက်နဲ့ငါက မှန်နေတာပဲ၊ ဒါပေမယ့် ငါ မျှော်လင့်ထားသလို သေဒဏ်မပေးတာက ခက်သွားတာ"

"ဟာဗျာ…"

"ဒါပေမယ့် သေဒဏ်ဆိုလည်း မသတ်ပါဘူး၊ များသောအားဖြင့်တော့ အယူခံမှာ တစ်သက်တစ်ကျွန်း ပြောင်းပေးပြီး ဒီလိုနေရာ ရောက်လာ၊ ဆယ်နှစ်ကျော် ဆယ့်လေးနှစ်လောက်



နေပြီးရင် လွတ်ကြတာပဲ၊ ငါက အစ,က သေဒဏ်ကို မျှော်လင့်တာ၊ ဒါပေမယ့် ခုလို နေရပြန်တော့လည်း လွတ်မြောက်ချင်တယ်ကွာ"

ဘုန်းဆင့်မှာ သူ မျှော်လင့်စောင့်စားနေသော စကားကို မကြားရသေးဘဲ အစ်ကိုကြီး ပြောနေတာတွေကို နားထောင်ပေးနေရပါ၏။

"မင်း အဲဒီတိုက်ကြီးမှာ ဖြစ်အောင် သွားနေပေးပါ၊ တစ်ယောက်တည်း မနေရဲရင် သူငယ်ချင်းတွေ ခေါ်အိပ်ပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့"

"မင်း အဲဒီမှာ နေလိုက်ရင် ငါ မျှော်လင့်နေတဲ့ ထူးခြားမှု တစ်ခုခုတော့ တွေ့လာမှာပဲ"

"ဟာ…ဘာလဲဗျာ၊ ကြောက်ရတဲ့အထဲ"

"မဟုတ်ပါဘူး၊ မမနဲ့ပတ်သက်တဲ့ သဲလွန်စ"

"သဲလွန်စ…"

"ဟုတ်တယ်"

"တိုက်ထဲမှာ မီးဖိုချောင်မှာ၊ ဧည့်ခန်းမှာ ရှာပါ၊ အထူးသဖြင့် ငါတို့ရဲ့ အိပ်ခန်းမှာပေါ့"

"ဘာရှာရမှာလဲ"

"ဘာရယ်လို့တော့ ငါလည်း တိတိကျကျ မပြောနိုင်ဘူးလေ၊ ထူးခြားတာ တစ်ခုခု တွေ့ချင် တွေ့လာနိုင်မှာပါ"

"ဟုတ်…ဟုတ်ကဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း အလုပ်က ထွက်ထားပြီပဲ၊ တစ်ခုခု မသက်သာ ဘော ဆွေ့တာနဲ့ ငါ့ဆီ လာပြောပါ"

"ဒါဆို အစ်ကိုကြီး လွှတ်မှာလား"

"လွှတ်တော့ ဘယ်လွှတ်ပါ့မလဲ၊ ပြစ်ဒဏ်က ချပြီးပြီလေ၊ ဒါပေမယ့် အစ်ကိုကြီး ဆန္ဒပြင်းပြင်းနဲ့ သိချင်နေတဲ့ အမှန်တရားကို သိခွင့်ရသွားရင်ပဲ အစ်ကိုကြီး သေပျော်ပါပြီ၊ ကူညီပါ ညီလေးရာ"

"ကူတော့ ကူညီချင်တာပေါ့၊ ဒါပေမယ့် ဘယ်လိုကူညီရမယ် ဆိုတာမှ မသိတော့ ခက်လိုက်တာဗျာ"

ညီအစ်ကိုနှစ်ယောက်၏ စကားဝိုင်းက တိတ်ဆိတ်သွားပြီး အမေ ကြော်ပေးလိုက်သော ကြက်သားကြော်၊ ငါးပိကြော်တို့နှင့် ပေါင်မုန့်ကို စားလိုက်၊ ရေသောက်လိုက် လုပ်ရင်း ချစ်မင်းမောင် နက်နက်နဲနဲ တွေးနေရှာသည်။

"ညီလေး"

"ဗျာ..."

"ဦးသီဟ အပေါ်ထပ် တက်ကြည့်တုန်းက ညီလေးပါ လိုက်သွားလား"

"ဟင့်အင်း"

"ဘယ်လောက်ကြာလဲ"

"ခဏပါပဲ"

"ခဏဆိုတာ နာရီဝက်လောက်လား၊ တစ်နာရီလောက်လား"



"ဟင့်အင်း...အဲဒီလောက် မကြာဘူး၊ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ပါပဲ"

"ဒါဆိုရင် သူလည်း ဘာမှရှာမသွားဘူးထင်တယ်၊ ဒီမှာ ညီလေး"

"ဟုတ်"

"တို့ရဲ့ အိပ်ခန်းထဲက တို့အိပ်တဲ့ နှစ်ယောက်အိပ်ခုတင်ကြီး ရှိတယ်၊ သိပ်ခမ်းနားတာပဲ၊ အဲဒီခုတင်ကြီးပေါ်က နိုင်ငံခြားဖြစ် မွေ့ရာကြီးကို နည်းနည်းလေး မ,လိုက်တာနဲ့ အံဝှက်ကွင်းလေးတစ်ခု တွေ့လိမ့်မယ်၊ အဲဒီကွင်းလေးကို မ,လိုက်ရင် အထစ်ပြုတ်သွားပြီး ခုတင်ဘေးဘောင်ကို ဆွဲလို့ရတယ်"

"ဟုတ်ကဲ့"

"အဲဒါ အခန်းထဲဝင်ဝင်ချင်း တွေ့ရတဲ့ဘက်က မဟုတ်ဘူးနော်၊ ခုတင်ဘေး ကပ်လျှောက်ပြီး နံရံဘက်အခြမ်းကို လုပ်ရမှာ..."

"ဟုတ်ကဲ့"

"အဲဒီအံဝှက်ထဲမှာ မမရဲ့ စိန်ရွှေရတနာတွေ ထားတတ်တယ်၊ အရေးကြီးတဲ့ စာချုပ်စာတမ်းတွေ၊ ဂရံစာချုပ်တွေလည်း ရှိတယ်"

"ဟုတ်ကဲ့"

"အဲဒီအထဲမှာ ရှာကြည့်၊ စိန်ရွှေတွေတွေ့ရင်လည်း အမေ့ကို ပြောပြီး လုံလုံခြုံခြုံ သိမ်းထားကြနော်၊ အဲဒါ အစ်ကိုကြီးအတွက် မမ ပေးခဲ့တာတွေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီပြင့်လူတွေ ယူကုန်ကြရင်ရော"

"မယူနိုင်ပါဘူး၊ ဒီနေရာ သိဖို့လည်း မလွယ်ဘူးလေ၊ ပြီးတော့ နှစ်ယောက်တည်းနေကြတဲ့ တိုက်ကြီးထဲမှာ တစ်ယောက်က သေ၊ တစ်ယောက်က အဖမ်းခံရပြီး တိုက်ကို လူကြီးစုံရာရှေ့မှာ သော့ခတ်၊ ချိပ်ပိတ်လိုက်တာပဲလေ"

"ဟုတ်တယ်၊ ဦးသီဟတို့တောင် မနည်းဖွင့်ရတာ"

"လုပ်ပါကွာ၊ အစ်ကိုကြီးကို ကူညီစမ်းပါ၊ အကြောင်းထူးတာနဲ့ အစ်ကိုကြီ့ဆီ ပြန်လာပြောနော်"

အားတက်သရော ပြောနေရှာသည်။ အစ်ကိုကြီး အမှုဖြစ်ပြီး ရုံးထုတ်လာချိန်မှာ တွေ့ရသည်က,စပြီး ထောင်ထဲမှာ ကာလများစွာ ကြာသည်အထိ အစ်ကိုကြီး သည့်လောက် စကားတွေ တက်တက်ကြွကြွ ပြောနေသည်ကို မတွေ့ဖူးပါ။

"ဩော်...နေဦး၊ ညီလေး အလုပ်ထွက်ထားပြီ ဆိုတော့ ပိုက်ဆံဘယ်ရှိမှာလဲ၊ ဒီကိုလာဖို့ စရိတ်လည်း လိုမှာပေါ့၊ အိမ်ထဲမှာ ပစ္စည်းတွေ အများကြီးရှိတာပဲ၊ တီဗီတို့၊ ဒက်ခ်တို့၊ ရေခဲသေတ္တာတို့ ရောင်းလိုက်ကွာ"

"ဟာ...မလုပ်ပါနဲ့ဗျာ၊ မလုပ်ရဲပါဘူး၊ ငွေအတွက် မပူပါနဲ့"

"မင်းမှာ ရှိလို့လား"

"မမညိုဆီက ချေးမှာပေါ့၊ ခုတောင် ချေးပြီးလာခဲ့တာ"

"ညို့ဆီက..."

"ဟုတ်တယ် ဖြူတို့သားအဖကိုရော ညီလေးတို့ သားအမိကိုပါ မမညိုက ကြည့်ရှုပါတယ်"



"အင်း...ငါ့အကုသိုလ်ကံထဲမှာ ညို့အပေါ် သစ္စာဖောက်မိတာလည်း ပါမှာပေါ့လေ၊ အချစ်ကြောင့် ညို့မှာချည်း အဆိပ်သင့်တာ မဟုတ်ဘဲ ငါ့မှာလည်း အဆိပ်သင့်ခဲ့ရတာပါပဲ"

ကာလများစွာကတည်းက ချစ်ခဲ့ရသော ငယ်ချစ်ဦး အကြောင်း ရောက်သွားပြန်တော့လည်း အစ်ကိုကြီး၏ မျက်နှာမှာ ညှိုးလျော်နွမ်းလျသွားပြန်၏။

"အဲဒီအထိ တွေးပူမနေပါနဲ့ အစ်ကိုကြီးရာ၊ ညီလေးမှာ ထောက်တဲ့ သူငယ်ချင်းတွေလည်း ရှိပါတယ်"

"လိုအပ်ရင် ပစ္စည်းတွေ ချရောင်းပါ"

"မရောင်းချင်ပါဘူး၊ အစ်ကိုကြီး ပြန်လာမှ ရောင်း"

"ငါပြန်လာမှ..."

"အင်းပေါ့"

"ငါ ပြန်လာနိုင်ဖို့ အချိန်တွေ အများကြီး စောင့်ရဦးမှာပါကွာ၊ အဲဒီအကျဉ်းကျကာလ အတွင်းမှာ ငါ သေချင်လည်း သေသွားနိုင်တယ်လေ၊ ဒီမှာလည်း သေကြတာ မကြာဏပါပဲ၊ လောကငရဲပေါ့ကွာ"

"စိတ်တင်းထားဗျာ၊ အစ်ကိုကြီး မျှော်လင့်ချက် ပြည့်တော့မှာလေ"

"အေး...ညီလေးရာ၊ မင်းအပေါ်မှာပဲ မှုတည်နေပါတယ်"

"စိတ်ချ...ကျွန်တော့်ကြောက်စိတ်တွေဖျောက်ပြီး သူငယ်ချင်းတွေနဲ့ သွားစောင့်ရင်း ရှာကြည့်ပေးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး...အေးပါကွာ"

စကားတွေ သွက်သွက်လက်လက် ပြောလိုက်၊ မျက်ဝန်းအကြည့်တွေ လင်းလက်လာလိုက်၊ ပြန်လည်မှေးမှိန်သွားလိုက်နှင့် ခါတိုင်းအခေါက်များ လာတွေ့စဉ်ကနဲ့ ဘာမှမဆိုင်ဘဲ အမူအရာများစွာ ပြောင်းလဲနေရှာသော အစ်ကိုကြီးနှင့် ကြာမြင့်စွာ နေထိုင်ပြီးမှ ဘုန်းဆင့်ရှိန် နှုတ်ဆက်၍ ပြန်ခဲ့ရပါသည်။

"နောက်တစ်ခေါက် ညီလေးလာရင် သတင်းထူး ပါလာပါစေလို့ အစ်ကိုကြီး ဆုတောင်းနေမယ်နော်"

နှုတ်ကပြောရင်း ချစ်မင်းမောင်၏ ရင်တွင်းမှာလည်း...

"မမကို ဘယ်သူသတ်သလဲ၊ မမ ဘာကြောင့် သေရတာလဲ ဆိုတဲ့ အမှန်တရားကို အမြန်ဆုံး သိခွင့်ရပါစေသား"

❊ ❊ ❊

## အခန်း ၂၆

မုတ္တမနှင့် ရန်ကုန် ပြေးဆွဲနေသော လေအေးစက်တပ် လေအိတ်ကားကြီးအတွင်းမှ နှစ်ယောက်ထိုင်ခုံမှာ ဘုန်းဆင့်ရှိန်နှင့် ပန်းဖြူစင်တို့ လိုက်ပါလာကြသည်။

လမ်းဘေးဝဲယာမှာ လက်နှင့်ညှိထားသလို တိတိကျကျ ရှည်ဝေးစွာ စီတန်းနေသော ရာဘာပင်တန်းများကို ခုမှမြင်ဖူးသော ပန်းဖြူစင် သဘောကျနေသည်။ ပင်စည်၏ အောက်ခြေမှာ အခေါက်ကို ရစ်ခွာ၍ ရာဘာစေးများ ရအောင် ခံယူရသဖြင့် အောက်ခြေမှာ ရှင်းလင်းနေသော်လည်း အပေါ်ပိုင်းပင်စည်များမှာ အားလုံး စိမ်းညို့အုပ်ဆိုင်းကာ အရွက်ချင်း အခက်ချင်း ဆက်နေလေသည်။

"ကိုဘုန်း...ကြည့်ပါဦး၊ ရာဘာပင်ရဲ့ ကြားလမ်းလေးတွေက ကားဖြတ်သွားတဲ့အခါ ကွေ့လည်ပြီး ကျန်ခဲ့သလိုပဲနော်"

"အင်း..."

"ဟာ...ဟိုးနောက်မှာလည်း တောင်ကြီးနော်"

"အေး...အဲဒါ ဇင်းကျိုက်တောင်ပဲ၊ ဆင်းရမယ့်နေရာ ရောက်ခါနီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ရောက်ပါစေ၊ အစ်ကိုကြီးနဲ့ မတွေ့ရတာ ကြာလှပြီ"

မှန်သည်။ အစ်ကိုကြီး ဘုန်းတင့်ဝေ မမညိုကို ပစ်ပြီး ဒေါ်မင်းမင်းထိုက်နှင့် လက်ထပ်ပြီးသည့်နောက်ပိုင်းမှာ ဝေးကွာခဲ့ကြရသည်။ ဘဘကြီးဦးမြရှိန် ဆုံးပြီး တစ်လပြည့်သည့်နေ့က ကြီးကြီးကျော့နှင့်အတူ တရားရုံးသို့ လိုက်ပါခွင့်ရခဲ့စဉ်က တစ်ခါသာ ပန်းဖြူစင် အစ်ကိုကြီးကို တွေ့ခွင့်ရသည်။

ဒေါ်မင်းမင်းထိုက်နှင့် ပေါင်းသင်းနေစဉ် ကာလ တစ်လျှောက်လုံး အစ်ကိုကြီး ငွေတွေသာ ပို့ခဲ့သော်လည်း သူ့အိမ်သို့ တစ်ခါမှ ပြန်မလာခဲ့ပါ။

အမှုဖြစ်နေစဉ်အတွင်းမှာလည်း မမညိုငှားပေးသော ရှေ့နေဦးအောင်ဟိန်းနှင့် ဘုန်းဆင့်တို့သာ သွားခဲ့ကြသည်။ ထောင်ကျသွားပြန်တော့လည်း အိမ်ထောင်စုစာရင်းဝင်သူသာ တွေ့ဆုံခွင့်ရသဖြင့် ဘုန်းဆင့်ရှိန်သာ ထောင်ဝင်စာ သွားတွေ့ရသည်။ ပြီးနောက်မှာ ဤရဲဘက်စခန်းသို့ ရောက်လာခြင်း ဖြစ်ပါ၏။

"တစ်လမ်းလုံး စိမ်းစိုနေတာပဲနော် ကိုဘုန်း"

"ဟုတ်တယ်၊ ဒီမွန်ပြည်နယ်က ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ရာဘာပင်တွေ အဓိကထွက်ပြီး အစားအသောက်ကပေါ၊ ရာသီဥတုက မျှတတယ်"

"ဖြူတို့ လက်ထပ်ပြီးရင် ဒီမှာ လာနေပြီး ခြံစိုက်စားရအောင်လေ၊ ဖြူက သစ်ပင်စိုက်တာ သိပ်ဝါသနာပါတာ၊ မြေနဲ့မနေရလို့"



"အရေးထဲမှာ စိတ်ကူးယဉ်မနေစမ်းပါနဲ့"

"ဟုတ်သားပဲ"ဆိုသော အသိကြောင့် ဖြူ့ ဇက်ကလေး ပုသွားရသည်။

ဘယ်ခရီးမှ မထွက်ဖူးသော ပန်းဖြူစင်မှာ စစ်တောင်းတံတားကြီး ဖြတ်ခဲ့ရတော့လည်း ပျော်လိုက်သည့်ဖြစ်ခြင်း။ ခရီးသွားနေရသည့် အရသာနှင့် ပတ်ဝန်းကျင်၏ မြင်ကွင်းဆန်းများကြောင့်ချည်း မဟုတ်သေး။ ချစ်လှစွာသော ကိုဘုန်းနှင့် အတူတွဲ၍ လာခွင့်ရသည့်အတွက် ရင်မှကြည်နူးမှုများက နှလုံးသားရင်ခွင်တစ်ခုလုံး ပြန့်နှံ့လျက်...။

သူ့ငွေးသမီး ယမုံမြတ်နိုးကို ငြင်းဆို၍ ငယ်ချစ်ဦး ပန်းဖြူစင်ကိုသာ လက်ထပ်မည်ဟု ပြတ်သားစွာ ဦးသီဟတို့ကို ပြောဆိုခဲ့ပြီးကြောင်း အားလုံးကို ဘုန်းဆင့်က ပြောပြပြီးချိန်မှာ...

ဒေါ်ကျော့ခင်၊ ဦးတင်လတ်၊ ယဉ်ညိုသွယ်တို့ သုံးဦးရှေ့မှာ ဘုန်းဆင့်ရှိန်နှင့် ပန်းဖြူစင်တို့ လက်ထပ်ခွင့် တောင်းခဲ့သဖြင့် နှစ်ဖက်လူကြီးများကလည်း ကျေနပ်ကြ၍...

ယခု ဘုန်းတင့်ဝေရှိရာသို့ လိုက်လာကြပြီး သူ့ကိစ္စကိုလည်း ပြောပြရန်၊ ကိုယ့်ကိစ္စလည်း အသိပေးရန်၊ ဘုန်းဆင့်တို့ နှစ်ယောက် ရောက်လာခဲ့ကြခြင်း ဖြစ်ပါ၏။

အစ်ကိုကြီးကို အရာထား၍ လာရောက်ခွင့်တောင်းခြင်းလည်း ဖြစ်ပါ၏။ သည်ကပြန်ပြီးချိန်မှာ လူကြီးများရွေးပေးသည့် ရက်မှာ ရုံးတက်လက်မှတ်ထိုးပြီး အဆင်ပြေမည့် ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းမှာ လက်ထပ်မင်္ဂလာဆွမ်းကျွေးပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် အတူတကွ နေထိုင်ခွင့်ရကြပါတော့မည်။

ဦးတင်လတ်ကလည်း မစီစဉ်တတ်။ ဒေါ်ကျော့ခင်က ရန်ကုန်မြို့တွင်းကိုပင် ကောင်းစွာ မသွားတတ် မလာတတ်သော ရိုးရိုးအေးအေး အဘွားကြီးဖြစ်ပါ၍...

သတို့သမီးဘက်အနေနှင့်ရော သတို့သားဘက်အနေနှင့်ပါ စီစဉ်ပေးမည့်သူက ယဉ်ညိုသွယ်...။

ယဉ်ညိုသွယ်သည် ရိုးရိုးကုပ်ကုပ် စာရေးမလေး မဟုတ်တော့ဘဲ ကိုယ့်ကား ကိုယ်မောင်းကာ အပေါင်းအသင်းကောင်းများလည်း ရရှိနေပြီ။ ငွေကြေးကလည်း ပြည့်စုံသဖြင့် အရာခပ်သိမ်း စီစဉ်ဆောင်ရွက်နိုင်သော ဖျတ်လတ်တက်ကြွသည့် သဘော်အင်ဂျင်နီယာကြီး၏ကတော် ဒေါ်ယဉ်ညိုသွယ် ဖြစ်နေခဲ့ရလေပြီ။

"အထုပ်တွေကိုင်ထား ဖြူ၊ ကိုဘုန်း အရင်ဆင်းနှင့်မယ်၊ ပြီးမှ အောက်က လှမ်းယူမယ်နော်"

"ဟုတ်ကဲ့ ကိုဘုန်း"

ကားကြီးရပ်ခါနီးတိုင်း 'ရှဲ'ဆိုသော အသံကြီးနှင့် လူပါယိမ်းထိုးသွားအောင်တုန့်ပြီးမှ လေအိတ်ကားကြီးက လုံးဝရပ်၏။

"အထဲကို တော်တော်လေး ဝင်ရဦးမယ်"

"ရပါတယ် ကိုဘုန်းရဲ့"

ဘုန်းတင့်ဝေအတွက် စားစရာတွေ၊ သူမှာသော ပစ္စည်းတွေ တနင့်တပိုး နှစ်ယောက်သား သယ်ပြီး နေပူပူနှင့် သဲမြေဖုန်လမ်းကို မနည်းရုန်း၍ လျှောက်လာခဲ့ကြရပေသည်။

"ဟာ...ကိုဘုန်း...သူတို့တွေ..."



"ဟုတ်တယ်၊ အဲဒါ ရဲဘက်တွေရဲ့ လုပ်ငန်းခွင်ပဲ"

ကျောက်ခဲတောင်းများကို မနိုင်မနင်း သယ်ရင်း သံခြေကွင်းနှစ်ဖက် ခတ်ထား၍ မနည်းရုန်းကာ တရွေ့ရွေ့သွားနေကြသော ရဲဘက်များ အားလုံး၏ အသားအရေမှာ ပုံစံတူ။ မဲညိုညစ်ထပ်ကာ နေလောင်ထားသော ဒဏ်ရာများနှင့် မောဟိုက်ပန်းလျ အားကုန်နေကြသူများ။ ချွေးဒီးဒီးကျအောင် ပင်ပန်းဆင်းရဲလွန်းစွာ ရုန်းကန်နေကြရသူများ...။

"အစ်ကို...အစ်ကိုကြီးလည်း ဒီ...ဒီလိုပဲ လုပ်ရတာလား ဟင်"

"ဒါပေါ့"

"ဟာ...ထောင်ဆိုတာ ဘယ်မှ မထွက်ရတဲ့ နေရာလို့သာ ထင်ခဲ့တာ၊ သနားပါတယ်နော်"

"ထောင်မှူးတစ်ယောက်က ပြောဖူးတယ် ဖြူ၊ ထောင်ဆိုတာ ခိုလှုံဖို့ကောင်းတဲ့ နေရာဆိုရင် လူဆိုးတွေ ဘယ်ကြောက်တော့မလဲတဲ့၊ ထောင်ဆိုတာကို လန့်သွား ကြောက်သွားမှသာ လွတ်သွားပြီးရင် နောက်ထပ် ပြစ်မှုတွေ မကျူးလွန်ရဲတော့မှာ ပေါ့တဲ့"

"အင်းနော်...ဒါပေမယ့် သနားပါတယ် ကိုဘုန်းရယ်၊ ဖြူဖြင့် မကြည့်ရက်တော့ပါဘူး၊ ဒီမှာ အစ်ကိုကြီး ရှိနေမလားဟင်"

"တစ်နေရာရာမှာတော့ ရှိနေမှာပေါ့၊ သူတို့ လုပ်ငန်းခွင် သိမ်းမှ ကိုဘုန်းတို့ တွေ့ကြရမှာလေ၊ လာ...ဆက်လျှောက်ဦး၊ တွေ့ခွင့်ပေးထားတဲ့ အမိုးသာရှိတဲ့ တန်းလျားထဲက ခုံတန်းရှည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဆောင့်ပြီး သက်ဆိုင်ရာကို အကြောင်းကြားရမှာ၊ ဒါပေမယ့် ကိုဘုန်းက လာနေကျဆိုတော့ ဒီက တာဝန်ခံတွေနဲ့လည်း ရင်းနှီးနေပါပြီ၊ သဘောကောင်းကြပါတယ်၊ အင်းစိန်ထောင်မှာထက် ဒီမှာက တွေ့ခွင့်ရတာ ပိုပြီးလွတ်လပ်ပါတယ်"

"အကြောင်းစုံ သိပြီးရင် အစ်ကိုကြီး ဘယ်လိုခံစားရမလဲ မသိဘူးနော်"

"အင်း...အဲဒါတော့ ကိုဘုန်းတို့ ကြိုပြီးမှန်းလို့ မရဘူးပေါ့ ကွယ်"

"ကဲ...လာ၊ စခန်းကို လှမ်းမြင်နေရပါပြီ၊ ရောက်တော့မယ် ဖြူ..."

❀ ❀ ❀

## အခန်းသုံး

စာအုပ်ပြာလေး၏ ပထမ စာမျက်နှာများမှာ...

"မမ၏အပျော်ဆုံးနေ့ရက်များ"

ခေါင်းစဉ်အောက်က ငပလီခရီးစဉ်၊ ချောင်းသာ ကမ်းခြေ...

ရှမ်းပြည်နယ်တစ်ခွင်ခရီးစဉ်...

မန္တလေးနှင့် ပုဂံ မင်းနေပြည်မှ စေတီပုထိုးများ...

ဖူးမြော်ခြင်းစသော ပျော်ရွှင်ဖွယ် ခရီးလမ်းများ အတွက်

မှတ်တမ်းတိုများ။

နောက်ထပ် နေ့စွဲတပ်မထားသော မှတ်တမ်းရှည် မှာ...

ဗိုက်ထဲမှ စူးစူးဝါးဝါး ထိုးအောင့်ပြီး ရင်ခွင်ကိုဖြတ် ကာ ကျောတစ်ပြင်လုံးပါ အောင့်နေ၍ အိပ်မရ။

မေမေ့တုန်းကလည်း အဲဒီလိုဖြစ်ပြီး သွားပြတော့...

"အို...မဟုတ်ဘူး၊ မဟုတ်ဘူး..."

မဖြစ်နိုင်ပါဘူး၊ ငါ ဒီလို အောင့်တိုင်း လေဆေး သောက်တာ ပျောက်နေကျပါ။ ပျောက်သွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်နဲ့ပျော်နေ၊ မောင့်နားက မခွာချင်။ ရောဂါ အကြောင်း မောင့်ကိုမပြောရက်။ ကိုယ့်ကိုယ်ကိုတိုင် ကလည်း ရောဂါကို မေ့ထားချင်၍ ဆရာဝန်ထံသို့ သုံးလေးလလောက်ကြာမှ ရောက်ဖြစ်တယ်။
"ရောဂါလက္ခဏာတွေကိုတော့ ကျွန်တော် မကြိုက် ဘူး၊ ဘာပဲဖြစ်ဖြစ် သေချာအောင် Biopsy လုပ် ကြည့်"တဲ့။

ခွဲစိတ်ခန်း Theatre ထဲမှာ မမရဲ့ အစာအိမ်ထဲက အသားစကို ထုတ်ယူပြီး ဓာတ်ခွဲကြည့်(Biopsyလုပ် ကြည့်)ဖို့အတွက် မမ တစ်ယောက်တည်း မနက် အစောကြီး ဆေးခန်းကို ထွက်လာ၊ အကြာကြီး အချိန်ကုန်ပြီး နေ့လယ်လောက်မှ ပြန်လာတော့... မောင်က စိတ်ကောက်နေရော။
သူ့ကိုထားခဲ့လို့တဲ့၊ သိပ်ဆိုးတဲ့ကောင်လေး။
သိပ်လည်း ချစ်ဖို့ကောင်းတဲ့ကောင်လေး။

မောင်...မမရဲ့အချစ်လေးရယ်...
သွားပြီ...ပြီးပြီ။ အားလုံးဆုံးရှုံးသွားပြီ မောင်။
မမမှာ တွယ်တာစရာ မောင်တစ်ယောက်ကလွဲလို့ ဘယ်သူမှမရှိပါဘူး မောင်။
ပစ္စည်းဥစ္စာတွေနဲ့ စည်းစိမ်ချမ်းသာတွေကို စွန့်လွှတ်



ရမှာ မမ မနှမြောပါဘူး။
မောင့်ကို...မောင့်ကို ခွဲရတော့မယ်ဆိုတဲ့ အသိက မမရဲ့ ရင်ထဲကို မီးတောက်ကြီးနဲ့ ရှို့မြှိုက်လိုက် သလိုပဲ။
မမ မခွဲချင်ဘူး၊ ခွဲလည်း မခွဲနိုင်ဘူး။
သိပ်ချစ်ရတဲ့ မောင့်ကို ချစ်ပြီးရင်း ချစ်နေချင်တယ်။
ချစ်လို့ မဝ,သေးဘူး အချစ်ရယ်...။
ဒါပေမယ့် မလွဲမသွေ ခွဲကြရတော့မယ်။
မမ ရှုံးပြီ။
မမ ရှုံးသွားပြီ မောင်ရဲ့။
ဒီနေ့ မမရဲ့အသားစကို ထုတ်ထားတဲ့ အဖြေရပြီ။
"အစာအိမ်ကင်ဆာ"တဲ့။
ပြတာ နောက်ကျသွားသတဲ့။
လွန်သွားပြီတဲ့။
ကင်ဆာဆဲလ်တွေ ပျံ့နှံ့သွားပြီတဲ့။
ဆေးရုံတက်ပါ။
လိုအပ်ရင်ခွဲမယ်။
ဓာတ်ကင်ကြည့်မယ်။
ကြိုးစားကြည့်မယ်တဲ့။
မမက အဖြစ်မှန်ကို အမှန်အတိုင်း သိချင်တယ်၊ ပြောပြပါလို့ တောင်းဆိုလိုက်တော့...
"အကြာဆုံး သုံးလပဲ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သုံးလ…
သုံးလပဲ ဒီလောကထဲမှာ မမ အသက်ရှင်ခွင့်ရတော့မယ်။
အဲဒီသုံးလအတွင်းမှာလည်း…
အေးငြိမ်းချမ်းသာ နေခွင့်ရမှာ မဟုတ်ဘူးလေ မောင်ရယ်…။
မေမေ့တုန်းကလည်း ရင်သားကင်ဆာဖြစ်တာ ခံလိုက်ရတာ၊ နာလိုက်တာလည်း မပြောနဲ့တော့၊ ကြည့်ရတဲ့လူတောင် မကြည့်ရက်လောက်အောင်ပါပဲ။
ခုလည်း…
မမလည်း…
ဒီသုံးလအတွင်းမှာ ဓာတ်ကင်ရတဲ့အတွက်…
လူက ညိုမည်း၊ ပိန်ခြောက်၊ ဆံပင်တွေကျွတ်။
နာကျင်ကိုက်ခဲမှုကြောင့် ညည်းညူအော်ဟစ်။
ဘာအစာမှမဝင်။
အရိုးပေါ် အရေတင်ပြီး အိပ်ရာထဲက မထနိုင်။

အမယ်လေး…ဒါတွေကို မမ ရင်ဆိုင်ပြီးမှ သေမင်းရှေ့မှာ ဒူးထောက် အရှုံးပေးရတော့မှာ။
မဖြစ်ဘူး…မဖြစ်ချင်ဘူး။
အဲဒီလိုမျိုးကြီးဖြစ်ပြီးမှ မသေချင်ဘူး မောင်ရယ်။



တကယ်တမ်းပြောရရင် သေရမှာ မကြောက်ပါဘူး။
မောင်နဲ့ခွဲရမှာသာ ကြောက်တာ။
မောင်နဲ့ နေခွင့်ရတဲ့ သုံးနှစ်နီးပါး ကာလမှာ မမစိတ်ကြိုက် နေပေးရှာတဲ့ မောင့်ကို မမ ချစ်လိုက်တာ၊ ကျေးဇူးတင်လိုက်တာကွယ်။
ဒါကြောင့် မမရဲ့စည်းစိမ်ဉစ္စာတွေ မောင့်နာမည်နဲ့ လွှဲပေးထားတာ မှန်လိုက်တာ။
မမ တစ်သက်လုံးမှာ မောင်နဲ့နေခဲ့ရတဲ့ ကာလလေးတွေက တပ်မက်ဖွယ်ကောင်းလောက်အောင် ပျော်ရွှင် ချမ်းမြေ့ရပါတယ်။
ဒါပေမယ့် ခုတော့…ခုတော့…
ရှုံးပြီ။
မမ ရှုံးပြီ။
မောင့်ကို ခွဲရတော့မယ်။
အရေးထဲမှာ မောင်က မမကို စိတ်တွေဆိုးနေသေးတယ်။
ဆိုးပစေ၊ ဒါ မမကိုချစ်လို့၊ မမ တစ်ယောက်တည်း ထွက်သွားတာတွေကို မကြိုက်လို့ဆိုတာ မမ နားလည်ပါတယ်။ အဲဒီလို မောင်ဖြစ်သွားတာ မမကိုချစ်လို့ပါ။ ချစ်ရှာလို့ပါ။
မောင်ရယ်၊ မမရင်ထဲမှာ မချိတော့ပါဘူး။
ခွဲရတော့မယ့်အတူတူ ငရဲကျသလို ဝဋ်ဒုက္ခတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ဦးကျင် အော်ဟစ်ပြီးမှ ဘာလို့ တမလွန်ကို ကူး
တော့မလဲ။
ခုချိန်မှာ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေး
လေး ထွက်သွားလိုက်တာ ပိုမကောင်းဘူးလားဟင်
မောင်။
ဟုတ်တယ်နော်။
မမ ဒီလိုတွေးတာ မှန်မှာပါနော်။

❀

ကော်ဖီထဲမှာ အိပ်ဆေးသုံးလုံး ထည့်တိုက်လိုက်လို့
နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာတဲ့ မမရဲ့ချစ်သူ
လူချောလေးရယ်။
ကောက်ကွေးနေတဲ့ မောင့်ရဲ့ ဆံပင်လှလှလေး နဖူး
ပေါ်ကျ နေတာကို သပ်တင်ပေးပြီး မောင့်နဖူးကို
နှုတ်ဆက်အနမ်းလေး မမ နမ်းလိုက်တယ်။
ပြီးတော့ မောင့်ကိုဖက်ရင်း မမ ငိုလိုက်တာ...။
နှလုံးအိမ် ပွင့်ကွဲသွားမတတ်ပါပဲ အချစ်ရယ်။
"ဒါပေမယ့် မောင် နိုးသွားမှာစိုးလို့ ပြန်ထလာပြီး
ဒီစာကို မမ ဆက်ရေးနေတာပါ။



ဒီည မမ စိတ်ကြိုက် လှုပ်ရှားလို့ရအောင်...
ဒေါ်ကြီးတို့၊ အဘကွန်းတို့ အားလုံး သွားခိုင်းထား
တယ်လေ။ မောင့်ကို ခိုင်းတော့လည်း လုပ်ပေးရှာ
တာပဲ။
မောင်ရယ်...
မမလည်း အိပ်ဆေးတွေ အလွန်အကျွံသောက်ပြီး
မောင့်ရင်ခွင်ထဲမှာ မမရဲ့ နောက်ဆုံးထွက်သက်ကို
ချုပ်ငြိမ်းစေမလို့ပါ။
ဒါပေမယ့် မဖြစ်ပါဘူးလေ။
မောင် နိုးလာရင် အေးစက်တောင့်တင်းနေတဲ့ မမရဲ့
ခန္ဓာကြီးကို တွေ့လိုက်ရင် မောင် လန့်သွားရှာမှာ။
နေပါစေတော့...။
အိပ်ဆေးသောက်ပြီးရင် ဒီတစ်ခြံလုံးမှာ မမအကြိုက်
ဆုံး နေရာဖြစ်တဲ့ ရေကူးကန်ဘေးမှာ ထိုင်ချင်ထိုင်
မယ်၊ အိပ်ချင်အိပ်မယ်။
ပြီးတော့ရေကူးကန်ရဲ့ ကြမ်းပြင်မှ မမ ပုန်းနေတော့
မယ်။
မောင်...မောင်...
မမရဲ့အချစ်ဆုံးလေးရယ်။
ပျော်ရွှင်ခွင့်ရခဲ့တဲ့ နေ့ရက်တွေအတွက် မမ...မမ
မောင့်ကို ကျေးဇူးတင်လိုက်တာ။
မမရဲ့ စည်းစိမ်ချမ်းသာတွေနဲ့ မမရဲ့ အချစ်ဆုံးလေး

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စွာ စံစားနိုင်ပါစေကွယ်။
ထွက်ခွာရမှာမို့ ပေးခဲ့တာ မဟုတ်ဘဲ…
ခွဲခွာခြင်းဆိုတာ မကြုံကြိုက်ခင်ကတည်းက ပေးခဲ့
တဲ့ မမပိုင် ပစ္စည်းဥစ္စာတွေမို့ မောင် စိတ်သန့်သန့်
နဲ့သာ သုံးပါနော်။
မမ ခေါင်းတွေမူးလာပြီ။
ဒီစာအုပ်လေးကို မမနဲ့မောင်သာ သိကြတဲ့ ခုတင်ရဲ့
အံဝှက်ထဲမှာ ထည့်ပြီးရင် မမ ရေကူးကန်ဆီကို
သွားတော့မယ်။
မောင်…မမ အချစ်ရယ်…
မောင်နဲ့မမ ဘာလို့များ အသက်ထက်ဆုံး နေခွင့်မရ
တာလဲ။
မောင့်ကို ဘာလို့ အစောကြီး စွန့်လွှတ်ပေးလိုက်ရ
တာလဲ။
မမရဲ့နှလုံးသားဟာ မောင့်ဆီမှာ ကျန်ရစ်ခဲ့မှာပါ။
ရင်ဗလာနဲ့ မိန်းမတစ်ယောက်ရဲ့ သက်မဲ့ခန္ဓာကို
နောင်မှ မောင် တွေ့ပါစေတော့။
ခု မခွဲလည်း မကြာခင်ကာလမှာ ခွဲရတော့မယ်
မောင်ရဲ့။ မမ မျက်စိတွေ ပြာလာပြီ။
လက်တွေတုန်လာပြီ။
မမ အောက်ဆင်းမှ ဖြစ်တော့မယ်။
အချစ်လေးကို မမ တစ်ကြိမ် နမ်းလိုက်ဦးမယ်။



မမ မျက်ရည်တွေ မောင့်မျက်နှာပေါ်မှာ စွန်းပေခဲ့
အောင်လေ။
သွားပြီ။
မမ သွားပြီ မောင်ရယ်။
တကယ့်ကို ခွဲကြရတော့မယ်။
မောင့်ကိုချစ်လွန်းလို့ မမ စောစောထွက်ခွာသွား
နှင့်တာပါ။
မမသွားပြီ။ မမ ရင်မဆိုင်ရဲဘူး။ ရောဂါကြီးခံစား
နေရမှာလဲ ကြောက်တယ်။ ဒါကြောင့် ခွဲသွားမှာပါ။
ချစ်…မင်း…မောင် ဆိုတဲ့ မမမင်းရဲ့ အချစ်ဆုံး
မောင်ရေ…
သွားတော့မယ်။
သွားရတော့မယ်ကွယ်…။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



“ဟာ…ကိုဘုန်း၊ လုပ်ဦးလေ၊ ဟိုမှာ အစ်ကိုကြီး ငိုနေပြီ”

“နေပါစေကွယ်၊ သူ ဆန္ဒရှိသလောက် ငိုပါစေ”

“သူတို့နှစ်ယောက် အဖြစ်ကလည်း သနားစရာကောင်းလိုက်တာနော်”

“အေးကွယ်”

သည်စာအုပ်ပြာလေး တွေ့ရှိပြီးနောက်မှာ သူတို့နှစ်ယောက်ဖတ်ပြီးခဲ့ပါပြီ။ ထိုအချိန်ကတည်းကမျက်ရည်ကျခဲ့သောအသည်းနုမလေး ပန်းဖြူစင်…။ ယခုလည်း သူပါ လိုက်၍ ငိုနေရှာပြီ။

ချစ်မင်းမောင်ဆိုသော ဘုန်းတင့်ဝေမှာ ငုံ့ငိုနေရာမှ ခေါင်းပြန်မော့လာချိန်တွင်…

အမှန်တရားများပါရှိသော သူ့မမ၏လက်ရေးနှင့် စာအုပ်ပြာလေးကို သူ့ရင်ခွင်၌ လက်နှစ်ဖက်ဖြင့် ပိုက်ဖက်ထားရှာသည်။



မျက်ဝန်းနှင့် ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေ အဆက်မပြတ်သွယ်တန်းစီးဆင်းလျက်…

“ဖြစ်ရလေ…ဖြစ်မှဖြစ်ရလေ မမရယ်”

“မမ သူ့ကိုယ်သူ သတ်သေသွားတာလားလို့ မောင်တွေးမိလို့ ရှေ့နေ ဦးအောင်ဟိန်းကို ပြောမိသေးတယ်၊ သူက မဖြစ်နိုင်ပါဘူးတဲ့လေ”

လေတိုးသံလောက်သာ ကြားနိုင်သော အသံတိုးတိုးတိမ်တိမ်လေးနှင့် စကားဆက်ရှာသည်။

“ရောဂါဖြစ်လည်း မောင် ကုမှာပေါ့၊ မောင် ပြုမှာပေါ့”

“မမ ဘာလို့ သတ္တိနည်းရတာလဲဗျာ”

“ဘာလို့ မောင့်ကို ပြုစုခွင့်မပေးရတာလဲ”

“မောင့်ကို ချစ်လို့ ကြိုပြီးထွက်ခွာသွားတယ်ဆိုတာ အမှန်တရားမှ မဟုတ်တာဘဲ မမရယ်”

“တူတူစံပြီးမှ ရောဂါဒဏ်ကိုလည်း မောင်နဲ့တူတူခံသင့်တာပေါ့၊ မမရဲ့ဆုံးဖြတ်ချက်အမှားတွေကြောင့် မောင်ရော မမပါ အဆိပ်တွေ မြိုချခဲ့ကြသလို အဆိပ်သင့်ခဲ့ကြရပါပြီ”

“မမကအသက်ဆုံး”

“မောင်က ဘဝဆုံးရပြီလေ”

“ဒါပေမယ့် ဘာပဲဖြစ်ဖြစ်”

“မမကို မောင် သနားတယ်”

“တုနှိုင်းစရာမရှိလောက်အောင် မောင့်ကို ချစ်နိုင်စွမ်းတဲ့ အဆိပ်သင့်အချစ်ရှင် မမကို မောင် သနားလိုက်တာဗျာ”

www.burmeseclassic.com

www.burmeseclassic.com



ချစ်မင်းမောင်သည် သူ့ရှေ့မှ ဝန်းကျင်အားလုံး ကွယ်ပျောက်နေသလို သူ ဘာကိုမှ မြင်ပုံမရ။

လက်ရှိအခြေအနေနှင့် နေရာကိုပါ ပျောက်ဆုံးကာ လွန်ခဲ့သည့် အတိတ်ကာလဆီမှ သူ၏ချစ်လှစွာသော မမကို လှမ်း၍ စကားပြောနေသလို တိုင်တည်နေသလို ဖြစ်နေရှာ၏။

"ကိုဘုန်း"

ပန်းဖြူစင်က လေသံလေးနှင့် လက်တို့ခေါ်လိုက်ပြီး...

"ဒါဆို အစ်ကိုကြီး သတ်တာမှမဟုတ်တာ၊ အစ်ကိုကြီး လွတ်တော့မှာပေါ့နော်"

ဘုန်းဆင့်ရှိန်က ခေါင်းခါ၍ လက်ကာပြထားသဖြင့် 'အသာနေ' ဆိုသော အဓိပ္ပာယ်အတိုင်း ပန်းဖြူစင်မှာ မျက်ရည်အဝေသားနှင့် အစ်ကိုကြီး ဘုန်းတင့်ဝေကိုသာ ငေးကြည့်နေသည်။

သည်ရုပ်သည်ရည်နှင့် အပြင်တစ်နေရာမှာသာ တွေ့ခွင့်ရခဲ့ပါလျှင် အစ်ကိုကြီး ဘုန်းတင့်ဝေဟု သူ ဘယ်နည်းနှင့်မှ လက်ခံနိုင်မည် မဟုတ်ပါ။ ကျဆင်းသွားလိုက်သည့် ရုပ်ရည်။

"ညီမလေး ဖြူစင် စောစောက မေးလိုက်တာ.အစ်ကိုကြီး ကြားလိုက်ပါတယ်"

"ရှင်..."

"အစ်ကိုကြီး သတ်တာ မဟုတ်လို့ အစ်ကိုကြီး လွတ်တော့မယ်လို့ ထင်နေတာလေ"



"ဟုတ်ကဲ့၊ ဒီစာအုပ်ပြပြီး အခု ညီမလေးတို့နဲ့ ပြန်လိုက်လို့ ရပြီလားဟင်"

"ဒီလောက် တုံးရသလား" ဆိုသော အကြည့်ဖြင့် ဘုန်းဆင့်က သူ့ချစ်သူကို ကြည့်လိုက်သော်လည်း ဘုန်းတင့်ဝေကဖြင့် တည်တည်ငြိမ်ငြိမ် ကြည့်ကာ ခွင့်လွှတ်ပြုံးလေးပင် ပြုံးပြလိုက်ပြီးမှ...

"တရားဥပဒေ ဆိုတာ သက်သေ၊ ရှေ့နေနဲ့ တရားခံကိုယ်တိုင်ရဲ့ ထွက်ဆိုချက်တွေက သိပ်အရေးကြီးတယ်၊ ခုအမှုမှာ အစ်ကိုကြီးကိုယ်တိုင်က မမကိုသတ်တာပါလို့ ဝန်ခံခဲ့လို့ တရားဥပဒေက တရားမျှတစွာ အမိန့်ချခဲ့တာပါ"

"ဟင်...အစ်ကိုကြီးက ဘာလို့ သတ်တယ်လို့ ပြောရတာလဲ"

"သေချင်လို့၊ သေဒဏ်အချခံချင်လို့၊ ကြိုးစင်တက်ချင်လို့"

"ဟာ..."

အစ်ကိုကြီး၏မျက်နှာ တင်းတည်သွားပြန်၍ သူတို့ နှစ်ယောက်လုံး ငြိမ်နေလိုက်ရသည်။

"ရော့...ဒီစာအုပ် ဒီမှာထားခဲ့လို့ မဖြစ်ဘူး၊ မမ သိမ်းတဲ့နေရာမှာပဲ ပြန်သိမ်းထားပေးပါ ညီလေး"

"ဟုတ်ကဲ့"

သူ့မမ၏ ကိုယ်စားအဖြစ် တယုတယလေး ကိုင်ကာ လှမ်းပေးနေ၍ ဘုန်းဆင့်ကလည်း လက်နှစ်ဖက်ဖြင့် လှမ်းယူပြီး လွယ်အိတ်ထဲသို့ ထည့်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်လေး စောစော တွေ့လိုက်ရင် ဘယ်လောက်ကောင်းမလဲနော်"

"အေးပေါ့ ညီလေးရာ၊ နှစ်ယောက်တည်းနေတဲ့ အိမ်မှာ တစ်ယောက်ကသေ၊ တစ်ယောက်က အဖမ်းခံရတော့ ဘယ်တွေ့နိုင်ပါတော့မလဲ၊ ဝဋ်ကြွေးရှိလို့ အစ်ကိုကြီး ဒီလိုခံရတယ်လို့ပဲ သတ်မှတ်လိုက်ပါပြီ"

"ဦးအောင်ဟိန်းနဲ့ သွားဆွေးနွေးရဦးမလား အစ်ကိုကြီး"

"နေပစေလေ၊ မလိုတော့ပါဘူး၊ ဘာမှဖြစ်လာမှာလည်း မဟုတ်တော့ဘူး"

ဘုန်းတင့်ဝေက အဝေးသို့ ငေးနေပြီးမှ...

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ ဦးသီဟ ဝင်'ကြောင်'တာရယ်၊ ဦးအောင်ဟိန်းရဲ့ စွမ်းဆောင်ချက်တွေရယ်ကြောင့် အစ်ကိုကြီး သိချင်တဲ့ အမှန်တရားကို သိခွင့်ရသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဦးသီဟတို့ သားအဖလည်း နိုင်ငံခြားသွားကြတယ်တဲ့၊ ခဏလား၊ အပြီးလားတော့ မသိဘူး၊ သူတို့ တောင်းထားတဲ့ ငွေလည်း ဘယ်လိုလုပ် ပေးနိုင်မှာလဲ"

"သြော်...ဒါနဲ့ မမရဲ့ရတနာသေတ္တာရော မတွေ့ဘူးလား"

"အံဝှက်ထဲမှာ စက္ကူဘူးလေးနဲ့ အဲဒီ စာအုပ်လေးပဲ တွေ့တယ်၊ အစ်ကိုကြီး လွတ်လာမှပဲ သေသေချာချာ ရှာတော့နော်"

"ငါ လွတ်လာမှ..."



"ဟုတ်ကဲ့"

ဘုန်းတင့်ဝေက ခေါင်းယမ်းပြလိုက်ပြီး...

"အစ်ကိုကြီး လွတ်လာဖို့ မမျှော်လင့်ပါနဲ့တော့ ညီလေး ဘုန်းဆင့်"

"ဟာ...ဘာဖြစ်လို့လဲ အစ်ကိုကြီးရာ၊ ရဲဘက်ဆိုတာ လျှော့ရက်တွေ အများကြီးရတာလေ၊ အမေကတော့ တွတ်တွတ်သိတဲ့ လူတွေမေး၊ ဗေဒင်တွေမေး၊ ယတြာတွေချေပြီး အစ်ကိုကြီး လွတ်လာမယ့်ရက်ကို မျှော်နေရှာတာ"

ထပ်မံ ခေါင်းယမ်းပြပြီး...

"အစ်ကိုကြီး နေမကောင်းလှဘူးကွယ်၊ ဒီက ပင်ပန်းတဲ့ ဒဏ်ကို ဒီထက်ပိုပြီး ခံနိုင်ရည် မရှိတော့ဘူး၊ ပြီးတော့ အစ်ကိုကြီးရဲ့ ဆန္ဒလည်း ပြည့်ပါပြီ"

"ဆန္ဒ...ဘာဆန္ဒလဲဟင်"

"အမှန်တရားကို သိချင်တဲ့ဆန္ဒ"

"ဒီစာအုပ်ပြာလေးလား"

"ဟုတ်တယ်၊ ငါ့ဆုတောင်းပြည့်ပြီ၊ မမ ဘာကြောင့် သေရတယ်ဆိုတဲ့ အမှန်တရားကို ငါမသေခင် သိသွားချင်တဲ့ဆန္ဒလေးပြည့်ပြီ၊ ငါ ဒီအတွက် အားတင်းထားတာပါကွာ၊ ခုတော့ ငါ စိတ်လျှော့လိုက်ပါပြီ၊ ခံနိုင်ရည်လည်း မရှိတော့ပါဘူး၊ ငါ ထွက်လာဖို့ မမျှော်လင့်ကြပါနဲ့တော့"

"ဟာ...အစ်ကိုကြီး"

ဘုန်းဆင့်ရှိန်က လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"သေဆုံးသွားပြီးတဲ့ ဒေါ်မင်းမင်းထိုက်အတွက်ပဲ အသက်ရှင်နေချင်တာလား အစ်ကိုကြီး၊ အစ်ကိုကြီးကို အမြဲ မျှော်လင့်တမ်းတ စောင့်စားနေကြတဲ့ အမေရယ်၊ ညီလေးရယ် ရှိနေကြသေးတယ် ဆိုတာ အစ်ကိုကြီး နည်းနည်းလေးမှ စဉ်းစားမပေးတော့ဘူးလားဗျာ"

ခံစားချက် ပြင်းစွာ ထွက်ပေါ်လာသော ဘုန်းဆင့်ရှိန်၏ ရင်ထဲမှ စကားလုံးများက လှိုက်ခါတုန်ရီနေသလို ဘုန်းဆင့်ရှိန် ရှိုက်၍ငိုရှာပြီ။

"ဟုတ်သားပဲ အစ်ကိုကြီးရယ်၊ ဖြူလေးတို့ အပါအဝင် အစ်ကိုကြီးကို ချစ်ကြတဲ့သူတွေက စောင့်မျှော်နေသေးတယ်ဆိုတာ အစ်ကိုကြီး သိသင့်ပါတယ်"

ဘုန်းဆင့်ရှိန်က ဘာမှ မပြောတော့ဘဲ မျက်နှာကို လက်ဝါး အုပ်ပြီး ငိုရှိုက်နေ၍ ဘုန်းတင့်ဝေက ပခုံးကို လှမ်းဖက်လိုက်ပြီး...

"ငိုမနေပါနဲ့ကွာ၊ အစ်ကိုကြီး တောင်းပန်ပါတယ်"

ဘုန်းဆင့်ရှိန်က သူ့ကိုယ်သူ ပြန်လည် ထိန်းချုပ်လိုက်ပါသည်။ သည်အချိန် သည်နေရာမှာ၊ အထူးသဖြင့် အကျဉ်းစံ အစ်ကိုကြီး၏ရှေ့မှာ သူ မျက်ရည်မကျသင့်ပါ။

"ဆုံးမစကားရှိတယ်၊ တန်ဆေးလွန်ဘေး...တဲ့၊ အချစ်မှာလည်း ချစ်သင့်တာထက် ပိုချင်မိရင် အဆိပ်သင့်တတ်ပါတယ်"

ဘုန်းဆင့်ရှိန် ခေါင်းညိတ်ပြလိုက်ရသည်။

"ဘဝဆိုတာ ဘာမှမရေရာပါဘူး ညီလေး၊ လူသားအားလုံး



ကံကြမ္မာရဲ့ အစီအမံအောက်မှာ နေကြရပါတယ်၊ ကံနဲ့ ကြမ္မာဆိုတာလည်း ခုဘဝနဲ့ ရှေးရှေးဘဝတွေက ကိုယ်ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှုကနေ ဖြစ်ပေါ်လာတာလေ"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"ဒါကြောင့် အစ်ကိုကြီးမှာ သေချင်ပေမယ့် သေလို့မရဘဲ ဒီနေရာကို ရောက်လာခဲ့ရတာလေ"

"ဒီနေရာကနေ လွတ်မြောက်ပါစေ အစ်ကိုကြီးရာ"

"အစ်ကိုကြီးကိုယ်တိုင်တောင် အားလျှော့လိုက်ပြီမို့ ညီလေးတို့လည်း သိပ်ပြီး မျှော်လင့်မထားကြပါနဲ့တော့ကွယ်"

"အစ်ကိုကြီးရယ်..."

"ကဲကဲ...ညီလေးတို့လည်း နေ့ချင်းပြန်ဆိုတော့ ကားမမီဘဲ နေဦးမယ်၊ ပြန်ကြတော့လေ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"အစ်ကိုကြီးလို မမိုက်ကန်းတဲ့အတွက် ယမုံမြတ်နိုးကို မရွေးဘဲ ညီမလေး ဖြူစင်ကို ရွေးလိုက်တာ အစ်ကိုကြီး ဝမ်းသာလိုက်တာကွယ်"

သူတို့နှစ်ယောက်၏ ကိစ္စကို တွေ့တွေ့ချင်း ပြောပြီးမှ စာအုပ်ပြ ထုတ်ပြခဲ့သဖြင့် အစ်ကိုကြီးက အလုံးစုံ သိနှင့်နေပါပြီ။ ပန်းဖြူစင်က...

"မမညီက စားစရာတွေ အများကြီး ပေးလိုက်ပါတယ်၊ အစ်ကိုကြီးအပေါ်မှာ ငယ်ငယ်တုန်းကလို အဖြူရောင်သူငယ်ချင်း မေတ္တာနဲ့ ဝယ်ပေးလိုက်တာပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးအေး...အစ်ကိုကြီးကလည်း ဖြူလေးတို့ ညီအစ်မ အသေါ်မှာ ဟိုးငယ်စဉ်တုန်းကလို သံယောဇဉ်မျိုးနဲ့ နှမလေး နှစ်ယောက်လို သဘောထားပါ့မယ်ကွယ်၊ ညီမလေး ဖြူနဲ့ ညီလေး ဘုန်းဆင့်တို့ သာယာချမ်းမြေ့စွာ ပေါင်းဖက်နိုင်ကြပါစေကွာ"

ဆုပေးပြီးမှ ကန်တော့ဖြစ်ကြသည်။

ညီလေးနှင့် ညီမလေးတို့ နှစ်ဦးအတွက် မုဒိတာ မျက်ဝန်းများဖြင့် ငေးကြည့်ရင်း မျက်ရည်အဝေသားနှင့် ကျန်ရစ်ရှာသည်။

❀ ❀ ❀

BURMESE CLASSIC .com

## နိဂုံး

လူသားတို့၏ အသက်ရှည်ခြင်း,တိုခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း၊ နောက်ဆုံး ခံစားမှုချင်းက,အစ တစ်ယောက်နှင့် တစ်ယောက် ဘယ်လိုမှ ညှိ၍မရ။ ဘယ်နည်းနှင့်မှ ထပ်တူမကျနိုင်အောင် တစ်ယောက်တစ်မျိုးစီ လည်ပတ်နေကြသော်လည်း...

မျိုးစု တူသော သစ်ပင် ပန်းပင်တို့သည် ပွင့်ချိန်တူတူ၊ သီးချိန်တူတူ၊ ဝေချိန်တူတူ၊ ကြွေချိန်တူတူဖြင့် နှစ်စဉ် ပုံမှန် လည်ပတ်နေကြသည့်အတိုင်းပင်။

ကမ္ဘာဦးကတည်းက နွေမိုးဆောင်းဆိုသော သုံးရာသီသည်လည်း ပုံမှန် အချိန်မှန်စွာ လည်ပတ်နေကြပေသည်။

ထိုသို့ သုံးရာသီပေါင်း များစွာ လည်ပတ်လာပြီးသည့် နောက်ဆုံးတစ်နေ့တွင်......

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ကျရက်များနှင့် လျှော့ရက်များစွာနှုတ်ပြီး…

ချစ်မင်းမောင် လွတ်မြောက်လာခဲ့သည်။

ဘုန်းတင့်ဝေဆိုသည့် သူ၏ အမည်ရင်းကို ဖျောက်ပစ်လိုက်ပြီး အချစ်ဆုံးမမ၊ ကျေးဇူးရှင်မမ ပေးအပ်ခဲ့သော 'ချစ်မင်းမောင်' အမည်ဖြင့်သာ…

သူ၏ ဒုတိယဘဝကို ရှင်သန်စေမည်ဟု ချစ်မင်းမောင် ဆုံးဖြတ်လိုက်ပြီးပါပြီ။

သူ လွတ်မြောက်လာပြီးနောက် ဘယ်မှလည်း မထွက်။ ဘယ်သူနှင့်မှလည်း မတွေ့။ တွေ့ဆုံစရာ မိတ်ဆွေ၊ သူငယ်ချင်းတို့လည်း တစ်နေရာစီ ပြန့်ကျဲကုန်ပြီမို့…

သူ တိုက်ကြီးထဲမှာပင် ရက်ပေါင်းများစွာ နေထိုင်ခဲ့ပြီး ကောင်းမွန် အာဟာရပြည့်ဝသောစားဖွယ်များကို နေ့စဉ် စားသုံးခွင့်ရခဲ့သဖြင့် အသားအရေများ ပြန်လည်စိုပြေလာပြီ ဖြစ်သော်လည်း တစ်ခေါင်းလုံးနီးပါး ဖြူနေသော ဆံပင်များနှင့် သူ့ရုပ်ရည်များစွာ ကျဆင်းအိုမင်းသွားခဲ့ချေပြီ။

သူ ပြန်ရောက်လာပြီးသည့်အခါမှာ မမ ဝှတ်ဆင်ခဲ့သော ရတနာများစွာကို ရှာဖွေတွေ့ရှိခဲ့သည်။

ဦးသီဟ ပြောသော စိန်တစ်ဆင်စာကိုဖြင့် ရှာဖွေ၍ မတွေ့ပါ။

ဒေါ်မင်းမင်းထိုက်၏ မိခင်သည်လည်း ကင်ဆာရောဂါဖြင့်



ကွယ်လွန်ခဲ့သည်ဆို၍ သူရှိစဉ်ကပင် ထိုပစ္စည်းများ ရောင်းချထုခွဲလိုက်လေပြီလား မသိနိုင်ပေ။

ဦးသီဟတို့သားအဖလည်း နိုင်ငံခြားသို့ အပြီးတိုင် ထွက်ခွာသွားကြပြီဟု သိလိုက်ရသဖြင့်၊ သည်တိုက်ကြီး ဖွင့်ခွင့်ရသည့်နေ့က သွေးရူးသွေးတမ်းနှင့် တောင်းဆိုခဲ့ကြသော ငွေသိန်းသုံးရာလည်း ပေးစရာ မလိုအပ်တော့ပေ။

ရှေ့နေကြီး ဦးအောင်ဟိန်း၏ နာရေးသတင်းကိုဖြင့် သူ လွတ်လာပြီးမှ သတင်းစာမှာ ဖတ်လိုက်ရသည်။

နှစ်ပေါင်းများစွာအတွင်း သေသူကသေ၊ ပြောင်းရွှေ့သူက ပြောင်းရွှေ့၊ ထွက်ခွာသူက ထွက်ခွာ၊ အိမ်ထောင်ကျသူကကျ၊ ခွဲခွာသူတွေက ခွဲခွာကြနှင့် လူ့လောကကြီး၏ မတည်ငြိမ်သော အပြောင်းအလဲများစွာကို သူ တွေ့ထိသိရှိခွင့်ရခဲ့ပြီ။

❊

တိုက်ကြီး၏အပေါ်ထပ်မှ မမနှင့်သူ အတူအိပ်စက်ခဲ့သော ခုတင်ကြီးကို မဖျက်ဘဲ ထိုအိပ်ဂေဟာတွင်ပင် သူ တစ်ယောက်တည်း အိပ်သည်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း မမ၏ အငွေ့အသက်နှင့် စေတနာ၊ သဒ္ဒါနှင့် ချစ်ခြင်းမေတ္တာတို့ ပေးအပ်ခဲ့ရာ ဧည့်ခန်းမကြီးထဲမှ ဧည့်အိပ်ခန်းကြီးထဲမှာပင် သူ အနေများခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းရှေ့မှာ သူနှင့်မမတို့ နှစ်ယောက်တွဲရိုက်ထားသော ဓာတ်ပုံကို အကြီးကြီးကူးချဲ့ပြီး စားပွဲပေါ်တွင်ထောင်ထားသည်။

ပထမတော့ မမ တစ်ယောက်တည်း ပုံကြီးကူးမလို့ပါ။

ဒါပေမယ့်...

"မောင့်ကို မခွဲချင်ဘဲခွဲသွားရရှာတဲ့ မမကို တစ်ယောက်တည်း မကြည့်ရက်လို့ နှစ်ယောက်တွဲပုံကြီးကူးထားတာပါ မမ"

ပုံကြီး၏ရှေ့မှ ပန်းအိုးထဲတွင် အဝါရောင် နှင်းဆီပွင့်များ ထိုးစိုက်လိုက်သည်။

ထိုပန်းအိုး၏ရှေ့မှာ စာတမ်းတစ်ခု။

## 'ဒေါ်မင်းမင်းထိုက်နှင့်ဦးချစ်မင်းမောင်'

မမကို ဦးစားပေးချင်သောစိတ်ဖြင့် သူ့အမည်ကို နောက်မှ ထားရှိခြင်း ဖြစ်ပါ၏။

သူ၏ နေ့စဉ် ဝတ္တရားက မမအတွက် ပန်းလှလှလေးများ ပန်းအိုးထဲမှာ ထိုးစိုက်ပေးခြင်းဖြင့်...

"မမအပေါ်တွင် ထာဝရ မွှေးမြလန်းဆန်းလှပသောမေတ္တာတရားများ ထားရှိ ပေးအပ်နေဆဲပါ"

ဆိုသော သက်ရောက်မှုကို သူကိုယ်တိုင်မှလွဲ၍ မည်သူမှ မသိစေရပါ။

ဓာတ်ပုံထဲမှ မမ၏ အပြုံးကို ကြာမြင့်စွာ ကြည့်နေပြီးမှ သူ လှည့်ထွက်လာချိန်မှာ...



ကျယ်ဝန်း၍ ကြည်ညိုစရာကောင်းသော ဘုရားစင်ကြီးရှေ့တွင် 'အမေ'သည် ယောဂီတဘက်ကလေး ပခုံးတင်၍ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင်ယှက်တင်ကာ အေးချမ်းငြိမ်သက်စွာ တရားရှုမှတ်နေရှာသည်။

သူသည် ခမ်းနားလှသော အင်္ဂတေ ပွတ်လုံးတိုင်များနှင့် တည်ဆောက်ထားသော လသာဆောင် ဝိုင်းဝိုင်းကြီးဆီသို့ ထွက်လာခဲ့သည်။

ခြံထဲမှ ကံ့ကော်ပွင့်တို့၏ ရနံ့က သင်းသင်းမြမြလေး မွှေးနေ၏။

ပင်အိုများ အားလုံးနီးပါး ယခင်အတိုင်းပါပင်။

ခြံထဲမှ မမ၏ အသက်ဝိညာဉ် ကြွေကျခဲ့ရာ ရေကူးကန်ကြီးကိုဖြင့် သူရောက်ပြီးမှ ပိတ်ပစ်လိုက်ပါပြီ။ မကြည့်ချင် မကြည့်ရက်ပါ။

ခြံထဲသို့ သူ ငေးမောနေဆဲ သူ့ဒူးအထက်လောက်နေရာကို ရုတ်တရက်ကြီး ပြေးဖက်၍...

"ဘဘ...ဘဘကြီး"

"ဟာ...သမီး...သမီးလေး"

ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်နှင့် ချစ်စရာကောင်းလှသော သမီးလေးကို သူ ကောက်ယူချီမ,လိုက်သည်။

"ဘဘကြီး"

"ဗျာ..."

"မီးမီးကိုချစ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာပေါ့ဗျာ၊ ကိုယ့်တူမလေးပဲ"

အိမ်၏ ဆည်းလည်းလေးပါပင်။

"မေနဲ့ဖေက ဟိုးမှာ..."

ကြည့်ပါဦး၊ ကလေး လက်ညှိုးထိုးပြမှပဲ မြင်မိတော့သည်။ မျက်စိကလည်း မှုန်စပြုပြီမို့ မျက်ခုံးရှုံ့၍ ကြည့်လိုက်မိသည်။

ညီလေး ဘုန်းဆင့်ရှိန်က ညီမလေး ပန်းဖြူစင်ကို တယုတယ တွဲပြီး ခြံထဲမှာ လမ်းလျှောက်နေကြသည်။

ပန်းဖြူစင်မှာ ဒုတိယ ရင်သွေးလေး မွေးဖွားကာနီးမို့ ကိုယ်ဝန်အရင့်အမာနှင့်...။

ညီလေးက ငွေရင်းငွေနှီးနှင့် လုပ်ငန်းမျိုးစုံ လုပ်တတ်နေပြီမို့ ဤအိမ် ဤမိသားစုအတွက် ဝင်ငွေက ပူစရာမလိုသည့်အပြင်...

ဒေါ်မင်းမင်းထိုက် ထားခဲ့သော ကားများ ရောင်းချပြီး နောက်ထပ် အသစ်တစ်စီး ဝယ်ထားသည်။ ပစ္စည်း ထုထည်များသည်း မထုခွဲရပါ။ ညီလေးက စီးပွားရှာ တော်ရှာသည်။

ဦးတင်လတ်က ညိုနှင့် လိုက်နေပြီး သူ့တို့သားအဖလည်း ပြေလည်နေကြပါ၏။

ဦးချစ်မင်းမောင်သည် တူမချောလေးကို ချီရင်း နောက်ထပ် မွေးဖွားလာမည့် တူယောကျာ်းလေးကိုလည်း ချစ်ရပါဦးမည်။

သူ့ဘဝတွင် မိန်းမတစ်ယောက်ကို ချစ်ခင်စုံမက်ခဲ့ပြီး...

မိန်းမ နောက်တစ်ယောက်ကို ချစ်မြတ်နိုးစွာ ပေါင်းဖက်ခဲ့ဖူးပြီ။



ယခုလို အရွယ်ကောင်းဆဲ ချမ်းသာပြည့်စုံနေသော ဦးချစ်မင်းမောင်အတွက် နောက်ထပ် 'အဖော်'ကို အလွယ်တကူ ရရှိနိုင်မည် ဖြစ်သော်လည်း...

"တော်ပါပြီလေ"

အမေရယ်၊ ညီလေး မိသားစုရယ်နဲ့သာ အသက်ထက်ဆုံး အတူတကွ နေထိုင်ရင်း...

ဘယ်လို မိန်းမသားမှ သူ့အပေါ်တွင် ဒေါ်မင်းမင်းထိုက်လို ချစ်မြတ်နိုးနိုင်မည် မဟုတ်ပါ၍...

သူကလည်း...

သူ၏ ချစ်လှစွာသော ကျေးဇူးရှင် မမ၏အတုမဲ့မေတ္တာများကို ခံယူရင်း နေ့စဉ်နှင့်အမျှ...သူ၏မမကို...

တမ်းတရင်း...လွမ်းဆွတ်ရင်းဖြင့်သာ...

သူ့ဘဝ၏ လက်ကျန် ကာလများကို ဖြတ်သန်းနေထိုင်ပါတော့မည်ဟု ဦးချစ်မင်းမောင် ဆုံးဖြတ်ခဲ့ပြီးပါပြီ။ ။

❊

ပြီးပါပြီ

❊

ဓလျာ(ဝိဇ္ဇာ-သိပ္ပံ)

31-3-2005

BURMESE CLASSIC .com

www.burmeseclassic.com